
# မဂ္ဂသမ္ဘာရဒီပနီ



ဦးမြတ်သိန်းထွန်း

ထွဋ်ခေါင်ဆရာတော်၏ မြေး

ဝိပဿနာ မဟာဓမ္မကထိက

ဦးမြတ်သိန်းထွန်း

၏

# မဂ္ဂသမ္ဘာရဒီပနီ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၀၄၉)

ခေတ်စာပေဖြန့်ချိရေး

အမှတ်-၇၈၊ ၇၉-အရှေ့စီရုံ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

အဖုံးပန်းချီ

ဦးညွန့်ဝေ

---

ဘလောက်

နယူးဘားမား

အဖုံးရိုက်

နွယ်နီ

---

စာအုပ်ချုပ်

စပယ်ဦး

---

(တတိယအကြိမ် ပြန်လည်ပြင်ဆင်ရိုက်နှိပ်ခြင်းအဖြစ် အုပ်ရေ ၃၀၀၀ ကို ၁၉၆၇-ခု စက်တင်ဘာလတွင် ရိုက်နှိပ်ပြီးစီးသည်)

## ထုတ်ဝေသူမူပိုင်

ရန်ကုန်မြို့၊အမှတ်၂၆၊ရူပါပင်လမ်းနေ၊ မောင်အောင်ငွေး (ဝ၃ဝ၆) က ခေတ်စာပေ ဖြန့်ချိရေးအတွက် ထုတ်ဝေသည်။ ရန်ကုန်မြို့ ကမာရွတ် အမှတ် ၁၁ ပဏ္ဏာ°တလမ်း ဒေါ်ခင်ခင် (ဝ၄၁၉) ဘားမားပုံနှိပ်တိုက်က ရိုက်နှိပ်သည်။

# မဂ္ဂသမ္ဘာရဒီပနီ

ဦးမြတ်သိန်းထွန်း



ကိုအောင်ဓွှေးမှုပိုင်

# စာကြည့်ဒါ မမှား–မာတိကာ သတိထား

စာမျက်နှာ


| | |
|---|---|
| ကျားရုပ် အဓိပ္ပါယ် နိဒါန်း | ၁ |
| ပဏာမ ရှိခိုးပုံ ဘတ်ပါ | ၁၃ |
| ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရ အဖွဲ့အကြောင်း | ၁၄ |
| ကထာအစားစားဒီမှာတွေ့ပြီ | ၁၇ |
| အိုးထိန်းသည် ကုမ္ဘဋ္ဌ တရားတည်ပုံ | ၂၁ |
| မဂ်–ဆိုတဲ့စကား လူပြိန်းသိ မှတ်ထား | ၂၈ |
| အနတ္တကို ဓမ္မနိယာမထဲ မသွင်းနဲ့ | ၃၂ |
| ခန္ဓာကိုယ်ကို ဘာ့ကြောင့် ညှဉ်းရသလဲ | ၃၄ |
| အချို့အယူမှားပုံ တချို့အယူပေါ့ပုံ | ၃၆ |
| အရိယာဆိုဒါ ရှစ်ပါးအင်္ဂါ | ၅၀ |
| ထွက်စည်သံ ဥဒါန်း | ၅၄ |
| ကမ္မဿကသမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ | ၅၅ |
| နိယာမတရား ငါးပါး ဝေဘန်ပုံ | ၆၀ |
| သစ္စာလေးပါးကိုသိမှ ဗုဒ္ဓဘာသာမှတ် | ၆၁ |
| ကျမ်းပြုဆရာ၏ ကိုယ်ပိုင်ဉာဏ် | ၇၂ |
| ဘာ့ကြောင့် ဓာတ်ကိုရေးရသလဲ | ၈၆ |
| အရိယာတို့ ဘုရားပင့် | ၉၀ |

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ရောင်ခြည်တော် ၆-ပါး ဂ-လုံးဘွဲ့ | ၉၁ |
| မိမိခန္ဓာဆင်ခြင်ပုံ ဂ-လုံးဘွဲ့ | ၉၃ |
| ဆရာတိုင်း သပ္ပုရိသမဟုတ် ၇-ပါး ဂုဏ်ပုဒ် | ၁၀၂ |
| ဝိပဿနာတရားတောင်း သန့်သန့် | ၁၀၂ |
| ဆရာကြီးဟောထုံး ၇-ရက်စဉ် တရားတောင်း | ၁၀ဂ |
| ယောဂီများ မေတ္တာပို့ သံပေါက် | ၁၁၄ |
| သစ္စာ ၄-ပါးနှင့် သစ္စာအနက် ၁၆-ချက် ရှင်းတမ်း | ၁၂၂ |
| ယောဂီမယ်များ ညှော့်ခံရွတ် အမေး-အဖြေ လင်္ကာ | ၁၂၆ |
| သာသနာ ၅၀၀၀-သံပေါက် | ၁၂၉ |
| အဝိဇ္ဇာသံပေါက် | ၁၃၀ |
| ဝိဇ္ဇာသံပေါက် | ၁၃၁ |
| သီလ-သမာဓိ-ပညာ အရိယာတို့အင်္ဂါ | ၁၃၂ |
| တရားရှာနည်း အတုယူ ဥပမာ ဒေါ်လစ်ဆူ | ၁၃၄ |
| ဒေါ်လစ်ဆူ (ဂ) လုံးဘွဲ့လင်္ကာ | ၁၃ဂ |
| ဓမ္မန္တရာယ် ၁၀-ပါး လင်္ကာအရကျက် | ၁၄၂ |
| အနတ္တလက္ခဏာအကြောင်း | ၁၄၅ |
| အနိစ္စလက္ခဏာအကြောင်း | ၁၄၆ |
| အသုဘလက္ခဏာအကြောင်း | ၁၄၇ |
| ဒုက္ခလက္ခဏာအကြောင်း | ၁၄ဂ |
| ဝိသာခါအကြောင်း | ၁၄၉ |

# မာတိကာ

စာမျက်နှာ


| | |
|---|---|
| အရိယာအကြောင်း | ၁၅၀ |
| ဗုဒ္ဓရာဇာအကြောင်း | ၁၅၁ |
| ဝိပဿနာအကြောင်း | ၁၅၂ |
| ပဋ္ဌာစာရီ ရဟန္တာမ အကြောင်း | ၁၅၃ |
| တနည်း ဝိပဿနာ အကြောင်း | ၁၅၅ |
| ဝိမုတ္တိယုဂခေတ်အကြောင်း | ၁၅၆ |
| တနည်း ဝိမုတ္တိယုဂခေတ်အကြောင်း | ၁၅၇ |
| သာမာဝတီ မိဖုယားအကြောင်း | ၁၅၈ |
| ခုဇ္ဇုတ္တရာ ကျွန်မအကြောင်း | ၁၆၀ |
| ရဟန္တာမကြီး ဒေါ်ဓမ္မာ အကြောင်း | ၁၆၂ |
| ရဟန္တာမကလေး ကုဏ္ဍလကေသီနဲ့ တောင်စောင့်နတ် | ၁၆၄ |
| ကုဏ္ဍလကေသီ ရဟန္တာမကလေးအကြောင်း | ၁၆၇ |
| ဥဂ္ဂသေန ဇာတ်မင်းသား ရဟန္တာအကြောင်း | ၁၆၈ |
| ပေါဋ္ဌိလမထေရ်ကြီးအကြောင်း | ၁၇၀ |
| သုက္ကာထေရီ ရဟန္တာမကလေးအကြောင်း | ၁၇၂ |
| သာသနာတော်အကြောင်း | ၁၇၃ |
| အာဠဝကဘီလူးအကြောင်း | ၁၇၄ |
| ရှေးပညာရှိ ရဟန်း၊ရသေ့၊ သီလရှင်၊ဘိုးသူတော်တို့၏ ဆုံးမစကား | ၁၇၆ |
| ယခုတိုင်မှားနေကြပုံတွေ ကျယ်ကျယ်ဘတ်လေ | ၁၈၁ |

အကြီးအမှူး အဓိပတိ သုံးမျိုးတွေ့ပြီ
ပုထုဇဉ်ဆရာနဲ့ အရိယာဆရာခွဲတွေးပါ
မဂ္ဂသမ္ဘာရဒီပနီ၏ ဂုဏ်ကျေးဇူး
မဂ္ဂဝိထိကျပုံ မြင်ဘူးရဲ့လား
ဂေါတြဘူ လူပြိန်းသိ ဘာလဲ
အတိုချုပ် ဆရာသတိပေးပြီ
ဉာဏ်သဘောမရိပ်မိ နာမ်ကြောမနှိပ်မိ
ဆရာမသောခင်မှာခဲ့မယ်
ဒီလင်္ကာငါ့အကြိုက်တွေ့ပြီ
ကြိုးကြာအို ဥဒါန်း အချီးလင်္ကာ
ဘဝပြတ် မေးခွန်းများ
မဂ္ဂသမ္ဘာရဒီပနီလမ်းညွှန်
အန္ဓပုထုဇဉ်တို့၏အထီး–အမစွဲလုံးကိုပယ်လိုက်
ကျမ်းဂန်ဥပဒေအရ ကိလေသာ ၁၀–ပါး

# ကျားရုပ် အဓိပ္ပါယ် နိဒါန်း

## စတ္တာရော ပန မဂ္ဂုပ္ပါဒ့ါ ကေစိတ္တက္ခဏိကာ။

(အကြာကြီးထင်လျှင် အန္တ အရှုံး ငရဲသားမှတ်) ခဏကလေး ပါကလားလို့ သိလျှင် ကလျာဏ သူတော်ကောင်း အရိယာ ဘုရားသားမှတ်လိုက်။ (စဉ်းစားဘတ်) လှေပြိုင်ပွဲ၊ လူပြေးပွဲ၊ မြင်းပြေးပွဲ ပန်းတိုင်ရောက်ဘို့ကို လှေလှော်ရတယ်။ လူပြေးရတယ်၊ မြင်းပြေးရတယ်၊ လှော်နေရဒါ ပြေးနေရဒါ ကြာကြာကြီး၊ ပန်းဆွဲလိုက်ထာ ခေတ္တကလေးမှတ်- ခဏကလေးလို့ သိလိုက် တွေးပါ။

လောကထုံးစံ လူပျိုလှည့်ကြရတယ်၊ အပျိုက မကြိုက်သေးလို့၊ ကြိုက်ထာကို အပိုင်မသိသေးလို့၊ လူပျိုလှည့်ရတာ ကြာတယ်မှတ်။ အပျိုက- မေတ္တာရှိပါပြီ၊ ကြိုက်ပါပြီ၊လို့ တခွန်းထဲထွက်၊ သို့မဟုတ် သိသာလောက်အောင် ခေါင်း ညိတ်လိုက်စမ်း လှည့်ရဒါ လ၊ နှစ်ကြာတယ် ကြိုက်ထာ တခဏ တအောင့်မှတ် တိုင်ပင်ကြ။

စာကို လေးလေးဘတ်၊ ပဋ္ဌိသန္ဓေ နေရတာ ၁၀လ, မွေးဒါ တခဏ၊ သိဘို့ တိုင်ပင်ရဲဘို့ ကြပ်လှချည်ရဲ့။

ဘိအေတန်းအောင်ဘို့ပညာသင်ကြရဒါ ငွေ၁၀၀၀ဝိ,၂၀၀၀ဝိ ကုန်ကြရ၏။ ၁၀,နှစ် ၁၅,နှစ် ကြာကြ၏။ တန်းအောင်လျှင် တခဏမှတ်၊ အချို့လဲ မအောင်ဒါနဲ့ဘဲ ရှက်လို့ ကျောင်းက ထွက်ကြတယ်မှတ်၊ ဒုက္ခရယ်လို့ အန္တ ဘာသိမှာလဲ၊ ပိဋကတ် သုံးပုံ ကုန်ဘို့ သင်ကြားရဒါ ၁၀,နှစ် ၁၅,နှစ်ကြာရ၏။ စာချ ဖြစ်ထာ စာပြန်ပွဲအောင်ဒါ တခဏကလေး ပါကလား (ဆင်းရဲ ဒုက္ခ တယ်ပြီး ခံခဲ့ရပါကလားလို့ မိမိကိုယ်မိမိ မသိလျှင် မသက် သာပါဘူး။) ရိုးစားကစ—လင်မယားဘဝသို့ရောက်ပြီး၊ သားက မြေး, မြစ် တိုင်အောင် ယခုအသက်အထိ ချစ်ခင်ပေါင်းသင်း ကြာလှပြီ။

သေတဲ့နေ့ တနေ့မှတ်လိုက်၊
သေတဲ့ရက် တရက်ကယ်လို့ကြောက်၊
သေတဲ့ နာရီအချိန် တအောင့်ကလေးလို့တွေး။

အသက် ၁၅၀·၁၀၀၊၉၀၊၈၀၊၇၀၊ ၆၀၊ ၅၀-ရှည်ခဲ့ကြပြီ။ (ထွက်လေ ဝင်လေ ၂-ချက်) တလေနဲ့ တလေ မဆက်ခဲ့သော် (ထွက်လေနဲ့ဝင်လေ ၂-ချက်) ထွက်လေက နောက်ထပ် ရှိုက် လို့အသစ်တခါ မထွက်လာ မဆက်လာသော်–လူသေတယ်ခေါ်၊ ဝင်လေက နောက်ထပ်– ရှူလို့အသစ်တခါ ဝင်လော မပါလျှင် ဝင်လေ မဆက်ခဲ့သော် ငိုရမယ် စိတ်ချ။ အသက်ရှည်ရှည် နေကြရ တယ်ဆိုဒါ (ထင်လုံး) မှာ အကြာကြီးပေါ့၊ သေဒါ တခဏ မှတ်။ သေတယ်ဆိုတဲ့ လေကိုဖမ်းလို့မရဘူး၊ သံသရာ၌ သတ္တဝါ

မျိုးစုံဖြစ်ခဲ့ကြရဒါ အနန္တဘဝ ကြာခဲ့လှပြီ၊ သောတာပန်ဖြစ်ထာ တခဏမှတ်၊ အရိယာဖြစ်ထာ တခဏသိ နိဗ္ဗာန်ရလိုက်ထာ တအောင့်ကလေးရယ်လို့ သဘောကျစမ်းပါ။

နိဗ္ဗာန်ကိုရနေဒါ အကြာကြီးမဟုတ်ဘူး။ သူများပြောတိုင်း မယုံလိုက တရားအစစ် အနတ္တဉာဏ်ကို ရအောင် ယခုကြိုးစား၊ သို့မဟုတ် သူများက-ဘုရားဆိုရင် ဘုရား၊ ရဟန္တာဆိုရင် ရဟန္တာ၊ အရိယာဆိုရင် အရိယာ၊ ဒါဟာ နိဗ္ဗာန် ဒီပုံဟာ နိဗ္ဗာန် ဒီလိုနေရဒါ နိဗ္ဗာန်လို့ သူများညာဝါးတိုင်း မခံကြရအောင်

ဟ တရားဒါတွေမှာ-ကြာကြပြီ၊
ဘုရားရဒါဟာ တခဏကလေးဘဲလို့၊

အေးချက်အမတာဆိုဒါအရိပ်အမြွက်မျှ တွက်တတ်ဘို့၊ လေးမဂ်ဟာ စိတ္တက္ခဏ တချက်မှတ်ကြရအောင်၊ အထက်ကျကျ ဉာဏ်ရှာဘို့ပြလိုက်သည်။ မဂ္ဂသမ္ဘာရ နိဒါန်းနဲ့ဘဲ အဘိုးမပြတ်နိုင်။

ဝာဘတ် မဧထွးပါနှင့်။

တိရစ္ဆာန်ကို ကျွားစားနေတယ်၊
လူကို ကျွားကိုက်တယ်၊
မြင်းကို ကျွားစားတယ်၊
နွားကို ကျွားဆွဲသွားတယ်၊
ခွေးကို ကျွားချီသွားတယ်၊
လူပျို ကျွားအုပ်သွားတယ်၊

အပျို　　ကျားကုတ်သွားတယ်၊
လူကြီး　　ကျားဝါးနေတယ်၊
ကလေး　　ကျားချီသွားတယ်၊
ရသေ့　　ကျားကိုက်သွားတယ်၊

**စာဘတ်ရင် စဉ်းစားဘတ် ခန္ဓာကိုယ်နဲ့ဟပ်။**

လူကို ကျားစားတယ် သေပြီ၊ တိရစ္ဆာန်ကို စားတယ်သေပြီ၊ အပျိုကလေးကို စားတယ် သေပြီ၊ လူပျိုကလေးကိုစားတယ် သေပြီ၊ မြင်း၊ ခွေး၊ နွား၊ လူအိုကြီး–ကလေး–ရသေ့– စသော ဂုဏ်ထူးမရှိသော ပုဂ္ဂိုလ်၊ ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်သူဌေးကို ကျားကိုက်ဘယ်၊ ကူလီဆင်းရဲသားကို ကျားချီသွားတယ်။ စစ်သားကို–စစ်ဗိုလ်ကို (ဓမ္မကထိကကို) ကျားကိုက်ဝါးနေပြီ။ မြို့အုပ်–မြို့ချုပ်ကို– မြို့ပိုင်နယ်ပိုင်ကို တောအုပ်–တောချုပ်ကို ကျားချီသွားပြီ–သေပြီ ကျားစားပြီးပြီ။

ကြပ်ကြပ် စဉ်းစားဝေဘန်၊
ကိုယ်ခန္ဓာ၌ အထူးသိဘို့ဉာဏ်။

ခွေးကို–ကျား ချီသွားတယ် သနားတယ်။
နွားကို–ကျားဆွဲသွားတယ် နှမြောတယ်, သနားတယ်။
မြင်းကို– ကျားစားသွားတယ်– အားကြီး နှမြောတယ်, သနားတယ်။
ကူလီဆင်းရဲသားကို ကျားကိုက်တယ် အများက သနားတယ်, မယားက ငိုတယ်။

သူဌေးကို–ကျားချီသွားတယ် သတင်းစာ မျက်နှာဖုံး စာလုံးကြီး
ကြီးနဲ့ ပါလာပြီ။
မြို့အုပ်ကို–ကျားကိုက်တယ် သတင်းစာမှာ မျက်နှာမဲ စာလုံးကြီး
ကြီးကြီးနဲ့ ပါလာပြီ။

ရသေ့ကို–ကျား ချီသွားတယ် တပည့်တော်စပ်သူများက သ
နားတယ်။

ဓမ္မကထိကကို–ကျားစားနေတယ် တပည့်ရင်းတွေက– သနား
တယ်, ငိုကြတယ်, လွမ်းဆွတ်ကြတယ်။

အပျိုကလေးကို–ကျားကိုက်ချီသွားရင် မိဘ ၂-ပါးရင်ကွဲပြီ၊ အိမ်သားတွေ မျက်ရည်မစဲ ဂုဏ်ရှိလျှင် သတင်းစာမှာပါပြီ။

လူပျိုကလေးကို–ကျားကိုက်ချီသွားတယ် ဂုဏ်ရှိလျှင် အများ သနားကြတယ် ဂုဏ်ငယ်လျှင် သနားသူနဲ၏မှတ်။

ကျားပါးစပ်၌ သူဌေးကို ကိုက်နေတယ်။
ကျားအမြီးအောက်မှာ သူဌေးလား– ကျားချေးလား။
ကိုက်စားတော့ခွေး ယိုပစ်တော့ ကျားချေး။
ကျားခံတွင်း၌ အပျို–ကျားရဲ့ထွက်ပေါက်မှာ ကျားချေး။
ကျားရဲ့ဝင်ပေါက်ဝမှာ လူပျို ကျားရဲ့ အထွက်မှာ ကျား
ချေး။ ကျားရဲ့ အဝင်ဂိတ်ဝမှာ ရသေ့–အထွက် ဂိတ်ဝမှာ
ကျားချေး။

ဉာဏ်သွားစမ်းပါယောဂီ။ အခုခေတ်က–လူပါးခေတ်၊ လူနပ် ခေတ်၊ လူမြတ်ခေတ်၊ လူကပ်ခေတ်၊ လူဆန်းခေတ်၊ တရား ကောင်းပေါတဲ့ခေတ်၊ တရားနဲ့ စီးပွားရှာတဲ့ခေတ်၊ ဝါဒမျိုးစုံ

ပေါ်တဲ့ခေတ်၊ အသေဆန်းတဲ့ခေတ်၊ ပညာတတ် ပေါများတဲ့ ခေတ်၊ ရန်သူပုန် ပေါများတဲ့ခေတ်၊ အရိယာဥာဏ်ကို ရသူ-ရှာသူတွေ ပေါများတဲ့ခေတ်၊ တရားအမှန်ကိုအားကြီး ရှုတ်ချတဲ့ ခေတ်၊ နိဗ္ဗာန် ရောက်ကြောင်းတရားကောင်းကို ရှာကြတဲ့ခေတ်၊ ဆေးဝိဇ္ဇာ, သံဝိဇ္ဇာ, ပြဒါးဝိဇ္ဇာ, ပျားရည်ဝိဇ္ဇာ, ပြာဆေးဝိဇ္ဇာ၊ ဘော်ရုပ်, ကြေးရုပ်, သံရုပ်တွေကို လိမ်ညာ၍ စီးပွားရှာတဲ့ ခေတ်၊ လူကောင်း, ရှင်ကောင်း, ရဟန်းကောင်းတွေကို ရွေး ချယ်စီစစ်တဲ့ခေတ်၊ လူရှုပ်, ရှင်ရှုပ်, ရဟန်းယုတ်တွေ ပေါများ တဲ့ခေတ်။

## ပရိယတ်တတ်လို့ ကျမ်းရေးတဲ့ခေတ်
## မတတ်ဘဲနဲ့ ကျမ်းရေးတဲ့ခေတ်
## ကျွဲ နဲ့ ဆရာ

ကျွဲပါးစပ်မှာ အစားမပြတ်စားတယ်၊ ကျွဲမှာတော့ အစာစား တယ်၊ လူတွေက-ငါ့သားကို ကျွဲချီတယ်၊ ငါ့နွားကို ကျွဲ ကိုက်လေခြင်း၊ ငါ့သမီး အပျိုကလေးဟဲ့၊ ငါ့သား လူပျိုလူရွယ် ကလေး ကျွဲကိုက်လို့ သေရလေခြင်း စသည်ဖြင့် (သက္ကာယ ဒိဋ္ဌိ) ထင်မှု ထင်လုံးစိတ်ကထင်လုံး စွဲလုံး၊ စိတ်က-မှတ်လုံး စွဲယူ လုံးကို စဉ်းစား။ ကျွဲကို ဆရာက မေးပြီ၊ ဟေ့ကျွဲ၊ မင်း ငါ့သားကို စားတယ် မင့်ကို ငါသေနတ်နဲ့ပစ်မယ်။ ။(ကျွဲက ပြောပုံ-) ခင်ဗျားဘာလဲ။ငါမမှကထိက တရားဟောဆရာကြီး။ ကျုပ်ဆရာကြီးရဲ့သားကို မစားဘူး အစာစားတယ်။ ဆရာကြီး ရဲ့ သမီးပျိုကို မစားဘူး အစာဆာလို့ စားတယ်မှတ်။ ကျုပ်တို့

ကျွဲဟာ ငါကိုက်ထာ ဆရာကြီးရဲ့မယားဘဲ့ ဆရာကြီးဘဲ ဆရာ ကြီးရဲ့ နွားဘဲ့ ဓမ္မကထိကရဲ့ မြင်းကို ငါကိုက်တယ်၊ ကျမ်းပြု ဆရာရဲ့ ခွေးကို စားတယ်၊ ဒီလို မဟုတ်ပါဘူး။ အစာဆာလောင် လို့ အစာရှာပြီး စားဒါမှတ်။ ကျွဲက ပြောလို့မဆုံးသေးဘူး၊ ငါဒို့ကျွဲက မင်းကြီးကို ကိုက်တယ်၊ မင်းကလေးကို ကိုက်စား တယ်၊ သူဌေးကြီးကို ကိုက်စားရင် ချိုတယ်၊ သူဌေးကတော်၊ မင်းကတော်တွေကို ဝါးစားလျှင် ဆိမ့်တယ်။ ဒီလိုမယူပါဘူး။ ကျုပ်ကို သေနတ်နဲ့ပစ်သတ်ရင် ဒါဓမ္မကထိက ဆရာကြီးလား၊ ဒါဗုဒ္ဓဘာသာလား။

## ကျွဲရဲ့ စိတ္တ ဝိသုဒ္ဓိ

ရသေ့ကို ရဟန်းကို စားရလျှင် ကိုးကွယ်တဲ့ တပည့်တွေတော့ ငိုကြမှာဘဲ၊ ငါတို့တော့ စားလို့ ခါတိုင်း အသားတွေထက် ကောင်းတယ်၊ ဒီလိုမဟုတ်ပါဘူး။ နွားထီးကိုစားရင် ဘယ်လို့ နွားမရဲ့ အသားကို စားရရင် ဘယ်ပုံ မရှိပါဘူး။ အရိုးခံဘဲ အဖြေပေးပါတယ်၊ တိရစ္ဆာန်ရဲ့ အသား၊ လူ့ရဲ့အသား ခြားနားရှ် ရွေးချယ်၍ မကိုက်မစားဒါ အမှန်ပါဆရာကြီးရယ်။ ဘာအမှတ် နဲ့ စားသလဲဆိုရင် အစာအမှတ်ပါဘဲ၊ ကျုပ်တို့ ဘယ်အသားကို ဘဲ စားစား (ကျွဲချေး) ပါဘဲလို့ ကျွဲက စိတ္တဝိသုဒ္ဓိအတိုင်း ဖြေဆိုပါတယ်။

## ယောဂီများ သက္ကာယဒိဋ္ဌိကို သတိထား

ကျွဲတို့က ဖြေဆိုကြပုံ၊ ဆရာကြီး ဓမ္မကထိက အစစ်လား စဉ်း စားပြီး မေးပါ၊ တရားဟောပုဂ္ဂိုလ်က တရားနဲ့ ဆုံးဖြတ်ပါ၊

ကျုပ်တို့ရဲ့ အစွဲက လူအိုရဲ့အသားက မကောင်းဘူး၊ လူပျိုအသားက ကောင်းတယ်၊ပိန်တဲ့ လူက–မချိုမဆိမ့်ဘူး၊ (ဝဝ–ဖိုင့်ဖိုင့်) လူကို ကိုက်စားရမှ ချိုတယ်–ဆိမ့်တယ် အယူစွဲနဲ့ မစား၊ အစာပြတ်လို့–အစာငတ်လို့ စားရခြင်းပါ၊ ဆရာကြီးဟောတဲ့ တရားဟာဘာတွေကို ဟောနေပါသလဲ။

## ကျားချေးထဲမှာ လူမပါဘူး

ဆရာကြီးတို့ မြင်ဒါက ကျားရဲ့ ပါးစပ်မှာ- လူ၊ ကျားစားပြီးတော့ တွေ့မှာက–ကျားချေးမှတ်။ ကျားပါးစပ်ကို ကိုက်ထာမြင်မှာက–မိန်းမ၊ စားပြီးတော့ မြင်ရမှာက ကျားချေးမှတ်။ ကျားပါးစပ်မှာ မင်း့ သူဌေး၊ စားပြီးတော့ ကျားချေး။ ဒီလိုမြင်ရက်သားနဲ့ ဒီလိုဖွင့်ပြီးပြောပါရက်ကနဲ့ ကျားရဲ့ ပါးစပ်ခံတွင်း အဝင်ဝမှာ အမြင်နဲ့အထွက်ဝ အမြင် ဒီ ၂-မြင်ကို စီရင်၍ ဆုံးဖြတ်ပါ၊ ဆရာကြီးနဲ့ ဆရာကြီး၏ တပည့်ယောဂီ၊ ဆရာကြီးရဲ့ ကျမ်းစာဘတ်သူ အပေါင်း အရိယာ အလောင်းတို့ကို (အဟုတ် တရားရကြအောင်) ကျွန်ုပ် ကျားက တရားရွေးပွဲ ကျားချေးထဲ လူမပါသဖြင့် ပုစရာ အရှင်းမရှိ ထိုက်ကြောင်းကို စိတ္တဝိသုဒ္ဓိ အတိုင်းအဖြေပေးပါသည် မကျေသေးပါက အယူခံဝင်ကြတော့။

## ကျား ဥပမာ ဥာဏ်ရှာ ခန္ဓာနဲ့ဟပ်ပြီ

ဘာသားကိုဘဲစားစား ကျားချေးပါဘဲ၊ ယောဂီ ကျားကို ရေးနေတယ်မထင်နဲ့၊ ဆရာ ထမင်းမျိုးစုံ ဟင်းမျိုးစုံ အသားမျိုးစုံ အသီးအရွက်မျိုးစုံ စားဘူးတယ်၊ ဝက်သား, ကြက်သား, ဆိတ်သား,ဘဲသား,ငါးမျိုးစုံ,နွားသား,ကျွဲသား,ဒရယ်သား,ယုန်သား

တို့ကို စားဘူးတယ်၊ သွေးစိမ်းရဲရဲကို ရေစင်ကြယ်အောင်ဆေးပြီး ငြုတ်၊ ကြက်သွန်နီဖြူ၊ ဂျင်း၊ ငြုတ်ကောင်း၊ စပါးလင်၊ နံနံပင်၊ သစ်ကြပိုးခေါက်၊ ပင်စိမ်းရွက် စသည်တို့နှင့် နယ်နှင်း၊ ဆီတို့ပါ–

မသတီစရာကို–သတီစရာဖြစ်အောင်၊
အညှီရှိဒါကို–အညှီမရှိအောင်၊
မစားရဲဒါကို–စားရဲအောင်၊
ဒုဂ္ဂတိ တိရစ္ဆာန်တွေရဲ့ အသားကို
သုဂတိ လူတွေက မျိုးစုံစားကြတယ်၊
ဆရာကိုယ်တိုင်ဘဲ စားနေတုံးပါဘဲ၊

အထက်ပါ ဒွါရအဝ၌ ထင်လုံး၊ ကောင်းလုံး၊ စွဲလုံး၊ မှတ်လုံး၊ ယူလုံး၊ သိလုံးမှာ–အသားမျိုးစုံမှန်တယ်၊ အဆိမ့်မျိုးစုံဟုတ်တယ်၊ အီတယ်၊ နုံးတယ်၊ ဟန်တယ်၊ သာယာတယ် မှန်၏။

ရန်ကုန်မြို့၊ မန္တလေးမြို့ စသော –မြို့ကြီးတို့၌ ရှိသော ဟော်တယ် ထမင်းဆိုင်ကြီးတွေကို ဖယ်ပါ။

ဆရာ၏ ပါးစပ်ဝ ခံတွင်းမှာ လူပြိန်းသိ မျိုးစုံအသား၊ မျိုးစုံ အဆင်း၊ မျိုးစုံအနံ့၊ မျိုးစုံအရသာ၊ မျိုးစုံအတွေ့ ဟုတ်တယ် ယောဂီ၊ အောက်ဒွါရ၌–တွက်ပြထားတဲ့ သက်သေခံကိုစဉ်းစား။

## လူချေးထဲမှာ ဆိတ်သားမပါဘူး
## အိမ်သာတက်တိုင်း သတိပဋ္ဌာန်က သတိပေးထားပြီ

ယောဂီ ကရုဏာသလား (ကျွဲပမာအလား)အစားဟာ—အလကား၊ သိခဲ့၊ ရေးခဲ့၊ တွေးခဲ့၊ ဟောခဲ့၊ ဟောရဲခဲ့လှ၏၊ အဝင်မှာ နာ

မည်မျိုးစုံမှတ်၊ အထွက်မှာနှာမည်တခုထဲမှတ်၊ ချေးထဲမှာ-မစင်ထဲမှာ-ကြက်သား၊ ဝက်သား၊ ဘဲသား၊ ဆိတ်သား၊ အရှင်း မပါဘူး ယောဂီ၊ ကျားဥပမာကို နားလည်ရင် အခုမာနလျှော့ပါ (မာန မရှိရင်— ဘဏ္ဍာမရှိဘူး) ပုဒ်ပြတ်မှတ်။ စဘာတ်ရင် တရားရပါစေ။

ကိုယ့်ထင်လုံး-ကိုယ့်ဒုက္ခအစစ်။
ကိုယ့်ထင်လုံး-ကိုယ့်သေမင်းအစစ်။

ဒါ့ကြောင့်၊ တရားအစစ်ရဘို့ရာ နိဗ္ဗာန်လမ်းပြ သပ္ပုရိသကို မတွေ့လျှင် မောဘတ်တယ်၊ ရှုးတတ်တယ်၊ ခန္ဓာကိုယ်ကိုညှဉ်းပန်းပြီးသေတတ်ဘယ်။ (ဆရာကောင်းမတွေ့ဘဲနဲ့ တရားအဟုတ်ရှာသူတို့) ကျားရုပ်ပမာယူလို့ မျက်နှာဖုံးမှာပင် သိသာလောက်ပါပြီ၊ အဘိဓမ္မာပေါက်တယ်ဆိုဒါ ဓာတ်အရဖမ်းလျှင် ဒီကျားရုပ်ကို မြင်ကထဲက အနတ္တစခမ်းဆိုက်ရောက်တော့မယ်— ဆိုက်ရောက်နေပြီလို့ လက်ခမောင်း မခတ်နဲ့အုံး။ ဘာ့ကြောင့် လူကောင်မပျောက်သေးလို့ဆရာမှာသည်။

နွားကောင် ကွဲကောင် ပျောက် - သေသေချာချာရှာတော့ ကျားချေးရောက်၊ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ဆိတ်သားတွေ ပျောက်၊ မျက်စိနဲ့ပြူးကြည့် စက္ခုံဥပါဒိ၊ မျက်မြင်မှာ ဥာဏ်ယှဉ်တဲ့သတိ စားတဲ့အသားမျိုးစုံတွေ အကုန်ပျောက်— လူချေး အစစ်သို့ရောက်၊ အစားသမုဒယတဏှာဆွ၊ ကျားဥပမာအရ၊ တရားယခုရှာကြတဲ့ယောဂီတွေ အစားအရေးနဲ့ တရား တွေးလျှင် ပုဒ်ပြတ် ရုပ်ဓာတ်၊ အပုပ်အစပ် ကျားချေးဘဲလို့ဆိုဘာ "မဂ္ဂသမ္ဘာရ

**ဒီပနီ**”ကိုစာအုပ်ကုန်အောင်မဘတ်ရသေးသော်လဲ၊ အနတ္တအရေး ပေါ် ဓမ္မစက်အသုံးနဲ့ တရားဟုတ်ကပြီ၊ မျက်နှာဖုံးရှိ ကျားရုပ် ဟာ ငါပါကလား၊ ငါရေးနေပါကလားလို့ ဉာဏ်အခြေရဘို့ ပမာထုတ်လိုက်သဖြင့်၊ သံဝေဂငါကို ဖြုတ် ဘာမဟုတ် ဘာမရှိ ခေတ္တခဏ, တအောင့်ကလေး—မျက်စိတမှိတ်ခန့် လက်ဖျစ်တတွက် မျှ ကာလအတန်ငယ် လျှာအလယ်မှာ စားချက်ဥဟန်တယ် တွေး သလား၊ ပါးနှစ်ဘက်က တံထွေးနဲ့ ရောမျှိချ၊ သလိပ်နဲ့တကွ **ဝ**မ်းထဲကျ၊ ပါစကဓာတ်မီး အရှိန်ကြီးသဖြင့် ကျင်ကြီးနဲ့ ဝက် သား ဇယား ၂ တန်ပြလိုက်သည်၊ တရားအမှန်ရလိုက ကျား သဏ္ဍာန်အရ ငါစွဲဖြုတ်ကြတော့၊ ဘာဘဲလုပ်လုပ် အလကား၊ ဘာကိုဘဲစားစား-စားသမျှ ကျားချေးထဲမှာ လူမတွေ့၊လူချေးထဲ မှာ ငါးမတွေ့၊ဝက်,ကြက်,ဆိတ်မတွေ့၊ တငွေ့ငွေ့စဉ်းစား အနတ္တ တရား ဘွားဘွားကြီးပေါ်မည် ယောဂီ၊ လောကီဆိုဒါ အန္ဓရဲ့ အယူမှတ်၊ အရိယာတို့ရဲ့အယူမှာ လောကီမရှိဘူး၊ ဘာ့ကြောင့်- အသိထူးလို့ နေရာတိုင်း ဓာတ် နေရာတိုင်း ပရမတ် နေရာတိုင်း တရား—

> မသိတဲ့ အန္ဓမှာ ဘာကိုလုပ်လုပ် အတ္တ, နိစ္စ, သုဘ, သုခ၊
> သိတဲ့ အရိယာမှာ ဘာကိုလုပ်လုပ် အနတ္တ, အနိစ္စ, အသုဘ,
> ဒုက္ခ။

အခု ရေးလိုက်ထာ ဝိပဿနာ **တ**ရားမှတ်၊ အရိယာစကား မှတ်၊ အဘိဓမ္မာ အသားမှတ်၊ မဂ္ဂသမ္မာရဒီပနီ ကြည့်သူ,ဘတ်သူ, ဆောင်သူ,အားကိုးသူ,အဖွဲ့စီမံသူတို့—

အပါယ်မကျတဲ့တရား-ဒီကျမ်းမှာ၊
ပဋိသန္ဓေမဆက်ရတဲ့တရား-ဒီစာထဲမှာ၊
မပူရတဲ့တရား-ကျားဥပမာမှာ၊
မငိုရ,မတောင့်တရ, မကြောင့်ကြရတဲ့ တရား—
ဒီကျားရုပ်ကို ကြည့်ကြတော့။

ဘယ်သူကဘဲ အရိယာ အယောင်ဆောင်ပေမဲ့၊ ဘယ်သူကဘဲ ရဟန္တာအယောင်ဆောင်ကြသော်လဲ၊ စကားမဖောင်ဘို့, နားမယောင်ဘို့, ကြွားမထောင်ဘို့, ကျားကောင်၏ သာဓက အနှစ် ဒီနေရာမှာပင် အရိယာဖြစ်နိုင်တယ်လို့ တရားလမ်းမယိမ်းရအောင် ကျားစခန်း နိဒါန်း အဓိပ္ပါယ်သိမ်းပြီ။ မာနမကြီးနဲ့—

တရားဟောတတ်ထာ-အရိယာမဟုတ်၊
တရားကို သဘောကျဒါ-အရိယာအဟုတ်။

☆

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုရား၌ အစ

တရားက ပထမ

သံသာဆိုဒါ အဗ္ဗောဂတ

မိဘ ၂-ပါးတို့က မူလ၊ ကျေးဇူးရှင် ဆရာတို့က လမ်းညွှန်ပြသဖြင့်၊ မဂ္ဂသမ္မာရအဖွဲ့၏အမည်အရ အဓိပ္ပါယ်ကိုပါ လူပြိန်းသိကြဘို့ ရေးပြစေခြင်းငှါ နိဗ္ဗာန်(ခေါ်)အထက်တန်းစကားဖြင့် စိတ်ဉာဏ်ပေါ်၌ မင်္ဂစခန်းသွားပြီး တကိုယ်ထည်းအစ-သဘာဝဉာဏ်, ခေတ်ဉာဏ်, အနတ္တဉာဏ်, သုညတဉာဏ်, အနိမိတ္တဉာဏ်, အပ္ပဏိဟိတဉာဏ်, ယထာဘူတဉာဏ်, (သဗ္ဗညုတ) ဉာဏ်တော်ပိုင်ရှင် မြတ်စွာဘုရားအား (သေရခဲ့ပြီ) သေရအုံးမယ်, သေနေတယ်, သေပြီးပြီ, (သေ)ဆိုဒါ အရှင်းမရှိကြောင်းကို ကောင်းကောင်းပိုင်ပိုင် နုတ်, လူ, ပြဟ္မာ ဘယ်ရာဇာတို့ကမှ မလိမ်နိုင် မညာနိုင်, မဝါနိုင်, မကြွားနိုင်အောင်, သရုပ်ကွဲရပြီ။ ဆရာကဲ့သို့ သရုပ်ကွဲစေခြင်းငှါ၊ ဤကျမ်းစာ ပဏာမ ကတဲက ရေးသားသော စာလုံး အက္ခရာတိုင်း ရှိခိုးပါ၏။ ရိုးနေပြီ၊ ပူဇော်ပါ၏၊ မဆန်းပါ

ဘူး၊ ဦးညွတ်ပါ၏ ဆိုရဒါ မျှားလှုပြီ၊ မာန်လျှော့ပါ၏ ဘယ်လို ဘဲဆိုဆို ဘယ်လိုဘဲရေးရေး အနုပုထုဇဉ်မှာ—မာနဘွေ နာရီစဉ် တိုးတက်ကြီးမားတယ်မှတ်၊ သို့အတွက်—

ဆရာသွားလေရာ-ရတနာသုံးပါးနဲ့၊
ဆရာအိပ်ပျော်ခါနီး-ရတနာသုံးပါးနဲ့
ဆရာစားသောက်တိုင်း-ရတနာသုံးပါးနဲ့၊

ဆရာကရားဟောဆဲ့,ကျမ်းစာရေးဆဲ့,အချိန်နာရီမရွေးဘုရား, တရား, သံဃာ တခြားမှာ မရှာဘဲ အသားကြို အသားကြား ထဲမှာ—ရိုးတွင်းချဉ်ဆီအထိ ကိန်းအောင်းတည်နေတော်မူနေပြီလို့ ကန်တော့လို့မငြီး, ရှိခိုးလို့ မပြီး, ပူဇော်လို့ အားမရ, ဘုရားရှင်ရဲ့ မျက်နှာဘုံကို ရှာကြံလို့မရ အားငယ်လှသဖြင့် ပြောမပြနိုင် ရေးမပြ နိုင်တော့ပါဘုရား။

★

၁၂၉၂–ခု ထက်က
ဝိပဿနာအဖွဲ့အမည်ဖြင့် တည်ထောင်ခဲ့သော
**ဝိဇ္ဇာ စရဏ**
**မဂ္ဂသမ္ဘာရ အဖွဲ့ ဖြစ်သည်။**
ရန်ကုန်မြို့၊ ရွှေဂုံတိုင်—လင့်လမ်းဒေါင့်၊ အမှတ် ၃၉။

မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့၌ အစိုးရ အသိအမှတ် ဖြစ် သောအဖွဲ့ချုပ်၊ ထိုအဖွဲ့ချုပ်ကြီးနှင့် ဆက်သွယ်ကြသော အခြား မြို့နယ်ရှိ အဖွဲ့ခွဲများပါ သာသနာပြန့်လျက်ရှိသောအဖွဲ့ကို ကျမ်း ဂန်နှင့်ညီစွာ ဖွဲ့စည်းကြပါစေကုန်။

## ပဋိပတ် နည်းအရ

ဝိဇ္ဇာဆိုဒါက– အဝိဇ္ဇာမရှိမှတ်၊ ပဋိစ္စ သမုပ္ပါဒ်ကို ပယ်ဖြတ်ခြင်းမှတ်၊ သစ္စာလေးပါးကို သိတတ်သော အသိဉာဏ်ကိုမှတ်ပါ။ ဝိဇ္ဇာဘာလဲ အသိဉာဏ် ပညာစခမ်း။

စရဏ ဆိုဒါက–တဆင့်ထက်တဆင့် မြင့်မြတ်အောင် အလေ့အကျင့်ကိုမှတ်၊ စရဏ ဘာလဲ သီလနဲ့သမာဓိစခမ်း။

ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆယ့်ငါးပါး တို့ကို ပရိယတ်နည်းအရမှတ်။

| မဂ္ဂ | သမ္မာရ |
|---|---|
| မဂ် | သမ္မာ |
| အကြောင်း | အထုံပါရမီ |
| ခရီးလမ်း | အဆောက်အဦ |
| လမ်း ကြောင်း | လုပ်ငန်း |
| တရားနည်းမှန် | စည်းမျဉ်း စည်းကမ်း |
| တရားအားထုတ်ခြင်း | ဉပဒေသတ်မှတ်ချက် |
| ငြိကွာဘို့ | သပ္ပုရိသူပနိဿ |
| အရိယာဖြစ်ဘို့ | အဖွဲ့အသင်း |
| တရားနှန်ရှာခြင်း | အပေါင်း အစု |

ဘာသာပြန်မှာ သီလ, သမာဓိနှင့်တကွ မဂ်ဉာဏ်ရဘို့ အားထုတ်သော သူတော်ကောင်းအပေါင်းကို ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ

အဖွဲ့ဟူ၍ ခေါ်တွင်စေရမည်။ (သီလ, သမာဓိ, ပညာ)သုံးပါး ပြည့်စုံသောအဖွဲ့မှတ်၊ နိဗ္ဗာန်ရဘို့အဖွဲ့မှတ်။ သံသရာက လွတ်ဘို့ အဖွဲ့မှတ်၊ ဒိဋ္ဌိ ကွာဘို့, မာနမရှိဘို့, တဏှာ ကုန်ခန်းဘို့, မငိုဘို့, ဘဝတိုဘို့, ဘဝပြဟ်ဘို့, သောတာပန်ဖြစ်ဘို့, ရဟန္တာဖြစ်ဘို့, ဘဝပြတ်ဘို့, လူဖြစ်ကျိုးနပ်ဘို့, ရုပ်နဲ့ နာမ်ကို ပိုင်းခြားပြီး သိဘို့ အဖွဲ့မှတ်လိုက်။ မသေခင် အပုခပ်သိမ်း ကင်းငြိမ်းဘို့ ဘဝဟာ-ဘာကို ခေါ်တယ်လို့ သိဘို့အဖွဲ့မှတ်။ (သဿတဒိဋ္ဌိ တဘဝပြီးလျှင် တဘဝကို ဆက်၍ ဖြစ်တယ်လို့ယူသော အမှား။) ဥစ္ဆေဒဒိဋ္ဌိ-တဘဝပြီးလျှင် နောက်ဘဝတွေ မရှိတော့ဘူးလို့ ယူသောအမှား။ ဒီအမှား ၂-ခုမှ လွဲတ်မြောက်သော အကြောင်း ကြောင့်၊ အကျိုးတွေပေါ်လာခြင်း၊ တနည်း- ခန္ဓာ နာမ်ရုပ် တွေ အဆက်မပြတ် ဆက်စပ်နေတယ်လို့ သမ္မာဒိဋ္ဌိ အယူမှန်ကို သိမြင်ဘို့ ဖွဲ့စည်းရခြင်းကိုမှတ်။

တနည်း- ယောက်ျား ထင်နေသူက ယောက်ျား မဟုတ်ဘူး ဆိုဒါကို သိဘို့၊ မိန်းမ ထင်သူက မိန်းမ မဟုတ်ဘူး ဆိုဒါကို ကိုယ်တိုင် သိမြင် ပေါက်ရောက်ဘို့ ဖွဲ့ စည်း ခြင်း။ တနည်း (မေးလျှင် မသေဘို့) မမေးဘို့။ တနည်း- နာမ်ရုပ် ထပ်ခါ မဖြစ်ဘို့။ တနည်း နာမ်ရုပ်ချုပ်ပျောက်ဘို့၊ တနည်း (နာမ်မရှိ ရုပ်မရှိ) ပိုင်ပိုင် နိုင်နိုင် သိဘို့ဖွဲ့စည်းခြင်းကို-

ဝိဇ္ဇာ စရဏ မဂ္ဂသမ္ဘာရ အဖွဲ့-ဟူ၍
ခေါ်ပါ, ဆိုပါ, ပြောပါ,ဖွဲ့စည်းပါ။

၁၂၉၂-ခု ထက်ကစ၍ ဖွဲ့စည်းခဲ့သော အဖွဲ့မှတ်ပါ။ တရားဟော ရောက်ရာ မြို့ရွာတို့၌ စည်းကမ်းကို သဘောကျပါက– ဖွဲ့စည်းခဲ့သည် ၅–ယောက် သဘောတူညီပါက ဖွဲ့စည်းကြ။ ၁၀၀–၁၀၀၀ လူပေါင်းများသော်လဲ စည်းကမ်း မကောင်းပါက အပျက်မြန်သည်။ ယောဂီ (ပိုက်ဆံ ကုန်တဲ့အဖွဲ့) စကားများတဲ့ အဖွဲ့တွေကို ရုပ်သိမ်းကြဘို့ အချိန်ရောက်ကပြီ။

နောက် သားစဉ် မြေးဆက်, အနတ္တ တရားဘက်တွင် ဝိပဿနာ အသိပညာ စခမ်းတွင် အောက်မကျတန်း တရားအစစ်တွင် လူညာ, လူဝါ, မခံရဘို့ အနာဂတ်ကာလကို ယခုက ကြိုတင်၍ သိမြင်ကြသော ပညာရှိ လူရှင်အပေါင်းတို့က ဝိပဿနာအဖွဲ့ကို ဖွဲ့စည်းဘို့သင့်ပြီ၊ အဖွဲ့စည်းမျဉ်း နောက်ပိုင်းစာမျက်နှာ၌ ပါသည် ယောဂီတို့။ ဤသည်ကား အဖွဲ့၏ အဓိပ္ပါယ်နှင့်တကွ ကျမ်းစာအုပ်၏ အမည်ကို ပညာရှိနှင့်တကွ အရိယာအလောင်း သူတော်ကောင်းတို့သိကြဘို့ရာ–ပထမဦးစွာ ရေးသား ဘော်ပြလိုက်လိုက်သည်။ ပြန်ဘတ်,ထပ်ဘတ်၊ သေရမယ်,သေနေတယ်,အသေလွတ်ရမယ်။

## ကထာရွေးတတ်ဘို့ ဒီမှာ

၁။ ပရိယာယ ကထာ–သွယ်ဝိုက်၍ဟောခြင်း။
၂။ နိပ္ပရိယာယကထာ–တိုက်ရိုက် တဲ့တဲ့ ဟောခြင်း။

---

၁။ သုတ္တန္တကထာ–လူပြိန်းတို့ဟောပြခြင်း။
၂။ ဝိနယ ကထာ–ယဉ်ကျေးအောင် ဆုံးမ ဟောပြခြင်း။
၃။ အဘိဓမ္မကထာ–နက်နဲစွာဟောပြခြင်း။

၁။ ဒါနကထာ- အလှူပေးဘို့ ဟောပြခြင်း။

၂။ သီလကထာ- အရိယာတို့၏အလေ့ ဟောပြခြင်း။

၃။ သမာဓိကထာ- အရိယာတို့၏ စိတ်ထား ဟောပြခြင်း။

၄။ သဂ္ဂကထာ- လူ့ပြည်, နတ်ပြည် အကြောင်း ဟောပြခြင်း။

၅။ အာနိသံသကထာ-အကျိုးခံစားခွင့် ဟောပြခြင်း။

၆။ ကာမာဒီနဝ ကထာ- ၃၁-ဘုံ၏ အပြစ်ဒုက္ခ စုံတို့ကို ဟောပြခြင်း။

၇။ မဂ္ဂကထာ- ဒီရုပ်နာမ် ခန္ဓာ မဖြစ်ဘို့ လမ်းမှန်ကို ဟောပြခြင်း။

အဲဒီလို ကထာ ၂-မျိုး၊ ကထာ ၃-မျိုး၊ ကထာ ၇-မျိုး စသည်တို့ကိုလဲ နားလည် ထားကြစမ်းပါ။ ဆရာ ပြောချင်ဒါက ကိုယ့်ဒုက္ခ ကိုယ်မသိသူဟာ ကိုယ့်ကိုယ်ကို သေအောင်, ထပ်မွေးအောင်, ငရဲကျအောင်, ထပ်ခါ ငရဲကျအောင် လုပ်နေဒါနဲ့ အတူတူမှတ်ပါ။ ဘုရား ဆုံးမ ထားခဲ့သော- ပိဋကတ်တော် ကျမ်းဂန်၌-

**လူမိုက်တို့ လိုသလို ဆွဲယူနိုင်တဲ့နည်းမျိုးစုံ၊ ပညာရှိတို့လိုသလို ဆွဲယူနိုင်တဲ့ နည်းမျိုးစုံတို့ ပါဝင်နေတာကို သိမြင်ဘို့ ကြပ်လှ ချည်ရဲ့။**

## ဘုရားဟောဒါကတော့ တရားဟောဒါဘဲ

၁။ ကုသလာဓမ္မာ– ကောင်းတဲ့တရားသဘော သတ္တဝါ အသက်မရှိ။

၂။ အကုသလာဓမ္မာ–မကောင်းတဲ့ တရားသဘော သတ္တဝါ အသက်မရှိ။

၃။ အဗျာကတာဓမ္မာ– ကု–အကု တို့၏ အကျိုးပေးတရား သဘော သတ္တဝါ မရှိ, အသက်လဲ မရှိပါဘူး။

## ဒီအချက် လိုက်ရှာစမ်းပါ–သတ္တဝါ

ကုသိုလ်ကို ဓမ္မမှန်းသိစေ, အကုသိုလ် ဓမ္မမှန်းသိစေ, ယခုလက်ရှိ အဗျာကတခေါ် နာမ်စုရုပ်စုတို့ကိုလဲ ဓမ္မမှန်းသိစေ, သိလျှင်သိခြင်း ချက်ခြင်းအေးစေ၊ မသိလျှင် သိအောင် "မင်္ဂလသမ္ဘာရဒီပနီ" ကို လက်ကိုင်ပြုစမ်းပါ။ ပြဆိုခဲ့သော ကထာအမျိုးမျိုးတို့ကို ထပ်ခါ ဘတ်ပါ၊ မေးပါ–တွေးပါ၊ အကြောင်းရှာပါ အကျိုးကိုလဲ မျှော်ပါ၊ ဘွင်းဘွင်းကြီး ရေးထားပါတယ်၊ စာဘတ်မမြန်ပါနဲ့–

၁။ ဘုရားဟောဒါတရား၊
မိမိနားမှာ ကြားဒါက လူ့ပြည်စည်းစိမ်။

၂။ ဘုရားဟောဒါကတရား၊
မိမိနားမှာ ကြားနေဒါက စွဲထားဒါက နတ်ပြည်မှာ စံစားဘို့။

၃။ ဘုရားနှုတ်ကပါဌ်တော်က ထွက်ထာက တရား။ ကိုယ်က တကျော်စွဲ စွဲထားပုံက လူမင်းစည်းစိမ် အကြိမ်ကြိမ်။

၄။ ဘုရားရှင်ရဲ့ အာဘော်က ထွက်ထာကတရား။
ကိုယ်က ဒိဋ္ဌိစွဲမပြုတ်ပုံတွေက နောက်ဘဝစကြာမင်း

၅။ ဘုရားရှင်ရှာမှီးဆည်းပူးလို့ရပြီး ဟောဒါကတရား၊ ကိုယ်က မာနစွဲနဲ့ အံကြိတ်ခါတခဲခဲ မာန်ဖီနေလိုက်ထာက ငါ ပြုတဲ့ကုသိုလ် အကျိုးပေးကို ငါမှတပါး ဘယ်သူမှ မခံစားရဘူး။

၆။ ဟောဒါက တရားဟောတယ်၊
မိမိက ဘုံစဉ်စံ သောတာပန်ဖြစ်ချင်တယ် ကြပ်ပြီ။

၇။ ဘုရားဆုံးမ ဒါက–ခန္ဓာငါးပါးတရား၊
မိမိနားမှာ ကြားနေဒါက ရဟန္တာသေလျှင် ဘဝပြတ်တယ် ခက်ထာဘဲ။

ကိုင်း–အဲဒီလို ဆရာရေးပြခဲ့သော စကား ၇–မျိုးကို နားမ လည်သမျှ အပူဒီဂရီအချိန် တိုးသည့်ထက်တိုး၍ အကျိုးမဲ့ဖြစ်ပြီ သေ၍ကုန်ကြ ဆုံးရှုံ ကြဒါ–အနန္တဘဲ ယောဂီတို့–

## ဆရာ အထူးသတိပေးလိုဒါက

တရားဟောလျှင် တရားကို နာယူကြစမ်းပါ။
တရားဟောလျှင် ကထာကိုလဲ ရွေးကြစမ်းပါ။
တရားရှာပြန်လျှင် တွေ့တော့ ပုဂ္ဂိုလ်မပါပါစေနဲ့။

တရားကို ပုဂ္ဂိုလ်ထင်လျှင် ဓမ္မအန္တရာယ် ဖြစ်တတ်ပါတယ်။ ပုဂ္ဂိုလ်ကိုတရားထင်လျှင် ပုဂ္ဂလအန္တရာယ် ဖြစ်တယ်လို့ ဆိုနိုးရိုး မရှိဘူး။

ဓမ္မန္တရာယ်သာရှိ၏၊ ပုဂ္ဂလ အန္တရာယ်မရှိဘူး။

---

## အိုးထိန်းသည် အိုးလုပ်စားသူ ကုမ္ဘဋ္ဌ

ဘုရားမဟုတ်ဘဲနဲ့ ဘုရားယောင်ဆောင်၍လာတဲ့ မာရ်နတ်ကို ဘုရားထူးရ ရှိခိုးရတယ် (ဘုရားစစ်ရဲ့ တရားမဟုတ်ပါဘဲနဲ့ တရား အတုအပကိုလဲ ဘုရားဟောတဲ့ တရားအစစ်ထင်၍ နာယူမှတ်သား ထားပြီး တွေးရတယ်, ဆင်ခြင်နေရတယ်) မစစ်လျှင်အတု (ကိံ ဘာကျိုးလဲ)

ရဟန္တာကိုဖယ် ဘုရားရှင်ကိုပင်
ဖူးမြင်တွေ့ကြုံ နေရသော အရှင်ဝက္ကလိ

ခန္ဓာနာမ်ရုပ်ကို မသိလျှင် သက်တော်ထင်ရှားဘုရားကိုပင်– ကြည်ညိုဦးတင် ဖူးမြင်ရပေမဲ့= ကိံ ။

(ကိံ) ဆိုသော မဂဓဘာသာစကားတလုံးကို ကြပ်ကြပ် ဝေဘန်ကြ ယောဂီတို့၊ အကျိုးခံစားချင်လို့ ဒီအကြောင်းခံကို ငါပြုဒါဘဲ တွေးတတ်ဘို့ အရေးကြီးလှ၏၊ (ရမ်းမလုပ်ကြနဲ့) ကောင်းကျိုး– မကောင်းကျိုးကို စီစစ် ဝေဘန်ပါ၊ ကောင်းကျိုး ကလဲ–ဘာကောင်းကျိုးလဲ ရွေးကြတော့ မကောင်းကျိုးကံ ဘယ် အထိ မကောင်းကျိုးလဲလို့–

အကောင်းအဆိုးနဲ့ အကြောင်းအကျိုး မရွေးချယ်တတ်လျှင် မိမိအတွက် ဆုံးရှုံးနစ်နာသည်ကို အန္ဓဗာလတို့ နဲနဲကလေးမျှ မရိပ်မိကြ။

## ကုမ္ဘဏ္ဍ အိုးထိန်းသည် ကထာကို ထပ်ခါထပ်ခါ ဝေဘန်စဉ်းစားပုံ

(ဝတ္ထုသက်သေ အတိုချုပ်) မြတ်စွာဘုရားရှင်က နံနက် ၆-နာရီက ၇-နာရီအထိ, တနာရီခန့် ကုမ္ဘဏ္ဍရဲ့ သင်္ဂါနားရှိသော လက္ခဏာထူးကို မြင်တော်မူသဖြင့်- တရားဟောတယ်၊ ကုမ္ဘဏ္ဍရဲ့ အိမ်မှာ ဟောတယ်၊ ဘာကထာလဲ (မဂ္ဂကထာ) ကုမ္ဘဏ္ဍရဲ့ ခန္ဓာဟာ အနိစ္စမမြဲလို့ပျက်နေတယ် ခဏခဏဘောက်ပြန်နေတယ် ၁-ချက်၊ ခန္ဓာဆိုးကြီးရဲ့ဘေး ဒုက္ခဆင်းရဲကြောင်း ၁-ချက်၊ မပိုင် မဆိုင်သော အနတ္တ ၁-ချက်၊ ထိုလက္ခဏာ ၃-ချက် (တိရဏ) ခေါ်လိုရင်း အချက် သာမညလက္ခဏာကို လူပြိန်းမြင်လောက်အောင် ဟောပြတော်မူ၏။

## ကုမ္ဘဏ္ဍရဲ့ နားမြတ်သိင်္ဂီ ခြသေ့ဆီ ကထာတည်ပြီ

တရားဟောပြီးလျှင် မြတ်စွာဘုရား ကျောင်းတော်သို့ပြန်တော်မူသည်။ ကုမ္ဘဏ္ဍ နေအိမ်သို့ (ဘုရားတု မာရ်နတ်) ဘုရားအယောင်ဆောင်, ဘုရားနဲ့ အသွင်တူ, ဘုရားနဲ့ ပုံသဏ္ဌာန်မခြား, တရားနဲ့ လှည့်ဖြားရအောင်, ဖြားယောင်းရအောင် (မူလ တရားမှန့်)

ပျက်သွားအောင် ဖျက်ဘို့မာရ်နတ်ကလာတယ် ရောက်ပြီ (၇-နာရီမှ ၈-နာရီ) အချိန်ခန့် ဆင်တူရိုးမှား ထပ်တူမခြားမနား ခတ်ဆင်ဆင် ဟုတ်သလိုလို တရားဟောတယ်၊ ဟောပြီ ဟောပုံက အသင်ကုမ္ဗဋ၊ ယခုသင်က ငါဟောသွားတဲ့ တရားအပြင် နောက်တဆင့် ဒီလိုမှတ်ပါအုံး-

မမြဲတဲ့အနိစ္စဆိုပေမဲ့ သေမှအနိစ္စအစစ်။
ဆင်းရဲဒုက္ခဆိုပေမဲ့ ပိုက်ဆံချမ်းသာပါက သုခ။
စားမှု ဝတ်မှု နေမှု မရှိလျှင် ဒုက္ခအစစ်။
မပိုင်မဆိုင်ဒါကို အနတ္တတော့ ဟုတ်ပါရဲ့
ဟုတ်ပင် ဟုတ်သော်လဲ မိမိမယားကို မိမိကပိုင်သေးတယ်၊ မိမိလင်ကို မိမိပိုင်သေးတယ် ယူပါ။
သူများမယား သူများလင်ကိုသာ အပိုင် အဆိုင် မလုပ်နဲ့ ဆိုဒါကိုသာ-အနတ္တစစ်စစ်, တထစ်ကျမှတ်လိုက်။

## ကုမ္ဗဋရဲ့ကထာ ဘယ်သူဖျက် မပျက်ပါ

အိမ်ပေါ်သို့ ပြုံးကနဲ တက်လာတော့၊ အဝတ်အထည်ချင်းကတူလေတော့၊ ဘုရားအစစ်ဘဲလို့ ထင်ပြီးရိုသေတဲ့ မျက်နှာဖြင့် ဥက္ကောင်းကို ငုံ့လျှိုးပြီးရှိခိုးခါ နားထောင်းရင်း နားဝမှာကြားရတဲ့ ကထာ စဉ်းစားတယ်၊ တင်ပါ့မလိုက်, မှန်ပါ့မလိုက် ဟုတ်ပါတယ် အရှင်းမလိုက်, ခေါင်းငိုက်စိုက်နားထောင်လျက် နေပုံကို မာရ်နတ်က ခိုပ်မိတော့စိတ်ရှိတဲ့ အသံ ထွက်လာတယ်

မင့်ကြည့်ရဒါ ငါယခုပြောဒါ သဘောမကျဘူးလား၊ မကျရင် မင့်ကို နောက်ထပ်– ငါဘယ်တော့ကမှ တရားမဟောတော့ဘူး လို့ စိတ်ဆိုးပြီးပြောပြီး ပြန်တယ်။

## ကုမ္ဘဋ္ဌ တရားချည်တိုင်မပြုတ် စူဋ္ဌသောတာပန်မို့ နဲနဲတော့တုန်လှုပ်

မြတ်စွာဘုရား အစစ်မှတ်လို့ ကျောင်းတော်သို့ ချက်ခြင်းလိုက်သွား တယ်၊ တရားအတွက်နဲ့ ဘုရားစိတ်ဆိုးမခံဘူး ပြန်၍ရှင်းရအောင်, နားလည်ရအောင် ဘုရားထံအောက် မျက်မှောက်တော်သို့ရောက် ရှိခိုးဦးချ ရိုသေစွာ ထိုင်နေပြီ၊ မြတ်စွာဘုရားက မေးတော်မူ သည်၊ ဘာကိစ္စလာသလဲ၊ မှန်ပါ– ဘုန်းတော်ကြောင့် ပထမ နံနက်က အရှင်ဘုရားလာ၍ ဟောတဲ့တရားကို မှတ်သား နာယူလို့သဘောကျပါတယ်ဘုရား၊ နောက်ထပ်တခါ အရှင်ဘုရား ဘဲ လာပြီး ဒုတိယအချက် ဟောပြတဲ့ တရားတော်ကို (တပည့် တော်စဉ်းစားဆဲမှာ) တရားကို သဘောမကျတဲ့အနေကို အရှင် ဘုရားက–မင့်ကို ငါနောက်ထပ်တခါလာ၍ ဟောပြတဲ့ တရားကို အင်းမလိုက်, ဟုတ်တယ်, မှန်တယ်မလိုက်, မင့်အိမ်ကို နောက် ထပ်ငါမလာ၊ မင့်ကို ငါဘယ်တော့ကမှ တရားမဟောဘူးလို့, စိတ်ဆိုးသွားလို့ တရားတော်ကိုလဲ ထပ်၍နာယူ ရှင်းလင်းရန်နှင့် ဘုရားတပည့်တော်၏ ပြစ်မှား ကျူးလွန်သော အပြစ်ဒဏ်ကို– ရှိခိုးတောင်းပန် ကန်တော့ရန် ရောက်လာရကြောင်းပါဘုရား။

**ကုမ္ဗဋ္ဌကို ကြားက ဝင်ပြီးရှုပ်**
**မာရ်နတ်ယုတ် မိစ္ဆာကောင်**
**ငါကဲ့သို့ ဘုရားယောင်ဆောင်လို့ လှည့်ပြီ**
**စကားနောက်–တရားပါ၊ ကုမ္ဗဋ္ဌရဲ့ စိတ်နှလုံး၌**
**ပထမ နာယူသောတရားမှန်ကို ရ–မရ**
**တည်–မတည် ဗုဒ္ဓ ပရိယာယ်ဖြင့် စစ်ဆေးပြီ။**

ဟဲ့ကုမ္ဗဋ္ဌ ဘာတွေကိုမှ ရှုပ်မနေနဲ့၊ ပထမတရားနဲ့ ဒုတိယတရား၊ မင်းက- ဘယ်တရားကို နှစ်ခြိုက်သလဲ ပြောစမ်း၊ ကုမ္ဗဋ္ဌက ကြောက်ရွံ့ ရှိသေသဖြင့် လျှောက်ပုံ၊ အရှင်ဘုရား ဟောလျှင် ဘုရား့ တပည့်တော် နာယူပါမည်ဘုရား။ ငါဘုရား၏မျက်နှာ မလိုက်နဲ့၊ မထောက်နဲ့၊ မင်း သဘောကျတဲ့ တရား မျက်နှာ ကိုသာ ထောက်ပြီးပြောပါ၊ (တရားရဒါ) ဘုရားသခင်သက်သေ မခံ မင်းရတဲ့ တရားကဘဲ မင်းကို သက်သေခံမယ် ထောက် ခံမယ်မှတ်။

ယခုလို ခွင့်ပြုပါလျှင် ပထမဟောပြသော တရားကို ယုံကြည် ပါတယ်ဘုရား။

မြတ်စွာဘုရားက အတိအလင်း မိန့်တော်မူပုံ။ ပထမတရားက ငါဘုရား၏ ကထာမှတ်၊ ဟောတဲ့တရား အစစ်မှတ်။

ဒုတိယတရားကို မာရ်နတ်က၊ သို့မဟုတ် အန္ဓပုထုဇဉ်က ကြား ဝင်ရှုပ်ထာ, လှည့်ပတ်ထာမှတ်၊ မာရ်နတ်၏ ကထာမှတ်။ နား ထောင် ရှင်းတမ်းပြောမယ်၊ မာရ်နတ်က ငါကဲ့သို့ ဘုရား

အယောင် ဆောင်ပြီး ဟောတဲ့ ဒုတိယတရားကို မယုံကြည်ပါဘဲ၊ ပထမ တရား၌သာ (မူလသြဏ္ဏပတိဋ္ဌာလဒ္ဓ) ဖြစ်ခဲ့သော်၊ ဝါ- ပထမဟောသော လက္ခဏာ ၃-ချက်၌သာ အခြေအမြစ်စိုက်၍ ထောက်တည်ရာ, အားကိုးရာ, လက်ကိုင်ရဆဲမှာ အရိယာ သောတာပန် အငယ်စားမှတ်၊ စူဠသောတာပန်မှတ်လိုက်၊ မာရ်နတ် လှည့်လို့ မလည်လျှင် စူဠမှာဘဲ။ ကျောင်းတော်ရောက် ငါဘုရား ထံတော်အောက်မှာ ငါကိုယ်တိုင်ကဘဲ ပထမတရား တည်-မတည်, ခိုင်-မခိုင် (အတည်အခိုင်)ဟုတ်မဟုတ် တရားရတဲ့ချည်တိုင် လှုပ်-မလှုပ်ကို စမ်းသပ် စစ်ဆေး ခြောက်လှန့်၍ မေးသော်လဲ၊ (မူလ ပထမတရား ငါဘုရား ကိုယ်တော်တိုင် မပျက်ဘဲ) လှည့်ပတ်သော်လဲ၊ (တည်ခိုင်အဟုတ်) မင်းရတဲ့ လက္ခဏာဉာဏ် ၃-ချက်၊ ချည်တိုင် မလှုပ်သောကြောင့်၊ အရိယာ သောတာပန် မှတ်လိုက်၊ မဟာ သောတာပန် ဘွဲ့ထူးဟူ၍ မှတ်လိုက်၊ ဝမ်းသာသော လက္ခဏာကို သိတော်မူ၍ ဘွဲ့ပေးတော်မူ၏။

ဒီအချက် ကုမ္ဗဋ္ဌ အိုးထိန်းသည်
သောတာပန်တည်ပြီ ယောဂီ၊
တရားအစစ်ကိုရလျှင် ဘယ်သူဖျက်-မပျက်။

★

## ဟောဒီသံပေါက်အရကျက်၊ ယောဂီမောင်၊ ယောဂီမယ်တို့ကို သင်ပြဆုံးမ ဩဝါဒပေးကြ

၁။ အိုးကိုလုပ်ရ၊ ကုမ္ဘ၊ ဗုဒ္ဓအမှန်မြင်က်။
၂။ မာရ်နတ်လှည့်ဖြား၊ စိတ်မများ၊ မှတ်သားစူဠချက်။
၃။ ဘုရားဗုဒ္ဓ၊ ဖျက်မရ၊ မုချမဟာမဂ်၊
၄။ ယောဂီစိတ်ထား၊ တပည့်များ၊ ကြိုးစားဉာဏ်လက်နက်။
၅။ ဘုရား တရား၊ သံဃာအား၊ သုံးပါး ရတနာစက်။
၆။ ပျက်ဆဲ ဆင်းရဲ၊ မပိုင်ဘဲ၊ သိမြဲလက္ခဏာချက်။
၇။ စကား ၆-လုံး၊ ပိဋကတ်သုံး၊ အဆုံးလိုရင်းထွက်။
၈။ ၂-လုံးဥပင်၊ ၄-လုံးဝင်၊ ပိုင်လျှင် တလုံးထွက်။

တွေးပါ၊ ကြံပါ၊ စဉ်းစားပါ။
မေးပါ၊ လျှောက်ပါ၊ စုံစမ်းပါ။
ဖောင်နိပါ၊ ဆင်ခြင်ပါ၊ ကြိုးစားပါ။
တိုင်ပင်ပါ၊ ဆွေးနွေးဝိုင်းလုပ်ပါ၊ မာနလျှော့ပါ။

ဤနေရာတွင် ကထာရွေးချယ်ခဏ်းနဲ့ (ကိံ) ဆိုသောပါဠိ စကားတလုံးရဲ့အသုံးကို ယှာစုခေတ်က, ယနေ့ယခုအချိန်ကစပြီး နောင် အနာဂတ် ကာလအတွက်, နောင်လာမည့် နှစ်ပေါင်း ၂၅၀၀-အထိ တရားအစစ်အမှန်ကို သိမြင်ကြဘို့ရာ နောင် သားသို့းအစဉ်အဆက် အနည်းငယ် အမြွက်မျှ ရေးသား၍ သတိ ပေးထားခဲ့သည် ဆရာမသေခင် ဘာတရားဟောသလဲ စုံစမ်း။

ကိံ ကထာ အနုက်း နိဋ္ဌိတံ။

★

## မဂ်—ဆိုဒါ ဘာသာပြန်မယ်

ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။

ကိလေသေ၊ ဒိဋ္ဌိစသော ကိလေသာတို့ကို၊ ဝါ အယူမှားသဖြင့် အပူပွားမှုတို့ကို။ မာရေန္တော၊ ဝိပဿနာဉာဏ် အနတ္တ လက်နက်ဖြင့် သတ်လျက်။ ဂစ္ဆတိ၊ ပုဂ္ဂိုလ်,သတ္တဝါ ပျောက်သော ခရီးစဉ်ဖြင့် စိတ်ချမ်းသာစရာ နိဗ္ဗာန်သို့ သွားရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကဲ့သို့သော အကြောင်း လက္ခဏာကြောင့်။ မဂ္ဂေါ၊ မဂ္ဂမည်၏။ ဝါ-မဂ်ခေါ်နိုင်၏။ ဝါ-ဒီခန္ဓာ ဇာတ်သိမ်းသော လမ်းမှန်မည်၏။

**အပြောမလိုက်နဲ့ သဘောလိုက်၊**
**ပါဠိစကားကို ဘာသာပြန်နဲ့ နားလည်ပေစေ၊**
**ဘာသာပြန်ပေမဲ့ ရှေးဘာသာပြန်ခေတ်အလျောက်**
**ဘာသာပြန် အစားစားကို နားလည် သဘော**
**ပေါက်ကြစေ။**

မဂ္ဂသမ္ဘာရ အဖွဲ့အမည်နှင့်တကွ "မဂ္ဂသမ္ဘာရဒီပနီ"ကျမ်း အမည်နှင့် ကိုက်ညီအောင်, တရားတော် အမှန်ကို ရေးမယ် ယောဂီ။

မဂ္ဂ၊ မဂ်၊ မဂ္ဂင်၊ (မဂ္ဂ၊ အင်္ဂ) မဂ္ဂင်္ဂ။

မဂ္ဂ၊ လမ်းကြောင်းခရီးစဉ်။ အင်္ဂ၊ အစိတ်အပိုင်း တဌာနစီ မှတ်။ မဂ်၊ မဂ္ဂင်၊ လူပြိန်းအဘို့မှာ အခေါ်လွဲ သဘောမှာ မခြားနားမှတ်။ ပါဠိသဒ္ဒါ တတ်သော ပညာရှိတို့ အဘို့မှာ

သဒ္ဒါတတ်သလောက် စကားတတ်၏၊ စကားတတ်သလောက် အမျိုးမျိုးပြောနိုင် ရေးနိုင်၏။

လိုရင်းမှာ၊ သက္ကာယဒိဋ္ဌိ မကွာသမျှ ဘာတွေကိုဘဲတတ်တတ် ပညာစခမ်းအစစ်သို့ မဆိုက်ရောက်၊ သက္ကာယဒိဋ္ဌိ မပြုတ်သမျှ၊ ဘာဂုဏ်, ဘာပညာတွေကိုဘဲ တတ်တတ် သုတမယဉာဏ်မှတ်၊ သုတဝါ ပုဂ္ဂိုလ်မျှသာ ပညဝါမခေါ်နိုင်ဟု(ပေဋကောပဒေသ) ပါဠိတော်မှာ ဥပဒေအရ အထူး သတိပေးလိုက်သည်၊ ဝိပဿနာ ပညာစခမ်းကို ရေးပြီ။

## မဂ္ဂင် ရှစ်ပါး

၁။ သမ္မာဒိဋ္ဌိ-မှန်သောအယူ အနတ္တမှတ်။

၂။ သမ္မာသင်္ကပ္ပ - မှန်သောအကြံ ခုတ်ပေါက်ဘို့။

ထို ၂-ပါးကို ပညာမဂ္ဂင်မှတ်၊ အဓိပညာလဲ မှတ်လိုက်။ အဘိဓမ္မာ ၇-ကျမ်း၏ လိုရင်း အကျဉ်းချုပ်သဘောမှတ်။

၁။ သမ္မာဝါစာ-မှန်သောစကားပြောပါ။

၂။ သမ္မာကမ္မန္တ-မှန်သောအလုပ် လုပ်ပါ။

၃။ သမ္မာအာဇီဝ-မှန်သော ထမင်းစားမှုရှာပါ။

ထို ၃-ပါးကို သီလမဂ္ဂင်မှတ်၊ အဓိသီလလဲ မှတ်လိုက်။ ဝိနည်း ၅-ကျမ်း၏ လိုရင်း အကျဉ်းချုပ်သဘောမှတ်။

၁။ သမ္မာဝါယာမ-မှန်သောတရားကြိုးစား။

၂။ သမ္မာသတိ-မှန်သောတရားကို နှလုံးသွင်း။

၃။ သမ္မာသမာဓိ-မှန်သောတရားကို စိတ်ထဲအမြဲထား။

ထို ၃-ပါးကို သမာဓိမဂ္ဂင်မှတ်၊ အဓိစိတ္တလဲ မှတ်လိုက်၊ သုတ် ၃-ကျမ်း၏ လိုရင်း အကျဉ်းချုပ် မှတ်။

မဂ္ဂင် ၈-ပါးကို နားလည်မှ သူတော်ကောင်းမှတ်၊ သာသနာ ဝင်မှတ်၊ အရိယာသောတာပန်မှတ်၊ ဘုရားသားစစ်၊ သမီးစစ်မှတ်။ တနည်း မဂ္ဂင် ၈-ပါးကို ပါဠိ၊ အနက်ကို ရခြင်း၊ ရွတ်ဘတ်တတ်ခြင်း၊ အဓိပ္ပါယ်မျိုးစုံ ပြောဆိုတတ်ခြင်း၊ ဝိဂြိုဟ်ဝစနတ်တွေ ဖြုပ္ပါဒ်တွေ ပြုလုပ်တတ်တိုင်းလဲ သူတော်ကောင်းမဟုတ်, သာသနာဝင်မဟုတ်, အရိယာ သောတာပန်မဟုတ်, ဘုရားသားအစစ်, သမီးစစ်မဟုတ်-

မဂ္ဂင် ၈-ပါးကို နားလည်မှ ဆိုသော
စကားရှင်းတမ်းကို ကြပ်ကြပ်တိုင်ပင်

ဥပဒေပြမယ် ဝေဘန်ခဏ်း၊ ဝိသာခါ ၇-နှစ်သမီးကလေး အရိယာ သောတာပန်၊ သုဏ္ဍာထေရီမ-ရဟန္တာ၊ အာဠဝက ဘီလူး သောတာပန်၊ ပြည့် တန်ဆာမ-သိရိမာ သောတာပန်၊ ခရလောမ ဘီလူး၊ သုစိလောမ ဘီလူး သောတာပန်၊ ခုဇ္ဇုတ္တရာ အဒေါ်ကြီး သောတာပန် စသည်တို့ဟာ၊ မဂ္ဂင် ၈-ပါးကို ဘယ်လို နားလည် သွားကြသလဲ တိုင်ပင်ကြ။

## ပိဋကတ် ၃-ပုံ အာဂုံဆောင် ပေါဠိလ မထေရ်ကြီး သည်

ဇီရခေါ် သာမဏေယ် ၇-နှစ်သား ကိုရင်ကလေးထံ အရဟတ္တမဂ်ဉာဏ်ကို ရှိခိုး၍ တောင်းယူရတယ်၊ တကယ် မာနလျှော့သဖြင့် သာမဏေယ်၏ အမိန့်ဩဝါဒအတိုင်း လိုက်နာလျက်၊ ချီးမြှင့်ပေးသနားတော်မူသော အာရုံ ၆-ပါး၊ ဒွါရ ၆-ပါး၊ အာယတန

တရားတော်ကို သဘောသက်ရောက်သဖြင့် ရဟန္တာ ဖြစ်ရတယ်။ ဒီအချက်၌ ဒီပေါ်ဋ္ဌလာဟာ ရဟန္တာ၏ဥာဏ်ကို မရမိက–မင်္ဂလ်ရှစ်ပါးကို ပါဋ္ဌိအနက် အမိပ္ပါယ်မျိုးစုံ နားလည်ပြီးပါပြီ။ ပုထုဇဉ်ပါဘဲ၊ အရိယာ ရဟန္တာဖြစ်တော့ ဒီမင်္ဂလ်ရှစ်ပါးကို– ဘယ်လိုအမိပ္ပါယ်တမျိုးဖြင့် ထပ်မံ၍ သိမြင်နားလည်သွားပါသလဲလို့ ယခုချက်ခြင်း မေးပါ, လျှောက်ပါ, မာနလျှော့ပါ၊ မဖြေဆိုနိုင်သူများကို အရိယာဥာဏ်ရလျှင် မင်္ဂလ်ပါဝင်တယ် ပုဒ်ပြတ်မှတ်။

## မင်္ဂလ် ၈–ပါးကို တပါးစီ ပြမည်

နံပါတ်–၁၊ သမ္မာဒိဋ္ဌိမင်္ဂလ်၊ ဖြောင့်မှန်သော တရားကို အယူမှန်ရမည်–အနတ္တအထိ မှတ်လိုက်။ ပဋိပတ်နည်းအရ သမ္မာဒိဋ္ဌိဥာဏ်ကိုရဘို့ ဂရုပြုကြ။ အနတ္တလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် မသိရသမျှ မျက်စိပါသော်လဲ မပါရာမည်၏ အန္ဓမှတ်။ ယခု လူ့ပြည်သို့ ရောက်လာရခြင်းမှာ၊ ကိံ–ဘာကျိုးလဲ။

သားနွားနာပ အခါ၌၊ လူ့ပြည်သို့ လူဖြစ်လာရ သော်လဲ အနတ္တလက္ခဏာကို မကြားရ, မသိရသည့်အတွက် ကျမြဲရောက်မြဲတိုင်းသော အပါယ်လေးပါးသို့ ကျရောက်ကြကုန် သည် မှတ်၊ အနတ္တလက္ခဏာတရားကို ဘုရားရှင် ပွင့်တော်မူသော လက်ထက်မှာသာ ကြားရ, နာရ, သိမြင်ကြရ၏။ ဘုရားရှင်မှတပါး၊ အနတ္တလက္ခဏာကိုထင်မြင်အောင် ဟောပြနိုင်သူ မရှိဟူ၍၊ ကျမ်းဂန်ဥပဒေအရ ရေးပြသတိပေးလိုက်သည်။

## အနတ္တကို ဓမ္မနိယာမထဲ မသွင်းနဲ့ မှားမယ် သတိထား

အနတ္တရယ်၊ ဘုရားရယ်၊ သာသနာရယ်၊ သဘောတူ မှတ်ပါ၊ အနတ္တကို မမြင် ကန်းလျှင်၊ ဘုရားအစစ်ကို မမြင် ကန်းသည်မှတ်။ ဘုရားအစစ်ကိုမမြင် ကန်းလျှင် မမြင်ကန်းသည့်အလျောက် ခရီးလမ်းစဉ် မဖြောင့်၍ ရောက်လိုရာ၊ သွားလိုရာ၊ စိတ်ချလိုရာ၊ စိတ်ချမ်းသာလိုရာ၊ ဌာနသို့မရောက်၊ မရောက်သဖြင့် ရောက်ရာမှာပင်နေ၊ ရောက်ရာဌာနမှာဘဲ သေကျရလေသည် သတိရှိကြကုန်။

အနတ္တတရား၏ ပေါ်ပေါက်ရာဌာနကား၊ ရုပ်ပင် နာမ်ပင်မှ ဖြစ်၏။ ရုပ်ပင်၊ နာမ်ပင် ၂-ပင် ပူးပေါင်းယှဉ်တွဲ၍ အဆက်မြဲသမျှ အနတ္တလက္ခဏာ မပေါ်ထွက်နိုင်။ ရုပ်ပင် နာမ်ပင် ၂-ပင် ယှက်တွဲလျက် နေသည်ကို တပင်စီ၊ တခြားစီ ခွဲခြမ်းစိတ်ဖြာတတ်လျှင် အနတ္တလက္ခဏာ ပေါ်ထွက်စရာ လမ်းစဖြစ်သည်မှတ်။

ရုပ်ပင်၊ နာမ်ပင်၊ ပူးပေါင်းလျက် အချင်းချင်း မိတ်ဆက်ကြသည်ကို လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ခွေးကောင်၊ ကြက်ကောင်၊ ကျွဲကောင်၊ နွားကောင် အစ၊ ယောကျ်ားကောင်၊ မိန်းမကောင်၊ အသက်ကောင် ဟူ၍ ထင်လုံးကြီးကြီးနဲ့ သံသရာ၌ နစ်မြုပ်မျောပါးကြကုန်၏။

မဟုတ်မမှန် မိစ္ဆာဝါဒဖြင့်၊ ငါသူတပါး၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂလ-သတ္တ။ ဇီဝ-ဒေဝါ၊ ဗြဟ္မာ နတ်လူ၊ အပါယ်သူ အပါယ်သားတို့ဟူ၍ရင်း၊ (ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ အပါယ်) ဟူ၍ရင်း

ကြားစဲ့။ မှတ်စဲ့၊ သိစဲ့၊ ထင်စဲ့– စဲ့မှား ဘောက် ပြန် သော ဝိပ္ပလ္လာသဒိဋ္ဌိ ဝိပ္ပလ္လာသစိတ္တ်၊ ဝိပလ္လာသ သညာတို့ကား၊ သမ္မာ ဒိဋ္ဌိဉာဏ် အရှင်းမဟုတ်၊ ဖြောင့်မှန်သော အယူမှန်မဟုတ်ဟူ၍၊ တထစ်ကျ ဆုံးဖြတ်လိုက်သည်။ (တရားမစဲ့နဲ့ စဲ့လျှင်ငွေကုန်မယ် ယောဂီ) ဤကား အနတ္တ၏ ဆန့်ကျင်ဘက်။ အတ္တဒိဋ္ဌိ အယူဝါဒ သမားတို့၏ မိစ္ဆာဒိဋ္ဌိ အချက်ကို **သ**တိပေးလိုက်ခြင်းပေတည်း၊ သိခဲလေစဲ့၊ **သ**ဘောကျခဲလေစဲ့၊ ထိုကဲ့သို့ အတ္တခေါင်ခေါင်ထင်လုံးနဲ့ သံသရာ တစဉ်လုံး၌ မေ့ပြီးသော၊ သေပြီးမေ့၊ (မေ့သေမဆုံး) သေ့းအရေမဆုံး၊ ခလေးတွေ မဆုံးဘဲနဲ့ မကောင်းမှုဒုစရိုက်တို့ကို ပြုမိုက်မှားကြရခြင်းသည်၊အတ္တ–အငုတ် သက္ကာယဒိဋ္ဌိ ရေသောက်မြစ် မပြုတ်လို့ မှတ်ကြရမည်၊ သက္ကာယဒိဋ္ဌိ ရေသောက်မြစ် ပြုတ် စရာ လက်နက်မှာ သမ္မာဒိဋ္ဌိမဂ္ဂင်ပေတည်း၊ သမ္မာဒိဋ္ဌိမဂ္ဂင် မဝင် မဆိုက်သမျှ ကာလပတ်လုံး ဘယ်ကုသိုလ်ကြီး၊ ဘယ်ကောင်းမှု ကြီး၊ဘယ်သာဓုမျိုးကြီး ဘယ်ကောင်းကျိုးမျိုးကြီးတွေနဲ့ အရင်း အနှီးပြုငြားသော်လဲ အတ္တဒိဋ္ဌိ၊ ရေသောက်မြစ် အစွမ်းကြောင့် မြစ်သေး မြစ်မွှာ အဖြာဖြာတို့ ပြန့်ပွားခြင်း အကြောင်းမှတ်လေ။ ရှပ်ပင် နာမ်ပင် ၂–ပင်ပေါင်းစပ်မှုကို တခုစီ သိမြင်မှသာ–မမြင် အကန်းဘဝမှ– မြင် မကန်းဘဝ ကလျာဏအခြေသို့ ဆိုက်ရောက် ကြမည်မှတ်။ အနတ္တဉာဏ်ကို မသိမမြင်ခြင်းမှာ ယောကျ်ားမိန်းမ မိစ္ဆာဝါဒကြီးကအုပ်စိုး၍ နေသည်မှတ်လေ၊ ပညာကို သညာဖုံးလို့ စုံလုံးကန်းကြသည် ယောဂီ။ ဤကား အနတ္တဉာဏ်ကို ရအောင် သိမြင်သော ပညာစခမ်းကိုသာ လိုက်စားကြိုးကုတ်ဘို့ ၁–နံပါတ် သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် တိုက်တွန်းချက်တည်း။

## နံပါတ် ၂-သမ္မာသက်ပွမဂ္ဂင်-ဖြောင့်မှန်သော အကြံအစည် ဘာတွေကိုကြံစည်ဒါကို မဂ္ဂင်ခေါ်မှာလဲ

လူဘုံ့ နတ်ဘုံ့ ဈောက်ကြောင်း ကာမာဝစရ ကုသိုလ်ပြုဆဲ စေတနာ၌ ကုသိုလ်ဖြစ်ခိုက်မှာ လောကီမဂ္ဂင် ပါဝင်တယ်လို့ထင်လျှင် အနတ္တပညာစခမ်းနှင့် မသက်ဆိုင်မှတ်၊ အနတ္တာပန်းတိုင်သို့ ရောက်စေတတ်သော (အကြံဉာဏ်) (အကြံကား-သက်ပွတည်း) ဉာဏ်ကား ပညာတည်း၊ သက်ပွလဲပညာပါဘဲ အနတ္တကိုမြင်သော သမ္မာဒိဋ္ဌိ၌ တိုး၍အကြံထုတ်စမ်းပါ၊ စာစကားနဲ့ပြောလျှင်၊ တိရဏ အနတ္တ၊ ပဟာန အနတ္တ ၂-မျိုးမှတ်၊ တိရဏ အနတ္တကား စူဋ္ဌသောတာပန်၏ ပညာစခမ်းမျှသာသိဘို့၊ (ပဟာန အနတ္တဆိုက်ရောက်မှသာ မဟာသောတာပန် အရိယာ ပညာစခမ်း ဟူ၍စိတ်ချရာ၏။ စိတ်ချတော့-ဤကား စာစကား စာသုံးမှတ်လိုက်) မြန်မာလူပြိန်းသိ နားလည်ဘို့ စကားမှာ သက်ပွရဲ့အကြံ။ ဘာကိုတွေး ကြံစည်နှလုံးသွင်း၍ နေရမှာလဲ ရုပ်နာမ်တော့ မှန်ပြီတထစ်၊ ရုပ်လဲအနတ္တ၊နာမ်လဲ အနတ္တမှန်ရဲ့၊ ယောကျ်ား-မိန်းမပညတ်သုံး ပညတ်စွဲက၊ထင်လုံး မှတ်လုံးက မပျောက်နိုင်သဖြင့်၊တဒင်္ဂမျှ,ခေတ္တမျှသာ အနတ္တ သဘောသို့ သက်ရောက်၏၊ ယောကျ်ား- မိန်းမမဟုတ်ဘူး ကေန်လို့ သစ္စာမဆိုရဲ၊ မပြောရဲ၊ မိမိကိုယ်မိမိ တရားရပြီလို့ စိတ်မချရဲသော ယောဂီရဲ့၊ တိရဏ အနတ္တတွင် တင်းမတိမ်မူ၍ မတန့်မရပ်ဘဲ ပြတ်ပြတ်သတ်သတ်ပုဒ်ပြတ်၊ ယောကျ်ားအရှင်းမရှိ မိန်းမတကယ် မဟုတ်သော ဓာတ်သဘောအခြေသို့ ဆိုက်ရောက်အောင် ပဟာန အနတ္တသို့ ဆိုက်ရောက်အောင် သဘော မပေါက်လျှင် မနေဘူး တရားရပြီးမှသေမယ်၊ တရားမရ

ဘဲနဲ့တော့ မသေဘူးဆိုတော့ စိတ်မျိုးနဲ့ တွေးခြင်း၊ ဝေဘန်ခြင်း၊ ဆင်ခြင်ခြင်း၊ ခဏခဏ ကြံစည်ခြင်းကို ၂-နံပါတ် သမ္မာသင်္ကပ္ပမဂ္ဂင်ဘဲလို့ ယောဂီတို့အတွက် တိုက်တွန်းချက်။

## နံပါတ် ၃-သမ္မာဝါစာ၊ ဖြောင့်မှန်သောစကားကို ပြောဆိုပါ။

(နေရာတိုင်းလားလို့ မေးပြန်လျှင် အဖြေ ရှည်မည်) မြန်မာပြည်မှာ မလိမ်မညာနဲ့၊ သူများတွေ ချစ်ခင်ကြဒါကို ကြည်ညိုနေကြဒါကို အချစ်အကြည်ညို ပျက်အောင် မပြောဘို့၊ အများနားဖို့ မချမ်းသာသော ယုတ်ညစ် ကြမ်းတန်းသော စကားရိုင်း-စကားဖျင်း၊ ဆဲခြင်း၊ ကျိန်ခြင်း စကားတို့ကို မပြောဘို့၊ မစားရ၊ မသောက်ရ၊ ကုသိုလ်ကျိုးလဲမရှိ မဂ်ဉာဏ်ရဘို့ကိုတော့ ဖယ်ပါ၊ သက်သက်မဲ့ ဘာကျိုးမှမခံစားရဘဲ ကာမဂုဏ် ပျော်မွေ့ဘို့သာ သန့်သန့်၊ တဘက်သတ် ခရီးသွားနေသောဇာတ်၊ အငြိမ့်၊ ဘိုင်စကုတ် စသော ပျော်ရွှင်ပွဲ အထွေထွေတို့၏ တဏှာစကား မျိုးစုံတို့ကို မပြောဘို့ ရှောင်ကြဉ်ရမယ်မှတ်။

## ဖြောင့်မှန်ဆိုသော အဓိပ္ပါယ်ကား

သမ္မာဒိဋ္ဌိဉာဏ်က စုန်ဆင်းလာသော နိဗ္ဗာန်ရောက် စကားမှတ်၊ ရတနာသုံးပါးနဲ့ ပတ်သက်သော တရားစကားကို ပြောဆိုခြင်းကို သမ္မာဝါစာ မဂ္ဂင်မှတ်လေ (စီးပွားရှာဘို့ စကားမပြောရ

တော့ဘူးလားလို့– ဒီလို အင်မတန်သေးငယ်သော အတွေးမျိုး တွေနဲ့– တွေးမနေနဲ့, မေးမနေကြနဲ့) ကာမာဝစရကုသိုလ်, ရူပါဝစရ ကုသိုလ်, အရူပါဝစရ ကုသိုလ်တွေနှင့် ယှဉ်ဘက်သော လောကီမဂ္ဂင်ကို ရေးနေတယ်လို့မယူနဲ့။ ထွက်မြောက်ရာကို ညွှန်ပြသောမဂ္ဂင်ဟူ၍ ကောင်းစွာမေးလာပါက–ပြန်၍ဖြေ။

သမ္မာဒိဋ္ဌိဉာဏ် အနတ္တ ဦးစီးနေသော သမ္မဝါစာက ရုပ် စကား, နာမ်စကားတို့ကိုသာ ဖရေးပါအရာရောက်လို့ ဆွေး နွေးခြင်း, တိုင်ပင်ခြင်း, ပြောဆိုခြင်းတို့ကို နံပါတ်–၃ သမ္မာ ဝါစာမဂ္ဂင်ဝင်, ဗောဓိဝဲင်, အဖွဲ့ဝင်အသင်းဝင် ပက္ခိယဖြစ်ဘို့ တိုက်တွန်းချက်။

## ၄–နံပါတ် သမ္မာကမ္မန္တ ဖြောင့်မှန်သော အလုပ်ကိုပြုလုပ်ခြင်း

မသတ်ဘို့, မခိုးဘို့, ကာမဖောက်ဒ္ဒဗ္ဗ ခေါ် မိမိပိုင်လင်မှ တပါး၊ အခြားသော ယောကျ်ားများကို၊ မိမိပိုင်မယားမှတပါး၊ အခြား မိန်းမများကို မဆက်ဆံဘို့ မပေါင်းသင်း မမှီဝဲ ကာမဂုဏ် အာရုံ ကို မခံစားဘို့၊ထို ၃–ချက်ကို ရှောင်ကြဉ်ကြပါ ယောဂီတို့။ ဒီကာ ယကိုယ်ကြီးနဲ့ ပတ်သက်သော အလုပ်အကိုင်ဟူသမျှတို့၌ ဒုက္ခ လက္ခဏာပေါ်အောင်, ထင်မြင်အောင်, ကြောက်လာအောင်, ဒီခန္ဓာရှိနေသမျှ ဒီအလုပ်မျိုးတွေ ဘယ်တော့မှ ပြီးပါ့မလဲလို့– ရုပ်ဒုက္ခကို ဆင်ခြင်ခြင်း၊ စိတ်နာမ်ကြောင့် လိုက်စားရသော နာမ်

ဒုက္ခ ဆင်းရဲမျိုးစုံတို့ အာဒိနဝဉာဏ်ကိုရလာအောင်, ဒီခန္ဓာ လွန်မြောက်ရာ လမ်းကောင်းကို ရဘို့ရာအတွက်, ကိုယ်ခန္ဓာနဲ့ ပတ်သက်သော အလုပ်အကိုင် ဟူသမျှတို့၌ သတိကြပ်ကြပ်ထား ပြီး အနိစ္စစသော တရားတွေကို နှလုံးသွင်းရင်း ပြုလုပ်ခြင်းကို (ဖြောင့်မှန်သောအလုပ်) ဟူ၍ နံပါတ်–၄ သမ္မာကမ္မန္တအတွက် (ဗောဓိပက္ခိယ) ခေါ် သစ္စာလေးပါးသို့ အတွင်းဝင်စရာ တနည်း အရိယာအဖွဲ့သို့ ပါဝင်သော မဂ္ဂင်အစစ်ဖြစ်စေရန် တိုက်တွန်း ချက်။

## ၅–နံပါတ် သမ္မာအာဇီဝ
## ဖြောင့်မှန်သော အသက်မွေးခြင်းကို ဂရုပြုပါ

ထမင်း ၂–နပ်အတွက်နဲ့ ဘာပြုလို့သူများရဲ့ အသက်တွေကို သတ်၍ ရောင်းချ၍ စားကြပါသလဲ၊ မဂ္ဂင် ၈–ပါး အဓိပ္ပါယ်၌ လောကမဂ္ဂင် လောကမှ လွန်မြောက်သော မဂ္ဂင်ဟူ၍ ၂–မျိုး သိထားပါ။ ၂–မျိုး ဆိုသော်လဲတွေးချင်တိုင်း မတွေးနဲ့၊ ထို ရှစ် မျိုးပါဘဲ ဘာကွဲပြားသလဲ ပုထုဇဉ်ရဲ့သဏ္ဍာန် အရိယာရဲ့ သဏ္ဍာန်၌သာ ခွဲခြား၍ယူကြတော့၊သမ္မာအာဇီဝဆိုဒါ အကုသိုလ် ပြုလုပ်ပြီး၊ မိမိ၏ ထမင်းစားမှု, စီးပွားဖြစ်မှုကို မပြုလုပ်ပါနဲ့၊ အာဇီဝဟော တုဋ်–မဋ် စသောစကားတွေနဲ့ ရှုပ်မနေကြနဲ့ သ ဘောတူကိုသာမှတ်ကြ။

## သမ္မာအာဇီဝမဂ္ဂင် လူပြိန်းရှင်း

၁။ ပါဏာတိပါတ–သူများအသက်သတ်ခြင်း။
၂။ အဒိန္နာဒါန–သူများပစ္စည်းခိုးယူခြင်း။
၃။ ကာမေသု မိစ္ဆာစာရ–သူများလင်, သူများမယား ပြစ်မှားခြင်း။
၄။ မုသာဝါဒ–လိမ်ညာ၍ မဟုတ်ထာပြောခြင်း။
၅။ ပိသုဏာဝါစာ–သူများ ချစ်ခင်ဒါကို– ကွဲအောင်ပြော ခြင်း။
၆။ ဖရုသဝါစာ–ကြမ်းတန်းယုတ်မာတဲ့– စကားပြောခြင်း။
၇။ သမ္ဖပ္ပလာပ– ကုသိုလ်ကျိုး– မင်္ဂကျိုးတို့မှ ကင်းလွတ်သော အလကားစကားအကျိုး မရှိတဲ့ စကား တွေကို ပြောခြင်း။

၁။ သူများတွေရဲ့ အသက်တွေကို သတ်ဖြတ်၍၊ မိမိ ဝမ်းစာအတွက်, မိမိတို့ အိမ်သားအတွက် စားခြင်း အသက်မွေးခြင်း, စီးပွားရှာခြင်း။

၂။ သူများတွေရဲ့ ပစ္စည်းတွေကို ထင်ရှားစွာ ခိုးယူခြင်း, လှည့်ပတ်၍ယူခြင်း, ပရိယာယ်အမျိုးမျိုးတို့ဖြင့် ယူ၍စုဆောင်း၍, မိမိစားခြင်း, လင်ကျွေးခြင်း, မယားကိုကျွေးမွေးခြင်း, သား–သမီးတွေကို ရှာဘွေစုဆောင်း၍၊ ကျွေးခြင်း, စီးပွားရှာခြင်း, အသက်မွေးခြင်း။

၃။ ကာမေသုမိစ္ဆာစာရခေါ် သူများရဲ့မယား သူများရဲ့ သမီးများ, သူများရဲ့လင်, သူများရဲ့သား၊ တနည်း– မိမိအပိုင် မဟုတ်သော မိန်းမဟူသမျှ၊ မိမိအပိုင် မဟုတ်သော ယောကျ်ား

ဟူသမျှတို့ကို ကြူးလွန်ခြင်း ကြူးလွန်ဖြစ်ပွားစေခြင်းဖြင့် ပိုက်ဆံရှာခြင်း၊ အသက်မွေး ဝမ်းကြောင်းပြုလုပ်ခြင်း။

၄။ အသက်မွေးခြင်း၊ တနည်းကား- သူများတို့၏ ပိုက်ဆံကြေးငွေအစ ပစ္စည်းဟူသမျှ, လူဟူသမျှ, သက်ရှိသက်မဲ့တို့ကို လိမ်ခြင်း, ညာခြင်း, ဝါခြင်း၊ နည်းပရိယာယ်မျိုးစုံတို့ဖြင့် လှည့်ပတ်ဖြားယောင်း ပြောဆို၍ ထမင်းစားကြတယ်, အသက်မွေးကြတယ်, စားမှု- စားမှု။

၅။ တချို့ထမင်းစားပုံက သူ့ဆရာနဲ့ သူ့တကာကြည်ညိုကြဒါကို မကြည်ညိုအောင် အပြစ်ရှာ၍ပြောခြင်း၊ စာရွက် စာတမ်းတို့ဖြင့် ရေး၍ ကမ်းလှမ်းဝေငှခြင်း၊ သူများလင်မယား သူများ သူငယ်ချင်း, အဖွဲ့အသင်း ချစ်ခင်ပေါင်းသင်းဒါကို မကြည့်နိုင်, မကြားနိုင်, သူများတွေတန်ခိုးကြီးဒါ, ဂုဏ်ကြီးဒါ, နာမည်ကြီးဒါကို- မရှုစိမ့်ခြင်း၊ မလိုခြင်း၊ မုန်းတီးခြင်း၊ အလိုလိုနေရင်း မိမိရဲ့ရင်ထဲမှာ ပူလောင်ခြင်း။ ဒီလို မခံမဆန့် ဖြစ်နေသော လူမိုက်, လူယုတ်မာတို့၏စိတ် အနုသယမှပရိယုဋ္ဌာနသို့, ပရိယုဋ္ဌာန မနေသာဆူပွက်မှုမှ တဆင့်-ဝိတိက္ကမဖြစ်၍ သူများတို့၏၊ တရားတန်ခိုးဂုဏ်, ပစ္စည်းချမ်းသာသော ဂုဏ်တို့ကို ပျက်စေခြင်းငှါ, ကွဲပြားစေခြင်းငှါ, ပါးစပ်ပုပ်က ပြောဆိုခြင်း၊ ဝစီဝိညတ်၊ ပါးစပ်ကိုယ်စား စာရွက်ဖြင့် ရေးသားခြင်း၊ သတင်းစာဖြင့် ရေး၍ တိုင်းပြည်ကို ပြန့်နှံ့စေခြင်း အသံအမျိုးမျိုး လွှင့်ခြင်းဒါ မိစ္ဆာဇီဝမှတ်။

တသက်တခါ လူဖြစ်ခိုက်ထမင်းစားကြပုံ၊ စီးပွားစုကြပုံ၊ သားသမီး ရှာ၍ကျွေးမွေးပုံ၊ လင်ကိုရှာ၍ မယားကိုရှာ၍ကျွေးမွေးကြပုံ မိစ္ဆာမဂ္ဂင်မှတ်၊ သမ္မာအာဇီဝ မဟုတ်ဘူး ယောဂီ၊ သူများရဲ့အ

ဖြစ်ကိုမရှာကြနဲ့၊ သူများ အဖြစ်ရှုဒါနဲ့ မိမိရဲ့အဖြစ်ကို ရှုဒါ ဘယ်ဖြစ်က ခက်ပါသလဲ၊ စာဘတ်တဲ့ ယောဂီ၊ မိမိအဖြစ်, မိမိရဲ့ မယားအဖြစ်, လင်အဖြစ်, သားသမီးတွေရဲ့အဖြစ်, မိမိတို့ရဲ့ အိမ်သားအဖြစ်, ဆွေမျိုးတွေရဲ့ အဖြစ်တွေကို အများသိစေခြင်းငှါ သတင်းစာထဲမှာ ထည့်ခဲ့လေ၏။ ထည့်ပါရဲ့လင်က မယားငယ်ယူရင်, မယားကလင်ငယ်ယူရင်ထည့်ပြီ၊ သတင်းစာမှာပါလာပြီ အဖြစ်တွေကို ပြောလာပြီ, ပေါ်လာပြီ မှတ်တော့၊ ဒါလူမိုက်မှတ်၊ လိုခါချစ်တုံး- မလိုမုန်းမှတ်၊ သမ္မာအာဇီဝဆိုဒါ- ကာယကံ ဒုစရိုက် ၃-ပါး၊ ဝစီကံ ဒုစရိုက် ၄-ပါးတို့မှ ကင်းလွတ်၍ ရှောင်ဖယ်၍ ထမင်းစားခြင်း၊ စီးပွားစုဆောင်းခြင်းကို မှတ်ပုဒ်ပြတ်။ အန္ဓပုထုဇဉ်မှန်ပါက သမ္မာအာဇီဝဖြစ်ခဲ့လေ၏။

ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးတို့ကို ရှောင်ကြဉ်၍ အသက်မွေးမှုနိုင်ဒါ ခန္ဓာနာမ်ရုပ်ကို သိမြင်သော ကလျာဏ သူတော်ကောင်း စူဠသောတာပန် သူတော်ကောင်းတို့ကို ဆိုသည် မှတ်လေ။ အန္ဓဗာလက ရှောင်ကြဉ်ပါရဲ့၊ တခဏမှတ်ပါ၊ အရိယာ အလောင်းတို့ရဲ့သီလ၊ အရိယာတို့ရဲ့ သီလမှတ်ပါ၊ သမ္မာဝါစာရယ်၊ သမ္မာကမ္မန္တရယ်၊ သမ္မာအာဇီဝရယ်၊ ဒီသုံးပါးကို ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိမဆိုရဘဲနဲ့၊ အာမဘန္တေမခံယူရဘဲနဲ့ ပြည့်စုံသော အရိယာတို့၏ သီလမှတ်လေ၊ အန္ဓပုထုဇဉ်တို့ရဲ့ သီလမျိုး (မဟုတ်မှတ်- ပုဒ်ပြတ်မှတ်။)

## သီလမဂ္ဂင်သုံးပါးကိုပင် ငါးပါးသီလမှတ်

အရိယာသောတာပန်တို့၏ (ဘာဝန္တရဂတအဝိနာသန) သီလမှတ်၊

အန္တဗာလတို့က ခေတ္တခဏသာ စောင့်သုံးဖော် စောင့်ရှောက်ဖော် ရ၏။ ခေတ္တ စောင့်သုံးရသော အကျိုးကျေးဇူးမှာလဲ (ကောဝဒေ) သီလ၏ အကျိုးခံစားခွင့်ကို အဘယ်သူကုန်အောင်ဟောပြနိုင်အံ့နည်း၊ မဂ္ဂင်နဲ့ ညီအောင်သီလအချက်ကို ဖော်ပြလိုက်သည်မှတ်။

သီလပြည့်စုံမှ–အရိယာဖြစ်မလား
အရိယာဖြစ်မှဘဲ–သီလလုံခြုံမလား။
ဤသည်ကား–နံပါတ် ၅–သမ္မာအာဇီဝအတွက်
တိုက်တွန်းချက်

**၆–နံပါတ် သမ္မာဝါယမ၊** ဖြောင့်မှန်သော တရားကို ကြိုးစားမှု, အားထုတ်မှု, အသားအသွေးဘဲခန်းစေ ခြောက်စေ, အရိုးတွေ, ကြေပေစေ, အကြောတွေဘဲ ပြတ်ပေစေ, ဒီတရားမရလျှင်မနေဘူး အရိယာမဖြစ်လျှင်မနေ သက္ကာယ ဒိဋ္ဌိမကွာ ဒီနေရာက ငါမထဘူးလို့ ဝီရိယစေတသိက်မှတ် အားထားမှု, အားယူမှု, အားထုတ်လိုသော– စေတနာစေတသိက်မှတ်၊ အားထုတ်လိုသော စေတနာစေတသိက်၏ တိုက်တွန်းချက်ဖြင့် အားထုတ်သော် ကြိုးစား၍ လုံးပမ်းသော ဝီရိယစေတသိက်ကိုပင် သမ္မာဝါယာမ မဂ္ဂင်မှတ်ပါယောဂီ။

**ခန္ဓာကိုယ်ကို ရေနံဆီလောင်း၍ ဓာတ်ဆီလောင်း၍ မီးရှို့ပြီး သတ်ပစ်ရမယ် မယူနဲ့ မဟုတ်ဘူး၊ မျက်စိကို ဖေါက်ပစ်ရမယ်၊ လက်ခြေတို့ကို ဖြတ်ပစ်ရမယ်၊ အင်္ဂါတို့ကို ဖြတ်ပစ်ရမယ်၊ ထိုး**

**ပေါက်ဖျက်ဆီး ပစ်ရမယ်၊ ဒီလိုမယူနဲ့။ ခန္ဓာကိုယ်ကို ပင်ပန်းအောင် ကျင့်ကြံဒါ အားထုတ်ထာကို သမ္မာဝါယာမ မဂ္ဂင်မထင်နဲ့၊ အစာ အတွက်၊အဝတ်အတွက် ခြိုးခြံ၍ ဝတ်ခြင်းစားခြင်းတို့ကို သမ္မာဝါယာမ မဂ္ဂင်ဘဲ၊ တရားအားထုတ်ထာဘဲ မမှတ်နဲ့ ဘာဂုဏ်တွေနဲ့ဘဲ ပြောပြောမယုံနဲ့၊ အတ္တကိလမထဖြစ်မယ်မှတ်။**

## ႈမဂ္ဂသမ္ဘာရဒီပနီရုံးတော်က သတိပေးပြီ

### အတ္တကိလမထနဲ့ သမ္မာဝါယာမ မဂ္ဂင်

အစာငတ် အရေငတ်ခံ၍ တရားအားထုတ်ခြင်း၊ သစ်သီး သစ်ရွက်တို့ကိုစား၍ တရားရှာခြင်း၊ အားထုတ်ခြင်း၊ အဝတ်အထည် သင့်ရုံဝတ်၍ သစ်ခေါက်ဆိုး, ညောင်ခေါက်ဆိုးစသည်ဖြင့် တရားအားထုတ်ခြင်း၊ အသက်သတ်လွတ်စား၍ တရားအားထုတ်ခြင်း၊ ထမင်း ၂-နပ်ကို ၁-နပ်စားခြင်း၊ ၂-နပ်စလုံး မစားဘဲနဲ့ သစ်သီး,သစ်ဥကိုဘဲ အားရအောင် ဝအောင်စား၍ တရားရှာခြင်း၊ တရားအားထုတ်ခြင်း၊ မယားကို,လင်ကို, သားသမီးတွေကို,ပစ္စည်းဥစ္စာတွေကို, ထီးနန်းစည်းစိမ်တွေကို,အိမ်ကို, စွန့်လွှတ်၍ အားထုတ်ခြင်း, ကာမဂုဏ် လိုက်စားမှုကို ရှောင်ကြဉ်၍ တောထဲ, တောင်ထဲ လိုဏ်ထဲ ဂူထဲ အဖော်နဲ့ သို့မဟုတ် တကိုယ်တည်း(စိတ်ထင်ရာ နည်းမျိုးစုံတို့ဖြင့်) တနည်း- မိမိကိုးကွယ်သော ဆရာရဲ့ လမ်းပြချက်ကို သဘောကျသဖြင့် နေ့ကို ကြည့်မှ တရားရမယ်ထင်လို့ နေကိုကြည့်၍ တရားရှာခြင်း၊ နိဗ္ဗာန်ကိုရှာခြင်း၊ လ,ကို ကြည့်၍ မဂ်ဖိုလ်ကို ရှာဖွေခြင်း၊ ရဟန္တာ အဖြစ်ကိုရှာရန် အားထုတ်ခြင်းတို့ကို-

အတ္တကိုလမထလား၊ သမ္မာဝါယာမ မဂ္ဂင်လား၊ ခန္ဓာကိုယ် ပင်ပန်းနေသလား၊ အနိစ္စကို ဆင်ခြင်နေသလား။

## သမ္မာဝါယာမ-အင်္ဂါလေးပါး

၁ ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ဘို့ အားထုတ်၊
၂ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ဘို့အားထုတ်၊
၃ မဖြင်သေးသောကုသိုလ်တို့ကိုဖြစ်ဘို့ အားထုတ်၊
၄ ဖြစ်ပြီးသော ကုသိုလ်တို့ကို ပွားများဘို့ အားထုတ်။

## အချို့အယူမှားပုံ၊ အချို့က အယူပေါ့ပုံ။

ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ဆိုသော ၁-နံပါတ် အချက်၌ အရက်သောက်ဘူးတဲ့လူဟာ အရက်ကိုမသောက်ဘို့ ပယ်ပါ၊ ဒီလို ယူကြ၏၊ မဟုတ်ဘူး၊ အရက်သောက်ပြီးလို့ အကုသိုလ်ဖြစ်ပြီးသူမှာ ကမ္မပထ မြောက်သွားပြီ၊ ပယ်ဆိုဒါ-ဘယ်လိုပယ်ရမလဲ၊(စစ်ဆေးပါ၊ တိုင်ပင်ပါ) ဝိပဿနာ အသိဉာဏ်ဖြင့် ဦးစီးလျက် ငါးပါးသီလကို အထူးဂရုစိုက်၍ ထိန်းသိမ်းရမယ်၊ အကုသိုလ်ကို ပယ်ပြီးဖြစ်၏။

၂-နံပါတ်အချက် မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ဘို့ အားထုတ်ရမယ်ဆိုဒါကို အချို့ယူပုံမှာ ဘိန်းမစားဘူးသေးလျှင် မစားဖြစ်ဘို့ အားထုတ်၊ ဒီလို ယူကြတယ်၊ မဟုတ်ဘူး၊ ဒီလို-အပါယ် ၄-ပါးသို့ ကျရောက်စေတတ်သော ဒိဋ္ဌိ စေတသိက်

အမှူးဖြစ်သော ကာယကံ-ဝစီကံ-အကုသိုလ်တို့ရှိသည်၊ နောက် တဖန် အပါယ်သို့ ပြန်မကျဘို့ ဝိပဿနာဉာဏ်ဖြင့် ဒိဋ္ဌိစေတသိက် ကို၊ ဝါ-သက္ကာယဒိဋ္ဌိကို တနည်း....ပရိယတ်သုံးမှာ ဒိဋ္ဌိ-ဝိစိကိစ္ဆာ အကုသိုလ်စေတသိက် ၂-လုံးကို၊ တနည်း-ဒိဋ္ဌိ-ဝိစိကိစ္ဆာ သီလဗ္ဗ တပ ရာမာသ ဆိုသော- သံယောဇဉ် သုံးပါးကို ပယ်သတ်နိုင် အောင် ကြိုးစားအားထုတ်ကြရမယ်မှတ်ပါ။

၃-နံပါတ်အချက်၌ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်ဘို့အား ထုတ်၊ အချို့ယူပုံ- ကျောင်းဆောက်ဘို့အလှူ, ဇရပ်ဆောက်ဘို့ အလှူ,မလှူဘူးသေးလျှင်ကျောင်းဆောက်၍လှူပါ၊ဇရပ်ဆောက် ၍လှူပါ ဒီလိုယူကြတယ်၊ ဒီအယူတွေပေါ့တယ်၊ အမှန် မဂ္ဂင် ဝင်ဘို့ ကြပ်လှချည်ရဲ့၊ ဘယ်လိုအယူမှန်ရမလဲ, သောတာပတ္တိ မဂ်ဉာဏ်ကို-မရသေးလျှင် လောကုတ္တရာ ကုသိုလ်ဖြစ်တဲ့- သော တာပတ္တိမဂ်ဉာဏ်ကိုရဘို့ အားထုတ်ကြသော ယောဂီတို့၊ ပုထုဇဉ် အဘို့အတွက်တွေကို ထွက်ပေါက်ထင်နေကြဒါ သံသရာရှည်လှပြီ၊ အခုလဲ လောကီ ကုသိုလ်တွေကို ခန္ဓာဇာတ်သိမ်းခဏ်း ကုသိုလ် တွေ ထင်မှတ်နေကြတဲ့လူတွေ အများကြီးပေါသေးတယ်၊ လူမိုက် အတုမခိုးကြနဲ့။

၄-နံပါတ်အချက်၌ ဖြစ်ပြီးသော ကုသိုလ်တို့က ပွားများ အောင် အားထုတ်ရမယ်ဆိုရာ၌ အချို့ထင်လုံးက-ကထိန်ခင်းပြီး သောကုသိုလ်ကို ထပ်ခါထပ်ခါတွေး ဝမ်းမြောက်၊ ရှင်ပြုပြီးတဲ့ ကုသိုလ်ကို ထပ်တွေး ဝမ်းမြောက်၊ ရှင်ပြုဘို့ ကုသိုလ်တွေ ထပ်ခါ လုပ်, ထပ်ပြီးလှူ၊ အဲဒီလို အယူတွေကများတယ်- မဟုတ်ဘူး ယောဂီ။

ဗောဓိပက္ခိယ အပါအဝင်
သမ္မာဝါယာမ မဂ္ဂင်ရဲ့ သဘောကိုဆင်ခြင်

သောတာပန် ဖြစ်ပြီးပါက သကဒါဂါမ်၊ ထိုမှ အနာဂါမ်၊ ထိုမှတဆင့် ရဟန္တာတို့၏ဉာဏ်ကိုရဘို့ အမြန်ဆုံး ကြိုးစား အား ထုတ်ကြရမယ်လို့ ၄-နံပါတ် အဓိပ္ပါယ်ကို လေးလေးနက်နက် ယူကြ ယောဂီတို့။

ခွဲဆို့လျှင် မယားမကယ်ဘူး
မျက်ဖြူလန်လျှင် လင်က ထိုင်ကြည့်နေမှာဘဲ၊

လက်ရှိ ခန္ဓာ ရုပ်ပုပ်ကြီးကို ဘယ်လိုဘဲမက်မက် စွန့်ရမယ်၊စည်းစိမ်စစ် မဟုတ်တဲ့ အိမ်ကောင်း, တိုက်ကောင်း, ကျောင်းကောင်း, ထီးနန်းကောင်းတွေ ထည့်မစဉ်းစားနဲ့။

ဤအချက်တွင် သမ္မာဝါယာမ မဂ္ဂင်ရဲ့ အင်္ဂါလေးပါးကို ပါးနပ်ရုံမျှ အကျဉ်းရေတွက်၍ ပြလိုက်သည် ပြန့်ဘတ်။

ဤသည်ကား နံပါတ် ၆-သမ္မာဝါယာမ မဂ္ဂင်အတွက် တိုက်တွန်းချက်။

## ၇-နံပါတ် သမ္မာသတိ ဖြောင့်မှန်သော တရားကို နှလုံးသွင်းရမယ်

စာကို စဉ်းစားဘတ်, နားဘတ်, တိုင်ပင်ဘတ်, တရားရပြီထင်တဲ့ ယောဂီတို့၏ အလယ်ဗဟိုက မတ်တတ်ထဘတ် မငြင်းနဲ့ မှန်ဒါယူ သမ္မာဒိဋ္ဌိ။

## ရှင်းရှင်းဘတ်နေ၁်

ရုပ်နဲ့နာမ် ပိုင်းခြားဘို့ သတိထား။
ရုပ်မှာ လက္ခဏာ သုံးချက်သိဘို့ သတိထား။
နာမ်မှာ လက္ခဏာသုံးချက်သိဘို့ သတိထား။
ခန္ဓာငါးပါးကို သရုပ်ကွဲဘို့ သတိထား။
ခန္ဓာငါးပါးကို လက္ခဏာ သုံးချက်သိဘို့ သတိထား။
အာယတန ၁၂-ပါးကို သရုပ်ကွဲဘို့ သတိထား။
အာယတန ၁၂-ပါးကို လက္ခဏာ ၃-ချက်သိဘို့ သတိထား။
ဓာတ် ၁၈-ပါးကို သရုပ်ကွဲဘို့ သတိထား။
ဓာတ် ၁၈-ပါးကို လက္ခဏာ သုံးချက်သိဘို့ သတိထား။
ယောကျ်ား-မိန်းမ မဟုတ် ဓါတ်သဘောကို သတိထား။
ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်အရှင်းမရှိ သတိထား။
ဒီခန္ဓာပျက်ဆဲ အထူးသတိထား။
ဒီခန္ဓာဆိုးရဲ့ ဆင်းရဲပုံတွေမြင်အောင် သတိထား။
ဒီ ခန္ဓာဟာ ဓာတ်တုံးကြီး အစစ်ဟု - သဘောကျဘို့ သတိထား။
ဒီ ခန္ဓာဟာ အပုပ်နဲ့ ရင်းလို့ရတဲ့ - အပုပ်တုံးကြီးလို့ သတိထား။
အခုစားနေတဲ့ ထမင်းဟာ ဒုက္ခတိုးဖြစ်ဘို့ စားနေတယ်လို့ သတိထား။

သတိ သတ်သတ်ကို ရေးဒါမဟုတ်ဘူး
သမ္မာသတိမဂ္ဂင်ကို ရေးနေတယ် ယောဂီ။

လက်ရှိ ခန္ဓာကိုယ်ကြီးဟာ သွေးပုပ်သွေးစက်က ဖြစ်တယ်လို့ သတိထား၊ခန္ဓာအတွက် အပူမျိုးစုံအနန္တ, ဘဝမျိုးစုံရှည်ကြာလှပြီ သတိထား၊ နောင်ကိုလူမင်းစည်းစိမ်ခံစံရဘို့ ဆုပေးလျှင် အပုပ်စည်းစိမ်လို့ သတိထား၊ တရား တရားဆိုဒါ ဒီခန္ဓာက ဇာတ်စုံပြနေတယ်လို့ သတိထား၊ နေရတယ်သာထင်- သေသေနေဒါ အမှန်ပါကလားလို့ သတိထားဒီခန္ဓာရဲ့ အရည်အခြင်းကို သိမြင်ဘို့ တရားပါကလားလို့ သတိထား အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ, ဒီခန္ဓာရဲ့ နာမည် ၄-မျိုးဘဲလို့ သတိထား၊ ပျက်တာရယ်, ဘေးရယ်, အပိုရယ်, အပုပ်ရယ်, ဒီ ၄-မျိုးဘဲလို့ သတိထား၊ဘာဘဲလုပ်လုပ် ဘာဘဲပြောပြော, ငါသိတဲ့ဉာဏ်မှာ- တရားတွေချည်းပါကလားလို့ သူများမညာမဝါနိုင်ဘို့ သတိထား၊ သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ကျင်ကြီး ကျင်ငယ်စွန့်တယ်, နေရာတိုင်းရုပ်, နာမ်ပျက်ယာပါကလားသတိထား။ ဤကား နံပါတ် ၇-သမ္မာသတိမဂ္ဂင်အတွက် တိုက်တွန်းချက်။

## ၈-နံပါတ် သမ္မာသမာဓိ၊ ဖြောင့်မှန်သောတရား၌ တည်ကြည်ရမယ်။ တရားမဖြောင့်လို့ ကောက်ထာ၌ တည်ကြည်လျှင် မိစ္ဆာသမာဓိမှတ်။

သမထသတ်သတ် သမာဓိကို၊ ရေးဘို့မလို၊ ဝိပဿနာဉာဏ်တွင် တပါတည်းပါဝင်သော ခဏိကသမာဓိမဂ္ဂင်ကိုရေးရမယ်၊ စောဒကတွေ့ ဝင်ရှုပ်မနေနဲ့၊ ဝိပဿနာ အသိဉာဏ်သည်သာ လိုရင်းအခြေစိုက်မှု, ဝိပဿနာ အထူးသိမြင်ရသော တရားတခုထဲသာ စိတ်အာရုံပြုမှု။

## သမ္မာသမာဓိ

ဒိဋ္ဌာအစုအပေါင်း၌ အနိစ္စကိုအာရုံပြုခြင်း။
ဒိဋ္ဌာအစုအပေါင်း၌ ဒုက္ခကိုသာအာရုံစိုက်ခြင်း။
ဒိဋ္ဌာ အစုအပေါင်း၌ ဓာတ်သဘော သက်သက်ဟုစိတ်ထားခြင်း။
ဒိဋ္ဌာ အစုအပေါင်းမှတပါး တရားတခြားမှာ မရှာဘူးလို့ စိတ်ခိုင်မြဲခြင်း။
ဒိဋ္ဌာ,ဒိသံသရာ,ဒိရုပ်နာမ် ပျက်ဆက်ကိုသာ စက်ဆုပ်ခြင်း။
ဒိဋ္ဌာသွေးစု သွေးခဲကိုသာ ဘဝပါကလားလို့ စိတ်စိုက်တည်ခြင်း။
ဒိဋ္ဌာဟာ သဘာဝအစစ်ပါကလားလို့ အနတ္တမှာထိုင်ထားခြင်း။
ဒိဋ္ဌာ၌ ပညတ်ပရမတ်ခွဲ၍ သိမြင်မှသာ တရားရမယ်လို့ စိတ်အာရုံစွဲထားခြင်း။
ဒိဋ္ဌာ၌ ဓာတ် ၄-ပါး,ဓာတ် ၈-ပါးကို သိဘို့ရာအာရုံ စိုက်ခြင်း။
ဒိဋ္ဌာဟာ ဒုက္ခဖြစ်တဲ့ ငရဲ၊ ဒိဋ္ဌာမှာ သုခအစစ်ရတဲ့ နိဗ္ဗာန်ဘဲလို့ သိမြင်ခိုင်မာသော တည်ကြည်ခြင်း။
သစ္စာလေးပါးဆိုဒါ ဒိဋ္ဌာမှလွတ်ခြင်း, ဒိဋ္ဌာနဲ့ တစပ်တည်းလို့ သူများမလှည့်ပတ်နိုင်အောင် ပိုင်ပိုင်သမာဓိရထားခြင်း။

တရားလိုက်လျှင် တရားရစေ, တရားစာဘတ်လျှင် ကျယ်ကျယ်ဘတ်စေ၊ သမ္မာသမာဓိ မဂ္ဂင်ကိုတပါး သတ်သတ် ရှာဘို့မလို့,

အားထုတ်ဘို့မလို့, ရုပ်တရား နာမ်တရားတို့၏ ဖြစ်ပျက်ခြင်းသဘာဝတရားကို အာရုံပြုရင်းနှလုံးသွင်း သတိထားရင်း (သမာဓိရေ) လာအုံး, လာအုံးလို့ ဟစ်မခေါ်ရဘဲနဲ့ ပါဝင်မှန်းမသိပါနေခြင်း၊ ပါဝင်မှန်းမသိ ပါဝင်နေခြင်း၊ သဘာဝဓမ္မဉ်အနေ္တာဂတ အတွင်းဝင် အတွင်းရေးမှူးဖြစ်နေပြီလို့, ဝမ်းမြောက်လို့, ဝမ်းသာလို့ မပြီးအောင် စိတ္တေကဂ္ဂတာ–စိတ္တ ဧကဂ္ဂတာ အဝိက္ခေပနဋ္ဌေန သမာဓိ မပြန့်မလွင့် မင်္ဂလဲသဘာဝဘဲ ဖိုလ်လဲသဘာဝပါကလား၊ ဩ–နိဗ္ဗာန်ဆိုဒါလဲ သဘာဝကိုနာမတဆင့်လှူပြန်းတွေဘို့ ချီးမြှင့်ထားပါကလားလို့ အသိဥာဏ်၏ တည်ကြည်ခိုင်မာခြင်းကို သမ္မာဓိခေါ် ဖြောင့်မှန်သော တရား၌ တည်ကြည်ခြင်းဟူ၍ မဂ္ဂသမ္ဘာရဒီပနီက အပြည့်ပြည့်ရှိ ယောဂီသူတော်ကောင်းတို့ကို ကြီးစွာသော မဟာမေတ္တာအရိယာတို့၏ အဓိဂမသဒ္ဓါဖြင့် ပြတ်ပြတ်သားသား စကားမျိုးစုံ, အသားမျိုးစုံ, နည်းမျိုးစုံတို့ဖြင့် ရေးသား၍ဖွင့်ပြလိုက်သည်။ သာသနာကြီးပွားစေသား။

ဤကား နံပါတ် ၈–သမ္မာသမာဓိမဂ္ဂင်အတွက် တိုက်တွန်းချက်။

---

ဤမဂ္ဂင် ၈–ပါးကို တခြားစီ, တပါးစီ တန်းတက်မနေကြနဲ့ အုံး၊ လိုရင်းမှာ သမ္မာဒိဋ္ဌိနဲ့, သမ္မာသင်္ကပ္ပ ၂–ပါးကို ပညာ တပါးထဲမှတ်ပါ။ (သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ) ၃–ပါးကို သီလတပါးထဲမှတ်ပါ။ (သမ္မာဝါယမ, သမ္မာသတိ သမ္မာသမာဓိ) ၃–ပါးကို သမာဓိ တပါးထဲမှတ်လိုက်၊ မရှုပ်နဲ့

ယောဂီပြန်ရှင်းပြမယ်၊ ပညာရယ်၊ သီလရယ်၊ သမာဓိရယ်၊ ဒီ ၃-ပါး ကို တပါးစီ အားထုတ်ရမယ်လို့ ဒီလိုယူမနေနဲ့နော် (သပ္ပုရိသ ဆရာ အဘိုးတန်ကိုရှာ)

အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

အရိယော၊ အရိယာပုဂ္ဂိုလ်သည်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါး တို့နှင့် ပြည့်စုံသော။မဂ္ဂေါ၊ လမ်းကြောင်းအမှန်ကို ခရီးသွား ခြင်းပေတည်း။

တနည်း၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးတပါတည်းပါဝင်သော။ မဂ္ဂေါ၊ တရားရှာသော ခရီးစဉ် တရားရပြီးသော အရိယာတို့၏ စိတ်အာရုံလမ်းစဉ်သည်။ အရိယော၊ မွန်မြတ်လှပါပေ၏။ တ နည်း၊ မဂ္ဂေါ၊ မဂ္ဂသစ္စာသည်၊ ဝါ မဂ္ဂသမ္ဘာရ ဒီပနီကျမ်းကို ဘတ်ရသိမြင်ရခြင်းသည်။အရိယော၊ စိတ်ထူး စိတ်မြတ်ဖြစ်သော။ မဂ္ဂေါ၊ ဝိသုဒ္ဓိခေါ် နိဗ္ဗာန်ခေါ် မီးအစုစုကင်းပြတ် အအေး ဓာတ်သို့ ရောက်ကြောင်း ရောက်ပြီးလမ်းစဉ် မဂ္ဂင် အစစ်ပေ တည်း။

## အရကျက် ဒီပါဠိ တန်ဘိုးရှိတယ်

သတိ သမ္ဗဇ္ဈေန ကမ္မဋ္ဌာန ပရိဟာရ ဏူပါယော သတိယာ၊ ဝါ-ကာယာနု ပဿနာဝသေန ပဋ္ဌိလဒ္ဓေါ သမထော သမ္ဗဇ္ဈေန ဝိပဿနာ အဘိဇ္ဈာဒေါမနဿ ဝိနယေန ဘာဝနာဖလံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ။

သတိသမ္ဗောဇ္ဈင်္ဂေန၊ သတိနှင့်ပညာဖြင့်။ ကမ္မဋ္ဌာနပရိဟာရကျူပါ ယော၊ နိဗ္ဗာန်ရကြောင်းကို အားထုတ်ရခြင်း၏ အကြောင်းရင်း တည်း။ ဝါ။ တနည်းသိဘို့ရာ။ သတိယာ၊ နှလုံးသွင်း ဆင်ခြင် ရသော သတိတရားသည်။ ကာယာနုပဿနာဝသေန၊ ဤရုပ် ခန္ဓာကိုယ်ကို အဖန်ဖန် ရှုမြင်သည်၏ အစွမ်းဖြင့်။ ဝါ၊ ကေသာ လောမာ စသော ၃၂-စုတို့ဖြင့် ဝေဘန်ဆင်ခြင်သည်၏အစွမ်းဖြင့်။ ဝါ၊ သွားလျှင်- ငါသွားတယ်၊ ရပ်လျှင်-ငါရပ်တယ်။ ထိုင် လျှင်-ငါထိုင်တယ်။ လဲလျှင်-ငါလဲတယ်စသည်ဖြင့် နှလုံးသွင်းရ ခြင်း၏ အစွမ်းဖြင့်။ လဒ္ဓေါ၊ ရအပ်သောစိတ်၏ ငြိမ်သက်မှုသည်။ သမထော၊သမထမည်၏။

သတိဟာ သမထဘဲမှတ်၊ သတိဟာ သမာဓိဘဲ၊
သတိဟာ သမာမိဂ္ဂန္တမဂ္ဂင်၌ အတွင်းဝင်နေတယ်မှတ်။

သမ္ဗောဇ္ဈင်္ဂေန၊ ရုပ်တရားနာမ်တရားတို့ကို သိမြင်နိုင်သော အ သိဉာဏ် ပညာဖြင့် ဆင်ခြင်ခြင်းသည်။ ဝိပဿနာ၊ ဝိပဿနာ မည်၏။

အသိဉာဏ် ပညာကိုသာ ဝိပဿနာဟု ပုဒ်ပြတ်မှတ်။

ရှုပ်မနေနဲ့ သမထက ဝိပဿနာ အယောင်မဆောင်နဲ့ သမ ထနဲ့ ဝိပဿနာ သရုပ်ကွဲစေ ဆွေးနွေးပွဲလုပ်ကြလေ၊ သမထနဲ့ ဝိပဿနာ သရုပ်ကွဲခဲ့လျှ၏ ပညတ်နဲ့ပရမတ်သရုပ်ကွဲဘို့ ကြပ်လှ ချည်ရဲ့၊ သူများက ဒါတရားဆိုတိုင်းလိုက်နာရဒါ လောကမှာ အနစ်နာဆုံး လူဖြစ်ကျိုးရှုံးသည်မှတ်။

အဘိဇ္ဈာ ဒေါမနဿဝိနယေန၊ လောဘနှင့် ဒေါသ ဆုံးမခြင်း ဖြင့်။ ဝါ၊ လောဘနှင့် ဒေါသ ၂-ပါး ချုပ်ငြိမ်းခြင်းဖြင့်။ ဘာဝနာဖလံ၊ အရဟတ္တဖိုလ်သို့ ဆိုက်သော ဘာဝနာ ဟူ၍။ ဝါ၊ ကမ္မဋ္ဌာန်း ဘာဝနာ၏ အကျိုးကိစ္စပြီးဆုံးပြီ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤကဲ့သို့၊ ဝေဒိတဗ္ဗံ၊ သတိနဲ့ပညာကို ခွဲခြား၍ သိမြင်အပ်၏။

## သတိဂေါစရောပိ သတိပဋ္ဌာနာ။

သတိဂေါစရောပိ၊ သတိပြုရသော အာရုံသည်လည်း။ ဝါ၊ သတိဖြင့် အာရုံပြုရခြင်းသည်လည်း။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန် မည်၏။ ဝါ၊ သတိပြဋ္ဌာန်းသော သမထတရားတည်း။ သတိဟာ သတိပဋ္ဌာန်ပါဘဲ၊ သတိဟာ သမထပါဘဲ၊ သမထဟာ သမာဓိလို့ ပုဒ်ပြတ်မှတ်။ ပညာအရှင်းမဟုတ်သေးဘူး ယောဂီတို့။

## မဂ္ဂင် ၈-ပါး အရိယာတို့၏ တန်ဆာလို့ မှတ်ထား

၁။ သမ္မာဒိဋ္ဌိ-ပြည့်ရှင်မင်း။
၂။ သမ္မာသင်္ကပ္ပ-ပရောဟိတ်ပုဏ္ဏား။
၃။ သမ္မာဝါစာ-အိမ်ရှေ့ဥပရာဇာ။
၄။ သမ္မာကမ္မန္တ-အဂ္ဂမဟေသီ မိဖုယားခေါင်။
၅။ သမ္မာအာဇီဝ-မင်းကြီးသက်တော်ရှည်။
၆။ သမ္မဝါယာမ-ဗန္ဓုလစစ်သူကြီး။
၇။ သမ္မာသတိ-တမန်လုလင်ယုံတော်။

ဂ။ သမ္မာသမာဓိ–သမားတော်ဆေးဆရာ။
မင်း၏လက္ခဏာ၊ ဂုဏ်ရှစ်ဖြာ၊ တိုင်းမှာသာယာခမ်း၊
နိဗ္ဗာန်ရလာ၊ အရိယာ၊ အင်္ဂါ–မဂ္ဂင်လမ်း။

မြတ်စွာဘုရား ဟောသော တရားကား အတိုချုပ် တခွန်းထည်းသော စကားမှတ်၊ တလုံးထည်းသော တရားမှတ်ပါ၊ တရားတလုံးကို ဗဟိုလယ်မှာထားတယ်၊ တရားတလုံးရဲ့ ဘေးပတ်လည်၌ဘေးပတ်ဝန်းကျင်၌၊ ဘေးပတ်ပတ်လည်က ခြံရံလျက်၊ ဝန်းဝိုင်း၊လျက်၊ အငုံလိုက် အပြုံလိုက်၊ အစုလိုက်၊ အပုံလိုက်၊ ထွေထွေရာရာ၊ ကရိယာတန်ဆာတွေ အလွန်များသည် ယောဂီတို့၊ ခေတ္တအေးငြိမ်းသော သမထတရားကို ဝိပဿနာတင်၍ ရဟန္တာဖြစ်ပြီထင်၍ ဘုရားအယောင်ဆောင်၊ ပဥ္စဝဂ္ဂီရ သေ့ငါးယောက်တို့ကိုဤ–မဂ္ဂင်ရှစ်တန်ဖြင့်၊ မဂ္ဂင်စည်တော်ကြီးဖြင့်၊ ရသေ့တို့ရဲ့ နားဝမှာကြားရအောင် ဆုံးမတော်မူခဲ့ပေပြီ။

ဤ–သမ္မာဒိဋ္ဌိ အမြင်မှန်ဖြင့်၊ ဝေဘန် ဟောပြသည့်အတွက်၊ ငါတကော၊ ငါဗိုလ်၊ ငါဘုရား၊ ငါရဟန္တာ အဖွဲ့အသင်းကြီးဘဲလို၊ တကယ့်–စာရင်းနဲ့နေကြသော ရေနန်းထိုင်၊ ရေကသိုဏ်းထိုင်၊ ရေဆိပ်ကမ္ဗောဇန်းနှင့် ငါတို့တတွေအမြင်အောင်ပြီလို့ (ရှင်–၁၀၀၀) (ဥရုဝေလနဲ့–နဒီ–ဂယာကဿပ) အတိုက်အခံ ခေါင်းဆောင်ကြီး သုံးယောက်တို့နှင့်တကွ၊ နောက်ပါတပ်ဗိုလ်မှူး၊ တပ်ရင်းမှူး၊တပ်စိတ်မှူး စသော ရသေ့အငယ်စားတို့ပါ၊မဟာ–ဓမ္မစက်ဖြင့် တခါတချက်တည်း ရသေ့တို့၏ အဆောက်အအုံဖြစ်တဲ့ကသိုဏ်း ပရိကမ်တို့ကို ဖျက်ဆီးခဲ့လေပြီ ယောဂီတို့။ ကပ္ပိလပြည်

နယ်မှာ နိုင်ငံကျော် စကားကြော ရှေကြ၊ အများပြောလေသမျှ၊ ဘုရားမောနေယျဆိုတဲ့ ရသေ့ အဓိပတိကိုတော့ မတွေ့မမိလိုက်ရဘူး၊ ဘာ့ကြောင့် စောစောကဘဲ အတ္တကိုလမထရောဂါ နာတာရှည်နဲ့ ဘဲဆုံးသွားရှာလို့၊ ဒါ့ကြောင့်– တရားဟာ မဂ္ဂင်၊ သာသနာဟာမဂ္ဂင်၊ အရိယာဟာ မဂ္ဂင်လို့ မဂ္ဂသမ္ဘာရဒီပနီက ကျမ်းပြရှု လမ်းစကို ညွှန်လိုက်သည်၊ ပညာရှိ စိတ်ကောင်းကိုတိုင်ပင်။

ဤတွင် မဂ္ဂသမ္ဘာရ ဒီပနီ၏ ဂုဏ်အင်္ဂါကို ပြဆိုခဏ်း။
နိဋ္ဌိတံ။

★

## ထွက်စည်သံ–ဥဒါန်း

နတ်လူပြဟ္မာ၊ သတ္တဝါများ၊ ပညာနားဝယ်၊ ထင်ရှားစိမ့်ငှါ၊ စည်ဓမ္မာကို၊ မြည်သံသာဖွ၊ ကြားနာရ၏၊ စည်တီးသူရှာ၊ မြတ်ဘဂဝါသည်။ ခုခါမရှိ၊ ဝမ်းနည်းဘိ၏၊ မြည်ညံတည်ပြန်၊ စည်သံကိုထောင်၊ ဘုန်းခေါင်ထင်ရှား၊ ဘ,ဘုရားသည်၊ နာကြားစည်သံ၊ တီးရိုးမှန်သည်၊ စည်သံတွင်ကိန်း၊ ကိုယ်တော်ကျိန်း၏၊ ခြိမ်းခြိမ်းမြည်သံ၊ ကောင်းကင်ယံဝယ်၊ လေယာဉ်ပျံသွား၊ ထောင်သူကြားက၊ ရထားလေယာဉ်၊ မြည်သံဆင်သည်၊ ဉာဏ်မြင်စဉ်းစား၊ ဘယ်သူအားကြောင့်၊ မတီးမမြည်၊ ဘယ်သို့စည်သည်၊ နိဗ္ဗာန်ပြည်သား၊ စည်တော်နားသို့၊ ကပ်ငြားထောင်စဉ်၊ တီးသူမြင်မည်၊ ရှင်ပင်ဝက္ကလိ၊ ထုံးစံရှိလိမ့်၊ မြတ်ကျမ်းဂန်လာ၊ မဟာဝါတွင်၊ ပညာသဘောဘုရားဟောခဲ့။

ဓမ္မောဘေရိံ-သဒ္ဒံသုဏာိံ-၂

ဓမ္မောဘေရိံ၊ အများမြည်ဟီး- တရားစည်တီး။ သဒ္ဒံသုဏာိ၊ မြည်သံကြားအောင်-စည်သံ နားထောင်။

(ခေတ္တရပ်ထား)

(ဆက်ဆို) အန္တိဘူတသ္မိံ လောကသ္မိံ

အာဟညိံ အမတဒုန္ဒုဘိံ-၂

အန္ဓိဘူတသ္မိံ၊ စက်ယန္တယားပြင်၊ မင်္ဂလမ်းရထားမမြင်၊ မျက်ကန်း နားကန်းတွေ အစဉ်ဖြစ်ကြ ပါသော-၂

လောကသ္မိံ၊ ကိလေသာ အပူဟပ်ခါ၊ ဝေဏေယျာ လူနတ်ပြဟ္မာ၊ အေးငြိမ်းစွာဆုံးမ၊ သုံးပါးသောလောက၌-၂

အမတဒုန္ဒုဘိံ၊ စိတ်အမှန်တည်ပြီး၊ မဆိတ်သံမြည်ဟီး၊ နိဗ္ဗာန်ဆိုတဲ့ စည်တော်ကြီးကို-၂

အဟံ၊ မဟာအသနား၊ **သတ္တ၀**ါအများ၊ ငါဘုရားသည်-၂

အာဟညိံ၊ နှီးမည်၊ ကြေးစည်၊ ပြီးပြီ၊ တီးမည်-၂ အာဟညိံ၊ မတရားပစ်ခွါ၊ **တ**ရားအနှစ်ရတနာ၊ ဘုရားအစစ်ကို ရှာကြတော့၊ အဘိဓမ္မာစည်သံ၊ **ဝိပဿ**နာစည်သံ၊ အနတ္တစည်သံ၊ မြည်သံကို နည်းယူ၍၊ သြော်-တီးသူကိုတွေ့အောင် ရှာကြလေကုန်တော့သတည်း။

(ထွက်စည်သံ-ဥဒ္ဒါန်း-အရကျက် မပြတ်ဆို)

**ကမ္မဿကတ သမ္မာဒိဋ္ဌိ ဝိပဿနာ သမ္မာဒိဋ္ဌိ ရှင်းတမ်း**

ကမ္မဿ ကတ၊ ကံသာလျှင် မိမိဥစ္စာအစစ်။

ကမ္မဿယောနိ၊ ကံသာလျှင် မိမိ အကြောင်းမှန်တယ်။

ကမ္မဿဗန္ဓူ၊ ကံကိုသာ ဆွေမျိုးတော်တယ်ကေန်။
ကမ္မဿပဋိသရဏော၊ ကံကိုသာ ကိုးကွယ်ရာ ဖြစ်ပြီ။
ကမ္မသတ္တေ ဝိဘဇ္ဇတိ၊ ကံက သတ္တဝါကို ဝေဘန်တယ်။

## စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ

ဘိက္ခဝေ၊ သံသရာစက် ခန္ဓာပျက်မှ ဥာဏ်ရှာထွက်ချင်၊ လူနှင့် ရှင်တို့။ စေတနာ၊ ကိုယ်ပြုတဲ့စေတနာကို။ ကမ္မံ၊ ကိုယ်ပြုတဲ့ ကံဘဲလို့။ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောခဲ့၏။

. ဒါ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ရှုံးတော်က ဆုံးဖြတ်လိုက်ပြီ။

ဒီ သမ္မာဒိဋ္ဌိရဲ့ အတွင်းရေးမှူး သမ္မာသင်္ကပ္ပ–က ကြံစည်ပြန်တယ်။ ဒီကျမ်းပြုဆရာ၏ခန္ဓာ,စာဘတ်တဲ့ ရဟန္တာအလောင်း, အရိယာအလောင်း, ဘုရားအလောင်းတို့၏ခန္ဓာ, ဘယ်သတ္တဝါတို့၏ ခန္ဓာမဆို (ကံတခု)ကိုသာ လက်ကိုင်အတည် အမှီသဟဲ ပြုကြရမယ်။ ကံသာလျှင် အရင်းခံအကြောင်း အခြေမှန်ဆိုရမယ်။ ကိုယ်ပြုဒါ ကိုယ့်အမှုမှတ်၊ ကိုယ်လုပ်သမျှ ကိုယ့်ဒုက္ခ အစစ် ပုဒ်ပြတ်မှတ်လိုက်။ ရှင်ဘုရင်ဖြစ်ချင်တယ်၊ သူဌေး ဖြစ်ချင်တယ်၊ နတ်ဗြဟ္မာ ဖြစ်ချင်တယ်၊ အရိယာ ဖြစ်ချင်တယ်၊ မြို့ချုပ်, မြို့အုပ်, နယ်ချုပ်, နယ်အုပ်, ဖြစ်ချင်တယ်, တိုက်ပိုင်, ကျောင်းပိုင်, တိုက်အုပ်, ကျောင်းအုပ်, ဆရာကတော် အကျော်အမော်ဖြစ်ချင်တယ်။

နိုင်ငံကျော် ဓမ္မကထိက ဖြစ်ချင်တယ်၊ ရဟန္တာ အမည်နဲ့ နာမည် ကျော်စေချင်တယ်၊ မိမိပြုသမျှ စံရမယ်မှတ်၊ မိမိပြုသမျှ ကံအတိုင်း ခံကြရမယ်မှတ်၊ ကိုယ်ရှုပ်သမျှ– ကိုယ့်အလုပ်မှတ်၊

ကိုယ်တန်ခိုးကြီးတဲ့ ကံကိုပြုလျှင် တန်ခိုးကြီးရမယ် စိတ်ချ, ဒိဋ္ဌိမှတ်၊ တန်ခိုးကြီးလိုသော လုပ်ငန်းစဉ်ကို လုပ်သော်လဲ ကိုယ်မကောင်းမှုပြုခဲ့တဲ့– ပါပ ကမ္မတို့က အလှည့်မပေးသဖြင့် ထင်တိုင်း မပေါက်ထလာလဲ ကံဘဲ။

## မကောင်းကျိုးခံရလဲကံ၊ ကောင်းကျိုးစံရလဲကံ

ဒီအတိုင်းမှန်လျှင် မကောင်းဒါလုပ်လျှင် မကောင်းဖြစ်ရမယ်။ ကောင်းဒါလုပ်လျှင် အကောင်းဖြစ်ရမယ်။ မကောင်းဒါကို ပြုလုပ်တိုင်းလဲ–အကောင်းဖြစ်ထလာလဲကံဘဲ၊ အကောင်းကို ပြုလုပ်ပြန်လို့ မကောင်းကျိုးခံနေရပြန်လဲကံပါကလား။ ဒီဘဝဖြစ်ရဒါကံ, နောင်ဖြစ်မှာတွေလဲကံကြောင့်ဘဲလို့ ကမ္မဿကတာ သမ္မာဒိဋ္ဌိရဲ့ လက်အောက်ခံ မဂ္ဂင်ဝင် အတိုင်ပင်ခံ။

**သမ္မာသက်ပ္ပရဲ့ တွေးကြံလေသမျှ အခြေခံကံတွေကသတ္တဝါတို့ရဲ့ အမွေခံ ကံဥစ္စာဘဲလို့ ကျုပ်တို့ ရှံးတော်က–ဆုံးဖြတ်လိုက်သော သမ္မာဒိဋ္ဌိဟာ မဂ္ဂင် ရှစ်ပါးထဲကပါဘဲ။ တနည်း–မဂ္ဂသမ္ဘာရ အဖွဲ့ဝင်ဘဲ ဟုတ်– မဟုတ် တိုင်ပင်ကြ ယောဂီတို့။ ကာမာဝစရ ကုသိုလ်ကံပြုဆဲ၌ မဂ္ဂင်ရှစ်ပါး ပါတယ်မှတ်။**

**၁။ ကံကြောင့် သတ္တဝါဖြစ်တယ်လို့ ယူလျှင် သမ္မာဒိဋ္ဌိမဂ္ဂင်လား။**

**၂။ ဒီရုပ်တုံးကြီးဟာ ကံကြောင့်မဟုတ်၊ အနိစ္စ ရုပ်တုံးကြီးဘဲလို့ ယူဒါက သမ္မာဒိဋ္ဌိမဂ္ဂင်လား ကြပ်ကြပ်စဉ်းစားကြ။**

ဤသည်ကား ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် သမ္မာသက်ပ္ပ
တွဲဘက် ပညာစခမ်း သန့်သန့် ဝေဘန်ချက်။

## ဝိပဿနာ သမ္မာဒိဋ္ဌိ ရှုံးတော်က ဆုံးဖြတ်ချက်

(ဒီတရားလို ခန္ဓာပုပ်) ဒီတရားခံ ခန္ဓာစုပ်အတွက် ရှုံးတက်ကြရသော ယောဂီအမှုသည်တို့- သဘောပေါက်အောင် နားစိုက်ကြ၊ ဒီခန္ဓာတုံးကြီးဟာ ရုပ်သဘောအစစ်, နာမ်သဘော တထစ်ကျ မှတ်။ ဒီ ၂-မျိုးအပြင် ဘာတွေမှ ဝင်မစွက်နဲ့။ တနည်း-ယခု စာရေးနေဒါ ရုပ်နာမ် ၂-ပါး ဖြစ်ပြီး ပျက်, ဖြစ်ပြီး ပျက် (ရုပ်နဲ့နာမ်) ရှေ့နောက် ခရီးကွာလျက်ပျက်၊ တခါတရံ ထပ်တူ လိုက်၍ပျက်,စိပ်ပျက်,ကျဲပျက်,မျက်မြင်ပျက်,ဉာဏ်မြင်မှာလဲပျက် မထင်မရှားပျက်, ထင်ထင် ရှားရှားကြီးပျက် (လူမှဟုတ်ဘူး) မိမိကိုယ် မိမိပျက်အောင်မလုပ်တတ်, ဖြစ်အောင် မစီမံတတ်ဘူး။ ဒီအတုံးကို မိန်းမ ထင်သလား- ထင်တယ်,ထင်မှားတယ်,ထင်ဒိဋ္ဌိ, ထင်ရင် ဥပါဒါန်, ဥပါဒါန်စွဲနဲ့သေလျှင် ဘဝ, ဘယ်ဘဝလဲ၊ အခြားဘဝတွေ ရောက်ဘို့ ကျိန်းသေမဟုတ်, ငရဲ ကျရောက်ဘို့ ဘဝကို-ကျိန်းသေပေါက် မှတ်လိုက်။ အတွင်းရေးမှူး၊ တနည်း ကိုယ်စား၊ တနည်း-သမ္မာသက်ပွက ကြံစည်ပုံ, တွေးပုံ, ဝေဘန်ပုံ, ဒီခန္ဓာရဲ့ဖြစ်လာတဲ့ အကြောင်းရင်းဟာ ဘယ်ကလာသလဲ, ဒီခန္ဓာရုပ်ဟာ ဘာ့ကြောင့်ဖြစ်သလဲ, ဘယ်သူလုပ်ထားလဲ, ဘယ်ဌာနက စဖြစ်သလဲ, ကေန်အမြဲတန်း ပျက်နေသော ရုပ်သဘော ပါကလား၊ နာမ်သဘောဆိုဒါကလဲ (တွေးတဲ့အခါမှာ) သိရ ရုံမျှဘဲ နာမ်ကို လက်ဆုပ် လက်ကိုင် ရှာလို့မရ နာမ်သဘောဟာ သတ္တဝါ အရှင်းမဟုတ်ပါကလား၊ ရုပ်ကို အကြမ်းစား တွေး ကြည့်ပြန်တော့လဲ-ဒွါရ ၆-ပေါက်က ထွက်, ယို, စီးကျ, သမျှ တွေဟာ- ဘယ်မှာ ယောကျ်ား- ဟုတ်သလဲ၊ ဒီမျက်စိပေါက်

စက္ခုဒွါရက ထွက်နေတဲ့ပစ္စည်းစုတွေကို– မိန်းမဘဲလို့ ဆိုရမှာကလဲ (ဆိုတဲ့လူ၊ ခေါ်တဲ့လူ၊ ထင်တဲ့လူ) ကေန် အန္ဓပါ ကလား၊ မျက်ကန်းအစစ်ပါကလား။

**ဒွါရ ၆–ပေါက်က ထွက်နေသမျှ ယောကျ်ားမဟုတ် မိန်းမလဲ မဟုတ်၊ မဟုတ်ဘူးလို့ ယခုပိုင်ပိုင်သိ၊ ယခု ကလျာဏမှတ်၊ မသိလျှင် အန္ဓဗာလ ဥမ္မတ္တကမှတ်လိုက်။**

ဒီကဲ့သို့ သမ္မာသင်္ကပ္ပက အဆို တင်သွင်းတဲ့အနေ၊ တနည်း လျှောက်ထားတဲ့ အနေမျိုးကို ဝိပဿနာ သမ္မာဒိဋ္ဌိ ရုံးမင်းက သဘောတူလက်မှတ်ချမှတ်လိုက်ပြီယောဂီ၊ ယခုဆုံးဖြတ်တဲ့အတိုင်း ဝိပဿနာ သမ္မာဒိဋ္ဌိကို မဂ္ဂသမ္ဘာရ အဖွဲ့ဝင် ဖြစ်ထိုက် မဖြစ်ထိုက် စဉ်းစား။

ဤသည်ကား ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် အတူတကွတွဲဘက် သမ္မာသင်္ကပ္ပတို့၏ ပညာစခမ်း သက်သက်ဝေဘန်ချက်။

ကမ္မဿကတ သမ္မာဒိဋ္ဌိနှင့် ဝိပဿနာသမ္မာဒိဋ္ဌိ
ရှင်းတမ်း သင့်ပြီ။

## နိယာမတရားငါးပါး ဝေဘန်ခဏ်း

၁။ ဥတု နိယာမ
၂။ စိတ္တ နိယာမ
၃။ ဗီဇ နိယာမ
၄။ ကမ္မ နိယာမ
၅။ ဓမ္မ နိယာမ

အအေးနဲ့အပူ ၂-မျိုးကိုဥတုမှတ်၊ အမြဲရှိလို့ နိယာမမှတ်။ စိတ်သည် သတ္တဝါတို့၏ အဇ္ဈတ္တိကခေါ် အတွင်းသဏ္ဍာန်၌ အမြဲရှိတယ်မှတ်၊ သစ်မျိုးစေ့တို့သည် ကမ္ဘာလောကကြီး၌ အမြဲရှိတယ်မှတ်၊ သတ္တဝါတို့၏ အကြောင်းကံသည် အမြဲရှိသည်မှတ်။
တရားတော်သည် အမြဲရှိတယ်မှတ်။

## လိုရင်း ဓမ္မနိယာမကို ရှင်းပြီ

တရားအမြဲရှိတယ်ဆိုဒါ ဘာတရားလဲ၊ ကုသိုလ်တရားနဲ့ အကုသိုလ်တရား ၂-ပါး၊ ထို ၂-ပါးတို့ကြောင့် ဖြစ်ပေါ်သောတရား, ပေါင်း ၃-ပါးမှတ်။

၁။ ကုသလ ဓမ္မ
၂။ အကုသလ ဓမ္မ
၃။ အဗျာကတ ဓမ္မ

ကုသိုလ်တရားကြောင့် လူ, နတ်, ဗြဟ္မာ အကုသိုလ်တရားကြောင့် ငရဲ, တိရစ္ဆာန် ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါး သတ္တဝါ၊ ထိုသတ္တဝါတို့၏ ကိုယ်ခန္ဓာအကျိုးတရား သုံးပါးတို့ကို ဓမ္မနိယာမမှတ်တွေးမနေနဲ့။

## အနတ္တဓမ္မကို ဓမ္မနိယာမထဲ မသွင်းနဲ့

အချို့က ဗုဒ္ဓမှာ-နိယာမ,မရှိ၊ဓမ္မသာနိယာမ,ရှိတယ်၊ ဘုရားအမြဲမပွင့်၊ တရားတော့ အမြဲရှိတယ် ပြောကြဆိုကြသော ထုံးစံကိုရှင်းမယ်၊ အနတ္တဓမ္မကား—ဘုရားပွင့်မှသာ သိကြရသောတရားမှတ်၊ ဘုရားမှသာ သိမြင်တော်မူသော တရားမှတ်၊ ဘုရားမပွင့်လျှင် အနတ္တဓမ္မ မရှိမှတ်၊ ပရိယတ္တိသာသနာ။

## အနတ္တဓမ္မနဲ့ အတ္တဓမ္မခွဲလိုက်

အနတ္တဓမ္မဆိုဒါ လောကကြီးထဲမှာမရှိဘူး၊ အန္ဓလူ, အန္ဓနတ်, အန္ဓ ပြဟ္မာတို့မှာ မရှိမှတ်လိုက်။ အတ္တဓမ္မကား အန္ဓလူ-လူမင်း၊ အန္ဓ နတ်-နတ်မင်း၊ အန္ဓပြဟ္မာ—ပြဟ္မာမင်းကြီးတေမှာ အမြဲရှိ၏ နိယာမ အစစ်မှတ်ပါ။ အန္ဓလောကကြီးကား အတ္တဓမ္မပိုင်နက်သာတည်း။ နာရခဲလေစွ, တွေးခဲလေစွ, အသိတရားအမှန် ကျသိမြင်ခဲလေစွ (ဆရာကောင်းကို-တွေ့ကြုံခဲလှ၏။)

ဤအခဏ်းတွင် ဓမ္မနိယာမလူပုံ အနည်းငယ်ရှင်းပြရန်
နိယာမတရားငါးပါးကို သင့်ရုံမျှပြလိုက်သည်မှတ်။

## သစ္စာလေးပါးဘာသာပြန် လူပြိန်းသိ

မဂ္ဂင် ၈-ပါးကို မဂ္ဂသစ္စာ မှတ်ပါ၊ မဂ္ဂသစ္စာဆိုဒါ လမ်းအမှန်ကို သိမြင်ဘိုပါဘဲ၊ ဘယ်မှာ သိမြင်ရမှာလဲ၊ ယခုကျမ်းစာ ရေးသော ပုဂ္ဂိုလ်၏ ခန္ဓာ၌ စာဘတ်သူ၏ ခန္ဓာ၌ လမ်းကြောင်းအမှန်ကို သိမြင်ရမည်။ သို့အတွက် သစ္စာလေးပါးကို ကျမ်းဂန်ဥပဒေ အရ ရှင်းပြမည်၊ (စာဘတ်လျှင် အိပ်ချင်စိတ် မပေါ်အောင် မျက်နှာကို ရေဖြင့်သုတ်သင်၍ စာအုပ်ကိုဘတ်ပါ။)

၁။ ဒုက္ခသစ္စာ–ဒီခန္ဓာအဆင်းရဲတုံးအစစ်ကောန်။
၂။ သမုဒယသစ္စာ-ဒီခန္ဓာကိုချစ်လို့ပြန်လိုချင်ဒါကောန်။
၃။ နိရောဓသစ္စာ–ဒီခန္ဓာဘယ်တော့မှ မဖြစ်ထာကောန်။
၄။ မဂ္ဂသစ္စာ–ဒီခန္ဓာထပ်၍မဖြစ်ဘို့ နည်းလမ်းကောန်

ဘယ်သူကဘာတွေနဲ့ဘဲ မြှောက်မြှောက် ဒီခန္ဓာပျောက်၊ နောက်ထပ်မပေါ်ဘို့လိုက်၊ဆရာရေးသောကျမ်းစာတွေကို ကြည့်ဘတ်။ သိကတ်လျှင် နတ်, ဗြဟ္မာ, တို့၏ လှည့်ပတ်ဖြားယောင်းသည်ကိုပင် မခံရတော့ဘူး။ တင်ပလ္လင်ခွေပြီး၊ဒူးနှံ ဒူးကိုလှုပ်၊ ဆေးလိပ်ကြိုက်– ဆေးလိပ်သောက်ပါ၊ လူစသော အန္တတွေကိုကြည့်ပြီး ခေါင်းငြိမ့်နေပါ၊ (တွေးလုံး) အင်း- ဒီသတ္တဝါတွေဘယ်တော့မျှားလမ်းစ-အစစ်ကိုရပါမလဲလို့ ဖွင့်မပြောနဲ့၊ ပြောရင်မာနကြီးတယ်ထင်မယ်၊ဉာဏ်ထဲက တွေးပြီးသနားလိုက်ပါ။

နံပါတ် ၁၊ ဒုက္ခသစ္စာ၊ ဒီခန္ဓာအပုပ်ခဲကြီး ဖြစ်လာရပုံ လက္ခဏာအခြေအနေ ပင်ရင်းအစ မူလအချက်ကိုမသိမမြင်လို့ဘဲဆင်းရဲရဒါမှတ်။ ဒီလိုသိပါ၊အခုသိပါ။ အခုသဘောတူလျှင် အိမ်ကလင်ကိုပြောပါ၊မယားကိုပြောပါ၊ သားသမီးတွေကို ညတိုင်းဟောပြောပါ၊ မိဘများကိုတိုက်တွန်းပါ။

မိမိကတရားသိဘို့ကြိုးစားပါ။
မိမိက တရားဟော ပုဂ္ဂိုလ်ဖြစ်ဘို့လုပ်ပါ။

ကြုံကြုံဖန်ဖန် အမိ၏ သားအိမ်တွင်း၌ ဘယ်လိုဘယ်နည်းနဲ့ ဘာ့ကြောင့်- ဒီခန္ဓာ လာဖြစ်ရပါလိမ့်၊ အင်မတန်စက်ဆုပ်စရာ၊ ရွံစရာ၊မကိုင်ချင် မထိချင်စရာ၊ မကြည့်ချင်စရာဖြစ်သော ဌာနက ဖြစ်လာရတဲ့ ဒုက္ခပါကလား၊ ငါကိုယ်တော့ ငါမသိခဲ့ဘူးပေါ့မ မှတ်မိဘူး၊ ဟိုအခါကတော့ မလှုပ်နိုင်၊ မကြွနိုင်၊ အလွန်ကျဉ်းကြပ်သော ဝမ်းပိုက်သားအိမ်အတွင်း၌၊ တဖြေးဖြေးကြီးထွားရပါက လားလို့ အခုတွေးကြည့်လိုက်ရင် တယ်ကြောက်ဘို့ကောင်းပါက လား။

၁။ ရေကြည် ၇-ရက်၊ ခလေးမဆိုနိုင်၊
၂။ ရေပြစ် ၇-ရက်၊ ကျား—မ မခေါ်နိုင်၊
၃။ ရေမြှုပ် ၇-ရက်၊ လူမဟုတ်နိုင်၊
၄။ ရေမြှုပ်ပြစ် ၇-ရက်၊ လူပျို့မပြောနိုင်၊
၅။ သွေးခဲ ၇-ရက်၊ သတ္တဝါမဖြစ်သေး၊
၆၊ သွေးခဲမာမာ ၇-ရက်၊အပျို့မဟုတ်၊
၇။ သားတစ်ပြော့ ၇-ရက်၊ သူဌေးပြောနိုင်ရှဲလား၊
၈။ သားတစ်မာ ၇-ရက်၊ ရှင်ဘုရင်ဖြစ်ပလား၊
၉။ အဖု ၅-ခု နုနု ၇-ရက်၊ ကျမ်းပြုဆရာမရှိ၊
၁၀။ အဖု ၅-ခု ရင့်ရင့် ၇-ရက်၊ စာဘတ်သူမပါသေး၊

ကာမဂုဏ်လိုက်စားတုံးက။ တကယ်ရဘို့ ခံစားတယ်၊ တကယ် ကောင်းဘို့ လိုက်စားခဲ့ကြပြီ၊ ယခု-ဓမ္မာရုံကို သဘောကျလို့လိုက် စားလျှင်လဲ တကယ်တန်းသိပါ၊ တွေးပါ၊ အောက်တန်းမကျစေနဲ့

## ဒုက္ခဇာတ် စပြီး ထူထောင်ပုံ

ယခု- စာရေးနေတဲ့ ဒုက္ခအထိသိပါ၊ သူများမြွောက်ပေးလို့ တရားဟောသမျှ၊ သူများတွေသိဘို့ ကျမ်းစာရေးသမျှ၊ ရေကြည် ၇-ရက်ကစပြီး အာမခံစာ ချုပ်ပြုလုပ်ခဲ့ရတဲ့ဒုက္ခ၊ ခွဲဆို့ ဒါအထိ ထည့်မစဉ်းစားနဲ့အုံး၊ ယခုဘဝ၌ ဘဝပြတ် တရားကိုရလျှင် ရ။မရ ရေကြည်ကစလိုက်အုံး၊ မွေးသေမဆုံးမှတ်၊ဒုက္ခ-သစ္စာကို တွေးဘို့ စဉ်းစားဘို့ ယောဂီရဲ့ တာဝန်ကြီးလို့မှတ်၊တာဝန်လွှဲအပ်လိုက်ပြီ။

ကာမလိုချင်-ကာမဂုဏ်ကိုတွေး၊
ဓမ္မလိုချင်-ဓမ္မာရုံကိုတွေး။

သူများတွေသေဒါ၊ မွေးဒါ၊ မော်တော်ကား ကြိတ်သေဒါ၊ ဓါးပြက ဓါးနဲ့ခုတ်ထာ၊သူပုန်တွေက သေနတ်နဲ့ပစ်ထာ၊ကြိုးဆွဲ ချသေဒါ အိမ်တိုင်းမှာသေကြဒါ ပဋိသန္ဓေရှိသူတွေကိုဖျက်နေဒါ၊ သတင်းစာမှာ ပါလာတဲ့သူများရဲ့ ဒုက္ခတွေကို (ဖြစ်မှဖြစ်ရလေ ခြင်း)လို့ သတင်းစာဘတ်တိုင်း၊ ပြောသံ ကြားတိုင်း၊ မျက်စိက မြင်တိုင်း၊ မစားနိုင်၊ မသောက်နိုင်၊ တညည်းညည်း-တမှိုင်မှိုင်၊ ဟိုလူကိုပြော ဒီလူကို လိုက်ပြောသလို (မိမိရဲ့ သွေးရေကြည်က ခလေး အခြေအမည်ရခဲ့တဲ့၊ ဒုက္ခသစ္စာကို တွေးပါ၊ ကြောက်ပါ၊ ပြောပြပါ။)

## သူများတွေ ဒုက္ခဖြစ်ထာသိလျှင် တရားလား

ကပ်ကပ် သတ်သတ်၊ ထွတ်တီးတွတ်ညှပ်၊ မစပ်မဖါ၊မဖွယ်မရာ။ ဒီသွေးကြားထဲမျှားလာပြီး၊ ဒီခန္ဓာပုပ်ဘယ်လိုရှုပ်ပြီး ဖြစ်လာရပုံ

အုံ့ညြပ ါရှဲ၊ လူဇာတ်စပြီးထွက်ကထဲက မနှစ်သက်စရာ၊ အံချင်စရာ၊ အော့ချင်စရာကစပြီး ဘယ်လိုလူမျိုးတွေများ ဘန်ဆင်းလိုက်ပါလိမ့် မေ့းဖွားလာပြန်တော့လဲ၊ (မိခင်ရော–ခလေးရော) ရှက်စရာ လန့်စရာ၊ ရွံစရာ၊ ကြောက်စရာ၊ ငါးစာ–စားရဒါ ငါးမျှားချိပ် အမိခံရဒါနှင့်မမျှ၊ ငါးကြော်–အမဲသားကြော်ကို အနည်းငယ် ခဏလေးစားရ၊ လျှာမှာ ထိရုံမျှ၊ နှုတ်သီးနဲ့ ထိရရုံမျှနဲ့၊ ခေါင်းမှာ၊လည်ပင်း–လည်မျိုမှာ၊ သံညှပ်အညှပ်ခံရသော (ငါးမိုက်) ကျေးကန်းမိုက်တို့ကဲ့သို့ ဘုရားစသော အရိယာအစစ် အရှင်မြတ်တို့၊ ကြောက်စရာ–လူပြိန်းတရားလိုချင်သူတို့၊ ထိတ်လန့်စရာ၊ ကိုယ့်အကြောင်း ကိုယ့်ဒုက္ခ ကိုယ့်ဘေးဖြစ်ရာ ဌာနချုပ်ကို ကေန်ဘဲ ဆင်းရဲအမှန်ဟူ၍ ယခု–ချက်ခြင်းသိလိုက်၊ သိပြီးအမြဲတန်းတွေး၊ တရေးရေးပေါ်မည်၊ တောထွက်ဘို့မလို၊ နေရာပြောင်းဘို့မလို။ ဒုက္ခသစ္စာ အခဏ်းသိမ်းလိုက်ပြီ၊ အကြီးဆုံးဒုက္ခဘာလဲ။

★

နံပါတ် ၂၊သမုဒယသစ္စာဒုက္ခဖြစ်ကြောင်းအခြေခံကိုရေးမယ်–တွေးစမ်း၊ ဒါဝိပဿနာ ပညာစခမ်းမှတ်။ (အလုပ်မေးမနေနဲ့) ကိုယ့်အကြောင်း ကိုယ်တွေး၊ ကိုယ့်ဖြစ်ရေး ကိုယ်ဘဲမေး၊ကိုယ့်နေရေး ကိုယ့်ဘေး၊ ကိုယ်၏ သေရေး၊ သိနေဒါ၊မြင်နေဒါ၊ စက်ဆုပ်ရွံမုန်းနေဒါ ဝိပဿနာ အလုပ်မှတ် ပုဒ်ပြတ်။ ဒီခန္ဓာကိုယ်ကို ချစ်ခင်ဒါ နှစ်သက်ထာ အပုပ်တုံးကို ရေဆေးနေပေမဲ့ အင်မတန်လှတယ်၊ ချောတယ်ထင်ဒါ၊ဒီအပုပ်ခန္ဓာကို ရေချိုးတိုင်း၊ ရေဆေးတိုင်း၊အညစ်အကြေးတွေကို သုတ်သင်တိုင်း၊ ချစ်စိတ်၊ ကြိုက်စိတ်၊ လှချင်စိတ်၊ ဒီဘဝမျိုးကို မက်တဲ့စိတ်၊နောက်ထပ် ဒီခန္ဓာမျိုးနဲ့၊

ပိုက်ဆံပေါပေါနဲ့ သူဌေးစည်းစိမ် ရိပ်ငြိမ်သုခကို ခံစားလိုသော စိတ်၊(စာကိုစဉ်းစားဘတ်။) ကိုယ့်ကိုယ်နဲ့ဟပ်၊အသံကျယ်ကျယ် ဘတ်၊ အသံထွက်ပြီး မဘတ်ချင်လျှင် မငိုက်နဲ့၊မစိုက်နဲ့၊၊ ဆရာ ကိုယ်တိုင် အိမ်ပေါ်တက်လာပြီးဟောပြနေသလိုဘတ်ပါ ယောဂီ။ သေဆိုတဲ့ စကားကြားရင် မခံနိုင်တဲ့စိတ်၊ သမုဒယသစ္စာကို ရေး တယ်၊ ဘယ်လို ဒွါရ ၆–ပေါက်တို့က ယိုစီးထွက်ကျ မချစ်ဘို့ရာကို သက်သေခံ၊ တစက်စက်ထွက်၍ ပြပေမဲ့ ချစ်လို့မဝ၊ သိမ်းပိုက်လို့ အားမရ ဒိဋ္ဌာလွတ်ရာကို မကြံနိုင်အောင်၊တရားကောင်းကို မနာ ယူနိုင်အောင် မခွဲနိုင်–မခွါရက်၊အူ့ အသည်း နှလုံးသို့ ဆိုက်အောင် ခိုက်အောင်တွယ်တာသာယာ၊ အသာငမ်းငမ်း အချစ်ကြီးတန်းသို့ ရှောက်ပြီး၊ နှောင်–ဖြစ်လေရာဘဝ ဘဝတို့၌ ကိုယ်စိတ်ထင်တိုင်း မပေါက်။ သူများမြှောက်တိုင်း– ထင်လုံး၊ ကြားဘူးတဲ့ စကားလုံး တွေကြောင့် လူမင်းစည်းစိမ်ခံစံဘို့၊ နတ်မင်းစည်းစိမ်တို့ကို အကြိမ် ကြိမ် ခံစံဘို့ကို ရည်ရွယ်၍၊ လောဘရှိသော ဒါနကောင်းမှုကိုပြုပြီး၊ ဆုတောင်းမျိုးစုံတို့ကို မဆုံးနိုင်အောင် မဝနိုင်အောင်၊ မကုန်နိုင် အောင် တောင့်တခြင်းကို သမုဒယ သစ္စာမှတ်။ ဒုက္ခမျိုးစုံကို သည်း ခံနိုင်သော ဆေးကောင်းအစစ်မှာ တဏှာစိတ် အရင်းခံမှတ်၊ အ လုပ်ပင်ပန်းရတဲ့ ဒုက္ခတွေကို ဖယ်ထား၊ မကျန်းမာတိုင်းဆေးကု ရောဂါဖြစ်တိုင်း ဆေးရုံတက်၊ ရင်ခွဲ၊ ဗိုက်ခွဲ၊ ကျောခွဲ၊ ခေါင်းခွဲ လက်ဖြတ်၊ခြေဖြတ်၊ အရိုးနှုတ်၊ အင်္ဂါမျိုးစုံတို့ကို ခွဲတယ်၊စိတ်တယ်၊ လှီးတယ်၊ချုပ်တယ်၊ ဒီလိုလက်တွေ့ခံစားနေရတဲ့ဒုက္ခဘေးအပေါင်း တို့ကို မမြင်ဒါ၊ဒိဋ္ဌာဒုက္ခဖြစ်စရာ ဖြစ်လာရသော အခြေခံသည်၊ သမုဒယ သစ္စာ ငါ့တဏှာကြောင့်ပါကလားလို့ ပုဒ်ဖြတ်မှတ်လိုက်။

ပဋ္ဌိသန္ဓေနေရတဲ့ အမြစ်အငုတ်အစ၊ မွေးဖွားရတဲ့ အစစ်ဒုက္ခ ဟာ သမုဒယသစ္စာ ချစ်ခင်နှစ်သက်သောစိတ် ကေန်ဘဲလို့တိုင် ပင်၊ စဉ်းစား၊ မပြတ်တွေး၊ သမုဒယသစ္စာအခမ်းရပ်ကပြီ၊ အကြီး ဆုံးတဏှာဘာလဲ။

★

နံပါတ် ၃–နိရောဓသစ္စာ၊ ဒုက္ခမရှိဒါ၊ သမုဒယမရှိဒါ၊တနည်း မဆင်းရဲဒါ၊ မချစ်ထာ နိရောဓမှတ်၊ မိမိခန္ဓာမှာမှတ်၊ စည်းပြင် မထွက်စေနဲ့၊ (တရားလို ကိုယ်မှာရှာ) ချုပ်ငြိမ်းရာကို နိရောဓ မှတ်၊ ဒါ–ရှေးစကား၊ ဘာချုပ်ငြိမ်းရာလဲ၊ မငိုရဒါ၊ မပူရဒါ၊မငဲ့ ရဒါ၊ မကြောက်ရဒါ၊ မရှက်ရဒါ၊ ကဲ့မှုမရှိဒါ၊ သေမှုမရှိဒါ၊ မွေး ဘို့မရှိတာလိုဒါတွေမလိုတော့ဒါ ချုပ်ငြိမ်းပြီမှတ်၊နိရောဓသစ္စာနဲ့ နိဗ္ဗာန်တူတူသိပါ၊ သိပါတယ်ဆိုပြီး၊ နိဗ္ဗာန်ကိုမေးမနေနဲ့၊ တခြား မှာ ထင်မနေနဲ့။

## နိဗ္ဗာန်ကို နာမည်ကြီးတိုင်း
## အလွဲကို အထင် မကြီးကြနဲ့ ယောဂီတို့

ခန္ဓာနဲ့စပ်သော ပတ်သက်သော အပူမရှိ၊ စိတ်ပူစိတ်နောက်မရှိ၊ စိတ်ယုတ်မာ စိတ်ညစ်နွမ်းမရှိ၊ တောင့်တကြောင့်ကြမရှိ၊ မတုန် လှုပ်။

ရုပ်မှာ–ဖျားနာမှုရှိတယ်မှတ်၊
စိတ်မှာ–မကျန်းမာခြင်းကင်းလွတ်ပြီ၊
ရုပ်မှာ–ဆူးစူးလျှင် နာကြင်တယ် ယောဂီ၊
စိတ်မှာဆူးမစူးဘူး, မကိုက်မခဲဘူး၊

ရုပ်မှာ–ခြေကျိုး,လက်ကျိုး ဒုက္ခရှိတယ်၊
နိရောဓစိတ်၌ ဘာပူ ဘာသောကမှ မရှိဘူး၊
စဉ်းစားဘတ် စာဘက်မမြန်နဲ့ ဒီအချက်ခက်တယ်၊
နိရောဓ မပိုင်လျှင် ဒုက္ခထဲမှာမှတ်လိုက်။

တနည်း–နိဗ္ဗာန်ဆိုဒါ ခေါ်မူပညတ်မှတ် အရှင်းမရှိဘူး၊ ရှိတယ်ထင်ပြီး လိုက်ရှာနေပေမဲ့ မျက်စိနဲ့မမြင်ရဘူး၊ လက်နဲ့ ကိုင်တွယ်လို့မရဘူး, မျက်စိဖွင့်ကြည့်လဲမရ, မိတ်ရှာလဲမတွေ့မှတ်၊အနုဗ္ဗာလတို့က မေးလဲ–သဘောကျအောင် မဖြေတတ် (ရသေ့စိတ်ဖြေသာ) ပြောပြနိုင်သည်မှတ်၊ (အို, နာ, သေ, မွေး) ထိုလေးပါး မရှိမှတ်၊ ခန္ဓာငါးပါးမရှိမှတ်၊ (ခန္ဓာကိုယ်နဲ့ ဆက်စပ်သောနိဗ္ဗာန်ဆိုလျှင်) ရှုပ်သွားမယ် ယောဂီ ဘယ်သူကဘဲ ဘာတွေနဲ့ဘဲ– ချောက်ချောက်–မြောက်မြောက်, နိဗ္ဗာန်သို့ ရောက်သူကမကြောက်၊ နိဗ္ဗာန်သို့ရောက်သူ၊ မကြောက်သူဟာ အနတ္တဓမ္မမှာကိန်းအောင်း၍နေ၏။

ဘုရားယောင်ဆောင်ပြလဲ မယုံကြတော့ဘူး၊
ရဟန္တာဘဲလို့ ပြောသံကြားလဲ မသွားတော့ဘူး၊
သန့်ကနဲကြားတိုင်း အသွားရပ်ကပြီ။
အဆန်းကြားတိုင်း ဇာတိဒုက္ခက ဖြစ်ထာဘဲ၊
သွေးစုဘဲ ရေကြည်ကစ ပြတ့်ဇာတ်တွေဘဲလို့၊

လူများများစုရာကို မသွားတော့ဘူး၊ ထူးထူးဆန်းဆန်းဖြစ်ပေါ်လာဒါတွေကိုလဲ–အရေးမစိုက်တော့ဘဲ မိမိရဲ့ သေရက်,သေနာရီ,

သေချိန် တွေးလျက်၊ တနည်း–သေမှာကိုလဲ မကြောက်ဘဲနဲ့၊ တနည်း– သေဆိုဒါ အရှင်း နားမှာ မကြားတော့ဘဲ၊ တနည်း– သေတယ်မရှိ။ တနည်း–သေပြီးပြီသေစရာမလို(ရုပ်မရှိ,နာမ်မပါ) ခန္ဓာပျောက်, ကိုယ်ပျောက် အာရုံပြုတိုင်း နိဗ္ဗာရောက်,တွေးတိုင်း အေး မတွေးဘဲနဲ့အေး၊ ဒီခန္ဓာဇာတ်စုံသိမ်း,ပွဲစုံသိမ်း,အကြီးဆုံး ဒုက္ခကလဲ–သုခဖြစ်ပြီ၊ အကြီးဆုံး တဏှာကလဲ– ဓမ္မာဖြစ်ကပြီ ယောဂီ။ ဘယ်သူနဲ့မှ မဆိုင်မပိုင်၊ တင်ပလ္လင်ထိုင်၊ နေပျော်သေ ပျော် ထင်သလိုပျော်ရဒါ–နိရောဓသစ္စာမှတ်။

ဤကဲ့သို့ ကိုယ်တိုင်သိ လက္ခဏာ သဘာဝကို နိဗ္ဗာန်လို့ ခေါ်တော့။

နိရောဓသစ္စာ အခဏ်း ရပ်ပါပြီ၊

---

## အကြီးဆုံးသုခ ဘာလဲ

နံပါတ် ၄၊ မဂ္ဂသစ္စာ ပညတ်နဲ့ ပရမတ်ကို ခွဲခြမ်းရှုသိလျှင် မဂ္ဂသစ္စာလို့ ပုဒ်ပြတ်မှတ်။ (အခုရေးဒါ သုတ္တန်နည်း သစ္စာ လေးပါးမှတ်လိုက်) နိဗ္ဗာန်သို့သွားရာ လမ်းကြောင်းကို မဂ္ဂသစ္စာ မှတ်လိုက်။

## တရားမြတ်ရမှ စကားတတ်မည်

၁။ မွေးသေလွတ်ဘို့ နည်းလမ်း။

၂။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ခရီးစဉ်။

၃။ အတ္တအယူကျွတ်ဘို့တရားမှန်။

၄။ ယောကျ်ား-မိန်းမ, မဟုတ်မှန်းသိဘို့စည်းကမ်း။
၅။ အနတ္တ လက္ခဏာကို သိပိုင်စရာစခမ်း။
၆။ သမ္မာဒိဋ္ဌိဉာဏ်ကို ရဘို့အလုပ် တွေးလုံး။
၇။ တောင့်တမှု, ကြောင့်ကြမှု,ကင်းစရာသိဘို့လမ်း။
၈။ ရှေးအရိယာတို့၏ အင်္ဂါလက္ခဏာကိုမြင်ဘို့။
၉။ ဒီခန္ဓာရဲ့ဖြစ်လာပုံကြီး အခြေကို အကဲခတ်ခြင်း။
၁၀။ ဘဝ ၂-ပါးကြောင့်လား, ကိုယ့်ကြောင့်လား, စဉ်းစားခန်း။
၁၁။ ဟိုဘဝ,ဒီဘဝ,နောက်ဘဝ, ရှိ-မရှိဆင်ခြင်ခန်း။
၁၂။ သီလ,သမာဓိ,ပညာ,သုံးပါးကို ပိုင်ပိုင်ဝေဘန်ဘို့။
၁၃။ သုတ္တန်,ဝိနည်း,အဘိဓမ္မာ ၃-ဌာနကိုစုံစမ်းခြင်း။
၁၄။ ဘုရားဟောတရား လိုရင်းအကျဉ်းချုပ်ကို-တွေးနေခန်း။
၁၅။ ပရိကံ, ဥပစာ,အနုလုံ, ဂေါတြဘူနဲ့ဟပ်၍ဝေဘန်ခြင်း။
၁၆။ သစ္စာလေးပါး တခြားစီလား, တပြိုင်ထဲလား, ခွဲတတ်ခြင်း
၁၇။ ဘုရား, တရား, သံဃာ, ရတနာသုံးပါးတို့ စီစစ်တတ်ခြင်း။
၁၈။ ခန္ဓာဖြစ်စ, ဖြစ်ဆဲ ဖြစ်ပြီးရုပ်သဘော, နာမ်သဘောကို ရှာဖွေတတ်ခြင်း။
၁၉။ နိဗ္ဗာန်ဟာ သူများပြောတိုင်း ဟုတ်,မဟုတ်, စဉ်းစားခန်း။
၂၀။ အရိယာဉာဏ်ဆိုဒါ ဘယ်မျှ အရေးပါတယ်လို့ သိမြင်ခြင်း။

၂၁။ ဝိပဿနာ တရား တော်ကို ထိရောက်မှသာ သက်သာခွင့်ရခြင်း။
၂၂။ အပါယ် လေးပါးကင်းလွတ်ရာ လမ်းကြောင်းသိရပြီ။
၂၃။ ဉာဏ် ၁၀-ပါးဟာ ဘယ်စခမ်း ဘာ့ကြောင့်ဟောဒါဘဲ လို့သိရခြင်း။
၂၄။ ဝိသုဒ္ဓိ၇-ပါးဆိုဒါ ဘယ်သူ့အတွက်ဟောဒါဘဲလို့ သဘောကျခြင်း။
၂၅။ ဝိပဿနာ-၄၀၊ သမထ-၄၀။ ဘာကို ရည်ရွယ်၍ဟောတယ်လို့သိခြင်း။
၂၆။ ဘုရား,သာသနာ, ပိဋကတ်, သင်္ဂါယနာ, သံဃာ, အနတ္တသိရပြီ
၂၇။ အန္ဓရဲ့လမ်းစဉ်, အရိယာရဲ့လမ်းစဉ်, ဘယ်နဲ့ညာဘဲ လို့သရုပ်ကွဲပြီ။
၂၈။ ခန္ဓာငါးပါးတို့နှင့် ပုဂ္ဂိုလ်သတ္တဝါတို့ခြားနားချက်သိပြီ။
၂၉။ သွေးကအစ, သွေးဘဲအလယ်, သွေးမှာဘဲဆုံးတယ်လို့ ဘဝစခမ်းသိတယ်။
၃၀။ ဘဝဟာ ဘာကြောင့် ဖြစ်တယ် ဘာကိုခေါ်တယ်ဆုံး ဖြတ်ဘို့ နည်း**ကောင်း**ရပြီ။
၃၁။ ပညတ်ဟာ-အရှင်းမရှိ၊ ပရမတ်ဟာ–ရှိလို့ပျက်၊ တနည်း အရှင်းမရှိ တွေးဘို့လမ်းစစ်မှတ်။

မင်္ဂလာစွာ အခက်းရပ်သင့်ပြီ။

## ဆရာကြီး၏ကိုယ်ပိုင်ဥာဏ်

အဘိဓမ္မာ၇–ကျမ်းကို တကျမ်းလျှင် တနည်းဖြင့်လိုရင်းကိုကောက်နုတ်ခြင်း၊ နေ့၇–နေ့သားတို့နှင့်သင့်လျော်ခြင်းရတနာ ၇–ပါးတို့နှင့်အလားတူသော(၇)ရက်ဟောခမ်း၊ ၇ ခဏ်းသရုပ်ကိုအကျဉ်းနည်းဖြင့် ရေးပြပေအံ့။

### ၁၊ နာမပညတ်တခဏ်း

မိမိနာမည်မောင်ဖြူ–မဖြူ၊ ဒီနာမည် တကယ်မရှိဘူးမှတ် မိမိ၏ခန္ဓာကိုယ်မှာ ရှာပါ၊ တွေးပါ၊ စဉ်းစားပါ၊ မိမိ၏လက်ဖြင့်ဆံဖျားကခြေဖျား တိုင်အောင် စမ်းသပ်၍ လက်တွေ့ ရှာပါ၊ မျက်စိနဲ့ကြည့်ရှာပါ၊ နာမည်ဟူသမျှကိုနာမပညတ်မှတ်၊ လောကဥ–ခေါ်ဆိုခြင်း၊ သမုတ်ခြင်း၊ အမည်ပေးခြင်း တို့ကို နာမပညတ်လို့မှတ်လိုက်၊မရှိဘူး–ခေါ်ဆိုတဲ့အတိုင်း တကယ်အဟုတ်မရှိဒါကို ရှိတယ်ယူလျှင်သက္ကာယဒိဋ္ဌိမှတ်။

### ရှိဒါပရမတ်

ရှိဆိုဒါ–မျက်စိနဲ့မြင်ဒါ အဆင်းပရမတ်၊ နားနဲ့ကြားဒါအသံပရမတ်၊ နှာခေါင်းနဲ့ နမ်းသမျှ–အနံ့ပရမတ်၊ လျှာနဲ့စားဝါးသမျှ အရသာ ပရမတ်၊ ကိုယ်ကာယနဲ့ ထိသမျှ–ပရမတ်၊ ဒီခန္ဓာတတုံးလုံး–ပရမတ်တုံးကြီးမှတ်။ နာမည်မပျက်ဘူး–မရှိလို့။ ဘာပျက်မလဲ၊ ရှိတဲ့ပရမတ် တုံးကြီးပျက်မယ်၊ပျက်နေတယ်၊ ကုန်တယ်၊ ကုန်နေတယ်၊ ကုန်ဆုံးတတ်သော သဘောကြောင့်၊ အနိစ္စ–ခန္ဓာမှတ်။

ခယဌေနေ–အနိစ္စံ၊

## သဏ္ဌာန ပညတ် တခဏ်း

(တရားရှာ–ကိုယ်မှာ) ကိုယ်မှာတွေ့သမျှတရား၊ အခြားမှာ တွေ့သမျှ မတရား၊ နာနာမှတ် ယောဂီ၊ မှန်ထဲကြည့်ပါ ယောဂီရဲ့ မျက်နှာပုံကို ကြည့်ပါ (တကိုယ်လုံးမြင်လိုက) ကိုယ်လုံးပေါ် မှန်ထဲမှာကြည့်၍ ပညာပရမတ်သရုပ်ကို ဝိပဿနာဉာဏ်ဖြင့် စဉ်းစားပါ။

ပရမတ်–ပညတ်ဖုံးလို့၊ ပညတ်ကို ပယ်ရမယ်၊
ဖယ်ရမယ်၊ ပယ်–ဖယ်–ဆိုဒါ မရှိမှုန်း သိရမယ်၊
မရှိဒါကိုမရှိပါကလား၊ ရှိဒါကိုသာ ရှိပါကလား
လို့ ရှိ–မရှိ တကယ်ရှာ– မိမိရဲ့ကိုယ်ခန္ဓာ။

အလုံးပုံ၊ အပြားပုံ၊ အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံ၊ လူပုံ၊ ခွေးပုံ၊ ကြက်ပုံ၊ ကျွဲပုံ၊ နွားပုံ၊ အိမ်ပုံ၊ ကျောင်းပုံ၊ အနိမ့်ပုံ၊ အမြင့်ပုံ၊ ပုံကိုမြင်သမျှ သဏ္ဌာနပညတ်မှတ်ပါ (ပုံတွေအရှင်းမရှိမသိပါ၊)မိမိ၏မျက်နှာပုံကို မှန်ထဲမှာကြည့်ပြီးရှာပါ၊ အဖု၊ အပိမ့်၊ အချိုင့်၊ အမောက်–မြင်သလား မြင်မှားမယ်၊ မျက်နှာကို လက်နဲ့စမ်းလို့တွေ့တဲ့ အနိမ့်အမြင့်တွေကို မျက်စိက မမြင်ပါဘူး ယောဂီ၊ (ဖြေးဖြေးစာဘတ်ပါ) အခုမှန်ထဲမှာကြည့်စမ်းပါ၊ တရားရှာမှန်ထဲမှာ ကိုယ်မျက်နှာနဲ့ဟပ်ပါ၊ ပုံသဏ္ဌာန်မရှိပါ (မြင်ဒါ ဝဏ္ဏအဆင်း တခုသာမှတ်) ထပ်ခါစဉ်းစား အလကားမနေနဲ့ အချိန်ကုန်တယ်၊ မှန်ထဲက အရိပ်ကိုမြင်ဒါ ဝဏ္ဏသန့်သန့်မှတ်ပါ၊ မှန်ထဲက အဆင်းသန့်သန့်၌ အဖု–အပိမ့်–အမြင့်– အချိုင့်စမ်းလို့ မရမှတ်၊ (ပုံ–အရှင်းမရှိ) ဒါ–ပရမတ်မှတ်။

(ဘာသာပြန်မှာ ရှိဒါအသားပါဘဲ။)

## သန္တတိ ပညတ် တခဏ်း

ရုပ်ခန္ဓာကြီးသည်၊ ဖြစ်မှု–ပျက်မှု (အမှုသည်ကြီးမှတ်) ဖြစ်မှုတခု၊ ပျက်မှုတခု၊ ဒီ ၂–ခုဟာ ဖြစ်ထာနဲ့ပျက်ထာ၊ ပျက်ထာကိုမသိ၊ ဖြစ်ထာကိုသာသိ၊ ပျက်ထာမမြင် ဖြစ်ထာရှိဒါကိုသာမြင်၊ ဘာပြုလို့ ဖြစ်ပျက်နှစ်တန်ဆက်ဆံနေရဒါက အလွန်တရာမြန်တယ် ယောဂီ ကြပ်ကြပ်ဝေဘန် စဉ်းစားတိုင်ပင်ပါ။ ဒီကဲ့သို့– အနိစ္စသဘော အပျက်မြန်သဖြင့် အဆက်တဖန်ဖြစ်လုံး ထင်ရှားကြရသည်၊ သို့အတွက်– အဖြစ်မြင်–အစဉ်စွဲ– အရှင်ဘဲလို့ စိတ်ထင်မှုကို သန္တတိ ပညတ်မှတ်ပါ၊ ထင်မှုတကယ်မရှိ၊ ဒီခန္ဓာတကိုယ်လုံးကရုပ်၊ စိတ်ကနာမ်၊ လူမဟုတ်–နာမ်ရုပ်အစစ်၊ အချစ်အခင်ကြောင့် (အနိစ္စ အပျက်) အပြစ်မမြင်နိုင်ပါဘဲ အစဉ်ကောင်းလို့ အမြင်မှာ တပေါင်းထည်း၊ တဖွဲ့ထည်း၊ တလုံးထည်း မြင်နေရဒါ သန္တတိ ပညတ်မှတ်၊ မဟုတ်ထာမြင်ခြင်း၊ မမှန်ဒါမြင်ခြင်း၊ မျက်စိက အမြင်မှားရဒါ စိတ်က အထင်လွဲလို့မှတ်။

၁–နာမပညတ်–နာမည်တွေကြားနေဒါ နားရောဂါ။
၂–သဏ္ဌာနပညတ်–ပုံသဏ္ဌာန်တွေမြင်နေဒါ မျက်စိရောဂါ
၃–သန္တတိပညတ် လူရှင်ထင်နေဒါ–စိတ္တဇရောဂါမှတ်။

ဒီ ၃–ချက် တချက်မှ မဟုတ်ဘူး ယောဂီ၊ ပညတ်ပေါ်လျှင်၊ ပရမတ်ငုပ်သည်၊ ပရမတ်ပေါ်လျှင် ပညတ်ပျောက်သည်၊ တွေးပါ၊ ဆင်ခြင်ပါ၊ တိုင်ပင်ပါ၊ ပညတ်နဲ့–ပရမတ် သရုပ်မကွဲသမျှ ဝိပဿနာဉာဏ်မရ။

★

## နာမ်နဲ့ရုပ်–ပရမတ် တခဏ်း

ပညတ်ဆိုဒါ လောကဉ် ခေါ်ဆိုဘို့ရာအမည်ပေးတယ်မှတ်၊ သိစေဘို့ သမုတ်မှည့်ခေါ်ခြင်းကို ပါဠိစကားအရ (ပညတ်) လို့ခေါ်သည်၊ (ပညတ္တိ) သိစေခြင်း၊ (ခန္ဓာကိုယ်ပြန်တွေး) မေ့းစကရုပ်နဲ့-နာမ် ၂-ပါးသာ ဟုတ်တယ်၊ ပရမတ္ထ—သဘာဝ သက်သက်သဘောတရားမှန်တယ် ယောဂီ၊ မိန်းကလေး မွေးလာတယ်၊ ယောကျ်ားကလေးဖွားမြင်လာတယ်လို့ ပြောဆိုရ၏။ (မပြောနဲ့ မဆိုနဲ့မဟုတ်) ပြောဆိုတဲ့အတိုင်း ကေန်မိန်းမမဟုတ်၊ ကေန်ယောကျ်ားမဟုတ်ဘူးလို့ စဉ်းစားဒါ၊ တွေးဒါ၊ ကြံဒါ၊ သမ္မာသက်ပ္ပမှတ်၊ ရုပ်နဲ့-နာမ် ၂-ပါးသာဟုတ်တယ်လို့ ပိုင်ပိုင်သိဒါကလျာဏ ယောဂီမှတ်၊ အပါယ်မကျတော့ဘူး စိတ်ချလိုက်၊ (ရုပ်နာမ် ၂—ပါးကို)ယောကျ်ား– မိန်းမထင်မှု–ထင်မှား ထင်စွဲ- ထင်ယူရှိလျှင်၊ အန္ဓအကန်းမှတ်၊ ငရဲသားမှတ်၊ သက္ကာယဒိဋ္ဌိ ဖြစ်နေတယ်လို့ ကြောက်ပါ–လန့်ပါ။

သက္ကာယဒိဋ္ဌိရှိလျှင် လင်သေခါနီး မယားစွဲသေ၊ မယားသေခါနီး လင်ကိုစွဲသေ၊ သားသမီးစွဲသေ၊ ရှိတဲ့စည်းစိမ်တွေစွဲသေ၊ အိမ်စွဲသေ၊ ကျောင်းစွဲသေ၊ ကေန်ဒိဋ္ဌ ရောက်ရမဲ့ ငရဲပြည်–ပုဒ်ပြတ်မှတ်။

(နာမ်ဆိုဒါ–စိတ်ကိုမှတ်လိုက်) အာရုံကိုကြံတတ်တယ် သိတတ်တယ်၊ ညွတ်တတ်တယ်၊ ဒီနာမ်ဟာရှိတယ်၊ ရှိလို့ပရမတ်မှတ်၊ ရှိ၏–ရှာမတွေ့၊ မူလရှိရင်းစွဲ ဘဝင်စိတ်က တိုက်တွန်းလို့ ဒီလိုမျက်စိရုပ်နဲ့—အဆင်း ရူပါရုံနဲ့ထိခိုက်လို့ မြင်စိတ်ပေါ်တယ်မှတ်

(စိတ်နဲ့ နာမ်)အတူတူ၊ နာမ်သည် ရုပ်ချင်းထိခိုက်လို့ ပေါ်တယ်၊ ဥပမာ–လက်ဝါး ၂–ခုတီးလျှင် အသံထွက်လာသလို လက်ဝါး ၂–ခုနဲ့ အခံရုပ်အတိုက်ရုပ်နဲ့တူ၏။ ထွက်တဲ့အသံနဲ့ နာမ်တရား ဖြစ်ပေါ်လာဒါနဲ့တူ၏။

နာမ်ဟာ ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ်။
နာမ်ဟာ အသက်မဟုတ်၊ လိပ်ပြာမဟုတ်။
နာမ်ဟာ ယောကျ်ားမဟုတ်၊ မိန်းမ မဟုတ်။
နာမ်ကိုကြည့်လို့၊ ထိလို့ စမ်းသပ်လို့ မရဘူး၊
ပညတ်လား၊ ပရမတ်လား၊ ပရမတ်အစစ်မှတ်လိုက်။

နာမ်ကို ငါထင်၊ သူထင်၊ ယောကျ်ား– မိန်းမ ထင်လျှင် မိစ္ဆာဒိဋ္ဌိ– မှားသောအယူ၊ အတ္တဒိဋ္ဌိ– လူအယူ၊ သက္ကာယ ဒိဋ္ဌိ ယောကျ်ား– မိန်းမအယူမှတ်၊ သာသနာအတွင်းမှာ လူဖြစ်ကျိုး ရှုံးပြီ ယောဂီ၊ ဗုဒ္ဓဘာသာ အမည်ခံပေမဲ့ ဂေါတမ မြတ်စွာ ဘုရားကို အာရုံပြု၍ ကိုးကွယ်ဆည်းကပ်သော်လဲဘုရားကို မယား လောက် မကြည်ညို၊ ဘုရားကို လင်လောက်အားမကိုး၊ ဘုရား၏ တရားတော်ကို မယုံကြည်၊ ဘုရားကို ကိုးကွယ်၍ နေသော်လဲ ဘုရားဟောတဲ့ ကိုယ်ကျိုးနပ်တရားကိုလုံးဝမသိမှတ်၊ ဘာ့ကြောင့် နိဗ္ဗာန်လမ်းပြ ဆရာအစစ်ကို မတွေ့လို့၊ တွေ့လဲ မယုံလို့၊ ယုံလဲ မဆည်းကပ်လို့၊ ဆည်းကပ်ပြန်လဲ မလေးစားလို့မှတ်၊ ငါးပါး သီလ မလုံတဲ့ဆရာတွေကို ကြည့်ရှောင် (ဆရာများ–ဘာဝတိုင်း သော။)

## ဒီခန္ဓာအပုပ်တုံးကြီးကို—ရုပ်မှတ်လိုက်

ရုပ်လို့ယူထား၊ မှတ်ထား၊ သဘောပေါက်လာမည် ယောဂီ၊ ဘာကြောင့်– ရုပ်လဲပျက်နေလို့၊ ဘောက်ပြန်နေလို့၊ ငယ်စဉ်ကနဲ့ မတူလို့။ အခုတမျိုး၊ အခုတဖုံဖြစ်လို့၊ ကျင်နာကိုက်ခဲလို့။ တနေ့တခြား ချွတ်ယွင်းနေဒါကို မြင်ခဲလေစွ၊ ယုံခဲလေစွ၊ (မမြင်မယုံပေမဲ့) (မွေးစကနဲ့ခု)အသွင် ပုံချင်းဟပ်ကြည့်စမ်း၊ ရုပ်ပျက် အပုပ်တွက် အဟုတ် မ,မက်ဘို့–မချစ်ဘို့ သတိပြု၊ သိမှု အရေးကြီးတယ်။

**အသိနဲ့အလုပ်၊ မသိဘဲမလုပ်နဲ့၊ လုပ်တိုင်းမှား။**
**မသိဘဲအားမကိုးနဲ့၊ အားကိုးတိုင်းလွဲ။**
**မသိဘဲနဲ့ဘာကိုလုပ်လုပ်၊ လုပ်တိုင်း မှောတယ်။**
**မသိဘဲနဲ့လုပ်သမျှ ဒုက္ခဖြစ်မယ်၊ ပင်ပန်းတယ်။**
**မရှိဒါထက်–မသိဒါခက်၊ ရှေးစကား။**
**မရှိဒါထက်–မလုပ်ဒါခက်၊ ရှေးစကားမရှိဘူး။**

စပါးရိတ်နည်း ဘာမှ မသိဘဲနဲ့ အခုရိတ်စမ်း၊ လက်ကိုတံဇင်ရှမယ်၊ လှေခတ်တဲ့နည်းကို အရှင်းမသိ မတတ်ပါဘဲ လှေဦးပေါ်တက်ပြီး အခု–ခတ်တက်ကို ကိုင်ခတ်စမ်း၊ ခတ်တက် လည်ပြီးတော့ ရေထဲ လိမ့်ကျမယ်၊ ရေမကူးတတ်သေ၊ မည်သည့်အလုပ် မဆို အလုပ်,လုပ်လိုက ထိုလုပ်ငန်းကို တတ်အောင် သင်ကြားဒါ ပညာမှတ်၊ပညာမရှိ သူ၏ဝန်ထမ်းမှတ်ယောဂီ၊ရေကြည်–ရေမြှုပ်၊ အဲဒီ–အခါက ရုပ်ဟာ ဥာဏ်နဲ့ပြန်စဉ်းစား၊ သေ့းခဲ သားတစ်၊ အခက် အဖုငါးဖု၊ ပြန်စဉ်းစားပါ၊ အဲဒီအခါက ရုပ်ဟာ

ယောကျ်ားဘဲ မိန်းမဘဲ၊ အပျိုဘဲ၊ လူပျိုဘဲ၊ မုဆိုးမဘဲ၊ မုဆိုးဖို ဘဲလို့ ခေါ်ဆိုစရာ၊ ချစ်စရာ၊ စွဲလမ်းစရာ၊ မခွဲနိုင်စရာ၊ ပွေ့ပိုက်စရာ၊ သိမ်းပိုက်စရာ၊ (ခက်မငါးဖြာ) အဖုအတက်– ငါးတက်၊ ဟိုအချိန်အခါက–

ရုပ်လုံးပေါ်ပလား–ရုပ်လုံးမပေါ်သေး၊
ဒီအခါကသွေးလုံးပေါ်သလား– လူရုပ်ပေါ်သလား

(သားကလေးမွေးစ) ၇–နှစ်၊ ၁၀–နှစ်အထိ ကြီးလာတယ်၊ အနွရဲ့ အမြင့်ပျက်လာတယ်၊ ချွတ်ယွင်းလာတယ်၊ရုပ်ပြောင်းလာတယ်၊ ဒါ–ကလျာဏခေါ် သူတော်ကောင်းအမြင်မှတ်၊ ဒါ–ရုပ်ပရမတ်၊ တကယ်ရှိလို့ တကယ်ပျက်၊ တကယ့်မက်၊မမက်လျှင်၊ နောင်ဘဝဆုတောင်းဘို့မလို၊ ဆုတောင်းခဲ့တဲ့ ကာမဂုဏ် စာရင်းတွေကိုဖျက်လိုက်၊ မဖျက်ချင်ရင် ထပ်ပြီးသေအုံး၊နောင်–ရှင်ဘုရင်ဖြစ်ရပါလို၏၊ ရှင်ဘုရင်သေ–စိန်ရွှေစီတဲ့ခေါင်းပေါ့၊ နောင်ဘဝကို သူဌေးကြီးဖြစ်ရပါလို၏၊ သူဌေးကြီး–မသာ့ ဆိုလျှင် မှန်စီရွှေချတဲ့ခေါင်းပေါ့၊ မိဖုယားနဲ့ သူဌေးကတော်ဖြစ်သော် မသာပို့လျှင် ပရိသတ်တွေ စည်ကားတယ်၊ သက္ကာယဒိဋ္ဌိရှိလို့၊ လင်စွဲသေ၊ မယားကိုစွဲသေလျှင် အနဲဆုံး ပြိတ္တာထီး– ပြိတ္တာမဖြစ်ပြီ ယောဂီ၊ကြောက်စေ၊ သံဝေဂရစေ၊ မသာပို့မှာ ပရိသတ်စည်ချင်တိုင်း စည်းကားသော်လဲ၊ ကိုယ့်ဘေး, ကိုယ့်အရေး, ကိုယ်တွေးဘို့ ခေတ်မှတ်လိုက်။

(သေခါနီးမှာ၊ စီးပွားကို၊ လင်ကို၊ မယားကို။ အိမ်ကိုးကျောင်းကို၊ ချစ်တဲ့သူတွေကို၊ နိမိတ်ယူ၍၊ ထင်မြင်၍ သေရဲ့ကြရဲ့လား စဉ်းစား။)

## ခန္ဓာငါးပါး–ပရမတ် တခဏ်း

၁။ ရူပက္ခန္ဓာ။ ။ပါဠိစကား။ ရုပ် အစု၊ တနည်း– ဘောက်ပြန်စု- တနည်း–ပျက်စု၊ ဒီကိုယ်ကာယအတုံးကြီးကိုဆိုသည်၊ ပျက်စုဟုတ်–မဟုတ် စဉ်းစားတွေး၊ ဟုတ်လျှင်ကြောက်ပါ၊ လန့်ပါ။ နောက်ထပ်ဒီရုပ်ခန္ဓာရဲ့ဆုမတောင်းနဲ့၊ ပျက်စုအစစ်ကို မက်မူရှိလို့ လူထင်တယ်။ ယောကျ်ားထင်တယ်၊မိန်းမထင်တယ်၊ (ထင်သက္ကာယဒိဋ္ဌိ) မှတ်လိုက်။ ရုပ်ခန္ဓာကြီးကိုပျက်စုကြီး–အနိစ္စ၊ ဘေးအစုကြီး ဒုက္ခ၊ မပိုင်မဆိုင်သော အစုအပေါင်းကြီး အနတ္တ–ဟု၊ လေ့လာပွားများဘို့ရာ ယောဂီစာဘတ်သူရဲ့ တာဝန်မှတ်၊ (ရုပ်စုကို) ပုဂ္ဂိုလ်သတ္တဝါ ထင်စွဲရှိသမျှ အပါယ်နဲ့ ဆက်ကြေးမပြတ်မှတ်၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်များကို ဘယ်မျှဘဲ အကုန်အကျခံ၍ လှူသော်လဲ၊ သီလစောင့်သော်လဲ၊ သမထကမ္မဋ္ဌာန်းကို အားထုတ်သော်လဲ အရိယာသောတာပန်မဖြစ်၊ သံသရာရေသောက်မြစ် ရှိနေခြင်းကြောင့်ဆိုလိုက်သည် ယောဂီ၊ စာပြန်ဘတ်၊ တရားရတယ်ထင်တဲ့ ယောဂီရှေ့မှာ ကျယ်ကျယ်ဘတ်။

၂။ ဝေဒနက္ခန္ဓာ။ ။ဝေဒနာ စေတသိတ်ကိုမှတ်၊ နာမ်ပါဘဲ၊ဘာလုပ်တတ်သလဲ၊ အာရုံကိုခံစားတတ်တယ်၊ ဒီခံစားတတ်တယ်လို့ဆိုသော နာမ်ဟာ သဘာဝဓမ္မမှတ်၊ နာမ်–သဘာဝထဲကို ငါမပါစေနဲ့ (ငါခံစားတယ်) ယူလျှင် ဝေဒကဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိမှတ်၊ အယူမှန်က ခံစားတတ်သောအခေါ်အမည်ကိုဖယ် နာမ်– သက်သက်သည်၊ ငါမပါ၊ သူမရှိယောကျ်ားမဟုတ်၊ မိန်းမ,မဟုတ်၊ ပုဒ်ပြတ်မှတ်ပါ။

၃။ **သညက္ခန္ဓာ**။ ။သညာ စေတသိတ်-ခေါ်သည်၊ အာရုံဆိုသမျှကို မှတ်သားတတ်တယ်၊ နာမ်သဘာ၀ သန့်သန့်ကို မှတ်တတ်တယ်လို့ခေါ်သည်၊ ငါမှတ်တတ်တယ် စကားအသုံး၌၊ ငါ မပါဘဲတွေး၊ မှတ်တတ်တယ်၊ ဘယ်သူမှတ်သလဲ၊ ထပ်ပြီးစုံစမ်း၊ မှတ်တတ်ထာလဲ ပညတ်မှတ်ပါ၊ နာမ်သဘာ၀သည်။ ခဏ ခဏ ပျက်တတ်သော-အနိစ္စ လက္ခဏာမှတ်၊ ဒုက္ခလက္ခဏာမှတ်၊ အနတ္တ လက္ခဏာမှတ်လိုက်၊ ငါမှတ်တတ်တယ်မယူနဲ့၊ ယူ-အန္ဓမှတ်၊ ငါ မရှိမှန်းသိလျှင် ကလျာဏမှတ်၊ မှတ်တတ်ထာလဲ မရှိမှန်းသိသော် သောတာပန် အရိယာမှတ်လိုက်၊၀မ်းမြောက်ပါ။

၄။ သင်္ခါရက္ခန္ဓာ ။(ဝေဒနာနဲ့-သညာစေတသိတ်) ၂ လုံးမှ ကြွင်းကျန်သော စေတသိတ်ပေါင်း (၅၀) ကို ပရိယတ်အလို သင်္ခါရက္ခန္ဓာဆိုသည်၊ ဝိပဿနာ ယောဂီတို့ လိုရင်းသိဘို့တွေးဘို့ မှာ အာရုံသို့ဘိုက်တွန်းဒါ၊ နှိုးဆော်ဒါ လှုပ်လှုပ်ဒါ ပြုပြင်စီမံဒါ၊ မရောက် ရောက်အောင်အားထုတ်ထာကို သင်္ခါရက္ခန္ဓာမှတ်ပါ၊ ငါ-ပြုပြင်တယ်မယူနဲ့၊ (ပြုပြင်တဲ့သဘော)၌ ပြုပြင်ကိုဖယ်၊ သဘောကိုသာ ပရမတ် ကောက်ပါ၊ (သဘာ၀နာမ်ကို) သင််ခါရက္ခန္ဓာလို့ မြတ်စွာဘုရားစသော ပညာရှိတွေက ပညတ်တင်စား၍ ပါဠိဘာသာဖြင့် ဟောကြားထားသည်။

ပြုပြင်အားထုတ်-ငါ အရှင်းမဟုတ်။
သဘာ၀ စင်စစ်-ပြုပြင်ဒါမရှိ။

အားထုတ်လာခဲ့သမျှတွေ အနိစ္စ-မမြဲပါကလား၊ အားထုတ်ဆဲဟာ ဒုက္ခဆင်းရဲ ဘေးပါကလား၊ အားထုတ်ဘိုင်း အလိုမပြည့်၊

အလိုမလိုက်၊ လိုတိုင်းမရ၊ ငါသူရှာမရ၊ အနတ္တ သက်သက်ပါက လားလို့ ဝိပဿနာဉာဏ်ဖြင့် ယောဂီရဲ့ခန္ဓာ၌ နာမ်သဘာဝကို သတ်သတ်ဆင်ခြင်ပါ။

၅။ ဝိညာဏက္ခန္ဓာ။ ။စိတ်ပေါင်း ၈၉-ကိုမှတ်။ ဒါစာလို ရေးလိုက်သည်။ လိုရင်း-လူပြိန်းတို့၊ အာရုံကိုကြံစည်ဒါ စဉ်းစား ဒါ၊ ဝေဘန်ဒါ၊ တွေးဒါ- ဝိညာဏက္ခန္ဓာမှတ်၊ ငါ ကြံတယ်ယူ ရင် သက္ကာယဒိဋ္ဌိမှတ်၊ အန္ဓ ဗာလ မှတ်။ ဒါဖြင့်-အယူမှန် ဘာ လဲ၊ ငါဖြုတ်၊ ကြံတယ်ဖြုတ်၊ နာမ်-သန့်သန့်ထုတ်ငါ့ သူလုံးဝ မဟုတ်၊ အနတ္တသဘောပါကလားလို့ ဝေဘန်ပါ။ တိုင်ပင်ပါ၊ ခဏခဏတွေးပါ၊ ပွားများပါ။

---

## ခန္ဓာငါးပါးကိုဆင်ခြင်ပုံ-တနည်း

၁။ ရူပက္ခန္ဓာ- သူနာအမြဲနေတဲ့ဇရပ်မှတ်။
၂။ ဝေဒနက္ခာခန္ဓာ- ကူဋ္ဌနူနာ ရောဂါသည်မှတ်။
၃။ သညက္ခန္ဓာ-ကူဋ္ဌနူနာရောဂါသည် ညှော်မိတယ်မှတ်
၄။ သင်္ခါရက္ခန္ဓာ-အနူကို ညှော်မိပြီ၊ အစားမှားပုံမှတ်။
၅။ ဝိညာဏက္ခန္ဓာ-ညှော်မိတယ်၊ အစားထပ်မှား ရောဂါ တိုးပြီမှတ်။

ဥပမာကို ရှင်းအောင် ရေးမယ်၊ မိမိဖြစ်ခဲ့ဒါတွေ ပြန်တွေးပါ၊ ယခုအချိန်ထိ ထပ်ခါစဉ်းစားဆင်ခြင်၊ ရုပ်ခန္ဓာကြီးက အာရုံတွေ ဘာမျှမသိဘူး၊ အာရုံခံစားဒါနာမ်၊ ခံစားဘူးလို့ကောင်းတယ်၊

မကောင်းဘူးလို့ မှတ်ထာ နာမ်၊ ခံစားဘူးလို့ မှတ်ထားလို့ နောက်ထပ်၊ ခံစားဘို့အားထုတ် ပြုပြင်တိုက်တွန်းဒါနာမ်၊ ခံစား ဘူးလို့ မှတ်ထားဘယ်၊ မှတ်မိလို့ ထပ်ခါအားထုတ်တယ်၊ အား ထုတ်ဘို့ကို အမြဲဘန်း ကြံစည်တယ်မှတ်၊ ခန္ဓာငါးပါးအနက်၊ ရုပ် ခန္ဓာ ၁၊ နာမ် ခန္ဓာ ၄-ပါးမှတ်၊ နာမ်နဲ့-ရုပ်ပါဘဲ။

ဥပမာ၊ ဤ—ရူပက္ခန္ဓာ ရုပ်အသုဘကြီးဟာ ရှံစရာ စက်ဆုပ် စရာ သွေးပြည်-စသည်တို့နဲ့ ဒလိန်းထိုးပြီး ရစ်ပတ်ဖွဲ့စပ်နေလို့၊ သူနာနေတဲ့ဇရပ်နဲ့တူသည် ယောဂီ၊မိမိ၏ခန္ဓာပုပ်ကို ဉာဏ်နဲ့တွေး၊ မျက်စိနဲ့ကြည့်၊ မဟုတ်လျှင် မတရား၊ ဟုတ်ရင်တရားမှတ်။

အာရုံ ခံစားဒါဟာ ရုပ်ချင်းထိခိုက်၍ ခံစားကြတယ် ဥပမာ လျှာနဲ့ ဝက်သား၊ ရုပ်သားချင်းထိလို့ ခံစားတဲ့နာမ်က ကောင်း တယ်လို့ အာရုံခံကြတယ်၊ ရုပ်ဇရပ်ပေါ်မှာ အနူရောဂါသည် အ မြဲနေသကဲ့သို့၊ အာရုံခံစားသော ရောဂါသည်၊ ဝေဒနက္ခန္ဓာ၏ နေရာ၊ ရူပက္ခန္ဓာ ဇရပ်မှတ်လေ။ ဝေဒနာသည်၊ အနူနာကဋ္ဌ အာရုံခံစားဘူးလို့ မှတ်ထားပြီ၊ ညှော်ထပ်ပြီးမိဒါဘဲ၊ သညက္ခန္ဓာ နဲ့တူသည်။

အညှော်ထပ်၍ မိရုံမျှမက၊ ဒီအနူကြီးဟာ ဒီအာရုံတွေကို ထပ် ခါခံစားဘို့ ထပ်ခါကြိုးစားအားထုတ် ပုံနဲ့အနူကြီးအစားမှားပုံ နဲ့တူလို့ သင်္ခါရက္ခန္ဓာကို အစားမှားတယ်လို့တွေးကြ၊ သဘော တူသူနဲ့ တိုင်ပင်ကြ၊ အစားမှားရုံတွင် မတန့်မနေနိုင် ကြံစည်ပြန် တယ်၊ အာရုံတွေကို လိုက်စားဘို့ ရောဂါတိုးပုံ- ထကြွပုံနဲ့။ဝိညာ

ဏာက္ခန္ဓာနဲ့ အလားတူတတ်လို့ ခန္ဓာ– ငါးပါးကို ဥပမာနဲ့ ဟပ်၍ ဆင်ခြင်ပါ၊သူမျိုးတွေ၏အပြစ်ကို ပြောသမျှ၊ စာထဲမှာ ရေးသမျှ၊ လူအန္ဓ–လူဗာလမှတ်၊ မိမိခန္ဓာရဲ့ အပြစ်တို့ကို ပြောတတ်မှ၊ ရေးတတ်မှ၊ လူကလျာဏ– လူ–အရိယာ မှတ်လေ။

★

## အာယတန ၁၂–ပါး ပရမတ် တခဏ်း

ဘာသာပြန်ရေးပြီ၊ အာယတန ဘာလဲ၊ သံသရာချဲ့တတ်လို့မှတ်၊ တနည်း–ရှောက်လာသမျှအာရုံ၊ ခြောက်ဒွါရက ကာမဂုဏ်တို့ကို ခံစားတတ်လို့ အာယတနမှတ်၊ ညွှတ်ခံဒါ အာယတန ဒီခန္ဓာကြီးပါဘဲ၊ မျက်စိပေါက်က အဆင်းကို၊ နားပေါက်က အသံကို၊ နှာခေါင်းပေါက်က အနံ့ကို၊လျှာပါးစပ်ပေါက်က အရသာကို၊ကိုယ်ကာယပေါက်က အတွေ့ကို၊ (စိတ်ပေါက်သတ်သတ်က) (ကုသိုလ်နဲ့- အကုသိုလ်) ဓမ္မာရုံကို ညွှတ်ခံ၍နေသည် ယောဂီ၊ ဝိပဿနာဆင်ခြင်နည်းမှာ၊ မျက်စိပေါက် ဒွါရက လာသမျှရူပါရုံ အဆင်းရုပ်ကို ထိခိုက်သာဖြင့် မြင်စိတ်ပေါ်လာရတယ်၊ မျက်စိခေါ် ဒွါရပေါက် ခေါ်ဒါလဲ ရုပ်သဘောပါကလား၊ မိန်းမကိုမြင်တယ်။ ယောကျ်ားကိုမြင်တယ်၊ မြင်သမျှတွေဟာလဲ အားလုံးအဆင်းချည်းပါကလား၊ ဘယ်မှာပုဂ္ဂိုလ် သတ္တဝါ၊အိမ်–ကျောင်း–ဇရပ်–စသည် မဟုတ်ပါလား။ ရုပ်ချင်းထိခိုက်လို့ ပေါ်လာပြီး ပျောက်ပျက်သွားသော မြင်စိတ်ကလဲ နာမ်သဘောပါကလား၊ ငါက ယောကျ်ားကိုမြင်တယ်၊ ငါက မိန်းမကိုမြင်တယ်၊ တိုက်ကို့ မော်

တော်ကားကို၊ အိမ်ကို၊ ကျောင်းကို၊ ပုဆိုးကို၊ ထမိကို၊ သင်္ကန်းကို သပိတ်ကို- မြင်တယ်ဆိုဒါ လုံးဝမဟုတ်၊ ငါက အရှင်းမမြင် မြင်တတ်သော သဘောကား၊ စိတ်နာမ်—ပါကလား၊ သိလွယ်အောင်သာမြင်တယ်လို့သုံးရတယ်၊ (ငါမြင်တယ်) ငါဖယ်၊ မြင်တယ်မရှိ၊ ပကတိ-နာမ်သဘာဝ၏ အနိစ္စသဘော၊ ဒုက္ခ-သဘော အနတ္တ—သဘော ပါကလားလို့ (အာယတန-သဘာဝ) အထိ၊ တွေးပါ၊တရားရဘို့ အောက်တန်းကျ မခံနဲ့၊(မယားရဘို့ လင်ရဘို့ အိမ်ရဘို့ ကျောင်းရဘို့) ကြိုးပမ်းသလို သက္ကာယဒိဋ္ဌိကွာဘို့ တရားအစစ်ကို ကြိုးပမ်းကြ၊ ဒါမှ-ဗုဒ္ဓဘာသာ အမည်ခံနဲ့ ညီကြမယ်- ယောဂီတို့။

ဘုရားကိုးကွယ်လျှင်—တရားကောင်းကြားယောင်၊
မိဘအားကိုးလျှင်—စကားကောင်းနားထောင်။

စဉ်းစား ငါတော့ ဗုဒ္ဓဘာသာဖြစ်ကပြီ၊ မှန်ရဲ့အသိဉာဏ် အောက်တန်းစားလား၊ အလတ်တန်းစားလား၊ အကြီးတန်းစားလား၊ တန်းလွတ်—တန်းမရှိဘဲလား၊ စဉ်းစား ပါဠိလို-စက္ခုပသာဒါနဲ့ ရူပါရုံ၊ အဘိမုခိဘူတ၊ ဃဋ္ဋန၊ ဖြစ်ကြလို့ စက္ခုဝိညာဏ်ပေါ်သည်၊ ဘာသာပြန်မှာ ရုပ်နာမ်တွေ သဘာဝသက်သက်ဧ၊ ငါ၊ လူ၊ မစွက်လေနဲ့ ယောဂီ၊ မြင်အောင်ကြည့် ဆွေးနွေးတိုင်ပင်၊ ချဲ့ဆို့ဘို့နီးကြပြီ။ (သပိတ်သွတ်ရစ်မှာကို အားကိုးမနေလေနဲ့။) စက္ခုဒွါရအတွက် ရေးပြလျှင်၊ ကျန် ငါးဒွါရအတွက် သဘောတူ ဝေဘန်၍ ရှုဆင်ခြင်ကြပေတော့။ ခန္ဓာကိုယ်မှာရှာ။

## ဓာတ် ၁၈-ပါး ပရမတ်တခဏ်း

ဓာတု-ဓာတ်၊ သု သဘော, ငါ့သဘောမဟုတ်၊ ဓာတ်ကို သက္ကာယမှတ်၊ ဓာတ်ကိုလှူထင်-ဒိဋ္ဌိ (ဓာတ်ကို လူထင်၊ မြူမစင်၊ ပူပင်ငါ့စိတ်မိုက်၊ အာရုံတိုင်းပင်၊ လိုက်စားလျှင်၊ စွဲချင်,ငါ့စိတ်မိုက်။), ဒီသံပေါက် ၂-ပုဒ်ကိုစဉ်းစား၊ဓာတ်ဟာ ဘယ်မှာလဲ၊ ဒီခန္ဓာကိုယ်ကြီးကိုမှတ်ပါ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, ဘှင်စိတ်, အခံဓာတ် ၆-ပါး၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, တရား, အတိုက်ဓာတ် ၆—ပါး၊ မြင်စိတ်, ကြားစိတ်, နံစိတ်, လျက်စိတ်, ထိစိတ်, သိစိတ်မီးပွင့်ဓာတ် ၆-ပါး၊ ဥပမာ၊ အခံဓာတ် ၆—ပါးကို မီးခြစ်အိမ်မှတ် အတိုက်ဓာတ် ၆—ပါးကို မီးခြစ်ဆံမှတ်၊ (စက္ခုဝိညာဏ်စိတ်ခေါ်) မီးခြစ်နဲ့— ဒ်ီးခြစ်ဆံနဲ့, ၂—ခုထိခိုက်လို့ မီးတောက်ပေါ်လာဒါနဲ့ မြင်စိတ်နဲ့ တူ၏။ အနိစ္စဓာတ်, ဒုက္ခဓာတ်, အနတ္တဓာတ်-ဟူ၍ ခန္ဓာ၌ စဉ်းစားပါ၊ဓာတ်ဖြစ်ကြောင်းရေးပြီ၊ ဒီအတုံးကြီးကို ဘယ်သူလုပ်တယ်ထင်သလဲတွေး၊ ဆံပင်, ဘယ်သူလာ၍ ပျိုးကြဲပြီးစိုက်ထားပါသလဲ၊တကိုယ်လုံးက ထွက်တဲ့ချွေးခေါ် ဓာတ်တွေ ဘယ်လူ ဘယ်နတ်က လာပြီး ဒီခန္ဓာထဲ ထည့်ကြပါသလဲ၊ ထမင်းစားတယ်, ရေသောက်တယ်, ကျင်ကြီးဖြစ်ဘို့-ကျင်ငယ်ဖြစ်ဘို့စားဒါသောက်ထာလား၊ ဆာလောင်လို့ စားသောက်တယ်၊ သူဖြစ်ချင်းတိုင်းဖြစ်ကြတယ် (အဖတ်ရုပ်) တွေကို ကျင်ကြီးလို့ ရှေးကနာမပညတ် တင်ထားတယ်၊ ကင်ပွန်းတပ်၍ နာမည်မှည့်ထားတယ် ယောဂီ။ အရည်ရုပ်တွေကို ကျင်ငယ်ခေါ်ရမယ်၊မခေါ်ရင် သတ်ပစ်မယ်လို့ ရှေးကကမ္ဘာဦးကစ၍ ခေါ်ဆိုသမုတ်စေခိုင်းဘိသကဲ့သို့ ခေါ်ဆိုလာကြ

ရတယ်၊ ခေါ်ဆို တိုင်းတကယ် ကျင်ကြီး ကျင်ငယ် မဟုတ်၊ (ရုပ်) ဘယ်သူမှ မလုပ်မှတ်၊ ရုပ်ဟာ–ခတ်။

## ဘာ့ကြောင့်–ခတ်ရေးရသလဲ

သူများအပြစ်မရှုနဲ့။ အတင်းအပြစ်မပြောနဲ့၊ ဆရာ၏ ခန္ဓာအပြစ်ကို ရေးမယ်ယောဂီ။ ကြပ်ကြပ်စဉ်းစား။

၁။ ဒီခန္ဓာအသုဘ ရှုံစရာ ဘယ်သူမှ မလုပ်တတ်ခတ်၊

၂။ မျက်စိပေါက်က ထွက်သမျှ အသုဘမှတ် ခတ်။

၃။ သေခါမှ အသုဘလို့ သိဒါ အန္ဓဗာလမှတ် ခတ်။

၄။ ငါယူတဲ့မယားဘဲလို့ အန္ဓတုံးကအမှတ် ယခုသိတော့ ခတ်။

၅။ ငါ့လင်ကို သူများကြည့်ဒါတောင်မှ မကြိုက်မှတ်ခုတော့ ခတ်။

၆။ ငါ့ကိုအတင်းပြောတယ်, ဆဲတယ်အမှတ် ဝိပဿနာက ခတ်။

၇။ နေရာတိုင်း သည်းခံဒါလဲခတ်၊ သည်းမခံပြန်လဲခတ်။

၈။ ဘယ်သူက ဘာတွေ ပြောပြော၊ ပါးစပ်လဲခတ်၊ အသံလဲခတ်။

၉။ ငါက မွေးတဲ့ခလေး, ငါ့ဝမ်းဗိုက်က ထွက်တယ်၊ အစစ် ခတ်။

၁၀။ ငါစီမံတယ်, ငါကြံတယ်, ငါလုပ်တယ်, ဘာလုပ်လုပ်ခတ်။

ခတ်သဘောကိုရေးတယ်မှတ်၊
အကုသိုလ်ကို အလုပ်ခိုင်းဒါ မဟုတ်ဘူး။
ကြက်မသတ်ရ၊ အရက်မသောက်ရ၊
သက်န်းဝတ်ပြီး တကာမနဲ့မနေရ၊ ရွှေငွေမကိုင်ရ

ဝိပဿနာ လိုက်စားသော ယောဂီတို့ ဆရာ၏ ဥပနိသျကို တကယ်မရပါဘဲ ထင်တိုင်း, လူပြိန်းသက်သက် အယူမျိုးတွေ ရှိတယ်၊အယူလွန်လျှင် အတိခာဝ ပုဂ္ဂိုလ် မှတ်၊ဝိပဿနာဘာဝနာ ကို မလေ့လာ မလိုက်စားလျှင် အယူပေါ့လို့ အယူမှာလျော့ သဖြင့် ဩလိယန ပုဂ္ဂိုလ် မှတ်၊အချို့–ယောဂီ ယောကျ်ား–မိန်းမ တို့သည် အတိခာဝဖြစ်ကြ၍၊ ခတ်ခတ်အယူနဲ့ ငါးသတ်၊ ကြက်သတ်၊ သူများပစ္စည်းကို လိမ်တယ်၊ ခိုးတယ်၊ချေးငှါးပြီးတော့ ပြန်မပေးဘူး၊(သူများလင်, သူများမယားကို) ပြစ်မှားကြူးလွန် ကြတယ်၊ငါတို့တော့ ခတ်ကိုပိုင်ပြီ၊ နေချင်တိုင်းနေ၊အပါယ်မကျ တော့ဘူး၊ ပဋိသန္ဓေတဖန် မနေရတော့ဘူးအယူနဲ့ ထင်သလိုနေ ခြင်း, စားခြင်းရှိ၏၊ဝိပဿနာတရားလိုက်စားကြသောယောကျ်ား မိန်းမ၊ လူ,ရှင်,ရဟန်းတို့ကို အထူးသတိပေးလိုက်သည်။ ဆရာ၏ တပည့်များထဲမှာပင်ဒီလို အတိခာဝအယူတွေရှိတယ်၊ ဆရာသည် ပိဋကတ်သုံးပုံကို သင်ဘူးတယ်၊ ဝိပဿနာ ဉာဏ်ကိုအစစ်တကယ် ပိုင်ပိုင်ရပါတယ်၊ တပည့် မှားသူတွေကိုဆုံးမဘူးတယ်၊ ဆုံးမလို့ မရဘူး။

ဒီအတိုင်းမှန်လျှင်ချက်ခြင်းဝိပဿနာ တရားထွန်းကားပါစေ၊ ဆရာရေးသောကျမ်းတွေ- တိုင်းပြည်မှာရှင်တိုင်း, လူတိုင်း,ကြည့်ရှုပြန့်နှံ့ပါစေ၊ မဇ္ဈိမပဋိပဒါ အလယ်ဗဟိုကျ- သီလ, သမာဓိ, ပညာ ပြည့်စုံရမည်။

ယထာဘူတံ ဉာဏာယ
သတ္တာပရိယေသိတဗ္ဗော

ယထာဘူတံ၊ ခန္ဓာအရှုပ်, နာမ်နဲ့ရုပ်၏၊ ဖြစ်ချက်ပျက်ချက် အကြောင်းအရင်း, ပေါင်းသင်းဖြစ်ပုံ၊ မကောင်းခြင်းစနစ်၊အစုံ ယခုအရွယ်ထိ ဖြစ်ပေါ် ပျက်ရပုံ၊ဟုတ် တိုင်းအမှန်ကို ဉာဏာယ၊ သိမြင်အောင်ဟောပြနိုင်သော။ သတ္တာ၊ဒုက္ခ ခန္ဓာသံသရာ ဇာတ်သိမ်း၊ အေးငြိမ်းသောနိဗ္ဗာန်ပြ၊ သပ္ပုရိသ ဆရာမြတ်ကို၊ ပရိယေသိတဗ္ဗော၊ ပိုက်ဆံ ရွှေ ငွေ ဆန်ရေစပါး ရှာဖွေပုံမခြား နေ့ရောညဉ့်ပါ, အခါမပြတ်မတွေ့ တွေ့အောင်ရှာမှီးအပ်၏။

**ဘဝတွေကိုမှန်းလျှင်အခုဆရာအစစ်ကိုရှာပိုက်ဆံဂုဏ်၊ လူပရိသတ်များတဲ့ဂုဏ် အိမ်ဂုဏ် တိုက်ဂုဏ် အဆောက် အဦးဂုဏ် သူဌေးဂုဏ် မင်းဂုဏ်၊ သက်နိုန်းဂုဏ်၊ ဂုဏ်မျိုး စုံရှိသော လောကကြီးရဲ့ ဂုဏ်တွေထဲကတရား ဂုဏ်ကို အရေးပြုပြီး တရား ရအောင်သာ ယခု အမြန်ရှာကြ၊ မ၆၃နဲ့၉၃တကျော မ၆၃နဲ့-၆၃သေမင်းမှတ်ပုဒ်ပြတ်။**

ဓာတ်သည် အနတ္တနဲ့ အသံကွဲ သဘောတူ မှတ်လေ၊မျိုးစုံသိလိုက ဆရာရေးသောပညာဒီပနီအစ-ဓာတုဒီပနီအဆုံး၊ဝယ်ယူပူဇော်၍

ဘတ်ကြအုန်း။ ဓာတ်သဘောတကယ်ပိုင်ပါက၊ လူသဘောကောင်ကို တရားနာဘိတ်သေးသလားနေရာတိုင်း ဘာကိုဘဲလုပ်လုပ် လုပ်ခြင် သလိုလုပ် ဓာတ်မှတ်။ငါမပါသူ့သဘော၊ငါရောလျှင်လူ၊ သူလာ ရောပြန်ရင်ပူ (ငါသူမရော–သူ့သဘော) ငါသူရောလျှင် လူသ ဘော (ငါသူမရှုပ်–ဓာတ်အဟုတ်)ငါသူ ၂–ခုအရှုပ် လူအလုပ်။

## ဝိုင်းထဲမှာ ဘတ်ပြစမ်းပါ

၁။ သတ္တဝါလုံးဝမဟုတ်၊ဓာတ်ဟဲ့–မသတ်နဲ့။
၂။ အရက်အရှင်းမဟုတ်၊ ဓာတ်ပေါက်ဟဲ့ ထပ်မသောက်နဲ့
၃။ ယောကျ်ား–မိန်းမတကယ်မရှိ၊ဓာတ်တရားဟဲ့ထပ်မမှားနဲ့။
၄။ အသက်အရှင်းမရှိ၊ဓာတ်အတိဟဲ့–ဘန့်မိမပြစ်မှားနဲ့။
၅။ ပုဂ္ဂိုလ်မရှိ၊ ဓာတ်အနတ္တဟဲ့–သပ္ပုရိ သံဆရာမပယ်နဲ့
၆။ သတ္တဝါတကယ်မမှတ်၊ သဘာဝဓာတ်ဟဲ့– မေတ္တာပို့ မမေ့နဲ့။
၇။ အသက် အရှင်းမမှတ်၊ အနတ္တဓာတ်ဟဲ့- မသတ်နဲ့။
၈။ စိတ်အမြဲတန်းပျက်တဲ့ဓာတ်ဟဲ့– သမာဓိမပျက်နဲ့။
၉။ အင်္ဂြေ,ကျောက်,သစ်သား, မဟုတ်၊ဓာတ်အစစ်ဟဲ့– ဥဒ္ဒိသ ဘုရားမပယ်နဲ့။
၁၀။ အဝတ်အထည်မရှိ၊ ရုပ်ဓာတ်ဟဲ့– သင်္ကန်းမပယ်နဲ့။

မဂ္ဂသမ္ဘာရဒီပနီနှင့်အညီ၊ ဆရာ၏ကိုယ်ပိုင်ဉာဏ်အရ

အကျဉ်း ၇–၄ဘန အမြွက်မျှပြီးပြီ။

## ဘုရားပင့်

ဣန္ဒြိယာဏ ရူပဝါစာ၊ တန်ခိုးပေါ် ဉာဏ်တော်က လင်း၊ ခြောက်သွယ်တော် ရောင်ခြည်အဆင်းနှင့် ဆုံးမခြင်းစကားတော်။

**မမှိနိုင်၊ မတိုင်းနိုင်တဲ့ တန်ခိုးတော်၊**
**မနှိုင်းနိုင်၊ မယှဉ်နိုင်တဲ့ ဉာဏ်တော်၊**
**မတုနိုင်၊ မပြိုင်နိုင်တဲ့ အဆင်းတော်၊**
**မကြွားနိုင်၊ မဝါနိုင်တဲ့ စကားတော်။**

သုံးဆယ့်တဘုံလုံး၊ ပဲ့တင်ချုန်းလျက်၊ ဘုန်းကြက်သရေ၊ တက်နေအလားကဲ့သို့ အလွန်တရာကြီးမားလှတဲ့ တန်ခိုးတော်။

နတ်ပြဟ္မာ လူအကုန်၊ သတ္တဝါပေါင်းစုံတို့၊ ဖူးငုံအဆင့်ဆင့်၊ အနုအရင့်ကိုမျှော်၊ ပွင့်စေတော်မူနိုင်တဲ့ ဉာဏ်တော်။

တနေ့လုံး၊တညလုံး၊ တဘဝလုံး၊ဖူးမျှော်၊ ပူဇော်ညွတ်ကျိုး၊ မာန်ကိုချိုးလျက်၊ ရှိခိုးခါကြည့်မဝ၊ ရှုသေစွာ ပဏာမ၊ သဒ္ဓါဟုန်စိတ်ရင်းမို့၊ ကြည်ညိုလို့အားမရ၊ တင်းတိမ်ရောင့်ရဲခြင်းငှါမရှိကြ နမူနာစံ၊ ဘယ်သဏ္ဌာန်တို့နှင့်မှ ဥပမာတင်ခါ-မပြနိုင်တဲ့- အဆင်းတော်။

သီလစုံနိသျှည်း၊ ကျင့်သိက္ခာ ဝိနည်းက၊ ငါးကဏ္ဍ နမူနာ၊ သာဓက၊ တရားတော်အမှန်နှင့်၊ မဂ်ဖိုလ်ဉာဏ်ရကြတဲ့ သုတ်ဓမ္မသုံးဖြာ၊ ဂမ္ဘီရဒေသနာ သံသရာထွက်ဘိုလမ်းက ၇-ခမ်း၊ အဘိဓမ္မာ၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမာဒိနဝကထာ၊ အာနိသံသကထာ၊ နိပ္ပရိယာယကထာ၊ ပရိယာယ

ကထာ၊ တန်ဆာ ကိုရိယာတော်အစုံ၊ ပဒေသာပေါင်းခြုံလျက်၊ ဒေသနာတော်မျိုးစုံ၊ ဟောကြားပုံအနန္တ၊ ခံတွင်းတော်ကြာ တိုက်မှ၊ မင်္ဂလာဆိုက်အရသာ၊ ဒေသနာအမြိုက်ဆေး၊ အပူစုံအေး နိုင်တဲ့စကားတော်။

မြတ်ဂုဏ်တော်လေးဌာန၊ အစိန္တေယျဣဒ္ဓိ၊ အစိန္တေယျဉာဏ၊ အစိန္တေယျရူပ၊ အစိန္တေယျဝါစာ၊ အံ့ဘွယ်ရာ ဂုဏ်တော်ထူးနှင့် မြတ်မုနိမကိုဋ်၊ သုံးတိုက်လုံးသခင်၊ ဂေါတမ ဘုရားရှင်သည်၊ ဓမ္မကထိကမှည့်ခေါ်၊ ဘုရား– တပည့်တော်၏ ထိပ်ဦးပြင်၌၊ ကြည်နူးသဒ္ဒါ ဖူးငုံသမျှ၊ ရှိသေစွာ ဦးစုံချလိုက်ပါ၏၊ ကြွလှမ်း တော် မူလှဲပါတော့၊ မဟာ– ကျေးဇူးတော်ရှင် ကိုယ်တော် မြတ်ကြီးဘုရား။

## ရောင်ခြည်တော် ၆–မါးဘုရားပင့်

ဗောဓိညောင်တော်၊ ပလ္လင်ပေါ်၌၊ ပွင့်သော်ရောင်လျှမ်း၊ သုံးလူ့၊ ပန်းဟု၊မြိုင်ခမ်းရိပ်ဝါ၊ ထိုနေရာမှ၊ အနိမိတ္တ၊ စင်္ကြံမနှင့်၊ ဃရ ရိပ်ငြိမ်၊ နန်းရွှေအိမ်၌၊ မုနိမြွက်ဟ၊ ဉာဏ်တော်မျှဝယ်၊ ဓမ္မသင်္ဂဏီ အစချီ၍ တလီဝိဘင်း၊ ကိုယ်တော်ထင်းခဲ့၊ ခံတွင်းကြာစု၊ နတ် သာဓုဖြင့်၊ ဓာတုကထာ၊ ဒေသနာကို၊ သေချာထုတ်ပြ၊ ပုဂ္ဂလ ဟု–

ဗုဒ္ဓမြွက်ခါ၊ ထိုးထွင်းရှာလျက်၊ ကထာဝတ္ထု၊ ကြည်ညိုမှုဖြင့်။ ကျွတ်ဆုဆယ်ကျမ်း၊ယမိုက်ပန်းကို၊ အဆန်းတကြယ် ပဋ္ဌာန်းသွယ် ၍။ ခက်ဘွယ်နက်လှ၊ ဂမ္ဘီရဟု၊ နိပုဏမှန်၊ ဒုဒ္ဒသံကို၊ မုက္ခမံမြတ်၊

ကျင့်သုံးတတ်မှ။ ထွက်လျှပ်တင့်တယ်၊ ရောင်ခြောက်သွယ်တို့၊ ထယ်ခါဖွဲ့စပ်။ ကိုယ်တော်မြတ်၌–

ရောင်ထပ်ဝင်းဝါ၊ ညိုရွှေပြာလျက်။ နီလာထိန်တောက်။ စိန်ရွှေကျောက်သို့၊ ထက်အောက်ဝဲယာ၊ စုန်ဆန်ခါဖြင့်၊ မြင့်စွာပျံတက်၊ ပြိုးပြိုးပျက်မျှ၊ တခဲနက်သာ၊ ခွဲတွက်ဖြာလျက်၊ သောကြာကြယ်ဝင်း၊ ဘိုးလမင်းနှယ်၊ ဖြူလင်းဘော်ငွေ၊ ကြက်သရေနှင့်–

တက်နေမြသား၊ ဥဿဘယားဟု၊ ကြွားကြွားဝင့်ဝင့်၊ မိုးဃ်းတိမ်လွှင့်သို့၊ ပင်မြင့်ကျွန်း၊ ပလ္လင်နန်း၌၊ ပျံသန်းတက်လို၊ ဘဝဂ်ထိုမျှ၊ ကြည်ညိုကြာရင့်၊ မီးရောင်ဆင့်လျက်၊ တိမ်ရင့် တိမ်ခိုး၊ တိမ်ရောင်ထိုးလျက်၊ တိမ်မိုဃ်းဖွဲ့ပုံ၊ ကိုးတန်ဂုဏ်နှင့်၊ ရောင်စုံစွင့်စွင့်၊ အောင်နန်းမြင့်ဝယ်၊ အောင်ကြောင်းသွယ်၍၊ အောင်ဘွယ်အောင်ဟိတ်၊ အောင်နိမိတ်ဖြင့်၊ အောင်ဘိသိက်တက်၊ အောင်ကနက်မို့၊ အောင်ချက်ထီးဖြူ၊ အောင်ပန်းယူခဲ့၊ အောင်သူဇိနာ၊ ဘွဲ့တော်စ၍၊ ဘုရားရောင်ထိန်၊ ဂုဏ်တော်ရှိန်ကို၊ ဦးနှိမ်ဝန်ချ၊ ဘုရားတပည့်တော်– ဓမ္မကထိက၏၊ သီဿဥက္ကောင်း၊ ကြွလာကြောင်းမို့၊ ညွတ်ပျောင်းမြတ်နိုး–ရှိခိုးပါ၏။

သီဿဥက္ကောင်း၊ ကြွလာကြောင်းမို့၊ ညွတ်ပျောင်း ပူဇော်ဖူးမျှော်ပါ၏။

သီဿဥက္ကောင်း၊ ကြွလာကြောင်းမို့၊ ညွတ်ပျောင်းမာန်လျှော့၊ ရှိသေစွာကန်တော့ပါ၏–ကိုယ်တော်မြတ်ကြီးဘုရား။

## ၈–လုံးဘွဲ့ ၈–ပိုဒ်၊ နီလ–အညိုရောင်

အောက်မဲညိုပွင့်၊ ခိုသင့်ညိုရောင်၊
တိမ်ရောင်တိမ်ခိုး၊ ရွှေမိုးသည်းညိုရောင်၊
ပုလဲကိုးနှင့်၊ ရွှဲလုံးညိုရောင်၊
ထူးလှဦးချ၊ ဖူးကြညိုရောင်။
ဆံတော်မျက်လုံး၊ မျက်ခုံးညိုရောင်၊
ဥက္ကာလုံခေတ်၊ မွေးမြတ်ညိုရောင်၊
နေ့ညဥ့်မပြတ်၊ ထွက်လျှပ်ညိုရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

## ပီတ–ရွှေရောင်

နေမင်းထွက်စ၊ တကကြွရွှေရောင်၊
တိမ်ရောင်တိမ်ပန်း၊ ဆေးဒါန်းရွှေရောင်၊
ဇမ္ဗူသိင်္ဂနိက်၊ လျှံဖိတ်ရွှေရောင်၊
ထူးလှဦးချ၊ ဖူးကြရွှေရောင်။
ကိုယ်ရေတော်မှ၊ ရွှရွှရွှေရောင်၊
မျက်နှာတော်မှ၊ ကြွကြွရွှေရောင်၊
နေ့ညဥ့်မပြတ်၊ ထွက်လျှပ်ရွှေရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။

## လောဟိတ–အနီရောင်

ပတ္တမြားကျောက်၊ မီးတောက်နီရောင်၊
မီးကျီမီးရဲ၊ တိမ်ခဲနီရောင်၊

ပန်းနီဆေးဝါး၊ ကြေးပြားနီရောင်။
ထူးလှဦးချ၊ ဖူးကြနီရောင်။
ခြေလက်သည်းဆန်း၊ နှုတ်ခမ်းနီရောင်၊
နှလုံးတော်ကပ်၊ သွေးဓာတ်နီရောင်၊
နေ့ညဥ့်မပြတ်၊ ထွက်လျှပ်နီရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

## ဩဒါတ–အဖြူရောင်

ဘိုးရွှေလမင်း၊ ကြယ်ဝင်းဖြူရောင်၊
ခရုသင်းနှင့်၊ ကျောက်လင်းဖြူရောင်၊
ဘော်သား–ငွေသား၊ စိန်သားဖြူရောင်၊
ထူးလှဦးချ၊ ဖူးကြဖြူရောင်၊
သွားစွယ်တော်မြတ်၊ ရိုးဓာတ်ဖြူရောင်
ဆံတော်ဓာတ်ဆုံး၊ မျက်လုံးဖြူရောင်၊
နေ့ညဥ့်မပြတ်၊ ထွက်လျှပ်ဖြူရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

## မဉ္စိဋ္ဌ–ညိုမှိုင်းရောင်

နက်ပြာညိုစပ်၊ စိမ်းထပ်မောင်းရောင်၊
ရေနံထိမ်ခိုး၊ ရွှေမိုးဃန်းမောင်းရောင်၊
ကြာပုဏ္ဏရိက်၊ မြဖိတ်မောင်းရောင်၊
ထူးလှဦးချ၊ ဖူးကြမောင်းရောင်။
သက်ကျစ်တော်မှ၊ မြန်းကြွမောင်းရောင်၊

ကိုယ်လုံးတော်သန့်၊ ပြန့်နှံ့မောင်းရောင်။
နေ့ညဉ့်မပြတ်၊ ထွက်လျှပ်မောင်းရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

## ပဘဿရ–ရောင်စုံ

ညိုရွှေနီဝင်း၊ ဖြူလင်းလက်ရောင်၊
စိမ်းဝါဖလ်လက်၊ တခဲနက်ရောင်၊
ရောင်စုံပေါင်းယှက်၊ ပြိုးပြက်မှည့်ရောင်၊
ထူးကြဦးချ၊ ဖူးကြရွှေရောင်၊
ဆံတော်ဖျားမှ၊ ခြေဖျားဆုံးရောင်၊
ခြေတော်ဖျားမှ၊ ဆံဖျားဆုံးရောင်၊
နေ့ညဉ့်မပြတ်၊ ထွက်လျှပ်စုံရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

## မိမိကိုယ် မိမိ ဆင်ခြင်ခဏ်း
## သံဝေဂ ၈–လုံးဘွဲ့

၁ ခန္ဓာမြစ်မ၊ ဖြစ်ရလူ့ဘောင်၊
ဒုက္ခဝဋ်ဆိုး၊ ချည်ကြိုးဖွဲ့နှောင်၊
ဘယ်ကိုပြေးလို့၊ မအေးနိုင်အောင်၊
မပျော်မွေ့၊ ငြီးငွေ့နာမ်ရုပ်ကောင်။ ။

၂ ခန္ဓာငါးပါး၊ မီးပွားမီးရောင်၊
နေ့စဉ်ညဆက်၊ မပျက်တောက်လောင်၊
ငါ့ဝန်ငါထမ်း၊ ငါ့လမ်းညွှန်မှောင်၊
အနိစ္စ-ဒိဋ္ဌ တွေ့ဘို့ထောင်။ ။

၃ ရွှေ, ငွေ, စီးပွား၊ ကြီးမားလေအောင်၊
ရှေ့ကိုမက်လှမ်း၊ ပင်ပန်းဝဋ္ဋဘောင်၊
ကိုယ်ပိုင်အလုပ်၊ အဟုတ်ထင်ရောင်၊
ရုပ်သမျှ-ဒုက္ခလူတို့ဘောင်။ ။

၄ မီးကိုဝင်တိုး၊ ပိုးဖလံကောင်
ကိုယ်ကျိုးရှိနိုး၊ မီးခိုးကိုင်ဆောင်၊
မရိပ်မိကာ၊ ဒိဋ္ဌိစွဲထောင်၊
အနတ္တ-ဓာတ်မျှ မမြင်မှောင်။ ။

၅ နေ့စဉ်ညရှုပ်၊ ငါ့အလုပ်ဆောင်၊
အရိယာများ၊ နပ်ပါးလွှတ်ရှောင်၊
ငါမရိပ်မိ၊ ဒိဋ္ဌိစွဲမှောင်၊
ငါပင်မွေး-မီးဘေး ငါမှာလောင်။ ။

၆ ငါ့စင် ငါစီး၊ ငါ့မီး ငါလောင်၊
ငါ၏မီးပွား၊ မီးများမီးရောင်၊
မီးကောင်ကမွေး၊ မီးဘေးဝဋ္ဋကောင်၊
မီးတောက်ထဲ၊ ပျော်မြဲဖလံကောင်။ ။

၇ သိမ်းနှင့်သွား၊ မယွားလူ့ဘောင်၊
ဃရာဝါသ၊ ပျော်ကြထင်ရောင်၊
မျက်တောင်တခတ်၊ ပွဲဇာတ်ပြဆောင်၊
အရိပ်ပြ-စိတ်က ထင်လုံးမှောင်။ ။

၈ ဓာတ်သဘာဝ၊ လက္ခဏာရောင်၊
ယောက်ျား-မိန်းမ၊ ကိန်းချဝင်္ဂကောင်၊
လူပင်ထင်မိ၊ မျက်လှည့်ပုံဆောင်၊
မသိကြ-မိရ, ကာမထောင်။ ။

၉ သပ္ပုရိသ၊ လင်းပြဉာဏ်ရောင်၊
မသိလူများ၊ ကျော်သွားလွတ်ရှောင်
သိကြသူများ၊ ဖော်စားမြင်အောင်၊
မသေရ-ခေမနိဗ္ဗူသောင်။ ။

၁၀ ယောက်ျား-မိန်းမစိတ်ကထင်ရောင်၊
ထက်တန်းမဂ်လမ်း၊ တက်လှမ်းဉာဏ်ရောင်၊
ဓာတ်ကိုမြင်သိ၊ မရှိလူကောင်၊
သဘာဝ-ဖြစ်ကပျက်ရိုးထောင်။ ။

၁၁ ဉာဏ်တူရှိက၊ သိကြလေအောင်၊
ဝိဇ္ဇာညွှန်ပြ၊ ဆေးမျှလက်ဆောင်၊
အရိယာဇာတ်၊ ထွက်ရပ်လွတ်ရှောင်၊
မဇ္ဈိမ-သိကြမဂ်ဉာဏ်ရောင်။ ။

၁၂ ကိလေသာမီး၊ ညီးညီးထိန်ပြောင်၊
ကြိုးပမ်းအားထုတ်၊ ရေမြှုပ်ရုပ်ကောင်၊
ဝိဉာဏ်မျက်လှ္ဲ၊ တကဲ့နာမ်ဆောင်၊
အာရုံမီး–ဆုံဆီးမပြတ်လောင်။ ။

★

## ပဋိစ္စသမုပ္ပါဒ် ဂ–လုံးဘွဲ့

၁ အမှိုက်ကစပ်၊ ပြာသာဒ်မီးလောင်၊
ဇာတိကစ၊ ဒုက္ခလူ့ဘောင်၊
ဉာဏ်သိမှန်ကြည့်၊ မျက်လှည့်ဟန်ဆောင်၊
ခလေးရှု–သွေးစုခန္ဓာကောင်။ ။

၂ ကိုယ့်ကိုယ် ကိုယ်သိ၊ ဇာတိချုပ်နှောင်၊
ကိုယ့်ဆုတောင်းနဲ့၊ သေလောင်းမိုက်မှောင်၊
မင်းနဲ့ သူဌေး၊ ခလေးကဆောင်၊
အချုပ်သား–အများကြိုက်တဲ့ထောင်။ ။

၃ တဏှာဘေးကြောင့်၊ ခလေးလူကောင်၊
မသာဘေးနှင့်၊ သူဌေးဟန်ဆောင်၊
နာနာတွေးကြ၊ သွေးကစလောင်၊
ယောဂီများ–ရှောင်ရှားဒုက္ခဘောင်။ ။

၄ ကုသိုလ်ရေးကြောင့်၊ ခလေးလူကောင်၊
ပြုဘို့တွေးက၊ နောင်ရေးဝဋ်ကောင်၊

စည်းစိမ်ခံစား၊ မိုက်မှားပိတ်နှောင်၊
တဏှာကြိုက်-ပြန်လိုက်ကာမထောင်။ ။

၅ နိဗ္ဗာန်ဆုတောင်း၊ ပြုကြောင်းရည်ဆောင်၊
မရခင်ကြား၊ ခံစားအချောင်၊
မင်းမိဖုယား၊ သိကြားဖြစ်ယောင်၊
ထင်တိုင်းမှား-ပြုငြားအပါယ်ကောင်။ ။

၆ ဆုသာတောင်းရ၊ ဒိဋ္ဌမအောင်၊
ပြုရာပုည၊ ဂုဏ်ကြွဟိတ်ဆောင်၊
သပ္ပုရိသ၊ မတွေ့ကမှောင်၊
ကရွတ်ကင်း-ရှောက်ရင်းဆုတောင်းကောင်။ ။

၇ သာသနာတွင်း၊ လမင်းနေရောင်၊
မျက်စိမလင်း၊ ဝမ်းတွင်းဝဋ်ကောင်၊
ရှေ့ပြေးလမ်းပြ၊ အန္ဓကဆောင်၊
နောက်လိုက်များ-ရှောက်သွားသေဘေးထောင်။

၈ ဖြစ်ရာဇာတိ၊ မသိချက်မှောင်၊
ရေကြည်ရေခဲ၊ သွေးခဲစလောင်၊
သူဌေးမင်းဖြစ်၊ ယုတ်ညစ်ပုပ်ကောင်၊
မရိပ်မိ- ဒိဋ္ဌိနေမြဲထောင်။ ။

၉ ငါသည်ဘယ်ရပ်၊ ဘယ်ဇာတ်မျိုးကောင်၊
ဘုရားမေးက၊ လျှောက်ရေးခက်အောင်၊

မွှေးရာလာသိ၊ ဇာတိချုပ်နှောင်၊
ဥဘက်မှာတွေး–ခလေးပြစ်တိုင်းထောင်။ ။

၁၀ ကြောင်းကျိုးချင်းစပ်၊ လှည့်ပတ်ဖွဲ့ဆောင်၊
ကောင်းဆိုး ၂–ရပ်၊ လူ့နတ်ထင်အောင်၊
သွေးနှင့်သူဌေး၊ ဆက်ရေးမရှောင်၊
သူဌေးသား၊ သွေးလားစီစစ်ထောင်။ ။

၁၁ အဝိဇ္ဇာမီး၊ ထိပ်စီးဖွဲ့နှောင်၊
ခဲလေသမျှ၊ ရေကျသဲသောင်၊
အရှူးလွယ်အိတ်၊ ထည့်သိတ်ယူဆောင်၊
နှိုက်ယူကြည့်၊ မိုက်သည့်မျက်လှည့်ကောင်။ ။

၁၂ ကုန်ကား ကုန်ရိုး၊ ကုန်ကျိုးမအောင်၊
ဝိနိပါတ၊ လွင့်ကြဘေးထောင်၊
သစ်ရွက်ကြွေကျ၊ လေကပင့်ဆောင်၊
စိတ်သာချ–ဒိဋ္ဌအပါယ်ထောင်။ ။

၁၃ နေမင်းရှိလျက်–မှုကြည့်ချက်မှောင်၊
နေရောင်ယှက်သန်း၊ မျက်ကန်းငဲ့ဆောင်၊
ကိုယ်ကြိုက်တွေ့က၊ လိုက်ရှဲအချောင်၊
မြုပ်သမျှ–ဒုက္ခမသိမှောင်။ ။

၁၄ သင်္ခါရမျိုး၊ စိုက်ပျိုးထူထောင်၊
နိဗ္ဗာန်ရကြောင်း၊ ဆုတောင်းလက်ဆောင်၊
ရရင်တော်စွ၊ မရရင်မှောင်၊
အကြောင်းပြု–ကောင်းမှုပြစ်တိုင်းထောင်။ ။

၁၅ ပေဘူတောင်မျှ၊ ရောက်ရလူ့ဘောင်၊
သိန်းတန်ထိုက်ငြား၊ မြသားကြည်ရောင်၊
ကျောက်ကောင်းတွေ့က၊ မကောက်ရရှောင်၊
လက်မရှိ–မျက်စိမမြင်မှောင်။ ။

၁၆ သဒ္ဒေဇာတိ၊ လာသည့်ပုပ်ကောင်။
ရန်တွေ့ပါဘိ၊ နာမ်မိရုပ်ဆောင်၊
ပြန်လေရှာသည့်၊ ကြာသည့်တုပ်နှောင်၊
ခလေးမိုက်–သွေးဗိုက်အချုပ်ထောင်။ ။

၁၇ အဝိဇ္ဇာက၊ မရဏဆောင်၊
မိုက်သေဒုက္ခ၊ မချုပ်ဖွဲ့နှောင်၊
ဝိဇ္ဇာဉာဏ်ရ၊ ပဋိစ္စထောင်၊
ဒုလ္လဘ–ကြုံကြနေမင်းရောင်။ ။

၁၈ သခ်ါရနှင့်၊ ဘဝကံဆောင်၊
ပုံနည်းသိမှ၊ လွတ်ရမည်ထောင်၊
သပ္ပုရိသ၊ တွေ့ကမရှောင်၊
နိသျည်း–ခိုမှီးနေမင်းရောင်။ ။

၁၉ အကြောင်းကိုသတ်၊ ထွက်ဇာတ်ရှာဆောင်၊
သတ်နည်း ပယ်နည်း၊ လွတ်နည်းတွေ့အောင်၊
သပ္ပုရိသ၊ ရှာကြနေရောင်၊
မျက်စိလင်း–လွှက်ကင်း ကန္တတ်ထောင်။ ။

၂၀ လည်နည်း–ထွက်နည်း၊ ၂-နည်းမြင်အောင်၊
ဆရာကောင်းမှ၊ လွတ်ကောင်းဉာဏ်ဆောင်၊

ခန္ဓာဒုက္ခ၊ ပဋိစ္စကောင်။
အနတ္တ–ဓာတ်မျှထွက်နည်းထောင်။

★

တရားမတောင်းမီ ရှေးဦးစွာ–ညီညီသံပြိုင်ဆို။
သပ္ပုရိသ နိဗ္ဗာန်လမ်းပြ–ဆရာမြတ်၏

**ဂုဏ်အင်္ဂါ ၇-ပါး သံပေါက်**

၁ နတ်လူပြဟ္မာ–ချစ်အပ်စွာ၊ ဆရာမြတ်၏ဂုဏ်
၂ ပူဇော်မြတ်နိုး– လက်စုံမိုး၊ ရှိခိုးထိုက်သည့်ဂုဏ်။
၃ ချီးမွမ်းထိုက်ပုံ– ကျေးဇူးဂုဏ်၊ လုံးစုံကျော်တဲ့ဂုဏ်။
၄ ခက်ခဲလှဘွယ်–မေးလျှောက်ဝယ်၊ ဖြေလွယ်နိုင်တဲ့ဂုဏ်။
၅ မေးတိုင်းဖြေပြန်-ပညာညာဏ်၊ သည်းခံနိုင်တဲ့ဂုဏ်။
၆ နက်နဲထူးပြား–မြတ်စကား၊ဟောကြားနိုင်တဲ့ဂုဏ်။
၇ အကြောင်းမလျော်–မသင့်တော်၊ မနိုးဆော်တဲ့ဂုဏ်။
၈ သပ္ပုရိသ–ကလျာဏ၊ ပြည့်ဝသတ္တဂုဏ်။

(အဖွဲ့အစည်းအဝေး၌ အမြဲရွတ်–အိမ်မှာအမြဲဆို)

☆

**တရားတောင်း**

စက်သံသရာ၊ ကမ္ဘာဘာတွင်၊ ဉာဏ်မှာမရှိ၊ မိုက်လုံး ထိလျက် မျက်စိမပါ၊ လူဗာလာဟု၊ ခန္ဓာနာမ်ရုပ်၊ ကိုယ့်ဇာတ်ထုပ်ကို၊ အဟုတ်မပေါ်၊ သရုပ်ချော်လျက်၊ မြုပ်သော်မှန်းဆ၊ လမ်းမရ၍၊ အန္ဓခေါ်ရိုး၊နာမည်ဆိုးကို၊ ပယ်ချိုးသုခ်သင်၊ နာမည်ပြင်လျက် အရှင်မြတ်ဖျား၊ တပည့်များကို၊ ထင်ရှားပြသ၊ သြဝါဒဖြင့်၊

ဓမ္မရေအေး၊အမြိုက်ဆေးကို၊ တိုက်ကျွေးဘို့ရာ၊ဘိဓမ္မာလမ်း၊ဂူခမ်း
ဟု၊ကျွတ်တန်းဝင်ရိုး၊ဝိဇ္ဇာမျိုးကို၊ အကျိုးဖေါ်ပြ၊သာဓကနှင့်။
စက္ခုံဥဒပါဒိ၊သစ္စာလေးပါး၊မြတ်တရားကို၊လက်ဝါးတင်ထား
မျက်မြင်ထင်ရှားရလေအောင်။
ဉာဏံဥဒပါဒိ၊ ဒိဋ္ဌိပယ်ခွင်း၊ ကိုယ်ပိုင်ဉာဏ်ရှင်းရ လေ
အောင်။
ပညာဥဒပါဒိ၊ အမိုက်ပယ်ရှောင် ပညာရောင် လင်းရလေ
အောင်။
ဝိဇ္ဇာဥဒပါဒိ၊ ဒုက္ခကိုအမြင်သန်ဝိဇ္ဇာဉာဏ်ရကြလေအောင်။
အာလောကော–ဥဒပါဒိ၊လမ်း ကြောင်း ကိုရှင်း၊လင်းလင်း
ကြီး သိရလေအောင်။
ခြေစုံတော်လျှိုးဦးညွတ်ကျိုး၍၊ရှိခိုးခါတောင်းပန်ခါ၊ဟောကြား
တော်မူလှဲ့ပါတော့ ဓမ္မကထိက အမော်နိုင်ငံကျော် ကျေးရှင်
မြတ်ဘုရား။

## တရားတောင်း

ဘုန်းတော်ရောင်ရှိန်၊ စောမုနိကို၊ သုံးကြိမ်ညွတ်ပျောင်း၊ ဆုပန်
တောင်းခဲ့၊စိတ် ကောင်းကြည်လင်၊ တင်ပဏာမိုး၊ ရှိခိုးပန်ထွာ၊
ဦးညွတ်ပါသည်၊ အာကာဖြန့်မြန်း၊ဝတိံနန်းသို့၊တက်လှမ်းပြီးခါ
မယ်ဒေဝါကို၊ ဘိဓမ္မာထူး၊ ဂုဏ်ကျေးဇူးဖြင့်၊ တင်ကူးဆပ်ခါ
ပြည်ခေမာသို့၊ရောက်အောင်ပို့လျက်–
နတ်တို့စံရာ၊ ဝတိံသာမှ၊ လူ့ရွာတဖန်၊ ဆင်းခဲ့ပြန်သည်၊ တန်
တန်ဟောကြား၊ မြို့ပြည်များသို့။ ပြန့်ပွားဆက်ခါ၊ သာသနာကို။

ဝေ ဏော ဗိုလ် ပေါင်း၊ ရစေကြောင်း၊ စည်မောင်းရိုက်ခါ၊ ဒေသနာရင်း၊ ထိန်ဝင်း ပြောင်ပြောင်၊ ထွန်းရလေအောင်-

မြတ်ခေါင်ဗုဒ္ဓ၊ သြရသဟု၊ ပုတ္တခေါ်ငြား၊ ကိုယ်တော်သားက၊ ထင်ရှားလှစ်ခါ၊ ဒိဋ္ဌိကွာရေး၊ ဝန်လေးမည်ဆို၊ ကြောက်ရသည်ကို၊ ကြည်ညိုရောက်ငြား၊ တပည့်များအား။ သနားကြင်နာ၊ စေတနာဖြင့်၊ မေတ္တာပွားခါ၊ ချစ်ကြည်စွာဖြင့်၊ သဒ္ဓါမြတ်နိုး၊ ရှိခိုးတင်ခါ၊ လျှောက်ဝံ့ပါသည်-

မြို့ရွာလှည့်ခါ၊ ဟောခါပြောခါ၊ ဘိဓမ္မာမိုးယံ၊ ဝိဇ္ဇာမျိုးကို၊ သွန်းဖြိုးဖြန့်ခါ၊ နှိုးဆော်ရှာသည်၊ နိုင်ငံကျော်ကြား၊ အရှင့်သား၏၊ ခြေဘဝါးတော်အောက်၊ လက်စုံမြှောက်၍၊ လျှောက်ခါခွင့်ရေး တိုက်ဝေကျွေးဘို့။ အေးစေဘေးတွေ့။ မေတ္တာဝေလျက်၊ စိတ်နေချစ်ပွား။ ရင်ဝယ်သားသို့၊ ဟောကြားညွှန်ပြ၊ ဆုံးမတော်မူလှဲပါတော့။ ဆရာတော်သ ခင် ကျေးဇူးရှင်မြတ်ဘုရား။

## တရားတောင်း

လောကသုံးခွင်၊ တွေ့တိုင်းခင်၍၊ အမျှင်ရှည်ကြာ၊ ဗွေသံသာဝယ်၊ တဏှာကာမ၊ အာသဝကြောင့်၊ မောဟဖုံးကာ။ အဝိဇ္ဇာဟု။ မိစ္ဆာစိတ်ရှိ၊ မရိပ်မိ၍။ ဒိဋ္ဌိဝိပ္ပလ်။ယှင်းဘောက်ပြန်ကြ၊ကံသင်္ခါရ၊ ဇနကကြောင့်၊ ဘဝသွယ်သွယ်၊ ဆုံလည်လည်ခဲ့၊ အပါယ်မြစ်မ၊ လေးဌာနဉ်၊မြုပ်ကြများစွာ၊ ဒိုသူငါမှာ၊ ခုခါရောက်ရ လူ့လောကဝယ်။

ဘဝမျက်ရှင်၊ ပဒေသာပင်ကို၊ မျက်မြင်မုချ၊ တွေ့ကြုံရလျက်။ အနိစ္စမြင်လျှင်၊ ဒိဋ္ဌိစင်ဘို့။ ဒုက္ခပေါက်လျှင်၊ ဒိဋ္ဌိပျောက်ဘို့။

အနန္တပိုင်လျှင်၊ ဒိဋ္ဌိနိုင်ဘို့။ လက်ကိုင်ခဲ့ခြား၊ ခေတ်တရားကို၊မှတ်သားကြည်ညို၊ ကြားနာလို၍၊ ပုဂ္ဂိုလ်စားစား၊ သိဂ်ါနားသို့-

တရားစည်ကြီး၊ နေ့စဉ်တီးခဲ့၊ နိသျှည်းမှန်၊ လမ်းပြဉာဏ်ဖြင့်၊ နိုင်ငံပြေသိ၊ ရှာနယ်လှည့်၍၊ မျိုးစေ့ဝိဇ္ဇာ၊ ကျင့်စရာနှင့်၊ ၂ ဖြာသိမ်းဆီး၊ မဂ်ခရီးကို၊ ရောက်နည်းကေန်၊ သိကြောင်းမှန်လျက်၊ ဝေဘန်ပိုင်းခြား၊ ပတ္တမြားသို့၊ မျက်ဝါးထင်ထင်၊ လက်ဝါးပြင်၌၊ ပေါ်လွင်ဖွင့်ဟ၊ မပျောက်ရအောင်၊ ထောက်မခါ-သဘောကျစရာ၊ ဟောပြတော်မူလှူပါတော့ ဓမ္မကထိက အမေဘ်နိုင်ငံကျော်ကျေးဇူးရှင်မြတ်ဘုရား။

## ဆရာတော် ဦးမြတ်သိန်းထွန်းကို တရားတောင်း

ဗုဒ္ဓေါ၊ သာဝကဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓတို့ထက်၊ ဆထက်ထင်လင်း။ ဗုဒ္ဓိရာဇာ ဘုရားမင်းသည်။ သင်္ခါတော၊ စ,လယ်အဆုံး၊ ရင်နှလုံး၌၊ ရှင်ပြုံးကြည်သာ၊ ဟောကြားတော်မူအပ်ပါသော။

ဤတိ၊ ဤသို့။ ဆဟိဂုဏေဟိ၊ ၆-ပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ၊ တပါးမကျန်၊ ပြည့်စုံရှိးမှန်လှသော။ ဓမ္မံ၊ ကလျာဏ-စုဋ္ဌ- မဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာဖြစ်နိုင်သော ခေတ်တရား, ပရမတ်တရား, ကလာပ်တရားကို ပိုင်းခြားဝေဘန်၊ တရားမြတ်-တရားမှန်ကို။

အမှာကာံ၊ မဂ်ဖိုလ်လမ်းစ၊ ရှာမရ၍၊ သြဃလေးဖြာ၊ ယောဂလေးဖြာ၊ အာသဝလေးဖြာ၊ ဂန္ထလေးဖြာ၊ ပိတ်ဆီးကာလျက်၊ တရားတော်နာ၊ ကြွလာအပေါင်း၊ အရိယာအလောင်းတို့ အား။ ဒယာယ၊ မေတ္တာရှေ့ထားသနားပါသဖြင့်။

၁။ အာစရိယော၊ သာသနာကျိုး၊ သည်ပိုးရွက်ဆောင်ဖွဲ့ နှောင်ပိုတ်ဆီး၊ သံသရာ နှောင်အိမ်ကြီးမှ၊ လွတ်နည်းစုံညွှန်း၊ ဆရာတော် ဦးမြတ်သိန်းထွန်းသည်။

၂။ ဝါ-ထွန်းခေါင်- ဆရာတော်၏မြေး၊ ဗုဒ္ဓဘာသာ မဟာ သွေးဘွဲ့မည်၊ နိုင်ငံကျော် ဆရာတော် ဦးမြတ်သိန်းထွန်းသည်။ ဝါ-မဟာဓမ္မကထိက ဘွဲ့ယူ၊ပိဋကတ္တယပါရဂူတဆုဂုဏ်ရည်၊ဆရာ တော်-ဦးမြတ်သိန်းထွန်းသည်။ ဝါ-ဆင်းရဲချမ်းသာမရွေးပါဘဲ၊ မျက်နှာမထောက်၊ စိတ်ရောက်မြင်ခါ၊ စေတနာကြည်စွာဖြင့်၊ တောပါ မြို့ပါ၊ ဘယ်ရွာမချန်၊ နယ်တကာမကျန်၊ နိုင်ငံကျော် အာဇာနီဆရာတော်-ဦးမြတ်သိန်းထွန်းသည်။

ဒေသေတု၊ လက်တွေ့ဒိဋ္ဌ၊ မျက်မြင်ပြ၍၊ ရင်ဝလှ စူး၊ ထိပ်ဦး မီးလောင်၊ ငြိမ်းအေးအောင်, ကင်းရှင်းအောင်၊ ဝိပဿနာ ရေ စင်ဖြင့်၊ သာသနာနေမြင့်၊ မွန်းမတည့် ခင်ပက်ဖျန်း၍၊ အေးချမ်း ရာမြတ်တရား၊ နိဗ္ဗာန်ကိုရည်ရွယ်ထားလျက်၊ ထင်လင်းစွာ, ရှင်း လင်းစွာ၊ ဟောကြားတော်မူလှပါတော့၊ မဟာဓမ္မကထိက အ မော်နိုင်ငံကျော် ကျေးဇူးတော် အရှင်မြတ်ဘုရား။

အဆိုနီးစပ်သူတို့နှင့် တိုင်ပင်ပါ၊ စဉ်းစားဉာဏ်ဖြင့် ရှင်းလင်း ဆိုပါ၊ အခြား ဆရာတော်များ တရားဟောရာ၌ တရားတောင်း လိုပါက ဆရာ၏ နာမည်ကိုဖယ်၍ ဟောသူလူ, ရှင်တို့၏ နာမည်, ဘွဲ့တော်ကို သတိပြု၍ ပြောင်းလွဲပြီး တောင်းဆိုကြပါစေ။

★

## ခေတ်သက်သက် တရားတောင်း

ကာမဘုံ, ရူပဘုံ, အရူပဘုံ, အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ, အပါယ်လေးဘုံသားဖြစ်တဲ့ သတ္တဝါတွေ မွေးလိုက်-သေလိုက်, သံသရာဝဋ္ဋ လူ့ဘုံမှာရောက်လာကြတဲ့ သတ္တဝါ မွေးပြီးလျှင်သေရမဲ့ ဓမ္မတာပေ၊ နတ်ဘုံမှာ ရောက်လာကြတဲ့ သတ္တဝါတွေဖြစ်ပြီးလျှင် ကေန်ပျက်ရမဲ့ သံသရာဝဋ္ဋ၊ ဗြဟ္မာ့ဘုံမှာရောက်လာကြတဲ့ သတ္တဝါတွေ၊ ဖြစ်ဆဲ, ပျက်ဆဲ, ချုပ်ဆဲ, ဓမ္မတာပေ၊ ကိုယ်ကြည့်ဒါ ကိုယ့်သံသရာ၊ ကိုယ်ကြိုက်ထာ ကိုယ့်ကံကြမ္မာ၊ ကိုယ်လိုက်ထာ ကိုယ့်သံသရာ၊ ကိုယ်မိုက်ထာ ကိုယ့်ကံကြမ္မာ၊ သံသရာ ပြတ်အောင်, ခန္ဓာပြတ်အောင်, ကံကြမ္မာပြတ်အောင်, ဉာဏ်မှာခေတ်ဆောင်။

လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, မသာကောင် အဆက်ဆက်၊ ဒုက္ခစုံ သံသရာဝဋ္ဋစက်မှ လွတ်ထွက်ရန် ခေတ်တရားကိုကြွလာသူ ယောဂီအများတို့အား၊ သဘောကျအောင် ဟောပြတော်မူလှဲပါတော့။ မဟာဓမ္မကထိက အမောင်နိုင်ငံကျော် ကျေးဇူးတော် အရှင်မြတ်ဘုရား။

ဆဲ့သင့်ကဆဲ့-ရဲရဲ၊ တယောက်ကောင်း၊ သို့မဟုတ်- အများ ညီညီဆိုစေ။

ဆရာကြီး၏ တပည့်ခံသူ ဓမ္မကထိကတို့သည်၊ တရားမဟောမီ ကျောက်သင်ပုံးဘောကို ဦးသုံးကြိမ် ချပြီးမှ ကျေးဇူးရှင် ဆရာကြီးရှိခိုးကန်တော့ရန်။ လူဓမ္မကထိကများအတွက်-

အာစရိယဂုဏော အနန္တော၊ ဆရာမြတ်တို့၏ ဂုဏ်တော်အနန္တ၊ ကျေးဇူးတော်အပ္ပမေယျံကို၊ သားတပည့်, ဘုရားတပည့်တော်

ဘယ်ခါမှ မမေ့နိုင်သဖြင့် တကျော့စရိုက်အတွေ၊ ဓမ္မတာအမိုက် ဟူသရွေ့၊ မြူအငွေ့မကျန်ရအောင် အတန်တန် အထပ်ထပ်၊ မပြတ်မလပ် ဆုံးမသွန်သင်တွေတိုင်း မြင်တိုင်း၊ နေ့ရောညဥ့်ပါ အစဉ်၊ ကြီးလှသော မေတ္တာတော် တရားရေအယဉ်ဖြင့်၊ အပါယ်လွတ်အောင် ဇာတိလွတ်အောင်, အပူငြိမ်းအောင်, ဘဝပြတ်အောင်, ဝိပဿနာ-အနတ္တ- တရားတော်ကို ဟောဖော်ညွှန်ပြ ကျေးဇူးတော်ရှင် ဆရာကြီး ဦးမြတ်သိန်းထွန်းအား တရားမဟောမီ၊ လက်ဦး-ပထမ တရားမစမီ, ရှေးဦးမဆွက ကျေးဇူးတော်တွေ မြင်ယောင်လှပါသဖြင့်၊ ဆုံးမသံတွေကို ကြားယောင်လှပါသဖြင့်၊ မွေကထိက ဖြစ်သူ (ပ-က) အန္တရာယ်လွတ်စေခြင်းငှါ၊ ဦးနှိမ်ချလိုက်ပါရဲ့ မြင့်မိုရ်တောင်ပမာ ကျေးဇူးတော် ဆရာမြတ်ကြီးဘုရား။

---

၇ ရက်စဉ်ဟောရာ၌ ညစဉ်တရားတောင်း

**၁၊ နာမပညတ် တရားတောင်း**

ပညတ္တိံ ထပေတွာ အနိစ္စာဒိ ဝိဝိဓာကာရေန
ပဿတီတိ ဝိပဿနာ။

ပညတ္တိံ၊ လောကဓမ္မတာ ဘာသာစလေ့ ခေါ်ဆိုဒါဟူသ၍၊ ငါသူမှတ်သား၊ ယောကျ်ား-မိန်းမ၊ ဝေါဟာရ ပညတ်စကားကို။ ထပေတွာ၊ ဘာမျှမဟုတ်၊ သမုတ်ရုံသာ ပယ်ခွာထား၍။

အနိစ္စာဒိ ဝိဝိဓာကာရေန၊ ရုပ်နာမ်ဆက်ခါ၊ ဘောက်ပြန်ခါ၊ ချွတ်ယွင်းခါ၊ ခဏမနား၊ စက်ရထားသို့၊ ပျက်ပြားခြင်းသဘာဝ၊ အနိစ္စလက္ခဏာအစ၊ အထူးထူးသော အခြင်းအရာဖြင့်။

ပဿတိ၊ ယထာဘူတညာဏ်၊ ဟုတ်မှန်ရာ ဝေဘန်လို့ ကေန်ပင် ရှုမြင်တတ်၏။ ဉာတိတဿ၊ ထိုကဲ့သို့ မိမိရှုမြင်တတ်သော သတ္တိကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်ပေ၏။

ကျမ်းဂန်ပြသေအချ၊ ဝိသုဒ္ဓိမဂ်ဒေသနာကို ဖွေရှာခါဟော ပြ၊ နိုင်ငံကျော်-ဓမ္မကထိကဟု၊ ဘွဲ့နာမဂုဏ်ရည်၊ ဘုရားသား မဟာထေရ်က၊ အာဇာနည်သတ္တိ၊ ပညတ်တွေဘယ်ပုံမရှိလို့၊ ရှိဒါက ဘယ်ဟာ၊ ခွဲခြမ်းခါ သာဓက၊ ထင်ပေါ်အောင်လက်ကိုင်ပြ လျက်၊ တရားနာသူ ကလျာဏတို့အား၊ချစ်ကြင်နာမေတ္တာထား၍ ဟောကြာတော်မူလှပါတော့ ဓမ္မကထိက အမော် နိုင်ငံကျော် ကျေးဇူးရှင် မြတ်ဘုရား။

---

## ၂။ သညာနပညတ် တရားတောင်း

ဒီဃံရဿံ တ္တိ တေနတေန ဝေါဟာရေန
ရူပါယတန မေဝတ္တ ဘာသိတံ။

ဒီဃံရဿန္တိ၊ အရှည်အတို ပုံသဏ္ဍာန် ဆိုသမျှသည်ကား။ တေနတေန ဝေါဟာရေန၊ ထိုထိုအစဉ်၊ စွဲထင်မှတ်သား၊ အမြင် မှား၍ခေါ်ဆိုကြခြင်းဖြင့်။ ဧတ္ထ၊ ဤနေရာဌာန၌၊ ရူပါယတန မေဝ၊ အရှင်းမြင်ဒါမမှတ်ကြနဲ့၊ အဆင်းသာ ကေန်စာတ်ဟူ၍ လျှင်။ ဘာသိတံ၊ တရားတော် ပရမတ်၊ ဘုရားရှင် ဟောမိန့် အပ်၏။

အဌသာလိနီ ကျမ်းဂန်ဥပဒေ မိန့်ဟော်သံကို အတန်တန် ပြယုဂ် လူပြိန်းတွေ ဥာဏ်မှာမရှုပ်ရအောင်၊ ယောကျ်ားကောင်း၊ မိန်းမကောင်း၊ မြင်ယောင်ခါ ပုံတံဆိပ်၊ အရိပ်မျှမကျန်၊ ဝေဘန်ခါ အသီးသီး၊ သေခါနီးအခါခြုံကြပ်လို့ မောဟိုက်ခါ၊ ကယ်ပါယူပါ၊ ရှေးအခါကာလ၊ ပြုခဲ့ဒါပေါ်လာရ၊ စွဲလမ်းသမျှ အတန်တန်၊ ကမ္မနိမိတ်-ပုံသဏ္ဍာန်ကို ပယ်ဖျောက်ရန် မသေခင်၊ တရားတော်ကြိုတင်၍၊ မအိုခင်မနာခင်၊ ဥပါဒါန် တကယ်စင်အောင်၊ ပါယ်လေးခွင် နိမိတ်ဂတိ၊ ဆက်ကြေးတွေဘိတ်မရှိဘို့၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ မျက်စိတွေ အမြင်မှားကြတဲ့ ယောဂီစုံလာသမျှ အများတို့အား၊ ထင်ရှားအောင်၊ ရှင်းလင်းအောင်၊ မမေ့နိုင်အောင်၊ သဏ္ဍာနပညတ်တရားကို ဟောကြားတော်မူလှဲ့ပါတော့ ဓမ္မကထိကအမေဉ် နိုင်ငံကျော် ကျေးဇူးရှင် မြတ်ဘုရား။

---

## ၃။ သန္တတိပညတ်တရားတောင်း

သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ နဥပဋ္ဌာတိ။

သန္တတိယာ၊ လူရှင်ထင်မက်၊ သန္တတိ အဆက်သည်။ ပဋိစ္ဆန္နတ္တာ၊ ဥာဏ်မျက်စိ ငုံလုံးကန်း တကယ်တန်းဖုံးလွှမ်းကြသည်၏ အဖြစ်ကြောင့်။ အနိစ္စလက္ခဏံ၊ ရုပ်နာမ်ပျက်လက္ခဏာကို။ နဥပဋ္ဌာတိ၊ ဘယ်အခါတော့မှ မထင်မမြင်နိုင်။ သမ္မောဟဝိနောဒနီ၊ မိန့်တော်သံအညီဖြင့်၊ ထိုဤ၁၁၀ နှစ်မြုပ်ခဲ့ရတဲ့သံသရာ၊ ကျရောက်ခဲ့ရတဲ့ အပါယ်လေးရွာ၊ ဇာတိမှာအစုံ၊ အိုနာပုံအနန္တ၊ သေရဒါ အနီးနီး၊ သောကမီးအထွေထွေ၊ ငိုရတဲ့မျက်ရေ ပူရတဲ့မီးစိတ်တွေ

မွေးသေနယ်မှုချ၊ ခန္ဓာစုံ ဝဋ်ဒုက္ခမှ ကျွတ်ရဘို့ကြောင်း၊ လွတ်ကြောင်းကိုရည်သန်လျက်၊သူတော်မွန်ပရိသတ်တို့အား၊သန္တိတိဆိုပညတ်တရားကို၊ ကွဲပြားအောင် မဖုံးနိုင်အောင်၊ ပယ်ဖျက်တတ်အောင်ဒိဋ္ဌ၊ ဤရုပ်နာမ် အနိစ္စတရားကို၊ ယောကျ်ားထင်၊ မိန်းမထင်၊လူရှင့်ထင်၊ အစဉ်မမှားရအောင်၊ ထင်ရှားအောင်ဥပမာပြ၍၊ ဆုံးမတော်မူလှဲပါတော့ ဓမ္မကထိကအမေ့ာ် နိုင်ငံကျော် ကျေးဇူးရှင် မြတ်ဘုရား။

---

## ၄။ နာမ်ရုပ် ၂-ပါး ပရမတ်တရားတောင်း

ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ အဖန်ဖန်သေရခြင်းဆင်းရဲ၊ ဆင်းရဲအပေါင်းအနန္တ၊ ဝဋ်မျိုးစုံခံရှာကြရတဲ့၊ တရားတော်နာ၊ ကြွလာအပေါင်း၊ အရိယာယောဂီ အလောင်းတို့အား။ နာမရူပဝဝတ္ထာနေနသက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ။ သံယုဂ်ပါဠိတော်အရှိဖြင့်၊ ဤတရားကား- နာမ်ခေါ်သည်၊ ဤတရားမှ-ရုပ်ဆိုသည်၊ ကျမ်းဂန်နှင့်အညီ၊ ဓမ္မဂမ္ဘီရ-အနှစ်အဆီကို၊ ကြားနာလိုသည်၊ မှတ်သားလို၍၊ ပုဂ္ဂိုလ်စားစား၊ သိဂ်္ဂီနား၌၊ ကွဲပြားအောင်- ခြားနားအောင် ဥပမာ ပုံဆောင်လျက်၊ လူကောင်-နတ်ကောင်- ဗြဟ္မာကောင်- သတ္တဝါကောင်မဟုတ်။ ယောကျ်ား-မိန်းမအရှင်းမဟုတ်။ နာမ်ရုပ်ခေါ် ပရမတ်တရားကို ဟောကြားရန်၊ ခွင့်ယူတောင်းပါသည်။ မဟာဓမ္မကထိကအမေ့ာ်-နိုင်ငံကျော် ကျေးဇူးတော် အရှင်မြတ်ဘုရား။

ရဲ ရဲဝံ့ဝံ့-ပီပီသသ-ပိုင်ပိုင်နိုင်နိုင်-လေးလေးဆို။
ပရိသတ်ကို သစ်တုံးမှတ်ပြီးဆို။

## ၅။ ခန္ဓာ ၅-ပါးတရားတော်

ဒုက္ခများစွာ၊ ဤခန္ဓာမှာ၊ လူသာခေါ်ရ၊ ဘုံဘဝ၌၊ သေရမယ်ကြောင်း၊ နာရမယ်အမှန်၊ ကွဲရမယ်အတန်တန်မို့၊ ရှေ့နောက် ရန်ပေါင်းခြုံ ဘေးမျိုးစုံ ဝိုင်းအုံလျက်၊ ဆုံလည်သည့်နွား၊ ရဟတ်ချားသို့၊ ရပ်နားစရာမရ၊ မွေးလာသမျှသော၊ သေဒါမှန်သမျှ၊ ပဋိသန္ဓေ၊ ပဋိစ္စသက်ဘွေ့ဝယ်၊ ထွက်စေရန်-ရည်ရွယ်၊ ယောဂီသယ် မှန်သမျှတို့အား၊ မေတ္တာတော်ရှေ့ဝယ်ထားလျက်၊ ငါးပါးသော ခန္ဓာ၊ တရားတော်ရတနာကို၊ တပါးစီ-တမျိုးစီ၊ ဥပမာ အလီလီနှင့်၊ ခြသေ့်ဆီ ပရမတ်တရားကို၊ နားသင့်ဂီ မပြတ်ကြားချင်လှသဖြင့် ဝေသနေ္တသု ခန္ဓေသု၊ ဟောတိ သတ္တောတိ သမုတိ၊ လူရှိလူအမှန်၊ ပုဂ္ဂိုလ်ရှိ ပုဂ္ဂိုလ်မှန်၊ သုတ္တန်ကို-ပယ်ဖျောက်၊ အဘိဓမ္မာဉာဏ် မင်္ဂဖိုလ်သို့ ရောက်ကြအောင်၊ ထောက်မခါ- ကယ်မခါ၊ အပါယ်မကျအောင်၊ဘုရားသားတော်နာမည်ကျော် ဆရာရှင်က၊ ဟောပြတော်မူလှဲ့ပါတော့-မဟာဓမ္မကထိကအမော်၊နိုင်ငံကျော်ကျေးဇူးတော်အရှင်မြတ်ဘုရား။

---

## ၆။ အာယတန ၁၂-ပါး ပရမတ်တရားတော်

ရူပါရုံအဆင်း ကြိုက်တဏှာ၊ သမုဒ္ဒရာခြောက်စင်းဥပမာ၊ ခြောက်ဖြာသောအာရုံ၊ ကာမဂုဏ်ကို၊ ခုံခုံမင်မင်-စုံစုံမက်မက်၊ နှစ်သက်ခါ-အားမရ၊ ခြောက်ဒွါရဉ္စေ့ခံ၊ ကြည့်တိုင်း ထိတိုင်း အတန်တန်ခံစံကြရတဲ့ စည်းစိမ်၊ တင်းမတိမ်-မရောင့်ရဲ၊ သေကွဲ-ရှင်ကွဲ၊ နိမိတ်ကိုစွဲလျက်၊ တဝဲလယ်လယ်၊ သံသရာခရီးသယ်၊ ထွက်လမ်းကိုတကယ်မရ၊ လူအန္ဓ-လူဗာလ၊ ဥမ္မတ္တက လူ့ကျောက်တုံး၊ တရား

မရလျှင် လူဖြစ်ရှုံး၊ နေ့ရက်ကုန်ဆုံး၊ ကာမဂုဏ်စုံ၊ အာရုံခံ အချိန်ကိုဖြုန်း၊ ကြရပါသဖြင့်၊ မနုဿတ္တဒုလ္လဘခေတ်၊ လူအစစ်ဖြစ်ခါ၊ သာသနာကြုံတွေ့ခိုက်၊ တရားမှန်တကယ်နှစ်ခြိုက်၍၊ အားစိုက်ခါနာယူ၊ ကြားနာသူ-ယောဂီအပေါင်းတို့အား၊ လူကြီး-လူငယ်၊ လူရွယ်မခြားအသိဉာဏ် ၃-စားဖြင့်၊ ပိုင်းခြားခါ-ဝေဘန်ခါ၊ ၁၂-ဖြာ အာယတန တရားကို ဟောကြားတော်မူလှဲ့ပါတော့-မဟာ ဓမ္မကထိကအမေ၁် နိုင်ငံကျော် ကျေးဇူးတော်အရှင်မြတ်ဘုရား။

## ၇။ ဓာတ် ၁၈-ပါးတရားတော်

အတ္တနောသဘာဝံ ဓာရေတီတိဓာတု၊ သူ့သဘော သူဆောင် လူကောင်ထင်မှတ်၊ လေးရပ်အပါယ်၊ လူဝယ်နတ်ရပ်၊ ဗြဟ္မာထပ်ခဲ့၊ လောကဓာတ်ဘုံ၊ ဒုက္ခတွေစုံ၊အိုဘုံ့နာဘုံ့သေဘုံ့ မွေးဘုံ၊ အပူတွေစုံ၊ ဤလူ့ဘုံဒုက္ခစစ်ကို၊ သုခထင်ကြောင်း၊ ဆုပေါင်းစုံအဖန်ဖန်တောင်းရှာကြ၊ ဗာလအန္ဓ၊ ထွက်လမ်းအစ၊ တက်လမ်းကိုမရ၊ မရဏာစာချုပ်၊ ဂတိစုတ် တာဝန်ခံ၊ သုသာန်နဲ့ကံထရိုက်၊ လူမိုက်တို့ပေါ်မြှုပ်၊ ကူ့အကူ့ ၂-တန်၊ ကံ ၂-ကံအရှုပ်၊ ဝဲသမုဒ်မှ၊ ဆွဲနှုတ်ကယ်တင်၊ ဝိပဿနာရေစင်ကို၊ မသေခင်ကာလ၊ မအို့မနာခင် တရားအမှန်ရကြအောင်၊ ဥပမာ-သာဓက၊ ပြယုဂ်စုံထင်ရှားစွာဘော်ပြ၍၊ မိန်းမ-ယောကျ်ား၊ အများလူငယ်၊ လူရွယ်လူကြီး၊ အနည်းနည်းမှတ်စရာ၊ မမေ့နိုင်စရာ၊ မပျောက်နိုင်စရာ၊ဒေသနာအရှိ၊နဋ္ဌတ္တိ-မိန်းမ့မဟုတ်၊နပုရိသော-ယောကျ်ားလဲ

မဟုတ်၊ ခေတ်သရုပ်ကေန်၊ ဆယ့်ရှစ်တန် အမြတ်တရားကို၊ မိန့်တော်သံ ကြားနာလိုသဖြင့်၊ ကြွလာသူ အရိယာ အလောင်းတို့အား ဆုံးမခါ့ဖွင့်ဟခါ သဘောကျအောင် ဟောပြတော်မူလှဲ့ပါတော့၊မဟာဓမ္မကထိကအမော် နိုင်ငံကျော် ကျေးဇူးတော် အရှင်မြတ်ဘုရား။

## မေတ္တာပို့သံပေါက်–ညီညီဆို

ကြွရာ့ကြွရာ့ ဒို့ဆရာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဟောခါပြောခါ-ဒေသနာ၊ ရောင်ဝါနေသို့လင်းပါစေ။
၇-ခမ်းပညာ–ဘိဓမ္မာ၊ ပြေရှာလူတို့သိပါစေ။
မဂ်ဉာဏ်ဖိုလ်ဉာဏ်မြတ်နိဗ္ဗာန်၊ ကေန်မုချရောက်ပါစေ။
ကိုယ်စိတ်နှစ်ဖြာ–ဘေးဘယာ၊ ကင်းကွာရန်စု ဝေးပါစေ။
ယောဂီများစွာ–ပို့မေတ္တာ၊ ပန်းမှာရေတွေ့ လန်းပါစေ။
ပညာသခင်–ဒို့အရှင်၊ ဉာဏ်စင်နေ့ည တိုးပါစေ။
ကြီးမြင့်ဝိဇ္ဇာ-သာသနာ၊ တေဇာတန်ခိုး ထွန်းပါစေ။
တဏှာကင်းကွာ-မြတ်ချမ်းသာ၊ မြဲစွာဉာဏ်ဦလင်းပါစေ။
အတိတ်သံသာ–ကံကြမ္မာ၊ မြန်စွာခဏ ပျောက်ပါစေ။
အရဟတ္တံ-မဂ်ဖိုလ်ဉာဏ်၊ ထက်သန်ဖွံ့ဖြိုး ရင့်ပါစေ။
မြတ်ဘုန်းတေဇာ–နတ်ဒေဝါ၊ကူခါစောင့်ရှောက် မ့ပါစေ။
ဆင့်ဆင့်ပွင့်အောင်- မြတ်ဘုန်းခေါင်၊ ငါးထောင်နှစ်သို့–
ရောက်ပါစေ။
သဗ္ဗေသတ္တာ–ဂဏေယျာ၊ ခေမာသောင်သို့ ကူးပါစေ။

ပူမီးဆယ်ဖြာ—ကိလေသာ၊ မကြာနေ့ည ငြိမ်းပါစေ။
ဇာတိကင်းကွာ—ရဟန္တာ၊ ဥာဏ်မှာပွင့်လင်း ရင့်ပါစေ။
ကျေးဇူးများစွာ—ဂုဏ်နန္တာ၊ ပူဇာညွှတ်ခ တောင်းပန်စေ။
အပြစ်များစွာ—သနားခါ၊ ကရုဏာထား၍ လွှတ်ပါစေ။
အဝေးကနေ—တပည့်တွေ၊ သိသေနိုမ်ချ ကန်တော့လေ။
ကရုဏာတော်ရှင်—ဒို့အရှင်၊ ပြစ်တင်မရှိ လွှတ်ပါစေ။

ယောဂီမောင်ယောဂီမယ်များ သံပေါက်ညီညီ ညွှန့်ခံဆိုကြ။

## နာမ်နဲ့ရုပ်ဟောသောညဥ္စသံပြိုင် ရွတ်ပါ

မြင်တိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။
ကြားတိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။
နမ်းတိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။
စားတိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။
ထိတိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။
သိတိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။
တကိုယ်လုံးပျက်ထာ၊ အနိစ္စလက္ခဏာ။
နေရာတိုင်းပျက်ထာ၊ အနိစ္စလက္ခဏာ။

---

မြင်တိုင်းအနိစ္စကေန်၊ မြင်တိုင်းဒုက္ခဝေဘန်
အနတ္တ—ယထာဘူတဥာဏ်။
ကြားတိုင်းအနိစ္စကေန်၊ ကြားတိုင်း ဒုက္ခဝေဘန်
အနတ္တ—ယထာဘူတဥာဏ်။

နမ်းတိုင်း အနိစ္စကေန်၊ နမ်းတိုင်းဒုက္ခဝေဘန်
အနတ္တ-ယထာဘူတဉာဏ်။
စားတိုင်း အနိစ္စကေန်၊ စားတိုင်း ဒုက္ခဝေဘန်
အနတ္တ-ယထာဘူတဉာဏ်။
ထိတိုင်းအနိစ္စကေန်၊ ထိတိုင်း ဒုက္ခဝေဘန်
အနတ္တ-ယထာဘူတဉာဏ်။
သိတိုင်းအနိစ္စကေန်၊ သိတိုင်း ဒုက္ခဝေဘန်
အနတ္တ-ယထာဘူတဉာဏ်။
တကိုယ်လုံးအနိစ္စကေန်၊ ထကိုယ်လုံး ဒုက္ခဝေဘန်
အနတ္တ-ယထာဘူတဉာဏ်။
နေရာတိုင်း အနိစ္စကေန်၊ နေရာတိုင်း ဒုက္ခဝေဘန်
အနတ္တ-ယထာဘူတဉာဏ်။

---

ရုပ်နာမ်ပျက်ယွင်း၊ ဆင်းရဲခြင်းသာ။
ပျက်ဆင်းရဲက၊ အနိစ္စလက္ခဏာ။
ရုပ်နာမ်အနိစ္စ၊ ဒုက္ခမြင်လာ။
အနိစ္စ-ဒုက္ခ၊ အနတ္တလက္ခဏာ။
ရုပ်နာမ်ပျက်ဆက်၊ မြင်ချက်ပညာ။
ပုဂ္ဂိုလ်အသက်၊ မှားချက်သညာ။
ယောကျ်ား၊မိန်းမ၊ စွဲကြမိစ္ဆာ။
ဓာတ်သဘာဝ၊ အနတ္တလက္ခဏာ။

ရုပ်ကိုကြိုက်ထာ နာမ်ခန္ဓာ၊ နာမ်ကလိုက်ထာရုပ်ခန္ဓာ။ ရုပ်နာမ်ပေါင်းစု၊ လူဟုထင်ဒါ၊ ရုပ်ရောနာမ်ရော၊ သူ့သဘောနဲ့ ပျက်လာ။

ရုပ်ကစွဲဒါ နာမ်ခန္ဓာ၊ နာမ်စိတ်ထဲမှာ ရုပ်ခန္ဓာ၊ ရုပ်နာမ်တွဲလျက်–အသက်ထင်ဒါ၊ ရုပ်ရော–နာမ်ရော၊ သူ့သဘောနဲ့ပျက်ထာ။
ရုပ်ကိုမှီဒါ နာမ်ခန္ဓာ၊ နာမ်ကညွှတ်ထာ– ရုပ်ခန္ဓာ၊ ရုပ်နာမ်လှုံ့ဆောင်၊ လှုပ်ကောင်ထင်ဒါ၊ ရုပ်ရော–နာမ်ရော၊ သူ့သဘောနဲ့ပျက်ထာ။
ရုပ်ကိုအာရုံပြုဒါ– နာမ်ခန္ဓာ၊ နာမ်ကစွဲဒါ– ရုပ်ခန္ဓာ၊ ရုပ်နာမ်ဘောက်ပြား၊ ယောက်ျားထင်ဒါ၊ ရုပ်ရော–နာမ်ရော၊ သူ့သဘောနဲ့ ပျက်ထာ။
ရုပ်ကိုကြံဒါ– နာမ်ခန္ဓာ၊ နာမ်စိတ်ကြိုက်ထာ– ရုပ်ခန္ဓာ၊ ရုပ်နာမ်နှစ်ဝ၊ မိန်းမထင်ဒါ၊ ရုပ်ရော–နာမ်ရော၊ သူ့သဘောနဲ့ပျက်ထာ။
ရုပ်ကြောင့်ဖြစ်ထာ–နာမ်ခန္ဓာ၊ နာမ်ကြောင့်ပေါ်လာ– ရုပ်ခန္ဓာ၊ ရုပ်နာမ်– ၂–ဖြာ၊ သူငါထင်ဒါ၊ ရုပ်ရောနာမ်ရော သူ့သဘောနဲ့ပျက်ထာ။

**ခန္ဓာငါးပါး ဟောသောညွှဥ် သံပြိုင်ရွတ်ပါ။**

အာရုံမသိ၊ ပျက်ဘိမြန်စွာ၊ ရူပက္ခန္ဓာ။
အသုဘမျိုး၊ မစင်အိုးပမာ၊ ရူပက္ခန္ဓာ။
ဤအသားတုံး၊ တကိုယ်လုံးသာ၊ ရူပက္ခန္ဓာ။
ကျား–မ ထင်ဘိ၊ မျက်လှည့်ပမာ၊ ရူပက္ခန္ဓာ။

အာရုံဆိုသမျှ ခံစားကြဒါ ဝေဒနက္ခန္ဓာ။
အာရုံဆိုသမျှ မှတ်သားကြဒါ သညက္ခန္ဓာ။
အာရုံဆိုသမျှ အားထုတ်ကြဒါ သင်္ခါရက္ခန္ဓာ။
အာရုံဆိုသမျှ သိကြံကြဒါ ဝိညာဏက္ခန္ဓာ။

## အာယတန ဟောသောညဥ့် သံပိုင်ရွတ်ပါ။

အဆင်းဆိုသမျှ ရူပါရုံ ကာမဂုဏ်။
အသံဆိုသမျှ သဒ္ဒါရုံ ကာမဂုဏ်။
အနံ့ဆိုသမျှ ဂန္ဓာရုံ ကာမဂုဏ်။
အရသာဆိုသမျှ ရသာရုံ ကာမဂုဏ်။
အတွေ့ဆိုသမျှ ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်။
အသိဆိုသမျှ ဓမ္မာရုံ အာရုံ။

အပြင်အာယတန-ခြောက်ဝအာရုံ။
အတွင်းအာယတန-ဒွါရခြောက်စုံ။
ကိုယ့်ကိုတွေးကြ-သဘာဝဖြစ်ပုံ။
ဆယ့်နှစ်အာယတန-ခွဲကြကာမဂုဏ်။

မျက်စိဒွါရ- လာသမျှညွှတ်ခံ၊ ချစ်လုံးကြိုက်လုံး- စွဲလုံးစိတ်သန်၊ အဆင်းအနှိစ္စ-မသိကြဖေါက်ပြန်။ ယောကျ်ား- မိန်းမ-စိတ်က ထင်ပြန်။

နားကဒွါရ- လာသမျှညွှတ်ခံ၊ ချစ်လုံး ကြိုက်လုံး-စွဲလုံး စိတ်သန်၊ အသံအနိစ္စ- မသိကြဘောက်ပြန်၊ယောကျ်ား- မိန်းမ- စိတ်ကထင်ပြန်။

နှာခေါင်းဒွါရ- လာသမျှညွှတ်ခံ၊ ချစ်လုံး ကြိုက်လုံး- စွဲလုံးစိတ်သန်၊ အနံ့အနိစ္စ- မသိကြဘောက်ပြန်၊ ယောကျ်ား မိန်းမ-စိတ်ကထင်ပြန်။

လျှာကဒ္ဒါရ-လာသမျှသည့်ခံ၊ ချစ်လုံး ကြိုက်လုံး-စွဲလုံး စိတ်သန်၊ အရသာအနိစ္စ-မသိကြဘောက်ပြန်၊ ယောကျ်ား မိန်းမ-စိတ်ကထင်ပြန်။

ကိုယ်ကဒ္ဒါရ- လာသမျှသည့်ခံ၊ ချစ်လုံး ကြိုက်လုံး- စွဲလုံး စိတ်သန်၊ အတွေ့အနိစ္စ-မသိကြ ဘောက်ပြန်၊ ယောကျ်ားမိန်းမ စိတ်ကထင်ပြန်။

စိတ်ကဒ္ဒါရ- လာသမျှသည့်ခံ၊ ချစ်လုံး ကြိုက်လုံး-စွဲလုံး စိတ်သန်၊ ဓမ္မအနိစ္စ-မသိကြဘောက်ပြန်၊ ယောကျ်ားမိန်းမ စိတ်ကထင်ပြန်။

---

## ခေတ် ၁၈-ပါးဟောသောညဥ့် သံပြိုင်ရွတ်ပါ။

မျက်စိကဖြစ် တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ ငါသည်းခံနိဗ္ဗာန်ရောက်မည်သိ။

နားထဲကဖြစ်၊တဏှာညစ်ကို၊ခွါပစ်နိုင်ရန်၊ ငါသည်းခံ နိဗ္ဗာန်ရောက်မည်သိ။

နှာခေါင်းကဖြစ်၊ တဏှာညစ်ကို၊ ခွါပစ်နိုင်ရန်၊ ငါသည်းခံနိဗ္ဗာန်ရောက်မည်သိ။

လျှာထဲကဖြစ်၊ တဏှာညစ်ကို၊ ခွါပစ်နိုင်ရန်၊ ငါသည်းခံ၊ နိဗ္ဗာန်ရောက်မည်သိ။

ကိုယ်ထဲကဖြစ်၊ တဏှာညစ်ကို၊ ခွါပစ်နိုင်ရန်၊ ငါသည်းခံ၊ နိဗ္ဗာန်ရောက်မည်သိ။

စိတ်ထဲကဖြစ်၊ တဏှာညစ်ကို၊ ခွါပစ်နိုင်ရန်၊ ငါသည်းခံ၊ နိဗ္ဗာန်ရောက်မည်သိ။

၁ သူ၏ရူပါရုံ၊ ငါ့မျက်စိထဲမှာဆုံ၊ ဖွားကြုံမပြတ်၊မီးပွင့်ခတ်၊ မျက်စိပူငြိမ်း၊ အေးကိန်းချမ်းသာ၊ ငါ့နေရာစခမ်း နိဗ္ဗာန်နန်း။

၂ သူ၏သဒ္ဒါရုံ၊ ငါ့နားထဲမှာဆုံ၊ ဖွားကြုံမပြတ်၊ မီးပွင့်ခတ်၊ နားပူကငြိမ်း၊ အေးကိန်းချမ်းသာ၊ ငါ့နေရာစခမ်း– နိဗ္ဗာန်နန်း။

၃ သူ၏ဂန္ဓာရုံ၊ ငါ့နှာခေါင်းမှာဆုံ၊ ဖွားကြုံမပြတ်၊ မီးပွင့်ခတ်၊ နှာပူကငြိမ်း၊ အေးကိန်းချမ်းသာ၊ ငါ့နေရာစခမ်း နိဗ္ဗာန်နန်း။

၄ သူ၏ရသာရုံ၊ငါ့လျှာထဲမှာဆုံ၊ ဖွားကြုံမပြတ်၊ မီးပွင့်ခတ်၊ လျှာပူကငြိမ်း၊ အေးကိန်းချမ်းသာ၊ငါ့နေရာစခမ်း - နိဗ္ဗာန်နန်း။

၅ သူ၏ဖောဋ္ဌဗ္ဗာရုံ၊ ငါကိုယ်ထဲမှာဆုံ၊ ဖွားကြုံမပြတ်၊ မီးပွင့်ခတ်၊ကိုယ်ပူကငြိမ်း၊ အေးကိန်းချမ်းသာ၊ ငါ့နေရာစခမ်း– နိဗ္ဗာန်နန်း။

၆ သူ၏ဓမ္မာရုံ၊ ငါ့စိတ်ထဲမှာဆုံ၊ ဖွားကြုံမပြတ်၊ မီးပွင့်ခတ်၊ စိတ်ပူကငြိမ်း၊ အေးကိန်းချမ်းသာ၊ ငါ့နေရာစခမ်း–နိဗ္ဗာန်နန်း။

၁။ တစက္ကန့်ထက်တစက္ကန့်၊ မတန့်မနားရဟတ်ချားသို့ သွားကျိုးဆံဖြူ၊ နားအူခါးကိုင်း၊ သိမှိုင်းမျက်စိ တုန်တုန်ချိ၍ မသိနိုင်အောင်၊ ဇာတိမီးတွေလောင်၍နေကြပေမဲ့၊ ငါသည် အဆင်းကြိုက် ကာမဂုဏ်၊ ရူပါရုံတဏှာများ၊ ခံစားခါ မိုက်ရဲလှလေပြီ။

၂။ တမိနစ်ထက် တမိနစ်၊ လက်ဖျစ်မအား၊ ယွင်းဘောက်ပြား၍၊ နာဖျားဝေဒနာ၊ မနေသာခဲ့၊ ဒဏ်ရာပေါင်းစုံ၊ ဘေးမျိုးခြုံလျက်၊ ယမ်းပုံမီးကျ၊ မနားရအောင်၊ ဇရာမီးတွေ လောင်၍နေကြပေမဲ့၊ ငါသည်၊ အသံကြိုက် ကာမဂုဏ်၊ သဒ္ဒါရုံတဏှာများ၊ ခံစားခါ မိုက်ရဲလှလေပြီ။

၃။ တနာရီထက် တနာရီ၊ တည်ဟောင်းကပျက်၊ အသစ်တွေဆက်၍၊ သေဘက်ကိုသာ၊ ရုပ်ပါနာမ်အား၊ နေ့လသွားသို့၊ မအားရအောင်၊ မရဏမီးတွေလောင်၍နေကြပေမဲ့၊ ငါသည် အနံ့ကြိုက်ကာမဂုဏ်၊ ဂန္ဓာရုံတဏှာများ၊ ခံစားခါမိုက်ရဲလှလေပြီ။

၄။ တရက်ထက် တရက်၊ ပျက်ထာတွေမြင်၊ ထပ်ခါပြင်လျက်၊ စိတ်ထင်တိုင်းသာ အာဟာရလမ်း၊ နေ့စဉ်ထမ်းက ပင်ပန်းခဲ့ဒါ၊ အနိစ္စမီးတွေ မပြတ်လောင်၍နေကြပေမဲ့ ငါသည်၊ အစားကြိုက်ကာမဂုဏ်၊ ရသာရုံတဏှာများခံစားခါ မိုက်ရဲလှလေပြီ။

၅။ တလထက် တလ၊ သုခထင်မှန်း၊ ဒုက္ခလမ်းသို့၊ မျှော်မှန်းလိုက်ခါ၊ စိတ်ပါကိုယ်နွမ်း၊ နေထိပန်းသို့၊ ကြိုးပမ်းခဲ့ရှာ၊ ဒုက္ခမီးတွေ မပြတ်လောင်၍ နေကြပေမဲ့၊ ငါသည်၊ အတွေ့ကြိုက်ကာမဂုဏ်၊ ဖောဋ္ဌဗ္ဗာရုံတဏှာများ၊ ခံစားခါမိုက်ရဲလှလေပြီ။

၆။ တနှစ်ထက် တနှစ်၊ ကောဇာနှစ်ကြူး၊ တဘန်ကူး၍၊ လေရှုးလေပွေ၊ တိုက်ခတ်ချေဖျက်၊ သီးပွင့်ရွက်သို့၊ စက်နှိုးခါ၊ အနတ္တမီးတွေ မပြတ်လောင်၍ နေကြပေမဲ့၊ င ါသည်၊ သဘော ကြိုက် ကာမဂုဏ်၊ မနော ဓမ္မာရုံ တဏှာမျှားခံစားခါ မိုက်ရဲလှ လေပြီ။

## သစ္စာလေးပါးနှင့် ၁၆–ပါး လင်္ကာသံပေါက်

ဆင်းရဲခြင်းမှန်ဒါ–ဒုက္ခသစ္စာ။
ချစ်ကြိုက်မှန်ဒါ–သမုဒယသစ္စာ။
အေးငြိမ်းချမ်းသာ-နိရောဓသစ္စာ။
လမ်းကြောင်းမှန်ဒါ–မဂ္ဂသစ္စာ။

၁ နှိပ်စက်–ပြုမြဲ၊ ပူလောင်စွဲ၊ ဘောက်လွဲဒုက္ခနက်။
၂ ဆည်းပူး ဆောင်နှင်း၊ ဖွဲ့ယှဉ်ခြင်း၊ ထားခြင်းသမုဒယ နက်။
၃ ကျွတ်လွတ်-ဆိတ်ကင်း၊ ပျက်ဆုံးရှင်း၊ ပြုကင်း, နိရောဓ နက်။
၄ ထွက်မြောက်-ကြောင်းရင်း၊အမြင်ရှင်း၊ကြီးခြင်းမဂ္ဂနက်။

ဒုက္ခသစ္စာ၌အစိပ္ပါယ်၄–မျိုး။ သမုဒယမှာ ၄–မျိုး။ နိရောဓမှာ ၄–မျိုး။ မဂ္ဂမှာ ၄-မျိုး။ ပေါင်း ၁၆–မျိုးဖြင့်၊ ရှေးပညာရှိများ ရေးသားထားသည်။ ဘာလဲ ၁၆-ချက်၊ ဘာသာပြန်သိဘို့လိုတယ်။ နားလည်မှ တရားရ။ မလည်ရင် တရားမရမှတ်။

နှိပ်စက်တတ်သော သဘောဆင်းရဲ ၁–မျိုး၊ နှိပ်စက်တယ်လို့မသိပါဘဲ ထပ်ခါဆင်းရဲတို့ကို ပြုစုရခြင်းဆင်းရဲ ၁–မျိုး။ ပြုတဲ့သူကိုဘဲ ထပ်ပြီးလောင်မြိုက်တတ်သော ကိလေသာ မီးဆင်းရဲ ၁–မျိုး။ ဒီလိုနာမ်မီးမျိုးစုံတို့ကြောင့်၊ဒီခန္ဓာရုပ်တုံးကြီး ဘောက်ပြန်ပျက်စီးရသော ဆင်းရဲ ၁–မျိုး။

ဒုက္ခသစ္စာ၌ သဘော ၄–မျိုး။

★

သိုမှီးဆည်းပူးထားသော တဏှာ ၁–မျိုး။ ဆည်းပူးထားရာက သယ်ယူရှာဖွေ ဆောင်နှင်းရသော တဏှာ ၁–မျိုး။ ငါပိုင်မယား၊ ငါပိုင်လင်၊ ငါပိုင်သားသမီး၊ ငါပိုင်အိမ်၊ ငါပိုင်ကျောင်း၊ ငါပိုင်တိုက်၊ ဗိမာန်-နေအိမ်၊ ရွှေငွေစသော စီးပွားတို့ကို စည်းစည်းလုံးလုံး အမှတ်အသားပြု၍၊ ဖွဲ့ယှဉ်ထားသော တဏှာ ၁–မျိုး။ဆည်းပူးပြီးဆောင် နှင်းဖွဲ့ယှဉ်ထားသော (လင်၊မယား၊ သားသမီး၊ စီးပွားဟူသမျှတို့က၊ မင်းဟာ- ဒို့ကိုစုဆောင်းရှာဖွေပြီး စည်းစည်းလုံးလုံး အဖွဲ့အသင်းပြုလုပ်၍၊ ငါပိုင် ငါဆိုင်လုပ်တယ်။ ဒါဖြင့် မင်း—ဒို့ကိုမသေအောင် မပျောက်အောင်၊ ဒို့ကိုပြန်၍ စောင့်ရှောက်ရမယ်။ဒီလို မိမိကိုယ်မိမိ တားဆီးထားသော တဏှာ ၁–မျိုး။

သမုဒယသစ္စာ၌ သဘော ၄–မျိုး။

☆

သေဘေး-မွေးဘေးက လွတ်ရပေပြီ။ သုခနိဗ္ဗာန် ၁-မျိုး။ ငါပိုင်အတ္တ အယူသန်မှ မြူမကျန်အောင် ဆိတ်ပြီ- ကင်းပြီ၊ မရှိတော့ဘူး သုခနိဗ္ဗာန် ၁-မျိုး။ မမြဲတဲ့ဘေး- သေတဲ့ဘေးတို့၏ အဆုံး ဉာဏ်ဖြင့်သိမြင်သော သုခ နိဗ္ဗာန် ၁-မျိုး။ နောက်ထပ် တဖန် ဒိခန္ဓာဖြစ်ဘို့ရာ ကုသိုလ်သင်္ခါရ- အကုသိုလ်- သင်္ခါရ ၂-ပါးတို့ကို၊ အားထုတ်ပြုလုပ်ဘို့ရာ ကင်းလွတ်နေသော သုခ နိဗ္ဗာန် ၁-မျိုး။

## နိရောဓသစ္စာ၌ သဘော ၄-မျိုး။

ပုထုဇဉ် အရှုံးဘဝမှ ထွက်မြောက်၍ ဝမ်းသာနေသော ဉာဏ် ၁-မျိုး။ အေးစရာ, ချမ်းသာစရာ၏ အခြေအကြောင်းရင်းကို သိပိုင်ထားတဲ့ ဉာဏ် ၁-မျိုး၊ အန္ဓဗာလဥမ္မတ္တကတို့၏ လက္ခဏာ၊ ခန္ဓာကိုယ်၏ လက္ခဏာ၊ အပါယ်လေးဘုံ၊ လူဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့၏ လက္ခဏာ,တို့ကို အခြားသူများ လှည့်ပတ်ဖြား ယောင်း၍မရနိုင်၊ မညာနိုင်၊ မလိမ်မဝါနိုင်အောင်၊ ကိုယ်တိုင် ဘွင်းဘွင်းကြီး, လင်းလင်းကြီးအစဉ်မယွင်း (အမြင်ရှင်း) နေသော ဉာဏ် ၁-မျိုး။ ငါရသော တရားထက် မွန်မြတ်သော တရားမရှိ၊ ငါ့လိုလူ ဇမ္ဗူမှာမရှိ၊ ငါတော့ ယောကျ်ားမြတ်ဖြစ်ရပေပြီ၊ ငါတော့ မိန်းမမြတ်ဖြစ်ရပေပြီ၊ ငါတော့- လူဖြစ်ကျိုး နပ်ရပေပြီ စသည်ဖြင့်၊ အန္ဓဗာလ ဥမ္မတ္တကပုထုဇဉ်တို့ အပေါ်၌၊ စိုးမိုးကြီးကဲနိုင်သော ဉာဏ် ၁-မျိုး။

## မဂ္ဂသစ္စာ၌ သဘော ၄-မျိုး။

ရှေးကခေါ်ရိုးခေါ်စဉ်မှာ၊ သစ္စာအနက်။ ဆယ့်ခြောက်ချက်ကို ယောဂီများအောက်တန်းမကျအောင် သိစေဘို့ လိုရင်းရေးမည်။

**ပါဠိဘာသာနဲ့– မြန်မာစကား**

၁ ပိဠနဋ္ဌ– နှိပ်စက်။
၂ သင်္ခတဋ္ဌ– ပြုမြဲ။
၃ သန္တာပဋ္ဌ– ပူလောင်စွဲ။
၄ ဝိပရိဏာမဋ္ဌ–ဘောက်လွဲ–ဒုက္ခနက်။

၁ အာယူဟနဋ္ဌ– ဆည်းပူး။
၂ နိဒါနဋ္ဌ– ဆောင်နှင်း။
၃ သံယောဂဋ္ဌ–ဖွဲ့ယှဉ်ခြင်း။
၄ ပလိဗောဓဋ္ဌ–ထားခြင်း–သမုဒယနက်။

ကြောင့်ကြခြင်း၊ စိုးရိမ်ခြင်း၊ တားခြင်းအတူတူမှတ်ပါ။

၁ နိဿရဏဋ္ဌ– ကျွတ်လွတ်။
၂ ပဝိဝေကဋ္ဌ– ဆိတ်ကင်း။
၃ အမတဋ္ဌ– ပျက်ဆုံးရှင်း။
၄ အသင်္ခတဋ္ဌ– ပြုကင်း–နိရောဓနက် (နိဗ္ဗာန်)

၁ နိယျာနဋ္ဌ– ထွက်မြောက်။
၂ ဟေတွတ္ထ– ကြောင်းရင်း။
၃ ဒဿနဋ္ဌ– အမြင်ရှင်း။
၄ အဓိပတေယျဋ္ဌ– ကြီးခြင်း–မဂ္ဂနက်၊ဝိပဿနာတရား

ဏ္ဍ—ဋ္ဌ၊ ဤကဲ့သို့ ၂-ဋ္ဌာန ပါဋ္ဌိဘာသာ၌ရှိတတ်သည်၊ အဏ္ဍ ဆိုဒါ အနက်သဘောမှတ်၊ အဋ္ဌ-ဆိုဒါလဲ အနက်သဘောမှတ်၊ သဒ္ဒါနည်းမှာ (သဒိသဒွေးပေါ် ဏ္ဍ-နဲ့- အသဒိသဒွေးပေါ် ဋ္ဌ ၌ ဍ္ဍ— အက္ခရာအတွင်း၌ သံယုဂ်အဖြစ် ခိုကပ်လျက်နေသည်။)

သစ္စာ ၄-ပါး၌ တပါးတပါးမှာ သဘော ၄-မျိုးစီရှိကြောင်း ဆန်းစစ်၍ အဓိပ္ပါယ်ပြထားသည်၊ ဒါပရိယတ္တိ တန်ခိုးတော်မှတ်ပါ။ အဓိပ္ပါယ်သိအောင် ပြောဟောလျှင် သစ္စာ ၄-ပါး တပါးစီမှတ်၊ (သုတ္တန်နည်း၊) အဘိဓမ္မာနည်းမှာ တပေါင်းတည်း၊ တပြိုင်တည်းပါဝင်သိမြင်သည်မှတ် ယောဂီ။ တပေါင်းထည်း တပြိုင်ထည်းဆိုရာ၌ ၄-ခု, ၄-မျိုး တစုံတွဲလျက် အသိဉာဏ်တခဏထဲ၌ ပေါ်လာသည် မယူနဲ့ အုံး ဒီလိုမထင်နဲ့ မဟုတ်ဘူး၊ သစ္စာလေးပါး၌ မဂ်ဆိုသော ခဏ၌၊ ဝါ-တရားရတဲ့ ခဏ၌၊ ကျန်သုံးပါးတို့ပါဝင်သည်ကို တပေါင်းထည်း, တပြိုင်ထည်းဟူ၍မှတ်ပါ၊ ခက်ထာဘဲ၊ ဆရာကောင်းခုရှာပါ။

---

## ယောဂီမယ်များ-မေး ဖြေလင်္ကာ

မေး။ မျက်စိကြည့်ရာ၊ မြင်သော်ခါ၊ ငါ့မှာဘာနဲ့ ညှော့်ခံမလဲ။

ဖြေ။ ဓာတ်ဉာဏ်,ပရမတ်ဉာဏ်၊ ရရိုးမှန်၊ ပုံသဏ္ဌာန်ကိုဖျောက်ပါလား။

မေး။ မိန်းမလှပုံ ယောကျ်ားပုံ၊ တွေ့ကြုံဆဲတွင် ပညတ်ဝင်၊ ရှင်ပင်ဘယ်သို့ဖြေမည်လဲ။

ဖြေ။ ရှင်ပင်ကြည့်ရာ၊ ဓာတ်ကိုသာ ညှော့်ခံ ပါလားသတိထား။

မေး။ အိမ်ထင်, ကျောင်းထင်၊ ပညတ်ဝင်၊ အသင်ဘယ်သို့ ဖြေည်မည်လဲ။
ဖြေ။ မျက်စိမြင်ရာ၊ ရုပ်ကိုသာ၊ မှတ်ပါစိတ်စွဲ အနိစ္စဘဲ။
မေး။ စားခါ သောက်ခါ ပျော်ရွှင်ခါ၊ သင့်မှာဘယ်သို့ ဖြေမှာလဲ။
ဖြေ။ စားသောက်သုံးခါ၊ရှုံစရာ၊ပျက်ထာအနိစ္စအသုဘာ။
မေး။ လှပပုံပြင်၊တန်ဆာဆင်၊ငါ့ရှင်ဘယ်သို့ဆင်ခြင်မလဲ။
ဖြေ။ မှန်ကြည့်တန်ဆာ၊ ဆင်ပြင်ခါ၊ မသာရုပ်မျှ-အသုဘာ။
မေး။ မိတ်ဆွေချစ်ခင်၊ လာဒါမြင်၊၊ ငါ့ရှင်ဘယ်သို့ဆင်ခြင်မလဲ။
ဖြေ။ ချစ်မိတ်သဟာ၊ လာသောအခါ၊ ရူပါဝဏ္ဏာ၊အဆင်းအနိစ္စ။
မေး။ တိုက်,အိမ်,ဗိမာန်၊ သင်မြင်ပြန်၊ ဉာဏ်ခံဘယ်သို့ ဖြေမည်လဲ။
ဖြေ။ ခန္ဓာနေအိမ် ၊ခေတ္တဇိမ်၊ တွေးချိန်အိမ်ငှါး သတိထား။
မေး။ မယား-လင် ထင်၊ မြင်ပြန်လျှင်ငါ့ရှင်ဘယ်သို့ဖြေမည်လဲ။
ဖြေ။ ပညတ်သဏ္ဌာန်၊ ပယ်ဖြုတ်ပြန်၊ မြန်စွာ ပျက်ပြားရုပ် ဓာတ်သား။
မေး။ ငါ၏ယောကျ်ား၊ငါ့မယား၊မြင်မှားတတ်ပြန် ပယ်ဖြုတ်ရန် ဘယ်ဉာဏ်ရမှ-မြတ်မည်လဲ။
ဖြေ။ သင်၏ယောကျ်ား – သင့်မယား မြင်ငြားတွေ့ဆုံသတိကြုံ၊ ရူပါရုံဘဲ-ဓာတ်နှင့်ခွဲ။
မေး။ သားသမီးငယ်၊ မြေးသယ်မြစ်များ၊ အနားလာကပ်၊တွေ့လပ် မျက်မြင်၊ လူကောင်ထင်၊ ငါ့ရှင်ဘယ်သို့ဉာဏ်ခံမလဲ။
ဖြေ။ သုတ္တန်နည်းပေ၊ ဉာဏ်သည်တွေ၊ သွေးလေဓာတ်စု၊ မြင် အောင်ရှု။
မေး။ အာဂန္တုဉာဏ်သယ်၊ရောက်ခါဝယ်ယောဂီဘယ်သို့ဉာဏ်ခံမလဲ

ဖြေ။ မျက်မြင် ရုပ်ပျက်၊ လူမစွက်၊ ရေပွက်သွေးစု၊ ယောဂီရှု။

မေး။ ရွှေ၊ ငွေ၊ လယ်ယာ၊ မျှားဥစ္စာ၊ မြင်ခါစိတ်နောက်- အပူရောက်၊ ပယ်ဖျောက်ဘယ်ပုံညွှန်ခံမလဲ။

ဖြေ။ ရွှေငွေရုပ်ဓာတ်၊ အမြဲမှတ်၊ အဠကလာပ်ရှုမြဲ၊ဓာတ်နှင့်ခွဲ။

မေး။ ချစ်အပ်လှစွာ၊ ငါ့ခန္ဓာထင်၊ အလှပြင်ခိုက်၊ မှန်ကြည့်ခိုက်၊ ဥာဏ်ဥ္ဘယ်ပုံညွှန်ခံမလဲ။

ဖြေ။ ရန်သူခန္ဓာ၊ မီးလောင်စာဟု၊ ပြုစုပြင်တိုင်း၊ အပျက်ပိုင်းသို့၊ မဆိုင်းသွားခါ၊ သုသာန်သာ၊ သိပါ-ဉာဏ်သွား-သတိထား။

မေး။ ကျင်ကြီး ကျင်ငယ်၊ စွန့်ရာဝယ်၊ ယောဂီ- ဘယ်သို့ညွှန်ခံမလဲ။

ဖြေ။ သမုဒ္ဒရာ၊ မြစ်ပမာဝယ်၊ စားသာစားရ၊ အားမရ၍၊ ဒွါရဝင်ထွက်၊ အောက်အထက်၊ ဖြစ်ပျက်ကိုသာညွှန်ခံပါ။

မေး။ ဘောဇဉ်ခဲဘွယ်၊ စားသောက်ခါဝယ်၊ တင့်တယ်သုဘ၊ ထင်ရပြန်ပြီ၊ ကောင်းကြသည်၊ ယောဂီ-ဘယ်သို့ ညွှန်ခံမလဲ။

ဖြေ။ အစိမ်းကိုချက်၊ အကျက်ကယ်ထင်၊ မျက်မြင်မရှုး၊ စိတ်မှာရှုး၍၊ ဘီလူးပမာ၊ သင့်ခန္ဓာရင်း၊ ပါးစပ်တွင်း၌၊ မြှုပ်ရင်းမပြတ်၊ သုသာန်ရပ်ဟု၊ ဓာတ်ပျက်စု- ယောဂီ- ရှုပါလား။

မေး။ လျှောင်းစက်ပျော်ရာ၊ အိပ်သောခါ၊တွေးရာ-ဘယ်သို့-ဆင်ခြင်မလဲ။

ဖြေ။ လူသေပမာ၊ သင့်ခန္ဓာ၊ အိပ်ရာဝင်တိုင်း၊ စိတ်မရိုင်းနဲ့ ကသိုဏ်းမြင်ကြ-အသုဘ။

မေး။ ရှေးအရိယာ၊ သူတော်စွာသည်၊ ဘယ်မှာတရား၊ ဘယ်ကို
သွားရှဲ၊ ရှာဖြေးတွေ့ခါ၊ ဓမ္မတာသည်၊ ဤဟာ-ဤသို့၊
ဟုတ်ကဲ့လား။

ဖြေ။ သိဒ္ဓတ်ရာဇာ၊ လောင်းမဟာသည်၊ မျှားစွာခြွေရံ၊ အိပ်
ဖန်ပျော်ဆဲ၊ ရွှေရင်ကွဲမျှ၊ မြင်ရမရှင်၊ ဗောဓိပင်ကို၊ ခိုဝင်
ကပ်ရှား၊ မြတ်တရားစစ်၊ ဘုရားဖြစ်မည်၊ ယောဂီမှတ်အုံး
သူတော်ထုံး။

ၐင်းအမေးအဖြေလက်ာကို၊ တယောက်က, မေး-တယောက်က,
ဖြေ၊ တယောက်ကမေး- အများက- ဖြေ။ သင့်သလိုဆရာများက
စီစဉ်ကြ။

## သာသနာ ၅၀၀၀ သံပေါက်

သာသနာ ငါးထောင်၊ ထိန်ဝေပြောင် နေရောင်မကလင်းပါစေ။
ဗုဒ္ဓရာဇာ။ စောင့်ရှောက်ခါ၊ အာဏာပြရှဲ- ဆုံးမစေ။
ဓမ္မအာဏာ စက်နှစ်ဖြာ၊ ဖက်ခါယှဉ်တွဲမြဲပါစေ။
သီလ,သမာ၊ မြတ်ပညာ၊ သိက္ခာသုံးဝ-သိပိုင်စေ။
ဓမ္မစကြာ၊ မိဂဒါ၊ ဟောခါညွှန်ပြ-ဖွင့်ကြစေ၊
ကိုယ်စိတ်ပင်ပန်း၊ ကာမလွှမ်း၊ ၂-လမ်းပယ်ချ လမ်းပြစေ။
မယုတ်မလွန်၊ ခန္ဓာဝန်၊ လမ်းညွှန်ဒိဋ္ဌိ ကွာကြစေ။
ပဥ္စဝဂ္ဂီ၊မြတ်တောမှီ၊ သိဂီရွှေခွက်-သိပိုင်စေ။
မဂ္ဂင်ရှစ်တန်၊ တရားမှန်၊ နိဗ္ဗာန်ရောက်ကြောင်းဟောပြစေ။
ငါးရပ်ခန္ဓာ၊ လက္ခဏာ၊ ဉာဏ်မှာသိဘို့-တွေးကြစေ။

အနတ္တသံ၊ ဆူဆူညံ၊ မဂ်ဉာဏ်ရကြ–ရသော့တွေ။
ပရမတ်ဉာဏ်၊ မြတ်သံဃ၊ ဗုဒ္ဓံဆည်းကပ်–ဦးနှိမ်ချွေ။
တရားမမြင်၊ ဘုရားရှင်၊ ဉာဏ်စဉ်မတွေ့–ရသော့တွေ။
တရားသိမြင်၊ ဘုရားရှင်၊ ခိုဝင်ဆည်းကပ် မှီးကြစေ။
လူ့ဝတ်ရဟန်း၊ ရှင်ရဟန်း၊ ၂–လမ်းသိကြ အားထုတ်စေ။
အရိယာမှန်၊ မဂ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရမှ-အေးကြစေ။
ထိပေါက်ခုခါ၊ သာသနာ၊ ကြုံလာတရား–ရကြစေ။
တရားသိပြီ၊ မြတ်ယောဂီ၊ ထိုဤဘဝ–ပြတ်ကြစေ။
မြို့တိုင်းပြည်ရွာ၊ သာသနာ၊ ပမာနေ့လ–လင်းပါစေ။
ယောဂီများစွာ၊ ပို့မေတ္တာ၊ မြန်စွာခဏ–ပြန့်နှံ့စေ။

ညစဉ်ရွတ်ကြ၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါခပ်သိမ်းတို့ ချစ်ခင်၍၊ ဘေးအစုစုကင်းမည်။ သံပေါက်ပိုင်း အများရွတ်ဆိုလျှင် ညီညီဆိုရမည်။

---

## အဝိဇ္ဇာသံပေါက်

ခတ်ကိုလူထင်၊ မြူမစင်၊ ပုပင်ငါ့စိတ်မိုက်။
အာရုံတိုင်းပင်၊ လိုက်စားလျှင်၊ စွဲချင်ငါ့စိတ်မိုက်၊
မြောက်ခါပင့်ခါ၊ ချီးမွမ်းခါ၊ ကြိုက်ထာငါ့စိတ်မိုက်။
ရွှေငွေဘဏ္ဍာ၊ များဥစ္စာ၊ မက်ထာငါ့စိတ်မိုက်။
သူဌေးဖြစ်ပြန်၊ စည်းစိမ်ခံ၊ ထက်သန်ငါ့စိတ်မိုက်။
လူနတ်တန်တန်၊ ဖြစ်ချင်ပြန်၊ ဆုပန်ငါ့စိတ်မိုက်။
ဒုက္ခတွေထွေ၊ မမြင်ချေ၊ ရူးလေ ငါ့စိတ်မိုက်။
ဘုရားပွင့်ခါ၊ မသိပါ၊ လွဲရှာ ငါ့စိတ်မိုက်။

လို–ကြောင့်များခါ၊ တရားရှာ၊ တဏှာ ငါ့စိတ်မိုက်။
မိန်းမ,ယောကျ်ား၊ အထင်မှား၊ ငဲ ငြွားငါ့စိတ်မိုက်။
မြှုပ်ခါမျှောခါ၊ သံသရာ၊ လယ်ဒါငါ့စိတ်မိုက်။
အများစကား၊ နားထောင်ငြွား၊ အမှားငါ့စိတ်မိုက်။
အို,နာ,သေခါ၊ မျက်မြင်သာ ကန်းဒါ ငါ့စိတ်မိုက်။
ဆင်ကန်းတောတိုး၊ သဘောမျိုး၊ ကြိုက်ရိုး ငါ့စိတ်မိုက်။
စိတ်ကြိုက်အာရုံ၊ ကာမဂုဏ်၊ ရေစုန်ငါ့စိတ်မိုက်။
အငွေ့နံ့ရှူး၊ စိတ်ဘီလူး၊ လွန်ကြူးငါ့စိတ်မိုက်။
နိဗ္ဗာန်ဆိုတာ၊ မြို့ပြည်ရွာ၊ ထင်တာ ငါ့စိတ်မိုက်။
ခံစားဘို့ရာ တောင်းတရှာ၊ မျှော်ဒါငါ့စိတ်မိုက်။
မယားအာရုံ, လင်အာရုံ၊ ချိန်ကုန်ငါ့စိတ်မိုက်။
သပ္ပုရိသ၊ဟောမရ၊မောလှငါ့စိတ်မိုက်။
(အမြဲဆို၊ နေ့စဉ်ရွတ်၊ တရားဟောခါနီး–ဧည့်ခံရွတ်)

---

## ဝိဇ္ဇာ သံပေါက်

လူမဟုတ်ပါ၊နမ်ရုပ်သာ၊ပျက်ထာသိတဲ့ဥာဏ်။
ဖြစ်ပြန့်,ပျက်ပြန်၊လောကခံ၊အမှန်သိတဲ့ဥာဏ်။
ဒုက္ခထိုထို၊ခန္ဓာကိုယ်၊အပိုသိတဲ့ဥာဏ်။
ငါကောင်, သူကောင်၊ မျက်လှဲ့ဆောင်၊ လွတ်အောင်သိတဲ့ဥာဏ်။
သုညဗလာ၊နှစ်မပါ၊အကာသိတဲ့ဥာဏ်။
သွေးခဲ သွေးစု၊ဓာတ်အစု၊ရှုမှုသိတဲ့ဥာဏ်။
သဘာဝသာ၊လက္ခဏာ၊ ပရိညာသိတဲ့ဥာဏ်။
သစ္စကိစ္စ၊ မဂ်ကတ၊ ဆုံး, စသိတဲ့ဥာဏ်။
အဘိဓမ္မာ၊ နက်နဲ့စွာ၊ ခွဲခွာသိတဲ့ဥာဏ်။

ဝိပဿနာ၊ မြတ်ပညာ၊ ဝိဇ္ဇာသိတဲ့ဥာဏ်။
ရတနာသုံးတန်၊ စစ်အမှန်၊ ကေန်သိတဲ့ဥာဏ်။
ဒိဋ္ဌိတဏှာ၊ ပတ်သတ်ခါ၊ အေးရာသိတဲ့ဥာဏ်။
ညီတော်အာနန်၊ မိန့်တော်သံ၊ မှာရန်သိတဲ့ဥာဏ်။
ဝက္ကလိရဟန်း၊ ဆုံးမခမ်း၊ မဂ်လမ်းသိတဲ့ဥာဏ်။
မသိသူကျော်၊ သိသူဖော်၊ ဂုဏ်တော်သိတဲ့ဥာဏ်။
မေဃိယအား၊ လမ်းဆုံးထား၊ တရားသိတဲ့ဥာဏ်။
မဂ်ဖိုလ်နိဗ္ဗာန်၊ ရှင်ပျော်စံ၊ အမှန်သိတဲ့ဥာဏ်။
ဇာတိကင်းကွာ၊ ရဟန္တာ၊ ကျမ်းလာသိတဲ့ဥာဏ်။
ချီးမွမ်းမြွက်ပြန်၊ ကဲ့ရဲ့သံ၊ သည်းခံနိုင်တဲ့ဥာဏ်။
ရှင်မြတ်သိန်းထွန်း၊ နိဗ္ဗာန်ညွှန်း၊ ပိုင်စွန်းသိတဲ့ဥာဏ်။

(ရှုပ်ပါ၊ တွေးပါ၊ စဉ်းစားပါ၊ တရားထူးရလာမည်။)

---

## အစိသီလ–ဆောင်ပုဒ်

လက်ခြေအင်္ဂါ၊ မဖျက်ပါနဲ့၊ သပြာငွေကြေး၊ အကုန်ပေး ခါ၊ ခန္ဓာကိုယ်သာ၊ စောင့်ရှောက်ခါဖြင့်၊ အင်္ဂါခြေလက်၊ ဖြတ် ဘိုချက်ဟု၊ အသက်ခန္ဓာ၊ စွန့်လိုက်ပါကြ၊ သီလကိုစောင့်၊ တရား ဖြောင့်လိမ့်၊ ကြောင့်ကြပူမီး၊ ခန္ဓာကြီးကြောင့်၊ ခရီးရှေ့ကြာ၊ သံသရာဝတ်၊ ဖန်ခါနစ်မြုပ်၊ ဇာတိရှုပ်လို့၊ ဒုက္ခတွေပွား၊ အသေ များခဲ့၊ ဘုရားမိန့်မှာ၊ မြတ်သီလာကို၊ သေချာမြဲကပ်၊ ယောဂီ မြတ်တို့၊ အေးဇာတ်သုခ၊ တိုက်တွန်းရသည်၊ ဦးမြတ်သိန်းထွန်း– စိတ်ဓာတ်တည်း။

## အဓိစိတ္တ–သမာဓိ ဆောင်ပုဒ်

အများသတ္တာ၊ ဝေ ဏေ ယျာ ကို၊ မေတ္တာစဉ်ပွား၊ အချစ်များ တော့၊ ကိုယ်နှဲ့နှိုင်းခါ။ မရှိုင်းပါသည်၊ ခန္တီနှလုံး၊ သည်းခံ ထုံးဟု၊ မိုက်နှုန်းပယ်ရှား၊ ဒေါသပါးလိမ့်၊ ကြောက်အားတုန်လှုပ်၊ ခန္တာ ယုတ်ကြောင့်၊ မြုပ်ခါမျောခါ၊ လယ်ရပါတယ်၊ ဘယ်ခါပြီးပါ့၊ သတိရကြ၊ ခန္တီမေတ္တာ၊ စောင့်ရှောက်ပါတယ်၊ ခန္တာဘိယျော၊ ဗုဒ္ဓဟော၏၊ ပြဝိပြဟ္မာဏံ၊ လမ်းကြောင်းမှန်လျှင်၊ အနာဂါမ် ရောက်။ မဂ်ဖိုလ်ပေါက်လိမ့်၊ လမ်းရှောက်မကြာ၊ တဏှာကွာ သော်။ ရဟန္တာမြတ်၊ ဖြစ်ဘို့ဇာတ်ဟု၊ အေးဓာတ်သုခ၊ ချမ်းသာ ရမည် ဦးမြတ်သိန်းထွန်း–စိတ်ဓာတ်တည်း။

☆

## အဓိပညာ–ဆောင်ပုဒ်

ဇာတိလွတ်ရာ၊ လမ်းပေါက်ရှာကြ၊ ခန္ဓာဇာတ်သိမ်း၊ မီးဓာတ် ငြိမ်းဘို့၊ အေးကိန်းမြင်ခါ၊ ယောဂီငါသည်၊ ဝိဇ္ဇာဉာဏ်ရ၊ မြတ် သုခတည်း၊ လောကအခြေ၊ လူတို့ပြေဝယ်၊ ဖွားသေမပျက်၊ ဒုက္ခ ဆက်ခဲ့၊ အသက်သတ္တဝါ၊ ထင်ရပါသည်၊ ငါသာဘောက်ပြား၊ လွန်မှောက်မှားလျက်၊ ၂–ပါးရုပ်နာမ်၊ ဓာတ်အမှန်ကို ပိုင် ဉာဏ်မရ၊ သူမိန်းမဟု၊ ငါကယောက်ျား၊ စိတ်စွဲများလှ၊ မြင် ပါကြကုန်၊ ပြုလိုဂုဏ်ထင်၊ သခ်ါရဘို၊ ကုသိုလ်ကြုံလျှင်၊ လုံးစုံ မကောင်း၊ ဇာတိကြောင်းဟု၊ ကံဟောင်းစေတနာ၊ မြတ်ပညာ သည်၊ အဝိဇ္ဇာမီး၊ ထိပ်ကစီးလျက်၊ ခရီးပင်ပန်း၊ ငရဲခမ်းမှ၊ သွေး

ဗိုက်အောင်ခမ်း၊ ဇာတိလမ်းမှ၊ တက်လှမ်းခဲ့ရာ၊ ငါ့ဉာဏ်မှာဝယ်၊ ရတနာသုံး၊ ဓာတ်မျက်လုံးနှင့်၊ လမ်းဆုံးမြင်ခါ၊ ဝမ်းမြောက်ပါတယ်၊ ဉာဏ်မှာတူကြ၊ ယုံကြည်ကြလိမ့်၊ မီးငြိမ်းရာပြ၊ သက်သာရမည်၊ ဦးမြတ်သိန်းထွန်း–စိတ်ဓာတ်တည်း။

၎င်းသုံးပုဒ်ကို တယောက်ကောင်း ဖြစ်စေဆို၊ သို့မဟုတ် - အများညီညီဆိုပါ၊ စောင့်ရှောက်ပါ၊ ဆရာ၏ စိတ္တဝိသုဒ္ဓိအတိုင်း ရေးလိုက်သည်၊ ဝိပဿနာဉာဏ်ကိုရဖို့ ကြိုးစားကြ ယောဂီတို့။

---

# ဒေါ်လစ်ဆူ–ပုံဝတ္ထု။

ငယ်စဉ်က မိဘများ နာမည်ပေးထားဒါက– မယ်မှန်။ မှန်ဒါကိုသာ ပြောတယ်။ အနေမှန် အစားမှန်၊ အိပ်ချိန်နိုးချိန်မှန်တယ်။ ငါးပါးသီလ ခံယူဆောက်တည်ခြင်း။ ညစဉ်–အချိန်မှန်၍ ဘုရားရှိခိုးတယ်။ ၁၅–နှစ်အရွယ်ကျတော့ သွေးရောဂါအတွက် စိတ်လေ စိတ်လွင့်ဖြစ်တယ်။ သတိလွတ်တတ်သော လေရောဂါရှိပြန်တယ်။ မေ့တတ်မူးတတ်၏။ စိတ်တို၏၊ စိတ်ဆတ်၏၊ ပြောလွယ်ဆိုလွယ်၊ ပါးစပ်က တတွတ်တွတ်မြည်တွန်၍ မပြတ်ပြောလေ့ရှိ၏။ သတိလစ်တတ်လို့ အိမ်မှာဆူအားကြီးလို့ မိဘများက (လစ်ဆူ)လို့ ခေါ်ကြပြန်တယ်။

## အိမ်ထောင်ပြုချိန်

မိဘများက ငါ့သမီးကိုတော့၊ တော်တော့လူက ယူမှာမဟုတ်။ အသက်ကြီးပေစေ၊ မုဆိုးဖိုဘဲဖြစ်ဖြစ်၊ လူရိုး, လူကောင်း–လုပ်

ကိုင်ကျွေးသူတွေရင် ပေးစားမယ်။ အသက် ၂၀-ကျော်လာပြီ၊ ရှယ်တူဆိုရင်ယူပေမဲ့ သည်းခံ၍ပေါင်းသင်းမှာမဟုတ်၊အိမ်ထောင် ပြုချိန်ချိန်ကျရင်၊ မိဘ ၂-ပါးတို့ရဲ့ တာဝန်ဘဲလို့ စဉ်းစားကြ တယ် လစ်ဆူအတွက်။

## ဦးရွှေရိုးနဲ့-ညားပြီး

**သ**က်ကြီးဘိုးအို မုဆိုးဖို ဦးရွှေရိုးနဲ့ မိဘတို့က နားချ၍ ပေးစား လို့၊ မယ်လစ်ဆူနဲ့ ဦးရွှေရိုးနဲ့ညားပြီ။ အသက် ၄၀ ရှိ ဒေါ်လစ် ဆူ၊ သွေးရောဂါက-ပူ၊ အဆုတ်နာကတမျိုး၊ နားကလဲ-ပင်း။ မျက်စိနာ၊မျက်ခမ်းစပ်၊ မြင်းသရိုက်၊ လိပ်ခေါင်း၊ ခြေဘဝါးက, သပွတ်နာ၊ဒီလိုရောဂါမျိုးစုံသော်လဲ၊ ဦးရွှေရိုးက- ကိုယ်နဲ့ပေါင်း သင်းဆက်ဆံ အသက်ငယ်တဲ့မယားမှန်လေတော့၊ သည်းခံတယ်။ ဘယ်လိုဘဲဆူဆူ- ဆူလေ-ချစ်လေ၊ အော်လေ-သနားလေ၊ သတိ လစ်လေ, **သက်ညှာလေမှတ်။**

## လစ်ဆူအတွက်- ဦးရွှေရိုးအသက်

တနေ့သောအခါ- အမြဲတန်း ရောဂါကို ကုသနေတဲ့ဆေးဆရာ ဦးပညာအိမ်သို့ရောက်လာ၊ညောင်စောင်းပေါ်မှာ ဆေးဆရာကြီး ကထိုင်နေတယ်။ဦးရွှေရိုးနဲ့ စကားပြောနေကြတယ်။ ဦးရွှေရိုးက အသက်တမျှချစ်ခင်လှသော-ဒေါ်လစ်ဆူအတွက်၊ ပိုက်ဆံဘယ်မျှ လောက်ကုန်ကုန် ရောဂါပျောက်ကင်းရင် သက်သာခွင့်ရရ င်တော် ပါပြီဆရာရယ် ဆရာဆန္ဒရှိသမျှကန်တော့ပါမည်လို့ ပြောဆိုနေ ကြတယ်။

## ယောင်းမကို--ခါးထိုးရှာ ဒေါလစ်ဆူရဲ့မေ့ပုံရယ်စရာ။

အသက် ၄၀ ကျော်ခါမှ ဘုရားရှိခိုးဘို့တွေ့ဖယ်၊အနေမမှန်–အစား မမှန်၊ အပြောအဆိုမမှန် ၊စိတ်တိုစိတ်ကောက်များပြီး၊ အတွင်း ရောဂါ– အပြင်ရောဂါတို့အတွက်၊ စိတ်မချမ်းသာဘူးတဆူထဲဆူ နေသည်။ငယ်စဉ်က– မယ်မှန်၊ သတိလစ်တိုင်းဆူလို့– လစ်ဆူ၊ ဆေးဆရာဦးပညာရောက်နေဆဲမှာ၊ ထမင်းချက်တယ်၊ ယောင်းမ ကို ခါးထိုးထားတယ်၊ ထမင်းအိုးကဆူအားကြီးလာလို့ မွှေခါနီး ထမင်းရေငှဲ့ခါနီး ယောင်းမ ရှာလို့မတွေ့ဘူး။ ဟဲ့ ဒီကယောင်းမ ဘယ်**ယောက်**သလဲ ကိုရွှေရိုး–လာစမ်းပအုံး။ယောင်းမ–ကူရှာပါ– အောာ်ပြီ–ဟစ်ပြီ၊ ဆူတယ်၊ စကားတွေများလာပြီ၊မီးဖိုထဲဝင်လိုက်၊ အပြင်ထွက်လိုက် (ထမင်းလဲမြဲကုန်ပြီ) မနေနိုင်လို့ဆေးဆရာ ဦးပညာကဘာဖြစ်ကြဒါလဲ–မေးတော့၊ထမင်းချက်ရင်းယောင်းမ ပျောက်တယ်ပြော၏။ ဦးပညာကလက်ညှိုးထိုးပြီးပြတယ်၊ ခင်ဗျာ့ ခါးထဲမှာ–လုံချိကိုညှပ်ထားဒါဘာကြီးလဲဗျလို့–မေးလိုက်တယ်။

## လက်ခုတ်တီး–ပါးစပ်ပိတ်၊ပက်လက်လန်အောင်ရယ်ပြီး

အံ့မလေးဟဲ့ဖြစ်မှဖြစ်ရလေခြင်း၊ ငါ့နှယ်–ရှ က်ဘို့ကောင်းလိုက် ထာ၊ကတဲ–ဦးရွှေရိုးက မြင်တောင်မမြင်ဒါများအံ့ပါတယ်တော်၊ တကယ်ဆိုဆရာသိဘို့လား၊ ကိုယ့်မယားအကြောင်း ကိုယ့်အသိ သားနဲ့၊ခါးထဲစိုက်ထားတဲ့ဒီယောင်းမကြီး တန်းလန်းကို ရှင်မြင်ဘို့ ကောင်းတယ်၊အခုတော့ လင်သိဘို့အချက် သူများသိဒါရှက်ဘို့

ကောင်းတယ်လို့– ပြောလိုက်– ရယ်လိုက်၊ ဦးရွှေရိုးကို ထန်လိုက် မံလိုက်ဆေးဆရာဦးပညာကလဲရယ်၊ဦးရွှေရိုးကတော့-မယားဖြစ်သူ လစ်ဆူကို ချစ်မှုမပျက် ဘယ်လိုပင် ပြစ်တင်ပေမဲ့ ချစ်ခဲ့တဲ့ တဏှာကြောင့်–မနာပါဘူး။

## ဘာကိုချီးကျူးကြသလဲ

တရားဟောကောင်းတယ်၊ ကျမ်းရေး ကောင်းတယ်၊ ဥပမာပြ ကောင်းတယ်၊ ဥပမေယျကောင်းရဲ့လား၊ ဥပမာဇောတကထင် ရှားရဲ့လား၊ ဥပမာဟေတု ဘာကိုမြှော်လင့်၍ဟောသလဲ၊ ကျမ်း စာဘတ်ရင်စဉ်းစားဘတ်၊ တရားပြကောင်းလျှင် စဉ်းစားနာ ကြပါ။

(လောကဂုဏ်ကိုလိုက်သလား) ရေးတဲ့စာကိုဘတ်လို့နားလည် ရဲ့လား၊ ဘာဂုဏ်တွေဘဲရှိရှိ၊မိမိမှာ တရားအစစ် မသေခင်ရဘို့ အရေးကြီးတယ် ယောဂီ၊ မာနဟာ,ကိုယ့်သေမင်းမှတ်။

၁။ ဥပမာ– နှိုင်းယှဉ်ခြင်းနမူနာ။
၂။ ဥပမေယျ– တရားအခြေခံ။
၃။ ဥပမာဇောတက– ပြန်ဂဟပ် ၂-ခုထင်ရှားခြင်း၊
၄။ ဥပမာဟေတု– တရားရဘို့အကြောင်း။

| ဥပမာ | ဥပမေယျ |
| --- | --- |
| ငယ်စဉ်က မယ်မှန် | မေ့စကာ–ရုပ်နာမ် |
| ကြီးတော့လစ်ဆူ | မိန်းမယောကျ်ား–ပညတ် |
| သွေးလေရောဂါစုံ | တဏှာ, မာန, ဒိဋ္ဌိ |
| ဆေးစားတယ် | တရားနာတယ် |
| ယောင်းမခါးထိုးရှာ | စည်းပြင်ထွက်–တရား |
| ဆေးဆရာကြီး | ပညာဒီပနီကျမ်းကြီး |
| လက်ညှိုးထိုးပြ | တွေ့တော့-ခန္ဓာမဖြစ်မ |
| ရောဂါစုံပျောက်တယ် | တဏှာ, မာန, ဒိဋ္ဌိမရှိ· |
| ဆရာက ပြုံးတယ် | ခန္ဓာမှာတရားရလို့ဝမ်းသာတယ် |

---

## ဒေါ်လစ်ဆူ (၈) လုံးဘွဲ့ လင်္ကာ

၁ ငယ်စဉ်ထဲက–မေ့စွဲပါသူ၊
သွန်သင်မိဘ–သောကမီးပူ၊
မိုက်ဉာဏ်ဖျင်းလှ–မရငယ်မူ၊
မယ်မှန်ပျောက်–အံ့လောက်ဒေါ်လစ်ဆူ၊

၂ ကံကောင်းထောက်ငြား–ယောကျ်ားရမူ၊
ဦးရွှေရိုးဟု–မုဆိုးဖိုယူ၊
သားသမီးများ–အောင်ငြားအိမ်ပူ၊
စရိုက်ကြမ်း–ဟော့ရမ်း ဒေါ်လစ်ဆူ၊

၃ ဘယ်လိုပြောပြော–ပြောသူကိုဆူ၊
အဆုတ်နာရှိ– မျက်စိ နားအူ၊
ခြေဘွားသပွတ်–ကံဝဋ္ဋ်စိတ်ပူ၊
သေဘို့ရေး–မတွေးဒေါလစ်ဆူ။

၄ ဦးပညာဟု–ဆေးကုတတ်သူ၊
ယောင်းမပျောက်ဆဲ–ရောက်မြဲပူဆူ
ဆရာကြီးက–ရှာပြီးပြုယူ။
လက်ကိုင်ပြော–ရယ်မောဒေါလစ်ဆူ။

၅ ထမင်းချက်ရင်း– လက်တွင်းကိုင်ယူ၊
ယောင်းမခါးစိုက်– ငှဲခိုက်ပစ်သူ၊
ခူးမည်ကြံက– ပျောက်ရငြူစူ၊
အမှားရိုး– ခါးထိုးလိုက်လို့ဆူ။

၆ သမီးနှင့်သား–ခေါပြားမေးသူ၊
လင်သားယောကျ်ား–စိတ်များဆိုးပူ၊
အိုးကြိုခွက်ကြား–ထင်မှားလိုက်ယူ၊
တအိမ်လုံး–သိမ်းကြုံးအော်ဟစ်ဆူ။

၇ ယောင်းမရှာခိုက်–အိမ်၌ရောက်သူ၊
ဧည့်သည်မိတ်ဟောင်း–အကြောင်းမေးမူ၊
ဖြစ်ပုံသဘော–ပြန်ပြောစစ်ယူ၊
ဆရာပြု–ခါးမှ တွေ့တဲ့သူ။

၈ ယောင်းမတွေ့စ– ပြုံးရမှန်သူ။
ကျေးဇူးတင်ကြောင်း–မိတ်ကောင်းဖွဲ့ယူ၊
ရှက်လဲရှက်ရ ကျမဖြစ်မူ၊
ရင်စုံတီး–အံ့ချီးရယ်လိုက်သူ၊

၉ စစ်ကိုင်းတောင်ရိုး–အားကိုးကြသူ။
တရားရဘို့- သွားစို့ ငါ့သူ၊
ကျောက်ဂူလိုဏ်ခေါင်း–ပုန်းအောင်းကြံသူ၊
သတိပြု–ကြည့်ရှုဒေါ်လစ်ဆူ။

၁၀ ကိုယ့်ကိုအပြစ်–စင်စစ်ရှာယူ၊
သူများပြစ်ပြော–မနှောမဖြူ၊
တရားမရ–များလှမီးပူ၊
ယောင်းမပျောက်– မေ့နောက် ဒေါ်လစ်ဆူ။

၁၁ ပြောရုံပြောလို့– သဘောမယူ၊
ခန္ဓာဓာတ်ခဲ–လူဘဲထင်မှု၊
ဖြိုင်ပြော ဆိုင်ပြော–နိုင်ပြောငြင်းသူ၊
မာန်ကိုရှော့–မှတ်တော့ ဒေါ်လစ်ဆူ၊

၁၂ တရားမှန်သိ–ပဏ္ဍိတဆူ၊
ကိုယ်နှုတ်စိတ်ထား– သုံးပါးပြော့မှု၊
တဏှာမာန–ပယ်ချဖြတ်သူ၊
ခန္ဓာမီး–ရှာနည်းဒေါ်လစ်ဆူ၊

ဒေါ်လစ်ဆူ၏ ပုံဝတ္ထုကို တကယ်ဝေဘန်လျှင် အရိယာ သောတာပန်၏ ဉာဏ်မျှမက၊ ဘဝဲပြတ်တရားအထိရနိုင်သည်။ တကယ်ယုံကြည်စိတ်ချလို့၊ ခန္ဓာဆိုးကြီးကို စက်ဆုပ်ရွံမုန်းပြီး၊ ဒုက္ခ သံသရာ ပြတ်လိုက၊ မလာခင်ကရှိသမျှမာနကို လျှော့ပြီးရင် ထပ်လျှော့ပြီး၊ မသေခင် ဆရာထံသို့ အမြန်လာကြဘော့ ယောဂီတို့။ စာထဲမှာ ရေးရဓါဘယ်တော့မှ အားမရဘူး၊ အသိဉာဏ် အဘိုးမပြတ်နိုင် ပုဒ်ပြတ်မှတ်ကြ။

## သံဝေဂ လင်္ကာ

သေဘေးမမြင်၊ နေရေးရှင်လျက်၊ အစဉ်မှောက်မှား၊ ဝေဖောများတို့၊ ကြံအားသော်ခု၊ ဉာဏ်မျှော်ရှုဘို့၊ ဖော်ပြုမယား၊ သ္မီးသားနှင့်၊ စီးပွားလင်ပိုင်၊ ဇာတ်စင်ဖြိုင်လဲ၊ မနိုင်ရှုံးမြဲ၊ နှလုံးစွဲတော့။

ပြုံးမြဲပျော်မြဲ၊ ဒွန်စုံတွဲလို့၊ ငိုပွဲရယ်ပွဲ၊ စခမ်းနွှဲခဲ့၊ လမ်းလွဲတာရှည်၊ ကြာလှပါပြီ၊ ပလီပလာ၊ စိတ်မာယာကြောင့်၊ လိုခါချစ်တုံး၊ မလိုမုန်းကြ၊ ချိုပြုံးလှဲ့ပြန်၊ တကဲ့ဟန်ကြောင့်။

သူ့ထံငါလိုက်၊ အပျော်ကြိုက်ဘို့၊ ငါ့ထံသူလိုက်၊ အပျော်ကြိုက်တို့၊ ဖော်လိုက်မပြီး၊ ဉာဏ်သိမ်းဆီးလို့၊ ကိုယ်ထီးသိရာ၊ လမ်းပေါက်ရှာတော့၊ ဖွားလာသေမျိုး၊ အနေဆိုးသည့်။

လာမ်းရိုးဆက်ခါ၊ ပျက်နယ်ရွာကို၊ တွေးခါတွက်ကြည့်၊ လက်ငင်း သိလိမ့်၊ ရှာသည့်ပစ္စည်း၊ ငါ၏မီးဟု၊ ငါ့မီးငါလောင်၊ ငါ့မှာထောင်၏၊ ငါ့ထောင်ငါချ၊ ငါသာကျခဲ့၊ ငါကလွန်ကျူး၊ အမိုက်ရူးမို့၊ ထောင်မှူးငါပင်၊ ငါလျှင်ထောင်သား၊ အမှောင်များခဲ့။

ရွှေဝင်ရှားဘွဲ့ရာ၊ သာသနာတွင်၊ ၃—ခါတွေ့စ၊ သတိရက၊ ဝါ—ခု ဆရာတွေ့က၊ သတိရကြ၊ ငါမျှသူပင်၊ လူကောင်မြင်၍၊ အစဉ်စွဲရှိ၊ မြဲဒိဋ္ဌိကြောင့်၊ရိပ်မိကြမည်၊ ခြသော့ဆိုကို၊ သိဂ္ဂမြတ်နား၊ ထိတိုင်းကြားလိမ့်၊ တရားထူးမြတ်၊ ဓမ္မဓာတ်သည်၊ ဝိပဿနာ၊ ဘာဝနာငြိမ်း၊ ဇာတ်သိမ်းခမ်းမို့၊ မဂ်လမ်းစူးယှ၊ အထူးပြမည်၊ ဦးမြတ်သိန်းထွန်း လက်ဆောင်တည်း။

**ထိုသံဝေဂလက်ဘတပုဒ်နဲ့ပင်၊ တရားရဘွဲ့သက်သေခံမည်၊ မပြတ်ဆိုနေပါ၊**

★

သူများရဲ့အပြစ်ကို ဖော်ပြရဲသူ ဘယ်ခါမှတရားကောင်း မရမှတ်၊ ယောကျ်ားယုတ်မာ မိန်းမယုတ်မာမှတ်၊ သူများရဲ့ အပြစ်မျိုးစုံ စာထဲရေးမှတ်တယ်၊ သတင်းစာမှာပါရင် ဒီ—သတင်းစာကို ရှိရှိသေသေစုထားတယ်။ အကြောင်းရှိလာရင်အားလုံးကို ဖွင့်ပြောပြတယ်၊ အဘိဇ္ဈာခေါ်တယ်၊မစ္ဆရိယခေါ်တယ်၊အရိယာအလောင်း အရိယာပုဂ္ဂိုလ် အစစ်တို့၏ အပြစ်ကို ပြောလေ့ရှိသူသည်၊ အန္တရာယ် ၁၀—ပါးတွေ့ရမည်၊ ဘုရားဟောတော်မူသည်။

## ဓမ္မန္တရာယ် ၁၀—ပါး အရကျက်

အရိယာဇာတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ ပြောတတ်ပြစ်ဆို၊ အညစ်ပို၍၊ မလိုရန်သွေး၊ ထိုသူမျိုး၌၊ ဆယ်မျိုးပြစ်ဒဏ်၊ တွေ့မြဲမှန်ခဲ့။

၁ သွေးအန်ဖြစ်လူယ်။ ၆ မင်းဒဏ်သင့်ခမ်း။

၂ ရောင်းဝယ်ရှုံးခြင်း။ ၇ ကြမ်းတန်းစွပ်စွဲ။

၃ ချွတ်ယွင်းအင်္ဂါ။ ၈ သေကွဲသားချင်း။
၄ နူနာကုဋ္ဌ။ ၉ ပျက်ခြင်းစည်းစိမ်။
၅ ရူးကြဘောက်ပြန်။ ၁၀ နေအိမ်မီးလောင်။

ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေရငရဲ၊ ကမ္ဘာစွဲခဲ့၊ ရောက်ဆဲလူ့ပြေ၊ တက်ပြန်လေသော်၊ ကြက်သရေမွဲ၊ မင်္ဂလိလ်လွဲလျက်၊ အမြဲကြမ္မာ၊ဝဋ်ဋ္ဌကြောင်းပါသည်၊ ရှောင်ရာမမှ အန္တရာယ်တည်း။

## စဉ်းစားဘွယ်–တိုင်ပင်ဘွယ်

ယောဂီများ၊ မင်္ဂလာဏ်ဖိုလ်ဉာဏ်ကို ရည်မှန်း၍
ဝိပဿနာဉာဏ်ကို လေ့လာနာယူ မှတ်သားကြ
လျှင်၊ မိမိခန္ဓာ၌ ရုပ်တုံးရှိသမျှ အသုဘ အပြစ်စုံ
စိတ်မကောင်း ဖြစ်ဘူးဒါတွေ၊ နာမ်၌ အပြစ်
မျိုးစုံတို့ကို ထပ်ခါဝေဘန်ကြလေ။

ဘာ့ကြောင့်– သူများ၏အပြစ်၊ ယောဂီချင်းတို့ရဲ့ အပြစ်၊ ဂုဏ်အင်္ဂါ ၇–ပါး ပြည့်စုံသော သပ္ပုရိသ ဆရာမြတ်၏ အပြစ်များကို ပြောတတ်, ရှုတတ်, ငြူစူ စောင်းမြောင်း တတ်ခြင်းကို ယခုကစ၍ ကြပ်ကြပ်သတိထားပြီး ပယ်ရှားလိုက်ကြ ယောဂီတို့။

မိမိအပြစ်ကိုရှုတတ်ထာနဲ့ သူများ၏အပြစ်ကိုရှုတတ်ထာ
ဘယ်ဟာကသာ၍ ခက်ပါသလဲစဉ်းစား။

မိမိ၏အပြစ်မျိုးစုံ၊ မိမိမယား၌,လင်၌,သားသမီးတို့၌, ဆွေမျိုးတို့၌၊ မုန်းစရာ, စက်ဆုပ်စရာ, ဒုစရိုက် အပြစ်ပေါင်း၊ စိတ်

မကောင်းပုံ၊ အကျင့်ယုတ်မာပုံ စသည်တို့ကို ပရိသတ် အစည်းအဝေးခေါ်ပြီး ပြောရကြရဲ့လား။ ရေဒီယိုမှာ အသံလွှင့်ရကြရဲ့လား၊ အသံချဲ့စက်နဲ့ တပ်ဆင်ပြီး မော်တော်ကားနဲ့ မြို့ထဲ ရှောက်ပြီး ကျွန်တော်တို့လင်မယား၊ ကျမ၏လင်၊ ကျွန်တော်၏ မယား၊ ကျွန်တော်၏အကျင့်၊ ကျမရဲ့ကွယ်ရာ လေ့ကျင့်ခဏ်း ဘယ်ပုံဘဲလို့ အော်ဟစ်ရကြပါမလား၊ သတင်းစာခေါင်းကြီး ပိုင်းက ပိုက်ဆံပေးပြီး ကြော်ငြာရရင်၊ ဒီလူ–ကေန် တရားရဘို့ နိုးပြီမှတ်လိုက်။

တရားမဟောမီ ယောဂီမယ်– ယောဂီမောင်တို့က ညွှန်ခံ ပရိသတ်တို့အား ပြောပြရန် ပြောနည်းမှာ၊ အောက်ပါအတိုင်း ဆရာကြီး၏ သာသနာပြုပုံကို နောက်သားတို့ သဘောကျပါက နမူနာယူကြဘို့၊ သို့မဟုတ်သင့်တော်သလို သာသနာ ပြုနိုင်ကြစေ ကုန်သတည်း။

---

၁ အငယ်ဆုံး ၁၀–နှစ်အရွယ်အထက်။
၂ လက်ပိုက်–ရဲရဲ၊ ပြတ်ပြတ် သွားသွား။
၃ လေးလေး တပုဒ်စီ၊ ရှင်းရှင်းပြောရမယ်။
၄ တယောက်ကပြောလျှင်၊ တယောက်က စာအုပ်ကိုကြည့်။
၅ ထပြောသူက စာထစ်နေသော်၊ မေ့နေသော်၊ ကူညီပေး။
၆ မိန်းမကလေး၊ ယောကျ်ားကလေး၊ သင့်သလို။
၇ မိမိနှစ်သက်ရာ စာပုဒ်ကို အရကျက်ပြော။
၈ ဆရာများကလဲ သင့်တော်သလို ကြည့်စီမံ။
၉ ထပြောမည်ကြံလျှင်၊ လုံချီကို ခိုင်မြဲပေစေ။
၁၀ လက်ဟန်–ခြေဟန် ပြသင့်က ပြ၍ပြော။

၁၁ ပရိသတ်ကို သစ်တုံးအမှတ်ပြု၍ ရဲရဲပြော။
၁၂ ထပြောသူအဆုံးမှာ၊ အားလုံး သာဓု ၃ကြိမ် လိုက်ကြ။
၁၃ သာဓု ၃-ကြိမ် လိုက်ခေါ်ပြီး၊ ကြေးစည်ကြီးကိုရိုက်ထုပါ။
၁၄ ပရိသတ်ဝိုင်းမဝင်မီ စောစောက အကျင့်လုပ်၍ပြော။
၁၅ ပြောလိုသော ယောဂီများ၏အမည်ကို စာပိုဒ်အဆုံးမှာ ထည့်ပြော။

ဥပမာ-ကျွန်တော် ယောဂီမောင်လှတင်က ပြောပြရပါတယ် ခင်ဗျာ၊ ကျမ ယောဂီမယ် မလှရွှင်က သတိပေးခဲ့ပါတယ်ရှင့်၊ **သာသနာ**ကြီးပွားရန် နည်းမျိုးစုံတို့ဖြင့် စီမံ ဖန်တီးကြတော့။ ဆရာမသေခင်မှာခဲ့မည် ဘာကိုဘဲလုပ်လုပ်, လုပ်သမျှ ဒုက္ခတော့ မကင်းမှတ်။ လူကြီးဖြစ်လိုက သည်းခံပါ၊ အတင်းပြောခံပါ၊ မေတ္တာပို့ပါ၊ ငါးပါးသီလ စောင့်ထိန်းပါ ယောဂီတို့။

## **အနတ္တ လက္ခဏာ အကြောင်း**

ကြွရောက်လာကြသော ပရိသတ်တို့အား၊ အနတ္တအကြောင်းကို ထင်လင်းအောင် ပြောပြရန် တောင်းပန်ပါတယ်ရှင့်။

သံသရာမှာ၊ ပြန်ခါနစ်မြုပ်၊ ဘာလဲ- ခွေးတလဲ့ လူတဖန် နတ်ထံမှာဖြစ်၊ ဗြဟ္မာဖြစ်ပြန်လဲ၊ ခွေးနဲ့-ကြက်, ငှက်,ဝက်,ဘဝ သို့ ပြန်ရောက်ပြန်ဒါဘဲလို့ ကျမ်းဂန်ပြတယ်၊ ဒါ-ဘာ့ကြောင့်လဲ၊ သက္ကာယဒိဋ္ဌိကြောင့်၊ အတ္တဒိဋ္ဌိကြောင့် ဒီခန္ဓာဆိုး အပုပ်တုံးက၊ အပုပ်တုံးချင်းဟတ်၊ အပုပ်တုံးတလစပ် ထူထောင်ကြရတဲ့ ဒီလူ့ ဘုံမှာ၊စဉ်းစားကြည့်စမ်းပါ၊အတ္တ ဒိဋ္ဌိဆိုဒါ၊လူထင်မှု၊ယောကျ်ား

ထင်မှု၊မိန်းမထင်မှု၊အဲဒီ–အထင်အစွဲကြီးကသတ္တဝါတို့၏ရင်ထဲမှာ အမြဲတန်း အနုသယဓာတ်ကိန်းဝပ်နေသဖြင့်၊ မြင့်ချီတလှဲ့၊ နိမ့်ချီတဖုံ၊ မျိုးစုံသော သတ္တဝါ၊မျိုးစုံသော ဘေးဒုက္ခတို့ကိုခံစားလျှင်၊ နိဗ္ဗာန်ဆိုတဲ့ ခန္ဓာပြတ်, ဘဝပြတ် တရားကို မရကြပါ။ ဒီခန္ဓာတုံးဟာ ရုပ်တုံးကြီးအစစ်ဟု သိကြပါ၊ ငါပိုင်,သူဆိုင်,မဟုတ်၊ တဖြုတ်ဖြုတ် ပျက်စီးနေသော ရုပ္ပန–လက္ခဏာ ရှိပါတယ်။ ဒီရုပ်တုံးကြီးထဲမှာ ယောကျ်ားမိန်းမ အသက်ဇီဝအရှင်းရှာမရပါ၊ စိတ်ဆိုတဲ့ နာမ်မှာတော့ ပုဂ္ဂိုလ်–သတ္တဝါ မဟုတ်ကြောင်းကို ရှာဘို့လွယ်ပါတယ်။ ဒီရုပ်ပုပ်ကြီးကိုဘဲ၊ အထီးဘဲ၊ အမဘဲ၊ စွဲမြဲမှတ်ထင်သော အယူမှားကို အတ္တဒိဋ္ဌိလို့ ဆိုပါတယ်၊ သို့အတွက် နာမ်နဲ့ရုပ်–သက်သက်၊ ပုဂ္ဂိုလ်– သတ္တဝါမစွက်ပါဘဲ၊ အနတ္တ–အချက်ကို ဓမ္မစက်အရ၊ သိမြင် ပေါက်ရောက်ဘို့ရာကို (ကျမ– )က၊ အရေးကြီးစွာ နှိုးဆော် တိုက်တွန်းလိုက်ရပါတယ်ရှင့်။

## အနိစ္စ လက္ခဏာ အကြောင်း

ကြွရောက်လာကြသော ယောဂီအပေါင်းတို့အား၊ အနိစ္စ လက္ခဏာအကြောင်းကို ထင်ရှားအောင် ပြောပြလိုပါတယ်ရှင့်။

(အနိစ္စံ ခယဋ္ဌေန၊) ခယဋ္ဌေန၊ ကုန်ခန်းတတ်သော သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဟောဒီ ခန္ဓာကိုယ်ကြီးဟာ ဥပမာ–ပြမယ်ဆိုလျှင်၊ ရေခဲတုံးနဲ့ တူပါတယ်၊ရေခဲတုံးကို လွှစာမှုန့်ဖြစ်စေ၊ ဖွဲကြမ်းကိုဖြစ်စေ၊ ချုပ်ထိန်း၍ ဘယ်လိုပင်ထားပေမဲ့၊

တဖြေးဖြေး အရည်ပျော်ကျနေဒါကို ချထားတဲ့နေရာကဘဲ သက်သေခံပါတယ်၊ ရေခဲတုံးနဲ့ နမူနာသရုပ်ပြ၊ ဤခန္ဓာကိုယ်ရုပ်က၊ တဖြုတ်ဖြုတ် တရွရွ၊ အမြဲတန်း ပျက်၍ပျက်၍ ကျနေပါတယ်၊ မြင်အောင်ကြည့်ပါ၊ ကြည့်ရင်မြင်ပါတယ်၊ အကြမ်းစား အနိစ္စပျက်ဆိုရင်၊ မျက်ရည်တွေ၊ ချွေးထွေ၊ သွေးတွေ၊ တံထွေးတွေ၊ ကျင်ကြီးတွေ၊ ကျင်ငယ်တွေ၊ နှာရည်၊ သွားရည်မှစ၍၊ ဒီခန္ဓာအသားကြို အသားကြား၊ အရိုးကြို အရိုးကြားက ပျက်စီးချွတ်ယွင်းလျက် နေပါတယ်။ ရေခဲတုံးကို လွှစာမှုန့်- ဖွဲ့ကြမ်းတို့ဖြင့် ထိန်းထားသလို၊ ဟောဒီ ကျမရဲ့ ခန္ဓာရုပ်တုံးကြီးကိုလဲ၊ နေ့စဉ်ထမင်း ၂-ထပ်ဖြင့် အနိစ္စ-အပျက်ရထားကို အမြဲတန်းဆက်သားပေးထားပါတယ်၊ ဘယ်လိုပင် ထမင်း ၂-ထပ်မက၊ အထပ်ထပ်စားရပေမဲ့၊ အိပ်လဲပျက်၊ နိုးလဲပျက်၊ ရပ်လဲပျက်၊ သွားလဲပျက်၊ စားရင်းလဲပျက်၊ ဒီရုပ်ခန္ဓာကြီးရဲ့ အနိစ္စလက္ခဏာကို ဒိဋ္ဌမက်စရာမဟုတ်၊ မသာရုပ်၊ မသာကောင်၊ မာယာဆောင်သော မျက်လှည့်အစစ်ဖြစ်ကြောင်းကို ကျမ ယောဂီ(     )က၊ မသေခင် နိမိတ်ပြမကောင်းသဖြင့်၊ အနိစ္စအကြောင်း ရှင်းပြလိုက်ပါတယ်ရှင့်။

▲▼▲▼▲▼▲▼

## အသုဘ လက္ခဏာ အကြောင်း

တရားနာသူ- တရားကို တကယ်ရှာသူ အရိယာ အလောင်းတို့အား အသုဘအကြောင်းကို သိမြင်နှလုံးသွင်းရန် ပြောပြလိုပါတယ်ရှင့်။ ပိုက်ဆံလိုချင်ပါက- ပိုက်ဆံကိုရအောင်ရှာ၊ ခြံဝင်လျှင်နွားပါမှ-တရားနာလျှင် တရားရပြီးမှ ပြန်ကြပါ။

ဘယ်မှာ တရားရှာရမလဲလို့ မေးပြီ။
ယောဒီခန္ဓာမှာ ရှာပါလို့ အဖြေပေးပါတယ်။

မိမိတို့ရဲ့ ကိုယ်ခန္ဓာမှာသာ ရှာကြစမ်းပါလို့, ကျမ နှိုးဆော် လိုက်ပရစေ ရှာနည်းမှာ– မျက်စိပေါက်က ထွက်သမျှ ရှုစရာ အစစ် ယောကျ်ား– မိန်းမ, မဟုတ်၊ မျက်ချေးအပုပ်မှတ်၊ နား ပေါက်က ထွက်သမျှ မိန်းမ,မဟုတ် နဖါချေးအပုပ်မှတ်။ နှာ ပေါက်က ထွက်သမျှ ပုဂ္ဂိုလ်မဟုတ် နှပ်ချေးအပုပ်မှတ်။ လျှာပါး စပ်ပေါက်ကထွက်သမျှသတ္တဝါမဟုတ်တံတွေးသွားရည်အပုပ်မှတ်၊ ကိုယ်ပေါက်က ထွက်သမျှ အသက်ဇီဝ အရှင်းမဟုတ်၊ မစင်ကျင် ကြီး, ကျင်ငယ် သွေး, ပြည်, ချွေး,အစုစုအပုပ်မှတ်။ ဒီလိုယောဒီ ကျမရဲ့ ခန္ဓာကိုယ်၌ မြန်မာလိုသိလျှင်, အသိပိုင်လျှင်, တကယ် တန်းမလိုချင်အောင်သိပိုင်ခဲ့လျှင်–လူစည်းစိမ်ရှိတယ်လို့ဆုတောင်း ခဲ့ဒါတွေ, ဆုတောင်း ဆဲတွေ,ဆုတောင်းဘို့ မြှော်လင့်သမျှတွေ, ရှုစရာဆုတောင်းဘဲ– စက်ဆုပ်စရာဆုပေးဘဲ,မသာ ဆုတောင်း ဘဲ, ပဋိသန္ဓေ ရေကြည်ရေမြှုပ် သွေးပုပ် သွေးခဲ ဆုတောင်း ဘို့ရာဖယ်၊ ယခုမကောင်းလို့ဆုမတောင်းကြဘို့ အသုဘလက္ခဏာ ကိုကျမ ယောဂီက၊ ထင်ထင်လင်းလင်း ဆင်ခြင်ဘို့ရာ မျက်မြင်– ဥာဏ်မြင် ပြောရပါတယ်ရှင့်။

---

## ဒုက္ခ လက္ခဏာ အကြောင်း

ယောဂီ အရိယာ အလောင်းတို့အား ဒုက္ခလက္ခဏာအကြောင်း ကို လင်းပြလိုပါတယ်ရှင့်။ (ဘယဋ္ဌေန ဒုက္ခံ) ဘယဋ္ဌေန၊ ဘေးဟူ သော သဘောကြောင့်၊ ဝါ–ဆင်းရဲစုဖြစ်တဲ့ သဘော အမှန်·

ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဒုက္ခဘယ်ဟာလဲ၊ ဟောဒီ ကျမရဲ့ ခန္ဓာအတုံးကြီးကို ဒုက္ခမှတ်ပါ၊ ဒီဒုက္ခဆင်းရဲတုံးကြီးနဲ့ အရင်းတည်၍ ရသမျှ အမြတ်တွေဟာလဲ ဒုက္ခတွေကိုသာ အမြတ်ရတယ်လို့ သိကြပါ။ (သုဂတိဘုံသားလို့ ပရိယတ်ကဆိုဒါ မှန်တယ်၊ ပဋိပတ်အလိုမှာ ဒုက္ခဘုံအစစ်ဖြစ်နေပြီ ယောဂီတို့၊ သုဂတိဆိုဒါ ဘာသာပြန်မှာ–ကောင်းတဲ့ ဘဝသို့ ရောက်လာကြတယ်လို့ဆိုတယ်၊ (ဒုက္ခဘုံနဲ့ ကောင်းတဲ့ဘဝ) ကဲ–မဲခွဲမယ်လေ၊ လောကီမဲမဟုတ်ဘူး၊ တရားမဲ တရားစစ်ရဘို့ မဲခွဲလျှင်၊ ကေန် ဒီခန္ဓာနဲ့ နေရသမျှ သုခထင်လျှင် အန္ဓအကန်းမှတ်။ ဒုက္ခဘဲလို့ ယခုကစ၍ ဆင်းရဲညွန့်ပေါင်း ဆင်းရဲစုတို့၏ အစ ဗိုလ်ချုပ်ဒုက္ခ ရုပ်ခန္ဓာကိုယ်၊ မြန်မာလိုတော့–မွေးရတယ်, အိုရတယ်, နာရမယ်, သေရမှာက စိတ်ချပါ။ ဒီဘေးကြီး လေးပါးထဲက၊ ထွက်ပေါ်လာသမျှ အငယ်စား ဒုက္ခတွေကိုတော့ ပြောဘို့ မလိုတော့ပါ။ ဒါ့ကြောင့် ဒုက္ခန္တိခန္ဓပဥ္စကံ–တရားအမှန်ရှာ ငါးခန္ဓာမုချဝိပဿနာဉာဏ်မှာ ဒုက္ခအမှန်ဖြစ်ကြောင်းကို (ကျမယောဂီက) ကျမ်းဂန်ပြ၍ လမ်းမှန်အရ ရှင်းပြလိုက်ပါတယ်ရှင့်။

## ဝိသာခါအကြောင်း

ဘုရားလက်ထက်က နာမည်ကျော် ဝိသာခါရဲ့ ဇာတ်ကွက်ကို မှတ်ချက်နှင့်တကွ၊ ကျမ ဖော်ပြမည်ဖြစ်ပါတယ်ရှင့်။

မေဏ္ဍက–သူဌေးကြီးရဲ့ မြေး၊ ဓနဥ္စယ–သူဌေးရဲ့သမီး၊ ၇–နှစ်အရွယ်ဆိုတော့ ခလေးဘဲဆိုရမယ်၊ စာသင်ရလို့ တတ်တယ်ဆို

ပေမဲ့၊ က–ခ မှန်း သိရုံအရွယ်ပေါ့၊မြတ်စွာဘုရားရှင် ဘဒ္ဒိယမြို့မှာ တရားဟောနေစဉ်၊ အဆင့်သင့်စွာ နောက်တော်ပါ မိန်းမဖော် ၅၀၀–တို့နှင့်၊ တရားတော်ကို ရိုသေစွာ ဝင်ပြီးတော့ နာယူကြသတဲ့၊ ဇာတ်လမ်းကို တိုတိုဘဲသိကြပါတော့၊ ဝိသာခါ ၇–နှစ်သမီးက၊ ထိပ်တန်းအမြတ်ဆုံး တရားကြီးကို ရသွားတယ်၊ အရိယာ ဖြစ်တယ်၊ သောတာပန်ခေါ်တယ်၊ အပါယ်တံခါးပိတ်တယ်၊ နေရေးလဲ မပူ–သေဘေးလဲမပူ၊ သူဒင်လားတဲ့၊ နောက်ပါ ၅၀၀–တို့ပါ၊ အသီးသီးကိုယ်စီကိုယ်ငှ သောတာပန်တွေဖြစ်ကြတယ်ဆိုဒါ၊ ဒီဝိသာခါဟာ ကျမတို့ အသက်လောက်တောင် မကြီးသေးပါဘဲ၊ သောကမီး အေးငြိမ်းတဲ့တရား၊ သက္ကာယဒိဋ္ဌိကွာတဲ့တရားကိုရတယ်၊ သောတာပန်ဖြစ်ပြီးမှ အိမ်ထောင်ပြုတယ်၊ သားဆယ်ယောက်– သမီးဆယ်ယောက်၊ မြေး ၄၀၀၊ မြစ် ၈၀၀၁–ရပြီ၊ လောကီကာမစည်းစိမ်ကို မီးရှိန်မရှိခံစားနိုင်ဒါဘာလဲ၊ ဝိပဿနာ အနတ္တ–တရားဂုဏ် ဖြစ်ပါတယ်၊ ဒါ့ကြောင့်– လူဝတ်နဲ့ အိမ်ထောင်ပြုပေမဲ့ အရိယာသောတာပန် ဖြစ်နိုင်ကြောင်းကျမ်းဂန်အရ သိသာဘို့စစ်၊ ဝိသာခါ အရိယာ ဖြစ်ပုံကိုကျမ( )က၊ ဘွင်းဘွင်းကြီး ရှင်းပြခဲ့ပါတယ်ရှင့်။

---

## အရိယာအကြောင်း

ပရိသတ်တော် အားလုံးကို၊ အရိယာတရား တထုံးရှင်းပြပါရန် ကျွန်တော် တောင်းပန်ပါတယ်။

အရိယာဆိုဒါ ကြားဘူးဒါ ကြာပါပြီ၊ ဘာသာပြန် ဘာမှန်း မသိခဲ့ရပါ၊ အရိယာဆိုဒါ (အသိဉာဏ်မြတ်ကို ဆိုလိုပါတယ်) ဘယ်တရားကိုသိလို့လဲ၊ ဝိပဿနာတရား၊ ဘယ်ထိအောင်

သိရမှာလဲ၊ သက္ကာယ ဒိဋ္ဌိကွာအောင် သိရမယ်။ သက္ကာယဒိဋ္ဌိ ကွာတယ်ဆိုဒါ၊ လူပြိန်းမှတ်ဘို့က မိန်းမများက မိမိကိုယ် မိန်းမ-မဟုတ်သိဘို့၊ ယောကျ်ားတွေကလဲ ယောကျ်ားမဟုတ်ထာသိဘို့၊ မဟုတ်ရင်ဘာလဲ ဒီ-ခန္ဓာတုံးကြီးကို ရုပ်မှတ်၊ ဒီ-ရုပ်တုံးကြီးကို သယ်ယူပို့ဆောင်ခြင်း၊ သွားစေခြင်း၊ ရပ်စေခြင်း၊ အိပ်စေခြင်း စသည်ဖြင့်၊ ဆွဲငင်သော သဘောတရား စိတ်ကိုနာမ်လို့ မှတ်လိုက်ကြ၊ ဘာကောင်, ဘာသတ္တဝါမဆို၊ ရုပ်နဲ့-နာမ် ၂-ပါးသာရှိတယ်လို့ သိကြပါ၊ ရုပ်တုံးကို လူခေါ်တယ်၊ ယောကျ်ားခေါ်တယ်၊ မိန်းမခေါ်တယ်၊ ဒီလိုခေါ်မှု-ပြောမှု မိမိ၏နာမည် ဆံပင်, သွား အရေအသား-စသော ခေါ်ဆိုမှု ဟူသမျှကို ပညတ်မှတ်။ ဒီခေါ်ဆိုမှု ပညတ်ကိုလက်နဲ့ ကိုင်လို့စမ်းလို့၊ တွေ့ထိလို့မရ။ ဘာကိုရသလဲ။ ရုပ်တုံး, ရုပ်ခဲဘောက်ပြန်တဲ့ သဘောရုပ်အစုပါကလားလို့ ရုပ်နဲ့-နာမ် ကသိုဏ်းဇယားဖြင့် ယောကျ်ား, မိန်းမ မဟုတ်အောင် ပိုင်းခြားနိုင်သော ဉာဏ်မြတ်ကိုသာ သောတာပန်ခေါ်နိုင်ကြောင်း ကျွန်တော် ယောဂီမောင် (   )က အဘိဓမ္မာ စခမ်းနဲ့။ အရိယာလမ်း ဖွင့်ခဲ့ပါတယ်ဗျ။

## ဗုဒ္ဓရာဇာအကြောင်း

လူကြီးမင်းများမှအစ၊ လာသမျှ ပရိသတ် အပေါင်းတို့အား၊ ဗုဒ္ဓရာဇာအကြောင်းကို သိစေအပ်ပါတယ်ရှင့်။

ဗုဒ္ဓ-ဆိုဒါပါဌိ၊ ဘာသာပြန်ဘုရား၊ တနည်း-သစ္စာ ၄-ပါး၊ တနည်း-အမှန် ၄-ပါး၊ တနည်း-မှန်တဲ့တရားကို သိပိုင်ထိုးထွင်းခြင်းကို ဗုဒ္ဓ-လို့ ဆိုပါတယ်ရှင့်။

ရာဇာ–ကတော့၊ တိုင်းပြည်ကို အုပ်ချုပ်တဲ့ မင်းရာဇာ ခေါ်ပါတယ်၊ ရာဇာ–သက်သက်က မင်းရိုးရိုးကို မှတ်ကြပါ၊ (ဗုဒ္ဓနဲ့တွဲသော ရာဇာက) အမှန်တရားကို သိပိုင်နားလည်သော သူကိုသာ ဗုဒ္ဓရာဇာခေါ်ပါတယ်။

ဘုရား–ကိုအလေးပြုတဲ့မင်း၊ တရားအမှန်ကို တကယ်သိပိုင်တဲ့မင်း၊ သံဃာကိုဆည်းကပ်ကိုးကွယ်တဲ့မင်းကိုဆိုပါတယ်။

တနည်း–ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ဒီလို–သာသနာ ၃–ရပ်ကိုကျကျနနစည်းကမ်းနှင့်တကွအားပေးဆောင်ရွက်သော မင်းကိုခေါ်ပါတယ်ရှင့်။

ဒါန,သီလ, ဘာဝနာ ၃-ချက်၊ သီလ,သမာဓိ, ပညာ ၃–ဌာန၊ အနိစ္စ,ဒုက္ခအနတ္တ ၃–ပါးသော လက္ခဏာတို့ကို မိမိကိုယ်တိုင်အပိုင်သိပြီးမှ တိုင်းသူပြည်သား လူအများကိုဆုံးမဩဝါဒပေး၍ အုပ်စိုးနိုင်သော မင်းကိုသာ ဉတ္တမရတနာ အနှစ်မို့၊ ဗုဒ္ဓရာဇာ အစစ်ဖြစ်နိုင်ကြောင်းကိုကျမ( )ကထင်ရှားအောင်ဖော်ပြခဲ့ပါတယ်ရှင့်။

---

## ဝိပဿနာအကြောင်း

ကိုင်း– ကျွန်တော်ယောဂီကလဲ၊ ဝိပဿနာအကြောင်းကိုကျမ်းဂန်အရပြောဘို့ကြုံလာပြန်ပြီဗျ။

ဝိသေသေနပဿတီတိဝိပဿနာ။

ဝိသေသေန၊ လူတိုင်းတို့ထက်ပိုမို၍ အထူးသဖြင့်။ ပဿတိ။ အရိယာဖြစ်အောင်၊ သိမြင်တတ်၏။ ဣတိတသ္မါ၊ ထို့ကြောင့်။ ဝိပဿနာ၊ဝိပဿနာမည်သတဲ့။ပညတ်နဲ့ပရမတ်ကိုမခွဲခြားတတ်ဆို

ရုပ်ဘယ်ဟာ၊ နာမ်ကဘာလဲလို့ မသိမမြင်သူကို။ အန္ဓပုထုဇဉ်ဆို ပါတယ်၊ဟောဒီ ခန္ဓာအတုံးကြီးကို ရုပ်မှတ်၊ရုပ်ပျက်မှတ်၊ရုပ်ပုပ် မှတ်၊ရုပ်နဲ့ထက်ချုပ်မကွာ လိုက်ပါနေသောအာရုံတွေကိုကြံတတ်၊ သိတတ်သောစိတ်ကို နာမ်ဟူ၍ သိလိုက်ကြပါ။ ဒီ-နာမ်ကလဲ တမျိုးစီဖြစ်လိုက်-ပျက်လိုက်ပါဘဲ၊ဒီလိုရုပ်-နာမ် ၂-ချက်၊အဖြစ်နဲ့ အပျက်ကိုမသိရပါဘဲ။ လူဖြစ်သူတို့ကို မျက်စိကန်းတဲ့သူနဲ့ တူလို့ အန္ဓဗာလလို့ ခေါ်ပါတယ်၊ လူဖြစ်ကျိုးရှုံး၊ ဆန်ကုန်မြေလေး ဆိုပါတယ်၊ ရုပ်နဲ့-နာမ်ဖြစ်ပျက်ကို သိမြင်သောလက္ခဏာပြည့်စုံ သူကိုကလျာဏ ပုထုဇဉ်သူတော်ကောင်းအစစ်၊ လူဖြစ်ကျိုးနပ်ပြီ၊ မြတ်ပြီလို့ ဟောတော်မူပါတယ်၊ ဒါကြောင့်-သာသနာနဲ့ လဲကြုံ၊ လူ့ဘုံမှာလဲဖြစ်။ တရားအစစ်အမှန်ဝိပဿနာဉာဏ်ကို အမြန်ဆုံး ကြားနာမှတ်သားကြဘို့ရာ။ ဘာသာခြားနဲ့ ခလေးမကျန်၊ သေခဲ့ သော် အပါယ်ရန် အရှင်းမရှိကြောင်း ကျွန်တော်ယောဂီက၊အထူး သတိပေးနှိုးဆော်ရပါတယ်ဗျ။

## ပဋာစာရီ ရဟန္တာမအကြောင်း

ကလျာဏ အရိယာ အလောင်းတို့အား ရဟန္တာမ ပဋာစာရီ အကြောင်းကို သဘောကျအောင်- ပြောပြလိုပါတယ်ရှင့်။မြတ် စွာဘုရားရှင် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ စံပျော် စဉ်အခါက၊ ပဋာပဋာလို့ အဝေးအနီး နာမည်ပေါက်ပြီး သူဌေး ကြီးရဲ့ သမီးတယောက်အနေနဲ့ ထင်ရှားပါပေတယ်၊ အရွယ် ရောက်က- ထုံးစံမမှတာအရ အိမ်မှာ ခိုင်းစေခြင်းကို ခံနေရတဲ့

ကျေးကျွန် မောင်ဒါသနဲ့ ကလေးတို့စရိုက် ချစ်ကြိုက်ခါ ထွက်ပြေးကြသတဲ့၊ အခုခေတ်ခေါ် စကားမှာတော့ ခိုးရာလိုက်တယ်ပေါ့ လို့ရင်းကိုသာ ပြောချင်ပါတယ်၊ သားတယောက်က နှစ်ယောက်ရ။ လင် မောင်ဒါသကို ထင်းခွေသွားရင်း မြွေကိုက်လို့ သေရတယ်၊သားအကြီးကတော့ ရေနစ်လို့သေ၊ သားအငယ်ကိုတော့–စွန်ကချီသွားပြန်သတဲ့၊ ကိုင်းဒီနေရာ မယ်ပဋ္ဌာမှာ ဒါသနဲ့ ချစ်ကြိုက်စက ထွက်ပြေးခဲ့ဒါအထိ၊ အချစ်ဒီဂရီတွေ အကုန်ခမ်းကုန်ပြီမှတ်၊ လောဘမီးတွေ တဏှာမီးတွေ ကုန်ပြီလို့သိကြပါ၊ ဒီလောဘ တဏှာမီးရဲ့ကိုယ်စား၊ ဒေါသဘယာမီးက ခဏချင်း ပွားပြီး တိုင်းပြည်သို့–ပြန်လာပြန်တော့လဲ၊ အမိအဘနဲ့ ဆွေမျိုးတွေဟာ ဇွေမိုးသည်းကြီး လေမုန်တိုင်းကြီးအတွက် နေအိမ်တိုက်တွေပြိုပျက် အားလုံးကုန် သေဘက်သို့ဝင်ဒါတွေ့ရပြန်တယ်၊ ကဲ–မယ်ပဋ္ဌာရဲ့ဖြစ်ပုံ ဒုက္ခပေါင်းအစုံကို ပရိသတ်ရှေ့လမ်းမမှာ လူးခါလိမ့်ခါ ကယ်တော်မူပါ တစာစာနဲ့ သွေးသံရဲရဲ အဝတ်အထည်မရှိတဲ့ အချည်းနှီး မယ်ပဋ္ဌာ ကယ်သူရှာ ကျောင်းတော်လျှောခါးရင်း ရောက်သွားတယ်၊ မကောင်း- ကျောင်းပို့ဆိုဒါလို မြတ်စွာဘုရားက မေတ္တာတော်ကရုဏာထားပြီး ချစ်သမီး၊ငါဘုရားထံ လာခဲ့လာခဲ့လို့ ဖွင့်ဟခါခေါ်၊ တရားတော်ကို အသားပေါ်အောင်ဟောသတဲ့၊ လင်ဒါသအတွက် သားသမီးကိုဆက်၊ ဒီအပူမီးတွေရဲ့ စနက်ယမ်းဟာ ငါ့သမီး၏လက်ချက်၊ ငါ့သမီး၏ ခန္ဓာကိုယ်က စပြီး လောင်ဒါဘဲလို့ ခန္ဓာဒုက္ခ၏ လောင်စာအရင်းခံကို အလင်းဉာဏ်ရအောင် ဆုံးမဟောပြခါမှ ခန္ဓာပူ၊ သံသရာပူ၊ အပူခပ်သိမ်း ကင်းငြိမ်းပြီး ဒီနေရာ ရဟန္တာဉာဏ်ကို ရသွားသတဲ့၊ ကဲ–စဉ်းစားကြစမ်းပါ။ ဒါလဲ တရားနာလို့ အသိဉာဏ်အမှန်ရမှု

ပါကလား။ ယခုခေတ်ပြောကြတဲ့အလုပ်-အလုပ်ဆိုဒါနဲ့ ဘာမှ မဆိုင်ပါကလားလို့ ဝိပဿနာတရားမျိုး ပဋ္ဌာစာရီကို အတုခိုး ကြဘို့ရာ- ကျမကဒေသနာအတိုင်း အဘိုးတန်အောင် အရိုးခံ ရှင်းပြလိုက်ပါတယ်ရှင့်။

## ဝိပဿနာတရား အကြောင်း

ယခု ကြွရောက်လာကြသော ယောဂီအပေါင်းတို့အား ဝိပဿနာ တရားအကြောင်းကို ထင်ရှားစေလိုပါတယ်ရှင့်။

ဒါနတရား, သီလတရား, သမထတရား, ဝိပဿနာတရားလို့ နိဗ္ဗာန်ရောက်ကြောင်းတရားလေးပါး ရှိပါတယ်၊ ဒီလေးပါးတို့ တွင် အမှန်အမြတ်ဆုံး တရားဟာ ဘာလဲလို့ စဉ်းစားလျှင် ဝိပ ဿနာ တရားအစစ်သာလိုရင်း အချုပ်ဖြစ်ပါတယ်။ဘာ့ကြောင့်-

ဟောဒီ ကျမရဲ့ ခန္ဓာကိုယ်ကြီး၏ မွေးရခြင်း, သေရခြင်း, အကြောင်းရင်းကိုရှာလျှင် ဘယ်သူ့ကြောင့်လဲ သက္ကာယဒိဋ္ဌိ ကြောင့်။ ဘာသာပြန်မှာ ဟောဒီခန္ဓာငါးပါး သဘောစုကြီးကို ငါဘဲ, သူဘဲ, ယောကျ်ားဘဲ, မိန်းမဘဲ, အတ္တစွဲကြလို့ သံသရာ မှာ မွေးသေဘဝမှာ ထပ်ခါထပ်ခါ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါ တယ်၊ ဒီအတ္တစွဲရှိသမျှ ကာလပတ်လုံးဘေးမျိုးစုံ မကင်းဘဲ သံသ ရာဝဋ္ဋ်တွင်း၌ ခုလဲဖြစ်ဆဲ နောင်လဲဖြစ်ကြရအုံးမယ်။ ဒါ့ကြောင့် ခန္ဓာငါးပါးကို သဘောပေါက်အောင် နားလည်ကြလျှင် ဝိပဿ နာတရားကို ရပါတယ်၊ ဝိပဿနာ ပညာဉာဏ် ဦးစီးသောဒါန၊ ဝိပဿနာရံသောသီလ၊ ဝိပဿနာရှေ့သွားဖြစ်တဲ့ သမထတရား

အလုံးစုံပါဝင်သော သမ္မာဒိဋ္ဌိလဲခေါ် အနတ္တဉာဏ်လဲခေါ် ဝိပဿနာတရားထူး တရားမြတ်ကို ပါးနပ်သူ ယောဂီအပေါင်းတို့ အမြန်ဆုံးလိုက်နာကြဘို့ရာကျမ ယောဂီ မကျင်မေ–က သတိပေး တိုက်တွန်းရပါတယ်ရှင့်။

## ဝိမုတ္တိယုဂ ခေတ်အကြောင်း

လက်ပိုက်ပြီး ထပြောရတယ်ဆိုရင် ကြောက်စိတ်ဝင်လာဒါဘဲ၊ သတ္တိရှိဘို့ နှိုင်းယှဉ်လျှင် ပရိသတ်အလယ်မှာက, ကြခုန်ကြဒါနဲ့ ဆိုရင် တရားဘက်မှာ ရှက်ဘို့ကြောက်ဘို့ မရှိကြောင်းကို အစီရင် ခံပါတယ်ရှင့်။ (ဝိမုတ္တိယုဂခေတ်) ဝိမုတ္တိယုဂခေတ် ဆိုဒါ ဘာလဲ၊ ဝိမုတ္တိက–ပါဠိစကား၊ ယုဂ–က ပါဠိစကား၊ ဘာသာပြန်မှာ ဝိမုတ္တိ–ဒိဋ္ဌိမှလွတ်ဘို့၊ တနည်း– တဏှာမှလွတ်ဘို့၊တနည်း–ရဟန္တာ ဖြစ်ဘို့၊ တနည်း–နောင်တခါပဋိသန္ဓေ မနေရဘို့၊ယုဂ ဆိုဒါက ကြိုးစား၍အားထုတ်ခြင်း။

ဝိမုတ္တိယုဂ သက္ကာယဒိဋ္ဌိကွာဘို့၊
တနည်း– သောတာပန်ဖြစ်ရန်အားထုတ်ဘို့၊

အချိန်အခါအခွင့်ကောင်းကာလကို ခေတ်လို့ သုံးကြပါတယ် ရှင့်။ ကျမတို့မှာ ယခုလူဖြစ်တဲ့ ဘဝမှာ သေမှာဘဲလို့ ဆိုဒါကို စဉ်းစားနေဘို့မလို၊ အပေါင်းအနှုတ်နဲ့ တွက်နေစရာမလို၊ ကျိန်းသေ ကိန်းသေ, ဒီခန္ဓာကို စွန့်ပစ်ရမှာမလွဲ၊ ချစ်တယ်ခင်တယ် ဒါ တွေကိုထူးပြီး စဉ်းစားနေဘို့ခေတ်မဟုတ်ဘူး၊ နေရတယ်နဲ့ သေ နေတယ် ဘယ်သူက မှန်ပါသလဲလို့ မေးခွန်းထုတ်ကြစမ်းပါ၊

ဟောဒီ ကျမရဲ့ အပုပ်တုံး ခန္ဓာကိုယ်ကြီးက– သေနေကြောင်း ပျက်နေကြောင်းကို အဖြေပေးပါလိမ့်မယ်။ ဒါ့ကြောင့် ဒီခန္ဓာ ပုပ်ကို အရေးမလုပ်ဘဲ တရားရမှသာ မွေးခြင်းလွတ်မယ်၊ မွေးခြင်း လွတ်မှသေခြင်းကင်းလွတ်ရဘို့ကို အရေးတကြီးမသေခင် မအိုခင်၊ မနာခင်၊ ဝိပဿနာတရားကို သိမြင်ဘို့အားထုတ်ကြခြင်းကို ဝိမုတ္တိ ယုဂခေတ်လို့ခေါ်ဆိုကြောင်းကို ကျမက ရှင်းလင်းစွာ ပြောပြရ ပါတယ်ရှင့်။

## တနည်း ဝိမုတ္တိခေတ် အကြောင်း

ဝိမုတ္တိခေတ်ဆိုဒါ ဘာလဲ။ ဟောဒီ အသေတုံးကို ဆုတောင်းခဲ့ကြ ဒါမှားပြီလို့ သိအောင်ကြိုးစားအားထုတ်တဲ့ ခေတ်မှတ်၊ မလှယ် ဘူးနော် သတိထားကြပါ၊ ဒီအပုပ်တုံးကို ဝိပဿနာဉာဏ်ကို နှမ်း စေ့မျှ မရခင်က ဆုတောင်းယူရတယ်၊ ကုသိုလ်ကောင်းမှုပြုပြီး ဒီအလောင်းကောင်ကြီးကို ရှာလာခဲ့ရတယ်။ ကိုင်း–ရပါပြီ၊တရား ကောင်းတရားမြတ် ထွက်ပေါက်တရားကို ရရင်ရ၊ မရလျှင်– ဘာထူးသလဲ လူ့ဘဝ လူ့စည်းစိမ်ဆိုဒါ ဘာကိုခေါ်တယ်ဆို တာ ရိပ်မိဘို့ ခေတ်ရောက်နေပါပြီ၊ ပဋိသန္ဓေနေ စကတဲကပါ လာသော ဒုက္ခဟာ ဘယ်မှာသုခလို့ ရှာနိုင်ကြသလဲ၊ အာရုံခံ စိတ်၏ အလိုကို သုခထင်လုံးနဲ့ အချိန်ဖြုန်းဖြုန်းလာခဲ့ကြဒါ ဘဝပေါင်းအနန္တရှိပြီလို့ ဘုရားဟောပါတယ်၊ ကိုယ့်အိမ်မှာဖြစ် ပေါ်လာကြတဲ့ သားသမီးတွေ မြေးမြစ်တွေကိုဘဲမျက်မြင်နဲ့တွက် ကြည့်ကြ။ ဒါ့ကြောင့်– ဟောဒီခန္ဓာမှာ တရားရှာပါ အပျက်

တရားအနှိစ္စ၊ ဘေးအစုစုဒုက္ခ၊ အလိုရှိတိုင်းမရဒါကို အနတ္တလို့ သိဘို့ကြားနာဘို့သာသနာတော်အချိန် အခါကိုပင် ဝိမုတ္တိယုဂ ခေတ်ခေါ်ကြောင်းကျမ ယောဂီက လူပြိန်းရှင်းပြောရပါတယ် ရှင့်။

★

## သာမာဝတီ မိဖုယားအကြောင်း

တရားရတယ်၊ တရားနာတယ်ဆိုပေမဲ့၊ ရှေးက ကျမ်းဂန် နမူနာ သက်သေကို အတုယူကြဘို့ သာမာဝတီ မိဖုယားကြီးရဲ့ အကြောင်းကို ကျမ ရှင်းလိုပါတယ်ရှင့်။

အစေခံ ကျွန်မကြီး ဒေါ်ခုဇ္ဇာ၏ သစ္စာလေးပါး တရားကို ကြားနာလိုပါသဖြင့်၊ ခြွေရံမ ငါးရာတို့ကို ခေါ်ပြီး။ တရားဟောပါ၊ တရားနာချင်ပါတယ်လို့ တောင်းပန်ကြသတဲ့၊တရားကို ပေါ့ပေါ့ဆဆနဲ့ ပြောရုံနဲ့ အချောင်လိုချင်ရုံမျှနဲ့ မရဘူး၊ ကျုပ်၏ ခန္ဓာကိုယ်ကအညစ်အကြေး ချေးအစုစုတို့ကိုဆေးကြောသုတ်သင်ဘို့ အရေးကြီးတယ်လို့ မာနကျိုးဘို့ဒီနေရာ တရားတန်ဘိုး ထားလိုက်ပြီ။ ကျွန်မကြီးက မိဖုယားကို ယောဂီများ နားစိုက်ထောင်ကြပါ၊ ကာမဂုဏ်ကိုသာ အဘိုးတန်လုပ်ကြလို့၊ ဓမ္မာရုံတရား အစစ်ကို မရပါဘူး၊ ဒီတော့မှ မိဖုယားကိုယ်တိုင် ဒေါ်ခုဇ္ဇာ အမယ်အိုကြီးကို ရေချိုးပေးတယ်၊ လုံချီ–အင်္ကျီတို့ကို လျှော်တယ်၊ နံ့သာ ရေမျိုးစုံတို့ကို လိမ်းကျံပေးသတဲ့၊ ပလ္လင်ပေါ်က ထိုင်ပြီး တော့ တရားဟောတယ်၊ လက်ဝဲ–လကျာ် ဘေး ၂–ဘက်က အပျိုရံ ၂–ယောက်တို့က ရွှေယပ်တောင်ဖြင့် ယပ်လေ ခတ်လျက် တရားတော်ကို နာယူရတယ်၊ မိဖုရားနဲ့ ခြွေရံမ ၅၀၀–တို့သည်၊

ထီးဂူဏ်, နန်းဂုဏ်, မိဖုယားဂုဏ်၊ အပျိုတော်ဂုဏ်၊ အလှဂုဏ်၊ စိန်ရွှေရတနာဂုဏ်၊ လောကဂုဏ်တွေကို အကုန်ရှောင်တယ်၊ မာနချတယ်– ဦးချတယ်၊ ရှိခိုးတယ်၊ တရားဟောမမွကထိကကို (မိန်းမကြီးဘဲလို့) မထင်မမှတ်မူ၍၊ ဘုရားထင်မှတ်ပြီး တရားအစဉ်ကပ်၍ ရိုသေစွာ နာယူကြတယ်။

အမယ်အိုကြီးက၊ တရားနာသူတွေ အသုဘအချက် လက်တွေ့ဘာသာပြန် ပြောပြတယ်၊ ဘာပြုလို့ ဘာသာပြန်၊ ဟောမှန်းသိရပါသလဲ၊ ဒီအမယ်ကြီးဟာ ကျမ်းဂန် ပြတဲ့ အတိုင်းဆိုရင်၊ သဒ္ဒါကျမ်း၊ သင်္ဂြိုဟ်ကျမ်းများကို သင်ကြားဘူးဘို့ အခြေမမှန်၊ မိဖုယားရဲ့ အစေခံ ကျွန်ဖြစ်ရသတဲ့။ အရှင်မရဲ့ ခန္ဓာ၊ ခြွေရံမ ငါးရာတို့ရဲ့ ခန္ဓာ၊ ဒီခန္ဓာတွေဟာ ရွံစရာ၊ စက်ဆုပ်စရာ၊ အော့ချင်စရာ၊ အံချင်စရာ အစစ် တထစ်ကျ မှတ်ဘို့ရာ ဟောပြလိုက်သည်။ မိဖုယားနှင့်တကွ အားလုံးကုန် အရိယာသောတာပန်ဖြစ်ကြသတဲ့။ အဲဒီကဲ့သို့ မိဖုယားဂုဏ် ပျောက်ပြီး၊ အသုဘခန္ဓာ အဖြစ်သို့ ရောက်သော ဇာတ်တော်အရ၊ ကြွလာသူယောဂီ အပေါင်းတို့အား၊ ဂုဏ်ကြီး, ဂုဏ်ငယ်မရွေး၊ ရိုသေ လေးမြတ်စွာ တရားမှန်ပါက နာယူထိုက်ကြောင်းကို ကျမယောဂီမယ်( ) က သာဓက ရှင်းတမ်း ဖွင့်ပြရပါတယ်ရှင့်၊ သာဓုလိုက်ကြ။

ဟောသူမိန်းမ၊ နာသူတွေလဲမိန်းမ၊ ဘာသာပြန် နားလည်တဲ့ တရားနဲ့ ပြောင်ပြောင်တဲ့တဲ့၊ တိုက်ရိုက်ဘွင်းဘွင်း၊ လင်းလင်းကြီး မျက်မြင်ဉာဏ်မြင်၊ သက္ကာယ ဒိဋ္ဌိစင်အောင် ဟောပြဘို့ရာ၊ နာယူမှတ်သားဘို့ရာ၊ မိမိ၏ ခန္ဓာမှာသာ၊ မိန်းမ–ယောကျ်ား မဟုတ်ကြောင်း အနတ္တတရားကို ရှာကြစေကုန်သတည်း။

## ခုဇ္ဇုတ္တရာ အကြောင်း

နမူနာ ယူစရာတွေ ကျမ်းဂန်မှာ ရှိပုံ ရှင်းပြပါမည်ရှင့်၊ အသက် ၆၀-ကျော်မှ အဒေါ်-ခုဇ္ဇာမှာ၊ မရွယ်ဘဲနဲ့ စော်ကဲ မင်းဖြစ်၊ စားရကံကြုံတော့-မုတ်ဆိပ်ပျားစွဲသတဲ့၊ လောက သိန်းထီပေါက် ထာက ဓားပြ သူခိုးခေါ်တယ်မှတ်၊ ဂေါတမ သိန်းထီ ပေါက် ထာက ဘုရားတွေ့, ရဟန္တာတွေကို ခေါ်တယ်မှတ်၊ သာမာဝတီ မိဖုယားရဲ့ အစေခံ ကျွန်မကြီး ပန်းအဝယ်ထွက်တယ်၊ ပါဝါ ရိကပြည်၊ သုမန ပန်းသည်ထံ သွားပြီ။ ။သုမန ပန်းသည်က ပြောတယ်။ အမေကြီး ယနေ့တော့ ဝယ်ဘူးတဲ့ပန်းကို ထားအုံး၊ မဝယ်ဘူးသေးတဲ့ မဂ်ပန်း ဖိုလ်ပန်းကိုဝယ်ပါ၊ ကျမတို့မြို့ထဲ-လမ်း အလယ်ခေါင်မှာ မဏ္ဍပ်ကြီးအတွင်း၌ မြတ်စွာဘုရားတရားဟော နေပြီ၊ကိုင်း-လာသွားမယ် ဘုရားသံ, တရားသံ, သံဃာသံ, ရတနာ အသံဆိုလျှင်၊ဘာသံကိုမှ မကြားဘူးတဲ့ အမယ်ကြီးမှာ ရီးတီး ရား တားသူများခေါ်လို့သာသုမနရဲ့ အတုအပကိုအားနာနာနဲ့ လိုက် ပါသွားရတယ်၊ ဘာတရား ဟောသလဲ၊ သစ္စာ လေးပါးထဲက ဒုက္ခသစ္စာကို လက်ဝါးပေါ်တင်ပြသလို ဟောသတဲ့၊ ခါးကုန်းလို့ ပါဋ္ဌိစကားဒေါ် ခုဇ္ဇာမှာ သံဝေဂဖြစ်ပြီ၊ ဘာလဲ၊ ဪ-သာမာ ဝတီ မိဖုယား သမီးကလေးရဲ့ အစေခံ ငါ အမယ်ကြီးက ကျွန် စာရင်းအမှန်၊ ဒီခန္ဓာ လက်စ မသတ်လျှင်၊ ကျွန်ဘဝ မပြတ်ပါ ကလားလို့ ခန္ဓာကိုယ်ကြီးရဲ့ ဒုက္ခကို အမြင်သန်ပြီး၊ ဒီခန္ဓာကို မမက်,မလိုချင်, မတောင့်တတဲ့(အပ္ပဏိဟိတ) တရားအမှန် သိပြီ-ရပြီ၊ ငါမရှိကြောင်း၊ မိန်းမ,မဟုတ်ကြောင်း၊ အတ္တာပြုတ်ရုံမျှမက၊ သုခပြုတ်ပြီး ဒုက္ခသရုပ်နဲ့ ဘဲ သစ္စာဉာဏ် ပေါ်ပေါက်သွားပြီ

ယောဂီတို့၊ မူလနာမည်ရင်းက ခါးကုန်းလို့ (ခုဇ္ဇ) အမြတ်တရား ရလို့ (ဥတ္တရ) ခုဇ္ဇနဲ့-ဥတ္တရ ၂-မျိုးတွဲ(ခုဇ္ဇုတ္တရ)ခရီးသွားရင်း တရားရ၊ သောတာပန်၊ ဝိပဿနာဆိုဒါ-ဉာဏ်။ ဉာဏ်မရှိ- ကံ ရှိတိုင်းမြုပ်၊ ဉာဏ်မထုတ်- ကံလုပ်တိုင်းရှုပ်။ ။ဒါ့ကြောင့် (မိဖုယားအမြတ်က ကာမဂုဏ်) တရားမြတ်ထာက ဓမ္မာရုံ၊ လောကဂုဏ်နဲ့ လောကုတ္တရာဂုဏ်။ ၂-ဂုဏ် ခွဲခြားပြီး ကျမ ယောဂီမယ်( )က ဆရာကောင်းအစစ်ရှာကြဘို့ရာ အထူး သတိပေးရပါတယ်ရှင့်။

---

ဆွေးနွေးကြ တရားပွဲ၌ ၈၄၀၀၀- အကျွတ်တရားကို ရကြ တယ်၊ အနဲဆုံး ၅၀၀-တညီထဲ သောတာပန် တည်ကြတယ်လို့ ပါဠိတော် ဥပဒေ တိုက်ရိုက်ပြထားသည်၊ နားမလည်သော ကျမ်း ဂန်,နားမလည်သော တရားသံများကိုဘတ်ရနာရပေမဲ့သောတာ ပန်တည်ဘို့ သက္ကာယဒိဋ္ဌိကွာဘို့ ဝေးလှ၏။ ဘာ့ကြောင့်-ပါဠိ စကားတွေ ရှေးသုံးတွေ အသွယ်အဝိုင်းတွေ စကားဖျင်းစကား သိမ်တွေများနေလို့မှတ်၊ နားလည်အောင်ရေးသော ကျမ်းစာ ကို ဘတ်ကြပါ။နားလည်အောင် ဟောသောတရားကိုသာနာကြ ပါ၊ သူများညာဝါးဒါကို ရိပ်မိကြ။ သက်လုခမ်းနော် ကိုယ့်ဘို့ သတိပြု၊ ဘယ်သူ့ကိုမှ ငဲ့စရာ ညှာစရာ မလိုဘူးမှတ်။ လွမ်း တော့ ကိုယ်လွမ်းရမယ်, သေခါနီးခွဲဆို့လျှင် လက်နဲ့နှိုက်ယူပစ် သူ ရှာမတွေ့ဘူး၊ အကြံကောင်း တသက်- ဉာဏ်ကောင်းသူမှာ တချက်၊ ခုဇ္ဇုတ္တရာကို နည်းယူ၍ဘွက်။

## ဒေါ်ဓမ္မာ၏ အကြောင်း

ရဟန္တာဥာဏ်ကို အသက် ၈၀-ကျမှရသော ဒေါ်ဓမ္မာ၏ဂုဏ်ထူးကို ချီးကျူးရုံမက-အတုခိုး နမူနာ ယူကြရန် ကြော်ငြာပါတယ်ရှင့်။ ဒေါ်ဓမ္မာဆိုဒါ ငယ်ရွယ်စဉ်အခါကဘဲ ရတနာသုံးပါးကို ယုံကြည်တယ်, ရိုသေတယ်, အားကိုးတယ်, ငါးပါးသီလကိုလဲ အထူးဂရုစိုက်တယ်၊ အချိန်တန်လို့ အရွယ်ရောက်လျှင် ဓမ္မတာအတိုင်း အိမ်ထောင်ကျသားသမီး မြေးမြစ် တဏှာအညစ်- အမြစ်တွေ ပြန့်ပွားပြီး လင်သေ, သားသေ, ဒုက္ခတွေကိုသာ ညည်းခံပြီး နေရတယ်။အသက် ၄၀-အတွင်းတုံးက ပျော်ပျော်ပါးပါး လင်ယောကျ်ားရှိစဉ်က အာရုံကာမဂုဏ်တို့ကို ရွှေငွေစီးပွားမြေးသားများတို့နှင့် ခံစားစံစားဘူးပါတယ်၊ အကောင်းနဲ့ အဆိုး ဒီ ၂-မျိုးဟာ ဒွန်တွဲနေပါတယ်၊ မောဟဖုံးတော့ ဒုက္ခလုံးမပေါ်နိုင်အပျော်မှာသာထိုင်တနေ့ကျတော့ ဒေါ်ဓမ္မာလက်မှိုင်ချ, ငိုမျက်ရည်ရွှဲ, လင်ကွဲလင်သေ, အိမ်ခြေကပျောက် တယောက်ထည်းထည်းခါးကုန်းတဲ့ အမယ်ကြီးမှာ ကိုင်း-ကိုယ်ချင်းစာကြစမ်းပါ၊ နားထိုင်း, ခါးကိုင်း, သွားရိုင်, သွားကျိုး, အားမရှိ, သွားမရှိ, လင်မရှိ, ကာမဂုဏ် အဖော်မရှာနိုင်ဘဲ- ဒေါ်ဓမ္မာရဲ့ ဥာဏ်ပိုင်မှာ **ကိုယ်တိုင်ကိုယ်တွေ့ခံစားခဲ့တဲ့** သုခဟူသမျှမြူကမျှရှာမရပါကလား တွေးပြီ၊ သြော်-ငါခံစားတဲ့အာရုံ အလုံးစုံမရှိ ပကတိအရွယ်လှပတင့်တယ် ငယ်စဉ်ကလိုမဟုတ်၊ ငါ့ရုပ်က မျောက်အိုစိတ်အလို ကိုယ်မလိုက်ပါကလား၊ ကဲ- ဒီအမယ်ကြီးမှာ သူများပြောဘို့ မလို၊ ကိုယ်တွေ့တဲ့ဒုက္ခ ကိုယ့်အသားထဲက ထွက်ပြနေဒါဘဲလို့ ဒုက္ခ အချက်ကိုမြင်ပြီ, ထွက်ချင်ပြီ, ထွက်ရပ်လမ်းရှာပြီ။

သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ။

ပါဠိနဲ့အနက် အရှင်းမရ အရှင်းမဆိုတတ်ပေမဲ့ နဂိုရ်ဓာတ် ပါရမီအဟုန်ကြောင့် ဒုက္ခစုံသံဝေဂ သူ့ကိုယ်တိုင်ရပြီးမှ တနေ့ သဥ္ဇ မိထွေးတော် ဂေါတမီထံသို့၊ အမြန်ဆည်းကပ် သစ္စာမြတ် တရားသံ တနာရီခန့်နာရပြန်၊ ပါရမီရင့်သန်လို့ အရဟတ္တမဂ် ဉာဏ်ခေါ်တော့၊ ရဟန္တာခေါ်တော့၊ ဘဝပြတ်တရားရသွားပြီ ယောဂီတို့။ ဒါ့ကြောင့် အိမ်ထောင်ရှိ မရှိ၊ မရွေး, ပုဆိုး ထမီ မရွေး, ကလေးလူကြီးမရွေး, အဝတ်အထည်မရွေး, ဆရာကောင်း လျှင် မသာလောင်း နောက်ထပ်မပေါ်နိုင်ပါ၊ ဆရာမှန်လျှင် မသာစရန်ပေးနေဘို့ ကုန်နေဘို့ မရှိတော့ပါ။ သပ္ပုရိသဆရာ စစ်လျှင် မသာအဖြစ်ကို ဆုတောင်းစရာမလိုတော့ပါ။ ကိုင်း– ဒီနေရာမှာ ဒေါ်ခမ္မာရဲ့ဘုရား, ဒေါ်ခမ္မာရဲ့ဆရာ, ဘယ်သူလဲ၊ လောကီစကားနဲ့ ပြောရရင် မိထွေးတော် ဂေါတမီမှတ်၊ ဒါဘဲ ကျေးဇူးရှင်အစစ် ဒီကဲ့သို့ ကာမဂုဏ်ရှာလိုက အဖော်ရှိမှ၊ ခမ္မာရုံ ရှာလိုက အဖော်မပါဘဲ ဒေါ်ခမ္မာရဲ့ ထုံးပြ ဥပဒေကို တွေးကြ ကြောက်ကြ သံဝေဂရကြပြီး အပါယ်ထိုထို မီးစခမ်းပြတ်အောင် အမယ်အိုကြီးရဲ့ နည်းလမ်းကိုသာ မှတ်နိုင်အောင် အနတ္တ လက် မှတ်ကို သတိပြုသိမှုသာလိုရင်းဘဲလို့ ကျမယောဂီမယ် ( ) က အထူးသတိပေးရပါတယ်ရှင့်။

☆

အရကျက်ရုံ ပရိသတ်ဝိုင်းမှာထပြီး ပြောရရုံမထင်ကြနဲ့ ကြပ် ကြပ်စဉ်းစား ဝေဘန် တိုင်ပင်–ဘဝကောင်းကို ကာမဂုဏ်နဲ့ ရောင်းမစားနဲ့ (စိတ်အာရုံ ခံစားလို့ မပြီးတဲ့ပြိတ္တာဘုံ) ဣဋ္ဌာရုံ

ခွဲဆို့ဘိုကောင်းတဲ့သုခနဲ့ မျက်ဖြူလန်ဘို (ခံစားဘိုနဲ့ ငိုဘို) တွဲဘက်ကို သတိထား။ ကိုယ့်အသားထဲက စိတ်နာမ်ဆိုသော ထင်မှု သေမင်းကို ဝိပဿနာ အနတ္တ လက်နက်နဲ့ နှိမ်ဘို့ကို ဂရုပြု ကြရမည်။ အာရုံကာမဂုဏ် လိုက်စားမှုဆိုဒါ ခွေးမှာ ကျွဲ, နွား မှာ ရှိတယ်နားလည်တယ်, ပိုးတွေ, လောက်တွေ, ယင်ကောင် တွေ့သန်းကြမ်းပိုးတွေ မသင်ရတဲ့ပညာကို သတ္တဝါတိုင်းတတ်ကြ တယ်။ ဒါ့ကြောင့် သတ္တလောကကြီးခေါ် ရန်ကုန်မြို့ကြီး, မန္တလေးမြို့ကြီး ဖြစ်နေဒါကိုကာမဂုဏ် မြို့ကြီးဟူ၍သိ– ကလျာဏ၊ **မသိ–အာန္ဓမှတ်။**

---

## ကုဏ္ဍလ ကေသီနဲ့ တောင်စောင့်နတ်

ကုဏ္ဍလကေသီ ရဟန္တာမ အကြောင်းကို ကျမ်းဂန်အရပြောပြ လိုပါတယ်ရှင့်။ အင်မတန် ကြီးကျယ်လှသော ဘဝပြတ်လမ်းဆုံး တရားကြီးကိုရလေတော့၊ မြတ်စွာဘုရားကိုကျေးဇူးတင်ပြီးတရား တော်ကို ဇိမ်ခံနေတယ်၊ အဆီအနှစ်တွေကို စဉ်းစားလိုက်, ဝမ်း သာလိုက် ဟုတ်ပါပေတယ် မှန်ပါပေတယ်လို့ တယောက်ထည်း ဘဲဆင်ခြင်၍ လူပြိန်းများ နားမလည်နိုင်သော (ဓမ္မရသ) ဖလ သမာပတ်ဝင်စားနေတယ်ဆိုပါတော့၊ အဲဒီအခါ တောင်စောင့် နတ်ကလာပြီး ပြုံးကနဲလှန့်လိုက်ပုံ၊ ဟေ့အောင်မယ် နင်တို့လို မိန်းမတွေဟာ–တရားရဘို့ကို ဘယ်လိုပင် ကြိုးစားသော်လဲမရ။ ဘာပြုလို့ အင်မတန်ယုတ်မာ ညစ်ညမ်းတဲ့ ကိုယ်ကာယဖြစ်တယ်၊ ဣဿာ မစ္ဆေရ အဘိဇ္ဈာခေါ်တဲ့ စိတ်နောက်စိတ်ရှုပ် စိတ်မာယာ ထွေကလဲ များတယ်၊ တိုတိုပြောမယ် (တဏှာရာဂ များလွန်းလှ

လို့) ဒီနေရာ၌ မထဘဲအားထုတ်ပေမဲ့ နင်တို့လို မိန်းမတွေဟာ တယောက်နဲ့တယောက် ဂုဏ်ပကာသန အပြိုင်အဆိုင်- မာနအရင်းခံ မကောင်းကံကိုသာ ပြုရဲသော စိတ်ရှိသဖြင့်၊ လူပျင်းလူလွတခဏပါဘဲလို့ တောင်စောင့်နတ်က ရဲရဲဝံ့ဝံ့ မတွန့်မဆုတ်ဘဲ အင်မတန် မုန်းတီး၍၊ စကားလုံး ကြီးကြီးနဲ့ပြောသတဲ့ ယောဂီတို့၊ရဟန္တာကို-နကမ္ဗတိ) ခံတပ်ပြိုကျအောင် တောင်စောင့်နတ်က ပြတ်ပြတ်သားသား၊ရက်ရက်စက်စက်၊တဏှာကုန်တဲ့-နိဝါန-ကုသလကို) ရာဂအမြောက်ဆံနဲ့ တဲ့တဲ့ကြီးပစ်တယ်။

ဒီလို ရင်ဆိုင် ရန်သူကို ရှာနေသလို၊ အထက်တန်း ဉာဏ်တော်ရှိ ရဟန္တာရဲ့သတ္တိကို ပြပြီးယောဂီတို့၊ ဘဝပြတ်တရားခန္ဓာနဲ့ မစပ်သောတရား၊ ခန္ဓာကိုအရေးမလုပ်၊ သွေးပုပ်အစစ်တထစ်ကျသိထားသော ကုသလက ဟဲ့-နတ်ယုတ်မာ၊ ပါးစပ်ပုပ်နဲ့ ပုဂ္ဂိုလ်၏ အတွင်းအဇ္ဈတ္တိက အရည်အချင်းကို သိမြင်ဘိုခဲယဉ်း၊ ဟဲ့-နတ်စုတ်,နတ်ဖျင်း၊ နင့်-ပါးစပ်တွင်း၌ ထွက်သမျှစကား၊ နင်အမှတ်ထားပုံကို ငါပြန်၍ ရှင်းလိုက်မယ်၊ နားစိုက်၍ထောင်၊ မိန်းမဆိုဒါ- ယောကျ်ားလောက် မမြတ်ဘူးဆိုဒါက ရိုးနေပြီ၊ အချို့-ယူကြဒါက၊ ခွေးထီးလောက်တောင် မမြတ်ဘူးလို့ အန္ဓ-ယောကျ်ားတို့ကလဲအစွဲရှိတယ်၊ အန္ဓ-မိန်းမတို့ကလဲ ခွေးထီးရဲ့ အောက်တန်းစားလို့ မိမိကိုယ်မိမိ နှိပ်ချ၍ ဝန်ခံထားကြတယ်၊ ဒီလိုအန္ဓလူ၊ အန္ဓနတ်၊ အန္ဓဗြဟ္မာတို့ရဲ့ ဝါဒကို ငါကရှင်းပြမယ်၊ နောင်သား နောင်လာ မိန်းမတို့ဘက်က မှတ်စရာ-မှတ်ကြတော့။

လောကမှာ သူဌေးကြီးတွေကို မိန်းမက မွေးဒါမှတ်လိုက်၊ အရိယာ သူတော်ကောင်းဖြစ်တဲ့ ရသေ့-ရဟန်းတွေကို မိန်းမက

မွေးထုတ်ထားဟဲ့– နတ်ကဲ့၊ မင်းကလေး– မင်းကြီး၊ မူးကြီး– မတ်ကြီး– ဝန်ကြီးတွေကိုဖယ်၊ ရှင်ဘုရင်ကိုကော သစ်ခေါင်း ပေါက် ထင်သလား၊ ကောင်းကင်ကျ မဟုတ်ဘူး။

မင်း သူဌေးမှန်လျှင် အချင်း သွေးက အစ၊ ယောက်ျားက မွေးတယ်ယူသလား၊ မြတ်တယ်ဆိုတဲ့ ယောက်ျားတွေကို ပြော မယ်။

ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ (ဘုရား၊) ရှင်မောဂ္ဂလာန်၊ ရင်သာရိ ပုတ္တရာ၊ ဒီရဟန္တာတွေ ဘယ်က ဖြစ်ပေါ်လာကြသလဲ၊ ကြပ်ကြပ် ဝေဘန်စမ်း၊ ငါတို့ရဲ့အဘ–ဂေါတမမြတ်စွာဘုရားကို ငါတို့လို မိန်းမ (မယ်တော်မာယာ)က မွေးဒါဟဲ့ တောင်စောင့်နတ်ကဲ့၊ လောကကြီးမှာ မိန်းမ မရှိလျှင် ဘုရား ဘယ်ခါမှမဖြစ်ဘူး၊ ဒီလို ပြောပြတော့မှ တောင်စောင့်နတ်က အံ့သြချီးကျူး၍ သာဓု ၃– ကြိမ်ခေါ်ပြီးအရှုံးပေးသတဲ့၊(အသိဉာဏ်ရှိ-မရှိ၊အသိဉာဏ်မြတ် မမြတ်) တောင်စောင့်နတ် စကားအလာကို တရားရှာကြသော ယောဂီမယ်တို့ကို၊ အတ္တစွဲ လောကီကို ပယ်ကြတော့ တောင် စောင့်နတ်ပြောစကားကို ရှက်တတ် ကြောက်တတ်သူ မှန်ပါက၊ ဟောဒီ– ခန္ဓာဇာတ် သိမ်းဘို့ရာ အနတ္တတရားကို အကြီးတန်းက ရကြဘို့ (အရဟတ္တ)မဂ်ဉာဏ်၏ ဂုဏ်ပြုပြီး၊ မိန်းမတို့ဘက်က၊ (ကုဏ္ဍလ)ကေသီကရှေ့နေလိုက်ခဲ့ကြောင်းကိုဒိဋ္ဌိဝိသုဒ္ဓိရုံးတော်၌ စကားလုံးပေါ်အောင် ကျမ ယောဂီမယ်( )က အများ သိစေရန် တင်လျှောက်လိုက်ပါတယ်ရှင့်။

## ကုဏ္ဍလကေသီ ရဟန္တာမအကြောင်း

လူဝိုင်းထဲမှာ လက်ပိုက်ပြီး ထပြောရတယ်ဆိုဒါ အမိပွါယ် ရှင်းလင်းဘိုရာကို အကဲခတ်ပြီး နားထောင်ကြပါ ရှိသေစွာ ပြတ်ပြတ်သားသား ပြောသွားပါမည်ရှင့်။

ကုဏ္ဍလကေသီဆိုသော မိန်းခလေးဟာ အသက် ၁၈–နှစ်ခန့်မျှကပင် ရဟန္တာဉာဏ်ကို ရပါတယ်၊ တိတ်ဆိတ်သော ဌာနၳမိမိရသော ဉာဏ်စွမ်းဖြင့် ဟောဒီခန္ဓာရဲ့ စခမ်းကို အပြန်အလှန် အနုလုံ-ပဋိလုံ ဆင်ခြင်တယ်၊ သုံးသပ်တယ်၊ ဝေဘန်နေတယ်၊ ကြည့်စမ်း ဒီခန္ဓာပုပ်– ဒီခန္ဓာဆိုး၊ ဒီခန္ဓာအသေတုံးနဲ့ တွဲဖက်၍ လူယောင် ဆောင်ပြီး ပွဲထွက်နေရပါကလား၊ လူလဲမဟုတ်၊ မိန်းမလဲမရှိ၊ ပကတိရုပ်ဓာတ်၊ အဟုတ်မှတ်ကြတဲ့ အန္ဓဗာလ တို့ကတော့ ဒီခန္ဓာရုပ်ကို တကယ့်မိန်းမထင်ပြီး၊ စိတ်ထင်တဲ့အာရုံနဲ့၊ ကာမဂုဏ်ခံစားလျက် ခွဲဆို့ပြီး သေကြရတယ်၊ ဘဝကောင်းကို ခန္ဓာပုပ်မှာဘဲ ရောင်းစား ပေါင်နှံဆုံးရှုံး နစ်နာကြရတယ်။ ဒီခန္ဓာတုံးကြီးဟာ ဘယ်လိုကစ၍ ဖြစ်လာပါသလဲ စသည်ဖြင့်၊ ခန္ဓာရဲ့ဖြစ်စ မူလရေသောက်မြစ်ဌာနကို မိမိသိပြီးသော ဉာဏ်လက်နက်ဖြင့်၊ ကိုယ့်အပြစ် ကိုယ်ရှုပြီး ဆင်ခြင်နေတယ်။ သူများတို့၏အပြစ်ကို အရှင်းမတွေး၊ အရှင်းမပြော၊ လူယုတ်မာ၊ ယောကျ်ားယုတ်မာ၊ မိန်းမယုတ်မာများကတော့ မိမိ၏အပြစ်ကို ကွယ်ဝှက်ဖုံးထားပြီး ပြောလေ့–ရေးလေ့ ရှိကြ၏။ ဒါ့ကြောင့်–ရဟန္တာဆိုဒါ ဉာဏ်ကိုသာမှတ်၊ ခန္ဓာကိုယ်ကမဓာတ်၊ မိန်းမဘဲ, ယောကျ်ားဘဲဆိုဒါ အမှန်ဉာဏ်မရလို့မှတ်။ အမှား နာမ်ကသာ

ပုံသဏ္ဌာန်ထင်မှု အသားဆိုင်အသားခဲကို မိန်းမဘဲ– ယောကျ်ား ဘဲလို့ အစွဲမှားကြသော ငရဲသားတို့အတွက် အားကြီးသနားလှ တယ်လို့ဥပမာသာဓက ဂုဏ်ပြလို့ အခြေအမည်နဲ့ မိန်းမတို့ဘက်က ကုဏ္ဍလကေသီ ကျမ်းအလာပြပြီး ရဟန္တာမအကြောင်း ရှင်းပြ ထိုက်ပါတယ်ရှင့်။

(အဆုံး သာခု ၃–ကြိမ်လိုက်ကြ)

## တိုင်ပင်ခဏ်း

မိန်းမယုတ်တယ်၊ ယောကျ်ားမှမြတ်တယ်ဆိုတဲ့ အယူဟာ သုတ္တန် နည်းမှတ်၊ အရိယာမိုး၍ အဘိဓမ္မာနည်းလမ်းသိသူတို့မှာ ရဟန္တာ ဉာဏ်ကိုသာ မြတ်သည်ဟူ၍ ဆုံးဖြတ်ရာ၏။ ရဟန္တာဉာဏ်ကို မရ သမျှ ဇာတိသွေး မကုန်ကြသဖြင့် ဇာတိသွေးကြောင့်ဖြစ်တဲ့ ဂုဏ် မာန၊ ဇာတိသွေးကိုဖြစ်သော အရင်းခံ ဘဝနိကန္တိ လောဘ ဇေ့ာခေါ် တဏှာ၊ ဇာတိခေါ် သွေးကိုဘဲ ငါတလူ–ဟု အယူ မှားသော ဒိဋ္ဌိ၊ ထိုသံသရာနယ်ချဲ့ဗိုလ်မှူး ၃–ယောက်တို့၏ စစ် တပ်အဖွဲ့ထဲက မထွက်နိုင်မှတ်၊ သို့အတွက်– တဏှာ, မာန, ဒိဋ္ဌိ, သုံးပါးရှိနေသော အန္ဓဗာလတို့ကိုသာ ယောကျ်ားယုတ်မာ၊ မိန်းမယုတ်မာဟု ဆုံးဖြတ်ကြရာ၏။

## ဥဂ္ဂသေန ဇာတ်မင်းသားက–ပွဲကပြရင်း ရဟန္တာ ဖြစ်ပုံ

ဓမ္မပဒကျမ်းဂန် ဥပဒေအရှိ ဥဂ္ဂသေန ဇာတ်မင်းသား၏ ပါရမီ ရင့်သန်ပုံကို ရှင်းပြလိုပါတယ်၊ အသိနဲ့အလုပ် ဝိဝါဒအရှုပ်ကို ဥဂ္ဂသေန ဇာတ်ထုပ်ဖြင့် သိစေအပ်ပါတယ်၊ ဇာတ်မင်းသားတဲ့ဗျ

အတောင် ၆ဝ–ရှိသော ဝါးလုံးတိုင်ထိပ်ဖျားက နေပြီးတော့ ရှေ့ဂျွမ်း နောက်ဂျွမ်း ၇–ကြိမ် ၇–ပတ် လှည့်လည်၍ ပစ်တယ်, ကတယ်, သီချင်းဆိုတယ်၊ မရေတွက်နိုင်သော ပွဲကြည့်သူ ပရိသတ်တို့ဖြင့် စည်ကားလျက် ရာဇဂြိုဟ်ပြည်ပေါ်မှာ နိုင်ငံကျော်မင်းသားကောင်း သတ္တိကောင်းတယောက် ဆိုရပါတယ်။

အင်မတန် ကျော်စောထင်ရှားသော– ဥဂ္ဂသေနရဲ့အကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူသဖြင့် ဆွမ်းခံလာရင်းက ကပွဲသို့ဝင်ပြီး ဥဂ္ဂသေနကို သတိပေးတရားဖြင့် ဆုံးမတော်မူတယ်၊ ဥဂ္ဂသေနကလဲ တိုင်ထိပ်ဖျားက က,ခုန်လျက်နေစဉ် ဘုရားရှင်၏ ကြွလာပုံအချက် ထူးဆန်းသဖြင့် တိုင်ထိပ်ဖျား၌ အကနားပြီး ခြေထောက်တဘက်ကို မြှောက်၊ ခြေထောက်တဘက်ကို တိုင်ထိပ်မှာထောက် လက်အုပ်ချီမိုးရှိခိုးလျက်နေ၍ ဘုရားရှင်၏ တရားစာရင်းကို ရှိသေစွာ နားသွင်းနေတယ်၊ ဟော့– ငါ့ချစ်သား ဥဂ္ဂသေန ထမင်း ၂–နပ်အတွက် အများသူတွေ ချီးမွမ်းတဲ့အချက်ကြောင့် အသက်ခန္ဓာကို အရေးမထားဘဲ သားမယားစားဘို့ မတရားအမှု ကာမဂုဏ်အားပေးတဲ့ ဒုစရိုက်စုသမ္ဘပ္ပလာပ အလုပ်ကို လုပ်ခြင်းဟာ ငါ့သားတကယ် မပါးမနပ်သေးပါဘူးကွဲ့, ဥဂ္ဂသေနရဲ့၊ မင်း ကပြနိုင်ဒါ, ဂျွမ်းပစ်နိုင်ဒါဟာ ထောက်တည်ရာ တိုင်ထိပ်ရှိလို့မှတ် အားကိုးစရာရပ်တန့်စရာ ဌာနတခုရှိလို့သာ မင့်ကို အများချီးကျူးကြဒါပါကွဲ့–

နားထောင်စမ်း၊ ဇာတိ ဒုက္ခော တဏှာ မူလကောတဲ့ အမိဝမ်းဗိုက်၌ ကိုးလ, ဆယ်လ, မရွံ့တတ်, မရှက်တတ်, မကြောက်တတ်ဘဲနှင့် သွေးသန္ဓေ နေသမျှ သတ္တဝါတို့ရဲ့ ထောက်တည်ရာ မှတ်လိုက်၊ ဒီလိုသွေးပဋိသန္ဓေနှင့် သွေးမပြတ်

စာရင်း၊ သွေးဇာတ်စုံခင်းပြီး သွေးလင်၊ သွေးမယား သွေးသား သွေးသမီး တွေနဲ့ ပျော်ပျော်ကြီး သွေးဇာတ် ကပြနိုင်ကြ ဒါဟာ- ထောက်တည်ရာဆိုတဲ့ တဏှာ သမုဒယကြောင့်ဖြစ်တဲ့ ဇာတိမှတ်။ ယခုလဲ မယားအတွက်နဲ့ အသက်ကိုစွန့်စားပြီး ငါ့မှ- ဇာတ်မင်းသား နာမည်ကျော် ရာဇဂြိုဟ်ပြည်ပေါ်မှာ ထမင်းစား ဘို့အတွက် ငါ့သား ဂုဏ်လုပ်သမျှ အကုန်ဒုက္ခလို့ သိလိုက်၊ ရှေးက ထောက်တည်ရာလဲ လွတ်ခဲ့ပြီ၊ နောင် ထောက်တည်ဘို့ မရှိသေး၊ ယခု ထောက်တည်ဆဲခဏကို ခြေကုတ်မထားဘဲ စွန့်လွှတ်ပါက သဘင်သမားမမှတ်၊ လင်၊ မယား၊ ကဇာတ်၊ ပြဇာတ်၊ ဇာတ် မကဘဲ ရပ်ရပြီ နားရပြီလို့မှတ်၊ ဒီလိုအရိပ်အမြွက်မျှ ဟောတော် မူသော၊ ဒေသနာအဆုံးမှာ ဥဂ္ဂသေန မင်းသားရဲ့ စိတ်နှလုံးမှာ အများလူတွေ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ လောကဓံကို အကုန် ဖြုတ် ဘာအတွက်ကမှ မတုန်လှုပ်တဲ့- ရဟန္တာဉာဏ်ကို တိုင်ထိပ် ဖျားက နားကြားရင်း အသိပိုင်သွားတယ်ဗျ၊ အသိနဲ့အလုပ် ဒီ၂-ရှုပ်အတွက် အလင်းစခမ်းရအောင် ကျွန်တော် ယောဂီမောင် က ရှင်းတမ်းပြ၍ သတိပေးရပါတယ်ခင်ဗျ။

---

## ပေါဋ္ဌိလမထေရ် အကြောင်း

ကြွရောက်လာကြသော အရိယာ သူတော်ကောင်းတို့အား၊ ပေါ ဋ္ဌိလ မထေရ်ရဲ့အကြောင်းကို ကောင်းမွန်စွာ ရှင်းပြလိုပါတယ် ဗျ။ ဘုရားရှင်သည် ဇေတဝန်ရွှေကျောင်းပျော်အောင်းမွေ့လျော် နေတော်မူသောအခါ၊ သဗ္ဗညုတဉာဏ်ကွန်ရက်ဖြင့် သတ္တဝါခပ် သိမ်းတို့ကို အုပ်ထိန်း၍ ကြည့်တော်မူရာ၊ ဂိုဏ်းအုပ် ဆရာကြီး၊

ဂဏပါမောက္ခ ဆရာကြီး, ဓမ္မာစရိယစာချ ဆရာကြီး, တဆယ့်
ရှစ်ဂိုဏ်းအုပ်ချုပ်၍ ဂိုဏ်းတဆယ့်ရှစ်ဂိုဏ်းတို့၏ အဖွဲ့ချုပ်မထေရ်
ကြီးဝါတော်မှာ ၆၀၊ သက်တော် ၇၀-ရှိသဖြင့် ၅၀၀-သော
ရဟန်းများစွာတို့ကိုပါဠိတော် အဋ္ဌကထာတို့ဖြင့် ဆုံးမတယ်, ပို့ချ
တယ်သင်ပြတယ်၊ ဒီပေါ်ဋ္ဌိလဟာ ရှေးက ၇-ဆူသော ဘုရားရှင်
တို့၏ လက်ထက်ကပင်-ပိဋကတ်သုံးပုံကို နှုတ်ပါးစပ်အာဂုံရ၏ စာ
ရွက်မဆောင်, ပေစာမကြည့်, ဒီလိုဂုဏ်မျိုးစုံရှိသော်လဲ မဂ်ဉာဏ်
မရလို့ ဘုရားရှင်က သုစိသာမဏေငယ်- ကိုရင်ငယ်ကလေးထံ၌-
ရဟန္တာဉာဏ်ကိုရစေဘို့ အတောင်းခိုင်းတယ် စေလွှတ်တယ်၊
အမိန့်တော် အရဆုံးမသော စကားအတိုင်း မဆိုင်းမတွအမြန်
သွား၍ ၇-နှစ်သားအရွယ်ရှိ ကိုရင်ကလေးထံ ရှိခိုးတောင်းပန်ပြီး
ရှိခိုးလျက် သပ္ပုရိသ ဆရာဖြစ်တော်မူသော ကိုရင်ငယ်၊ အကျွန်ုပ်
မထေရ်ကြီးအား မဂ်ဖိုလ်နည်းနိသျှည်းကို အမြန်ရဘို့ဆုံးမြဩဝါဒ
ပေးတော်မူပါလို့ ရှိခိုးပြီး တရားတောင်းသတဲ့၊ ကိုရင်သာမဏေ
ငယ်ကဆုံးမပုံ (ကိုယ်တော်ကြီး) နားစေ့စေ့ ထောင်လိုက်စမ်း၊
တောင်ပို့ကြီးတခု၌ အပေါက် ၆-ပေါက်ရှိတယ် ၅-ပေါက်ကို
နာနာလုံအောင် ပိတ်လိုက်ပါ၊ ကျန်တဲ့အပေါက်က- မျက်ကြော
မပြတ် ကြည့်ပြီးစောင့်နေ ဒီတောင်ပို့ကြီးကို အမြဲတန်းဝင်၍ပုန်း
အောင်းနေတဲ့ ဖွတ်ကြီးတကောင်ကို ပြန်မဝင်ရအောင် ဖမ်းလိုက်
ပါ၊ ဒီလိုဥပမာသာဓကနှင့် ခန္ဓာကိုယ်သဘာဝကို အရိပ်အမြွက်မျှ
ဟောပြရုံနဲ့ မူလက ပရိယတ္တိ အာသေဝန ပစ္စည်းအရင်းခံ ရှိသ
ဖြင့် ဗြုံးကနဲ ဆရာပေါ်ဋ္ဌိလမှာ တဏှာမာန ဖွတ်မိသမျှ ကိုင်း-
ငါ့အကြံမြောက်ကပြီ သံသရာက လွှတ်ရပေပြီ ဘုရားသားစစ်
ဖြစ်ရပေပြီလို့ သာမဏေငယ်ကို ဦးခု-ကြိမ်ချလိုက်တယ်၊ ဒါ့

ကြောင့်–တရားလိုချင်ပါက မာနကိုရှော့ကြပါ။ မာနရှိနေပါက တရားကို ဘ၀ပြတ်မရနိုင်ကြောင်း ယောဂီမောင်က တိုက်တွန်းနှိုးဆော်ရပါတယ်ခင်ဗျ။

---

## သုက္ကာ ထေရီမ အကြောင်း

ကျမယောဂီက ၇–နှစ်အရွယ် သုက္ကာထေရီမကလေး ရဟန္တာဉာဏ်ရတဲ့အကြောင်းကို နမူနာယူကြဘို့ ပြောပြလိုပါတယ်ရှင့်။

ဒီဉာဏ်ဟာဘာလဲ၊ ဟောဒီကျမရဲ့ အပုပ်တုံးခန္ဓာကြီးကို အဟုတ်မသုံးထိုက်ကြောင်းသိဘို့ ရှုဘို့၊ မုန်းဘို့ရှက်ဘို့ ၁ –နံပါတ် အရေးကြီးတယ်၊ မိမိရဲ့ခန္ဓာကိုယ်ကိုမှ မချစ်ခဲ့လျှင်သူတပါးရဲ့ ခန္ဓာအပုပ်တုံးကို စိစစ်ဝေဘန် နေဘို့မလိုတော့ပါဘူး၊ စဉ်းစားကြစမ်းပါ၊ အမိဝမ်းဗိုက်သားအိမ်တွင်း၌ ရေကြည် ၇–ရက်ကတဆင့်၊ရေမြှုပ်၇,ရက်သွေးခဲ၇,ရက်၊သားတစ်၇,ရက်၊အဖုအတက်ပြီ၅–ဖုထွက်စက၇,ရက်၊ဖြစ်လာရတဲ့ရှုံစရာအသုဘပါနေအမတန်ဆင်းရဲစရာဖြစ်တဲ့ဒုက္ခလက္ခဏာကလဲထင်ရှားနေပြီ၊ မမြဲလို့အခြေပျက်၊ ယခုတိုင် သေဘက် နီးကပ်လာတာကိုလဲ ပါးနပ်လျှင်ဖွင့်မပြောရပါဘူး၊ဒီအတက်အဖု၅ဖုအချိန်ကမိန်းမလား–ယောကျ်ားလားဆိုဒါလဲ၊အတ္တာ– ပြုတ်ပြီး၊ အနတ္တသရုပ်ကိုလဲသုက္ကာထေရီမကလေးဟာအပိုင်အနိုင် တွေးတယ်၊ စဉ်းစားတယ်၊ ဝေဘန်တယ်ပွားများလေ့လာတယ်၊ ဒီခန္ဓာဆိုးအစသတ်– ဘ၀ပြတ်ရတဲ့သုက္ကာမယ်လို ဗုဒ္ဓအနွယ် ထေရီအဖွဲ့ဝင်ဖြစ်ကြဘို့ တဏှာမကျန်ဇာတိမပေါ်အောင်(အပါဒါန်ပါဠိတော်အရ) ကျမယောဂီမယ်

(    )ကအရွယ်မရွေးစတာန်းပုဆိုး ထမီ မရွေးတန်း၊ ခလေးစခမ်း ကျမ်းလာပုံနှင့် ဒီနေရာရဟန္တာဂုဏ် ထင်ရှားလိုက်ပါတယ်ရှင့်၊ သာဓုလိုက်ကြ။

☆

## သာသနာတော်အကြောင်း

သူများတွေကလက်ပိုက်ပြီးတလှဲ့စီ ထပြောကြပြန်တော့၊ မခံချင် ဒါနဲ့ဘဲသာသနာတော်ဆိုဒါဘာကိုခေါ်တယ်လို့ ဒီလိုဝိုင်းထဲမှာ ပြောချင်ပါတယ်ဗျ။

သာသတီတိသာသနာ။ သာသတိ၊ ဆုံးမတတ်၏၊ ဣတိတသ္မာ၊ထို့ ကြောင့်။သာသနာ၊ သာသနာမည်၏။

မြတ်စွာဘုရား ဆုံးမသြဝါဒကို လိုက်နာမှတ်သားဒါကို သာ သနာခေါ်ပါတယ်၊ သာသနာဆိုဒါ ကောင်းကင်မှာ မဟုတ်ပါ ဘူး၊ စာပေကျမ်းဂန် သင်အံလေ့ကျက်ခြင်းကို ပရိယတ္တိ- သာ သနာခေါ်ပါတယ်၊ သမထ- ဝိပဿနာအားထုတ်ခြင်းကို ပဋိ ပတ္တိသာသနာဆိုပါတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရလို့ သောတာ ပန် တည်တာကို ပဋိဝေဓ- သာသနာလို့ သိကြစမ်းပါ၊ ဒီလို သာသနာ ၃-ရပ်သတ်မှတ်သော အချက်၌ ပရိသတ်များနဲ့ ကျွန် တော်တို့အဘို့မှာ ဘယ်သာသနာကို အားထုတ်ဘို့ အရေးကြီးနေ ပါသလဲ စဉ်းစားကြပါ၊ တိုင်ပင်ကြစမ်းပါ၊ သေခဲ့တဲ့ဘဝ ပေါင်းလဲမရေနိုင်ပါ၊ လူ့,နတ်,ဗြဟ္မာ ဖြစ်ခဲ့ပေါင်း များစွာဆို ဒါလဲ တရားတော်မှာ ဟောပြထားပြီးဖြစ်ပါတယ်၊ သို့အတွက်- ဝိမုတ္တိ ယုဂခေတ်နဲ့ ကြုံကြိုက်နေတဲ့အခါမှာ သမ္မာဒိဋ္ဌိဉာဏ် ဝိပဿနာဉာဏ်ပညာစခမ်းကို ထိရောက်သိစွာမြင်ခဲ့လျှင် သီလနဲ့

သမာဓိဆိုဒါ ဟစ်မခေါ်ရပါဘူး၊ သို့အတွက် အဘိဓမ္မာအစစ်၊ ဝိပဿနာဉာဏ်အနှစ်၊ အနတ္တ–လက္ခဏာသာသနာ အစစ်ကိုသာ အားထုတ်ကြဘို့ရာ ကျွန်တော် ယောဂီကာ၊ တိုက်တွန်းလိုက်ရ ကြောင်းပါ ခင်ဗျ။

☆

## အာဠာဝက ဘီလူးအကြောင်း

ရောက်လာကြသော ယောဂီ ပရိသတ်အပေါင်းတို့အား အာဠာဝက ဘီလူးအကြောင်း၊ ထုံးဟောင်း ဥပဒေအရ၊ ထုချေလို့ အစီရင်ခံပါတယ်ဗျ။

အာဠဝီခရိုင်၊ သံသုမာရမြို့– နယ်နိမိတ်နှင့် တယူဇနာခန့် ကွာဝေးသောဌာနမှာ ကြီးကျယ်သော ညောင်ပင်ကြီး၌၊နတ်စစ်သည် ခြွေရံအပြည့်အစုံတို့နှင့်၊ တန်ခိုးဇာဒ္ဓိပါဒ်ဂုဏ်ဒြပ်ထူးတဲ့၊နတ်ဘီလူးကြီး အာဠာဝကရယ်လို့ ထင်ရှားစွာရှိသတဲ့၊ မြတ်စွာဘုရား၏ ရန်သူပုန်ရှစ်ဌာနတို့တို့တွင် တပါးအပါအဝင်၊ ရာဇဝင်တွင်၍ မှတ်တမ်းတခုရှိပါတယ်၊ လူလားကိုသာ စားသောက်နေကြဖြစ်၍၊ ဘုရင်မင်းမြတ်ကပင် တနေ့လျှင် တယောက်ကျ၊ တလမှာ လူပေါင်း ၃၀–ကိုဆက်သရသော ဂုဏ်ထူး၊ ထိုဘီလူးကြီး၏ လက်တော်သို့အလွှဲကျ၍ ရောက်လာရမဲ့ခလေးက ရဟန္တာအလောင်းဖြစ်နေပြီ ယောဂီတို့၊ မြတ်စွာဘုရားက ထိုအကြောင်းကို သိမြင်တော်မူသဖြင့် ရဟန္တာအလောင်း ခလေးကိုလဲမသေစေရန်၊ဘီလူးအာဠာဝကကိုလဲ မဂ်ဉာဏ် ရစေရန်ရည်ရွယ်၍ အာဠာဝက၏ ညောင်နန်း ဗိမာန်သို့ တကိုယ်တည်း ကြွရောက်လာတယ်၊ အာဠာဝကနေတဲ့ ညောင်နန်း ပလ္လင်သို့ ဘီလူးကြီးမရှိခိုက် ထိုင်နေ

တော်မူသည်ကို နတ်စစ်သည် အပေါင်းတို့နှင့်တကွ၊ ခုံစစ်တိုက်သော်လဲမရ၊ ရှိခိုးဦးတိုက်၍ မြတ်စွာဘုရားကို လက်မြှောက်မာန်ချ လက်နက်စုံအပ်ရတယ်၊ ထိုကဲ့သို့-မာနရှော့၊ ဘီလူးကြီးစိတ်ပြော့၍လာခါမှ (သဒ္ဓါ) တလုံး၊စွဲယူကြုံး၊ လမ်းဆုံးနိဗ္ဗာန်အမြန်ရဆိုတဲ့ တရားအတိုချုပ်ကို ဟောပြသဖြင့် သဘောကျတဲ့ နတ်ဘီလူးမှာ၊ ဓာတ်အထူး ဝိပဿနာတရားရတယ် သောတာပန်တည်တယ်၊ကိုင်းစဉ်းစားကြစမ်းပါ၊ တိုင်ပင်ကြစမ်းပါ၊ သောတာပန်ဖြစ်မှ ဘာသားကိုစားပါသလဲလို့ စောဒကဝင်လျှင်၊ အမေးကိုလက်မခံ၊ ဒါ့ကြောင့်- တရားဟောတတ်တိုင်း၊ ကျမ်းရေးတတ်တိုင်း သောတာပန်မဟုတ်၊ အနတ္တသရုပ်၊ ငါတကယ်ပြုတ်ပါက အရိယာသောတာပန်ဆိုဒါလူသားစားတဲ့ဘီလူးကိုထမင်းစားတဲ့လူအထူးတို့က၊ အနတ္တပန်းတိုင်သို့ အမြန်ဆုံးအမှီလိုက်နိုင်အောင် ယောဂီမောင်(        )က နမူနာပြ၍ တိုက်တွန်းရတယ် ခင်ဗျ။

---

## စဉ်းစားခန်း

လူသားစားတဲ့ ဘီလူးက၊ မာနကျတယ်၊ သောတာပန်တည်တယ်၊ မွေးကထဲက လူသားမစားတဲ့၊ ဗုဒ္ဓဘာသာ လူမျိုးတို့က ဘုရားနဲ့ ရန်မဖြစ်ပါဘဲ၊ သောတာပန် မတည်ကြဒါ၊ သောတာပန်ဖြစ်တဲ့ တရားကို မဟောကြဒါ ဘာ့ကြောင့်လဲ့၊ ဘီလူး မာန်စွယ်ကျွတ်ထာ ဒါနကုသိုလ် လုပ်လို့လား၊ သီလ ကုသိုလ်ကြောင့်လား၊ သမထကိုဘဲမြတ်စွာဘုရားက အားထုတ်စေခိုင်းသလား၊ဝိပဿနာဉာဏ်ကိုဘဲ တိုက်ရိုက်တဲ့တဲ့ ဟောပြလိုက်သလား၊ အာဠဝကသုတ္တန်ကို ပြန်၍ကြည့်ကြ၊ လျှောက်ကြ၊ တွေးကြပေတော့။

သက္ကာယဒိဋ္ဌိ မကွာသမျှ၊ လူသားစားတဲ့ ဘီလူးတွေချည်းဘဲ မှတ်လိုက်၊ ဥာဏ်သွားကြပါတော့ လူပါးလူနပ်တို့။

☆

## ရှေးပညာရှိများ မိမိတို့သန်ရာ ကျင့်ကြံပုံ တပည့်များကို ဆုံးမပုံတလုံးကောင်း အတိုချုပ်

၁။ ရွှေကျင်ဆရာတော်– တဏှာအလိုမလိုက်ဘို့။
၂။ ငါးခုံ ။ စိတ်ယုတ်မာကိုပယ်
၃။ ရေငုံ ။ ကောင်းသောအကျင့်၊ ကျင့်နိုင်ကောင်းလေ။
၄။ ဂုဏ်းတပည့် အရိယာဝံသ တကိုယ်တည်းနေနိုင်ရင် အကောင်းဆုံး။
၅။ ကြေးကန်ဆရာတော် သတိတလုံး–အမြဲသုံး။
၆။ ဆရာတော် ဦးဗုဓ်– အကြိုက်ကို ရှောင်ပါ။
၇။ မန်ကျည်းတော –ကုသိုလ်နာနာပြု။
၈။ ထွင့်ခေါင် ။ ခန္ဓာစွန့်တရားအားထုတ်။
၉။ မြင်းဝန် ။ အချစ်နဲ့ အမုန်းမဖြစ်စေနဲ့။
၁၀။ ဗန်းမော် ။ အသက်မငဲ့နဲ့။
၁၁။ လှေသင်းမင်းကျောင်း နေရာတိုင်းသည်းခံ။
၁၂။ သင်္ဂဇာ ။ ပျော်ရာနိဗ္ဗာန်တထစ်ကျမှတ်။
၁၃။ သာသနာပိုင်းဦးညေယျ– သီလလုံပေစေ။
၁၄။ သာသနာပိုင် ဗားကရာ– နာမ်ရုပ် သိအောင်လုပ်။
၁၅။ မြို့ပြင်ကြီး ။ အနေမကြပ်စေနဲ့။
၁၆။ စလင်း ။ အကောင်းဆုံးမှာစိတ်ကိုထားပါ။

၁၇။ မောင်းထောင် ခြိုးခြံနိုင်ရင် ချမ်းသာမယ်။
မိုးထား ဆရာတော်- စိတ်ကောင်းကောင်းထား။
မန်လည် ။ သစ္စာလေးပါးသိအောင်လုပ်ပါ။
အုဋ္ဌဖို ။ ခံစားရတဲ့နိဗ္ဗာန်ကိုသာရှာ။
ဒီပဲရင်း ။ ကာမဂုဏ်ကြားထဲက-နိဗ္ဗာန်ရဘို့
ပညတ်နဲ့ ပရမတ်ကွဲစေ။
မိုင်းခိုင်း ။ နာမ်ရုပ်သဘာဝမြင်စေ။
အခ်န်း ။ သီလသမာဓိပြည့်စုံပါစေ။
ဆင်တဲဆရာတော် သဘာဝတရားတွေကြစေ။
ဦးပေါ်ဦး နိဗ္ဗာန်ဆိုဒါ ခန္ဓာမှာ။
တောင်လေးလုံး ပရမတ်မသိ-ခွေးထီး-ခွေးမ။
သစ်ဆိမ့်ချောင် ဆိတ်ဆိတ်နေဒါ တရား။
လှုတွေ ။ ကျန်းမာဒါမှတရားအစစ်ကွဲ့။
ကြည်တော်ဝန် မြင်သမျှ ကိုယ့်ရန်သူ၊
ဆရာတော်ဦးရန်ကုန် ထင်သလိုနေနိုင်ဒါ တရားမှတ်။
ဘုရားကြီး-ဦးဇာဂရ နေရာတိုင်းသည်းမခံနဲ့။
လယ်တီ ။ ဒါန-သီလ-ဘာဝနာသုံးမျိုးလုံး
ကြိုးစားကြ။
ကြောင်ပန်း ။ သဘာဝသိလျှင်တရားရှာစရာမလို။

ဘိုးသူတော်- ဦးစ အေးငြိမ်းချောင်- စားသောက်ကောင်းဒါ
နိဗ္ဗာန်။
ဘိုးသူတော် ဦးပေါ မင်းကွန်းဘုရား-ခန္တီ အမြတ်ဆုံး။

ဘိုးသူတော် ဦးတုတ်–ဘိုးသူတော် အလုပ်မှ– သူတော်
ကောင်းကွဲ့။
ဘိုးသူတော် ဦးနု– ပိုက်ဆံချမ်းသာမှ တရားကွဲ့။
ဘိုးသူတော် ဦးရှမ်း–ပရမတ်သိမှ တရားမှတ်။
ဘိုးသူတော် ဦးပြုံး ရှင်ပင်နန်ကိုင်း–ဘုရားရှိခိုး အကျိုးရှိ

သီလရှင် ဆရာထပ်–အဘိဓမ္မာတရားသိဘို့ ကြိုးစား။
သီလရှင် ဆရာကင်း-တရားမှန်ရင် အကုန်နာပါ။
သီလရှင် ဆရာဂုဏ–ယုတ်မာတဲ့ အကျင့်ရှောင်။
သီလရှင် ဒေါ်လေး မဂ္ဂင်ချောင်–သမာဓိရအောင်ဖမ်း။
သီလရှင် ဒေါ်ကေသာ–စကားမပြောဘဲနေ။
သီလရှင် ဒေါ်ဥာဏ–ရသမျှနဲ့ တင်းတိမ်ကြ။
သီလရှင် ဒေါ်မာလာ–ကောင်းမှုတော်ဘုရား၊ အာနာပါဏ
အားထုတ်။
သီလရှင် ဒေါ်စာရီ ထွဋ်ခေါင်ချောင်– ခန္ဓာကိုယ်အလို
မလိုက်နဲ့။
သီလရှင် ဒေါ်ပညာ–သိသလို နပ်သလို နေကြ။
သီလရှင် ဒေါ်ဝဏ္ဏဝါ သစ်ဆိမ့်ချောင်– ခန္ဓာကိုယ် စောင့်
ရှောက်ကြ။
သီလရှင် ဒေါ်သုမာလာ မဂ္ဂင်ချောင်–ခန္ဓာငါးပါး သိရင်
နိဗ္ဗာန်။
သီလရှင် မစိတ္တဝတီ(ခေမေသက) စာချ–စာတတ်မှ နိဗ္ဗာန်။
သီသရှင် မယ်နန္ဒာ– မေတ္တာပို့ကြစမ်းပါ။

သီလရှင် မယ်ဥတ္တမ–နေရာတိုင်းမကြည့်ချင်နဲ့ မကြားချင်နဲ့
သီလရှင် မဏ္ဍနစာရီ–စိတ်ချမ်းသာဒါ နိဗ္ဗာန်ဘဲ။
သီလရှင် မဓမ္မစာရီ– ခန္ဓာကိုယ် သန့်သန့်ရှင်းရှင်းဖြစ်ထာ
နိဗ္ဗာန်။

ရသေ့ ဦးဆံ သုဒဿနချောင်–သက်သတ်လွတ် စားမှတရား။
ရသေ့ ဦးစန္ဒ ကိုယ်ကျင့်တရား– အေးအေးနေ။
ရသေ့ ဦးဖူ နိဗ္ဗိန္ဒချောင်– ဘာလုပ်လုပ် အပိုဘဲ။
ရသေ့ ဆရာကံ ရွာထောင်–အားလုံးခေတ်သဘောမှတ်ကြ။
ရသေ့ ဦးခန္တီ–တရားကိုကြည်ညိုဒါ အမြတ်ဆုံး။

တရားရှာကြသော လူရှင်ယောဂီအများတို့ ဗဟုသုတများစေခြင်းငှာ၊ ဆရာအဆက်ဆက်မှ တဆင့် မှတ်သားထားသော ရှေးပညာရှိ ရဟန်း, ရသေ့, သူတော်, သီလရှင် အရိယာ အလောင်း သူတော်ကောင်းတို့၏၊ တနည်း– အရိယာအစစ်တို့၏ အလွယ်မှတ်ရန် တလုံးကောင်းအတိုနည်း– ဆုံးမကြပုံကို မဟာမေတ္တာဖြင့်–သာသနာတော်အတွက် ပြန့်ပွားစေဘို့ရာ ထည့်သွင်းဖော်ပြလိုက်သည်။

ယထာဘူတံဉာဏာယ၊ သတ္တာ ပရိယေသိတဗ္ဗော။

ယထာဘူတံ၊ အဟုတ်အမှန်၊ သစ္စာလေးတန်ကို။ ဉာဏာယ၊ သိမြင်ပြီးဖြစ်သော၊ သတ္တာ၊ ဆရာ့ဂုဏ် ၇–ပါးတို့နှင့် ပြည့်စုံသော ဆရာမြတ်ကို၊ ပရိယေသိတဗ္ဗော၊ လူဖြစ်ကျိုးနပ်အောင် မြန်မြန်ကြီးရှာဖွေအပ်၏။

အထူးသတိပေးပြီ၊ မိမိတို့ ကိုးကွယ်ဆည်းကပ်သောဆ ရာက ဟောသမျှ ယုံကြည်တတ်ကြ၏၊ ကိုးကွယ်သော ဆည်းကပ်သော ဆရာနဲ့ အကြောင်းမသင့်လို့ ရန်ဖြစ်သော် ထိုဆရာကို မကြည်ညို တော့ဘူး၊ ဘယ်မျှဘဲ တရားမှန်စေကာမူ၊ တရားကိုမနာယူဘဲ၊ အပြစ်ကိုသာ ပြောဆိုလေ့ဖြစ်တတ်၏၊ တွေးကြပါ၊ နှစ်ပေါင်း ဘယ်မျှဘဲ ကိုးကွယ်ဆည်းကပ်သော ဆရာဖြစ်ပေမဲ့၊ နိဗ္ဗာန်ရ ကြောင်းတရား အမှန်ကို ဟောပြဆုံးမနိုင်သူ ရှားလှ၏။

## (ပုထုဇဉ်ဟာ-ပုထုဇဉ်စိတ်ပါဘဲ)

ဆရာရှုံးလျှင် စုန်းစုန်းမြုပ်၊
ဆရာ့ဂုဏ်-သက်န်းဂုဏ်နဲ့

ငါပြောလျှင်၊ ငါ့တကာ ငါ့တပည့်တွေ ယုံမှာဘဲဆိုပြီး စိတ်သန်ရာ၊ စိတ်ထင်ရာ ဟောကြ ပြောကြ၊ ဆုံးမကြသည်၊ (မဂ္ဂသစ္စာ-မှန်ခဲလှ၏ စဉ်းစား) ဆရာရှုံးလျှင် စုန်းစုန်းမြုပ်ရမည် ယောဂီ၊ သိပ်ကြောက်ဘို့ ကောင်းဒါဘဲမှတ်ပါ။ မိမိတို့ ချစ်ခင် ကြည်ညိုနေသော ဆရာများကပြောလျှင်၊ အားလုံးကောင်း ချည်းမှတ်လျှင် တဏှာဖြစ်မည်မလွဲမှတ်၊ နိဗ္ဗာန်ယောင်ယောင်-တရားအစစ်ယောင်ယောင် ရတော့မလို့နဲ့၊ ဟန်ကောင်း- အကြံ ကောင်း၊ အနေဟောင်း၊ အကျင့်ကောင်း- ပြယုဂ်ကိုဖော်ပြ လျက်၊ဆရာ့ဂုဏ်၊သက်န်းဂုဏ်နဲ့ အထက်ဆရာကြီးဂိုဏ်း၊မယ်တော် ကြီးဂိုဏ်း၊ ဘိုးဘိုးအောင်ဂိုဏ်း၊အောင်မင်းခေါင်ဂိုဏ်း၊ ဦးပညာ သီဟဂိုဏ်း၊ မှော်ဂိုဏ်း၊ ဝိဇ္ဇာဂိုဏ်း၊ ပြာဆေးနဲ့ ပျားရည်သောက် အာယုဝဍ္ဍနဂိုဏ်း၊ အဝတ်ဖြူကို ဝတ်စေခြင်း၊ အဝတ်ညိုကို

ဝတ်စေခြင်း၊ ဇော်ဂျီရောင်ရှားထည်ကို ဝတ်စေခြင်း၊ တောင်ဝှေးနဲ့ ဦးထုပ်နီကိုဆောင်းစေခြင်း၊ သံခမောက် ဝိဇ္ဇာဂိုဏ်း-စသည်တို့ဖြင့်၊ အလွဲလမ်းသို့ ရောက်တတ်၏၊ ဆရာလုပ်တိုင်း တပည့်တကာ တကာမတို့က၊ အကောင်းချည်းဘဲယူလျှင် အလွန်ဝန်လေးလှသော အလုပ်မှား၊ အနေမှား၊ အကြံမှားတို့ကို သတိကြပ်ကြပ်ထား၍ ရှောင်ကြပါကုန်။

(သဒ္ဓါလိုလိုနဲ့ ဆရာထိုထိုနဲ့ တဏှာပိုတတ်သည် ယောဂီ)

## ယခုတိုင် မှားနေကြပုံတွေ

ရှာတော့တရား တွေ့တော့ ရွှေဖြစ်လုပ်ငန်း။
ရှာတော့တရား တွေ့တော့ အရက်သမား။
ရှာတော့တရား တွေ့တော့ ဘိုးဘိုးအောင်။
ရှာတော့တရား တွေ့တော့ မယ်တော်ကြီး။
ရှာတော့တရား တွေ့တော့ အထက်ဆရာအမိန့်။
ရှာတော့တရား တွေ့တော့ ပြာဆေး။
ရှာတော့တရား တွေ့တော့ သေနတ်ပီးဆေး။
ရှာတော့တရား တွေ့တော့ ယောကျ်ား-မိန်းမ။
ရှာတော့နိဗ္ဗာန် တွေ့တော့ တဏှာ။
ရှာတော့တရား တွေ့တော့ အဋ္ဌတိုက်တွေ။
ရှာတော့တရား တွေ့တော့ ပရိသတ်အများ။
ရှာတော့တရား တွေ့တော့ သူများအပြစ်။
ရှာတော့တရား တွေ့တော့ နတ်ပြည်။

ရှာတော့တရား တွေ့တော့ အပုပ်ကောင်။
ရှာတော့တရား တွေ့တော့ စိတ်လေ စိတ်လွင့်။
ရှာတော့တရား တွေ့တော့ သောတာပန်။
ရှာတော့တရား တွေ့တော့ လူ။
ရှာတော့တရား တွေ့တော့ ဘဝ။
ရှာတော့တရား တွေ့တော့ ပထဝီ။
ရှာတော့တရား တွေ့တော့ ရဟန္တာ။
ရှာတော့တရား တွေ့တော့ ဘဝကြီးငယ်။

(မှားပုံတွေ အမြွက်မျှပြလိုက်သည်။)

---

## အကြီးအမှူး အဓိပတိ တရားသုံးပါး

၁။ လောကာဓိပတေယျ-အများကို အမှူးထားခြင်း။
၂။ အတ္တာဓိပတေယျ-မိမိကိုယ်သာ အမှူးထားခြင်း။
၃။ ဓမ္မာဓိပတေယျ-တရားတော်ကိုသာ အမှူးထားခြင်း။

---

၁။ အရိယာမှာ ၃-မျိုးမှတ်ရာ၏၊ အများကိုငဲ့သော အရိယာ တဏှာနဲ့ မာန ကျန်သည်။

၂။ မိမိ ခန္ဓာကိုယ်ကို ငဲ့သော အရိယာ တဏှာနဲ့ မာနကျန်သည်။

၃။ တရားတော်ကိုသာ ငဲ့သော အရိယာ တဏှာနဲ့ မာန ကျန်သည်။

တရားအားထုတ်သော ယောဂီတို့ မိမိကိုယ် မိမိ ဝေဘန်၍ သိကြတော့၊ နံပါတ်အစဉ်လိုက် ငဲ့လုံးအဆင့်အတန်း ရှိတတ်-

သည်မှတ်၊ အထက်တန်း ဘာဝပြတ်တရားကို တကယ်လိုလား၍ ဆရာကောင်းနှင့် အားထုတ်သော နံပါတ် ၃-သည် ပဋ္ဌမရ၏ နံပါတ် ၂-ဒုတိယအဆင့် နံပါတ် ၁-သည် တတိယဖြစ်၍ တကျော နဲ့ မာန အလွန်များသော- သောတာပန်၊ ဘာ့ကြောင့်- အ များကို ငဲ့တတ်သော စရိုက်ဝါသနာ ဖြစ်သည်မှတ်ပါ၊ အများ ကို ငဲ့ခြင်းထက် မိမိကိုယ် ငဲ့သူကတန်းမြင့်တက်မြန်၏။ တရား ရလျှင်ပြီးရောလို့ တရားကိုသာငဲ့သောသူသည် ဘာဝပြတ်တရား ကို ရလွယ်တတ်၏။

အရိယာ ၃-မျိုးမှာ အသင်ယောဂီ ဘယ်အမျိုး
ဘယ်အစားလဲ ခွဲခြားတွေးပါ။

★

## ပုထုဇဉ်ဆရာနဲ့ အရိယာဆရာ

မိမိ၏ တပည့် တကာတွေက အခြားဆရာ့ထံသို့ တရားနာ သွား လျှင်- အခြားဂိုဏ်းက ကမ္မဋ္ဌာန်းကို သွား၍ အားထုတ်လျှင် ရင်မှာအပူဟပ်ပြီး စိတ်မချမ်းသာဘူး၊ ဒေါသဖြစ်တယ်၊ မာန်တယ်၊ ထန်တယ်၊ စောင်းတယ်၊ ချိတ်တယ်၊ အလွန် အားကိုးအားထား ပြုထားသောတပည့်၊ ချစ်ခင်နှစ်သက်သော တပည့် တကာမတို့ အတွက် သာ၍စိတ်ကြီး၏မကြိုက်နိုင်ဘူး၊ မိမိမှတပါး-အခြားသူကို ဆရာထားဒါ အလိုမရှိ၊ ငါ့ကိုသာ ကိုးကွယ်၊ ငါ့တရားကိုသာ နာယူ၊ ငါ့လူ ငါ့ပြစု အဲဒီဆရာဟာ ပုထုဇဉ်ဆရာမှတ်။

## ဆရာစွဲ သက္ကာယဒိဋ္ဌိ ရှင်းတမ်း

မိမိဆရာ ဘာကိုဘဲလုပ်လုပ် ဘယ်လိုဘဲနေနေ အလွန်ကြည်ညို၏ သူများက အပြစ်ပြောလျှင်မခံ တရားအစစ်အမှန်ကို မဟောမပြ

ပါဘဲ ငါ့ဆရာမှ တရားအစစ်ကို သိတယ် ဟော၁နိုင်တယ် သင်ပြ နိုင်တယ်လို့ ပုဂ္ဂိုလ်ကိုမြင်၍ ကြည်ညို၍—ကျေးဇူးခံ ကျေးဇူးစား ဖြစ်၍ တဘက်သတ်ယုံကြည်ပြီး စွဲစွဲလမ်းလမ်း ကိုးကွယ်ဆည်း ကပ် လှူဒါန်းခြင်းကို ဆရာစွဲမှတ် သက္ကာယဒိဋ္ဌိဖြစ်ပြီလို့ ပြောဘို့ ရာ မလိုတော့ပေ။

## ဆရာစွဲသက္ကာယဒိဋ္ဌိ ရှင်းတမ်း

သီလ သမာဓိ ပညာ သိက္ခာသုံးပါး ပြည့်စုံသော ဆရာကား— ဆရာကောင်းတို့၏ လက္ခဏာ ပေတည်း၊ အရိယာဆရာဟူ၍ မှတ် ရာ၏။ အလွန်မြတ်သော သိက္ခာသုံးပါး အင်္ဂါရှစ်ပါး သပ္ပုရိသ ဂုဏ် ၇–ပါးတို့နှင့် ပြည့်စုံသောဆရာကား— မိမိထံ၌ ဆည်း ကပ်ရှိသေ နာယူ လှူဒါန်း၍ နေသော ယောဂီတပည့် တကာ— တကာမ, လိမ္မာသူ, ဝတ္တရားကျေသူ, အဆင့်အတန်း မျိုးစုံသော သူတို့သည်၊ အခြား ဆရာ့ထံသို့ တရားနာရန် သွားခြင်း, လှူခြင်း, ဆည်းကပ်ခြင်း, အခြားဂိုဏ်း၌ အယူဝါဒကို ကြိုက်နှစ်သက်၍ ကမ္မဋ္ဌာန်းထိုင်ခြင်း, အခြားဆရာ၏ တပည့် တကာ– တကာမ ဖြစ်သွားခြင်းတို့ကို မျှားစွာစိတ်ဆင်းရဲခြင်း, အနည်းငယ် စိတ် ဆင်းရဲခြင်း, လျစ်လျူရှုနိုင်ခြင်း, လုံးဝ အရေးမလုပ်ခြင်း အ စားစားရှိသည်မှတ်လေ။

ထိုအရိယာဆရာတို့ကား (ဖြေဆေး) တနည်းရန်သူပေါ်လာ ပါက ကာကွယ်နိုင်သော ကာဘာ, ခံတပ်, လက်နက်စသည်တို့ အပြည့်အစုံရှိသောကြောင့် တွန်လှုပ်ခြင်း အမျှားအနဲ ရှိသော်လဲ ခေတ္တခဏ တဒင်္ဂမျှသာမှတ်၊ ပုထုဇဉ် ဆရာတို့ကဲ့သို့ ဥမ္မတ္တကစိတ် အရှင်းမရှိမှတ်လေ၊ (ပုထုဇဉ်နဲ့ အရိယာ) စကြာဝဠာ နံရံတံတိုင်း

ကြီး ခြားလျက်နေသည့် ဥပမာ မှတ်လိုက်၊ ထိုကဲ့သို့ အရိယာ ဆရာစစ်ကို ရှိခိုးခြင်း, ပူဇော်ခြင်း, ဖူးမျှော်ခြင်း, ပေးလှူခြင်း, တရားနာယူခြင်း, ဆုံးမတိုင်းလိုက်နာခြင်း, မသေမချင်း ဝတ်ကျေ ရန် ပြုစုဆောင်ရွက်ခြင်း အကြောင်းရှိက– ရှေ့က ကာကွယ်နိုင် သော သာတ္တံထားခြင်း၊ စသည်တို့ကို ဆရာစဲ့မမှတ်နဲ့ သက္ကာယ ဒိဋ္ဌိ ဖြစ်တယ် မယူနဲ့ (ပြောသူရော-ယူသူရော) ကြီးလှစွာသော မမှအန္တရာယ်မှတ်လေ, အထူးရှောင်ကြဉ်ကြပါ၊ သို့အတွက် ဖြန် ရှင်းပြီ၊ မြတ်စွာဘုရားကို ဝိသာခါ ကျောင်းအမ ကြည်ညိုပုံ၊ အနာထပိဏ်သူဌေးတို့ ကြည်ညိုပုံ၊ ကောသလဝတီ တကာမသည် အရှင်ကစ္စည်းရဟန္တာကို ကြည်ညိုပုံ၊ သာမာဝတီ မိဖုယားက ခုဇ္ဇုတ္တရာ ကျွန်မကြီးကို အရှင်မအရာ၌ထား၍ ရိုသေပြုစုပုံ၊ အရှင် သာရိပုတ္တရာ ရဟန္တာက အရှင်အဿဇိမထေရ်ဆရာ ရှိရာသို့ ညစဉ် အိပ်ခါနီးတိုင်း ဥကျောင်းညွှတ်ကျိုး မာန်စွယ်ချိုးပြီး လက်အုပ် ချီမိုး ဦးသုံးကြိမ်ချ၍– ရှိခိုးပြီးမှ အိပ်ပုံ၊ ကျေးဇူးတော်ကြီးကို မမေ့ပုံ စိတ်က ဆရာထံသို့ချည်း အမြဲတန်း–စဲ့ရောက်နေပုံ စသည် တို့ကို ဆရာစဲ့ မမှတ်နဲ့ မပြောနဲ့ ဆရာစဲ့ သက္ကာယဒိဋ္ဌိ မယူကြ လေနဲ့။ ပါဏုပေတံ ဆည်းကပ်ကြရမယ်မှတ်။

တရားမှန်မသိတဲ့ဆရာကို စွဲနေသလား။
တရားအမှန်ကိုသိလို့ ဟောပြလို့ စွဲနေသလား။

ချင့်ချိန်ကြဝေဘန်ကြဒါနကို မပယ်နဲ့ လှူလိုက–လှူကြအပြစ် မရှိ၊ သက္ကာယဒိဋ္ဌိရှိသမျှ သေလျှင်အပါယ်မကျဘူးလို့ စိတ်မချနဲ့

ယောဂီ၊ ပုထုဇဉ်က ပုထုဇဉ်ကို အပါယ်မကျဘူးလို့ လက်မှတ် မချရဲပါဘူး။

အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ
မိမိကိုယ်ကိုသာ ဆုံးမကြကုန် ပညာရှိများတို့

## မဂ္ဂသမ္ဘာရ ဒီပနီ၏ ဂုဏ်ကျေးဇူး

တရားရတယ်၊ အနေချောင်တယ်၊ သက်သာတယ်၊ အပူနဲတယ်၊ အပူငြိမ်းပြီ (သုခစစ်စစ်ရတယ်၊ ဒုက္ခကိုမြင်တယ်၊) ယောဂီ စာ ဘတ်လျှင် စဉ်းစားဘတ်၊ ယောကျ်ားမိန်းမ တကယ်မရှိ၊ ပုဂ္ဂိုလ် သတ္တဝါ တကယ်မရှိ၊ မရှိလျှင် သတ်ရဲလား- မသတ်ရဲဘူး၊ န ဇီဝေါ—အသက်မရှိဘူး၊ သတ်ဝံ့လား၊ သီလ မပျက်စေနဲ့ ယောဂီ၊ နေရာတိုင်း (အဋ္ဌကလာပ် ရုပ်ရှစ်မျိုးမှန်တယ်) ဒါဖြင့်- အရက် သောက်ဝံ့လား၊ သီလမထိနဲ့။ ဆရာ၏ကိုယ်ပိုင်ဥာဏ်မှတ်။

## သာသနာကြီးပွားပါစေ- ဆရာ၏မေတ္တာရေ

မြတ်စွာဘုရား၏ ရုပ်ပုံသဏ္ဍာန်ကို ကိုးကွယ်ရမယ်။ ရုပ်ပုံ ကိုးကွယ် ရုံနဲ့ ကျေနပ်မနေနဲ့၊ ဟောပြခဲ့သောအနတ္တတရားအထိ မိအောင် လိုက်ပါ၊ မိဘ၏ရုပ်ပုံ ကိုးကွယ်ဒါကို ဖယ်ပါ၊ မိဘ-မသေခင် ဘယ်လိုလဲ ချစ်ချစ် မိဘ ပြောပြ ဆုံးမသော စကားကို နား ထောင်မှ၊ သားကောင်း-သမီးကောင်းဖြစ်ကြရမယ်၊ ကိုယ်ကျိုးကို ခံစားရမယ်မှတ်။

☆

## အယူလျှော့သော ဩလိယနပုဂ္ဂိုလ်

ဒါန–သီလ ၂–မျိုးနဲ့ပင် နိဗ္ဗာန်ရပြီ ထင်မှတ်၍ တင်းတိမ်နေကြသူတို့ကသမထကို အားထုတ်ဘို့မလို၊ သမထမှာဘဲ အရိပ်နိမိတ်ကို စွဲလမ်းပြီး တရားထင်မှတ်သော အချို့ပုဂ္ဂိုလ်တို့ကို၊ ဝိပဿနာတရားကို လေ့လာနာယူဘို့မလို၊ တနည်း– ကမ္မဋ္ဌာန်းထိုင်၍ ထွက်လေ–ဝင်လေတို့ကို အားထုတ်ခြင်း စသည်တို့ကို ဝိပဿနာအမည်တပ်လျက် ဝိပဿနာစခမ်း ရောက်ပြီထင်လျက် တင်းတိမ်ကြသူ၊ အချို့က– ဝိပဿနာတရားကို တကယ် အတ္တ မပြုတ်ဘဲနဲ့ သောတာပန်ထင်၍ အချိန်ကုန်ကြသူတို့ကို ဩလိယန– ပုဂ္ဂိုလ်ဟု ပါဠိလို ဆိုသည်။

☆

## အယူလွန်သောအတိဓာဝပုဂ္ဂိုလ်

ဝိပဿနာတရားကို အားထုတ်လာခဲ့ရာ၊ နဇ္ဇတ္ထိ–မိန်းမ မဟုတ်။ နပုရိသော–ယောကျ်ား မဟုတ်။ နသတ္တော– သတ္တဝါမဟုတ်။ နဇီဝေါ–အသက်မဟုတ်၊ ဒီအထိလဲရောက်ကရော။ကာမေသုမိစ္ဆာစာရကံကိုကြူးလွန်ကြ၏။ ပါဏာတိပါတကံကိုသတ်ဖြတ်ကြ၏။ သူရာမေရယကံကိုလက်သုံးပြုကြ၏။သာသာပြန်မှာ၊အနေချောင်၊ အစားချောင်၊ထင်သလိုနေကြတော့၏။ဒီလိုအယူလွန်၍အတိဓာဝဖြစ်သောပုဂ္ဂိုလ်တို့ကား၊ ဥပုသ်မစောင့်၊ ငါးပါးသီလမလုံ၊ဘုရားစေတီတို့ကို မကိုးကွယ်၊ သင်္ကန်းဝတ်တို့ကို မလေးစား၊ ပရိယတ်ကျမ်းဂန်တို့ကို အယုံအကြည် မရှိတော့ဘူး၊ လောကစီးပွားကိုဂရုစိုက်၍ရှာခြင်း၊ သူများပစ္စည်းကိုခိုးယူ၍စုဆောင်းခြင်း၊အချို့က တရားရလို့ သွားမယား၊လင်သားတို့ကို ဂရုမပြုဘဲ၊ရှာဖွေလုပ်ကိုင်

ကျွေးမှု၌ပေါ့ပေါ့ဆဆဖြစ်၏။ဟိုယောင်ယောင်-ဒီယောင်ယောင်ဖြစ်ကြရ၏။ဒါကြောင့်–အယူမလျှော့ရအယူမလွန်ရ။အလယ်ဗဟိုမဇ္ဈိမ(သီလ,သမာဓိ,ပညာ,သိက္ခာသုံးပါး)ရှစ်ပါးအင်္ဂါ၊အရိယာလက္ခဏာအစစ်ဖြစ်ကြဘို့ရာ၊ မဂ္ဂသမ္ဘာရဒီပနီကျမ်းကို နှောင်လာမည့်သာသနာ ၂၅၀၀ မကအဒွန့်ရှည်စွာ တည်ပါစေသတည်း။ တရားမှန်လျက်နဲ့မချီးမြှောက်သူ၊ အားမပေးသူ။တရားမှားနေပါလျက်ချီးမြှောက်သူ။ အားပေးသူတို့ကိုဖယ်၍၊ ဒီခန္ဓာသံသရာကိုစက်ဆုပ်ရွံမုန်းသော၊ လူ,ရှင်, မင်းစိုး, ပုဂ္ဂိုလ် မျိုးစုံတို့သည်၊ မဂ္ဂသမ္ဘာရဒီပနီကို တယောက် တအုပ်ကျစီ လက်ကိုင်ထားသင့်သင့်ကြောင်း။

မည်သည့်ပုဂ္ဂိုလ်က ဘယ်လိုပင် မှားတယ်ဆိုစေကာမူဤကျမ်းသည်၊လူပြိန်းလဲသိ၊ ပညာရှိလဲကျေနပ်၊စကားသုံးနှုန်းပုံသေသပ်ကြောင်း၊ ကျမ်းစာကပင် သက်သေခံမည် ထောက်ခံမည်၊ ဝမ်းသာရမည်၊ ပရိသတ်ဝိုင်းမှာ အရှုံးမပေးသောကျမ်းမှတ်ပါ၊ သူများရှိခိုးခံရမည့် ကွယ်ရာမှာအတင်းပြောသော်လဲ၊ ရှေ့မှောက်မှာလက်မြှောက်ကြရမည်ဟောဂီတို့။

အတ္တမပြုတ်က ကိုယ်ချင်းစာတရား မရှိမှတ်
သီးခံနိုင်ခြင်းမရှိမှတ်၊
ရင်တွင်းပူ မငြိမ်းမှတ်၊
အတ္တပြုတ်စေ-ယောဂီတွေ၊ ဆရာ့မေတ္တာရေ။

## မဂ္ဂဝိထိ ကျပုံ

ဘဝင် န ဒ မ ပ ဥ နု

○○○ ○○○ ○○○ ○○○ ○○○ ○○○ ○○○

ဂေါ မဂ် ဖိုလ် ဖိုလ် ဘဝင်

○○○ ○○○ ○○○ ○○○ ○○○

လူပြိန်း ယောဂီတို့ အနည်းငယ် ရိပ်မိစေရန် ပြလိုက်သည် (မဂ္ဂ-ဆိုဒါ လမ်းစဉ်၊ ဝိထိ-ဆိုဒါက လမ်းခရီးလမ်းမ) မဂ်လမ်းစဉ်ကား လမ်းမ၏အစ လမ်းစကိုမှတ်ပါ။ ဝိထိလမ်းမကား အစ-အလယ်-အဆုံးထိ ခရီးလမ်းမ တောက်လျှောက်ကို ခေါ်ဆိုသည်မှတ်၊ ပါဠိလိုတတ်ပေမဲ့ ဘာသာပြန်- နားမလည်ပါက ဘယ်တော့မှ အရိယာမဖြစ် အချိန်မကုန်ကြစေနဲ့ (ဘဝင်-အောက်က၊ န-အောက်က (○○○) ၃-လုံးတွဲနမူနာစံပြကို ဥပါဒ် ဌီ, ဘင်, ဟူ၍ ခဏငယ် သုံးလုံးကိုသိစေရန် ပြသောအမှတ် အသားမှတ်ပါ။) ဘဝင်-ဆိုသည်မှာ စိတ်တလုံး၊ န-ဆိုဒါစိတ်တလုံး၊ ဒ-ဆိုဒါစိတ်တလုံးစီ အစဉ်သိပါ။ ဘဝင်-ဆိုဒါ အာရုံကို ပိုင်ပိုင်မသိလိုက်ဘဲ ချုပ်ပျောက် သွားသောစိတ်ကို ဆိုသည်မှတ်။ န-ဆိုဒါ ဘဝင်္ဂစလန-ဆိုသည်။ ဒ-ဆိုဒါဘဝင်္ဂုပစ္ဆေဒဆိုသည်။ မ-မှာ မနောဒွါရာဝဇ္ဇန်း။ ပ-ကို ပရိကံ။ ဥ-ကို ဥပစာ။ နု-ကို အနုလုံ။ ဂေါကို-ဂေါတြဘူစသည်ဖြင့် စိတ်သဘာဝကို အမှတ်ပြုစေဘို့ ဝိဇ္ဇာမာန နာမပညတ်ဖြင့် သိစေအပ်သည်။ ဂေါတြဘူ နောင်မဂ်ဇောတကြိမ်သာကျ၏၊မဂ်-လို့ခေါ်ဒါလဲ(ဥဒ်-၀၊ ဌီ-၀၊ ဘင် ၀) ခဏငယ် သုံးချက်ကို မဂ်-ဟု နာမပညတ် တင်ထားတယ်သိပါ။

ဒီအချက်–ကျကျနန သိလိုပါက၊
တရားအစစ်တကယ်သိချင်ပါက၊
ကိုယ်တိုင်ဆရာ့ထံ မသေခင်လာကြ။

ဖိုလ်–ဖိုလ်ဟု ၂–ကြိမ် ၃–ကြိမ်ပေါ်ပြန်၏၊ ပေါ်တယ်ဆိုဒါ၊ ဖိုလ်လို့နာမည်မှတ်ပါ၊ အကောင်အထည်မဟုတ်ဘူး စိတ်သဘာဝတလုံးကို ဖိုလ်တလုံးသာမှတ်စမ်းပါ။

ဘွင်–ဆိုဒါလဲ၊ ဥပါဒ်–ဌီ–ဘင်ပါဘဲ၊ ဥပါဒ်–ဌီ–ဘင်–ခဏငယ် သုံးချက်သည်၊ စိတ်တလုံး၏ အသက်ဟူ၍၊ ပရိသတ်အလိုအမှတ်အသားပြု၍ သိစေအပ်၏။

မဂ္ဂဝိထိ–ကျသွားတယ်လို့ စာစကား ပြောတတ်တိုင်း သောတာပန်မဟုတ်ဘူး၊ သောတာပန် အရိယာဖြစ်ဘို့က ပညတ်နဲ့–ပရမတ်ကိုသရုပ်ကွဲအောင်အားထုတ်၊ ပညတ်မရှိမှန်း တကယ်သိ၊ ပရမတ်ရှိဒါ တကယ်သိ၊ ရှိလို့ပျက်ထာ တကယ်သိ စသည်ဖြင့် ယောကျ်ား–မိန်းမ, မဟုတ်ကြောင်း အနတ္တ– လက္ခဏာအထိ သိပိုင်မှသာ၊ အရိယာသောတာပန် မှတ်ပါ၊ ပရိယတ္တိ– သာသနာအရ၊ အရိယာတို့၏ စိတ်သဏ္ဍာန်၌၊ သဘာဝဓမ္မ–စိတ်အစဉ်ဖြစ်ပုံကို ဝိဇ္ဇာမာန–နာမပညတ်တပ်၍–

န ဒ မ ပ ဥ နုံ ဂေါ မင် ဖိုလ် ဖိုလ် ဘွင် ဟူ၍ ကျမ်းဂန်၌ ရှေးပညာရှိများ အမှတ်အသားပြု၍ ဘော်ပြထားသည်မှတ်၊ စာစကားနှင့်ပြောလျှင် ရှည်မည်ယောဂီ။

မဂ္ဂသမ္ဘာရဒီပနီနှင့် ညီအောင်၊မဂ္ဂဝိထိ ချပုံ–ကျပုံကို အနည်းငယ် အမြွက်မျှစာသင်ဘူးသော ယောဂီ, လူ, ရှင်တို့ ကျေနပ်အောင် ရေးပြလိုက်သည်။

## ဂေါတြဘူရဲ့ မဂဓ စကားကို မြန်မာလို ဘာသာပြန်မယ်

ဈာန်ရှေ့ ဂေါတြဘူက ကာမအနွယ်ကိုဖြတ်။ ရှုပနဲ့ အရှုပခေါ် မဟဂ္ဂုတ်အနွယ်သို့ ရောက်သည်မှတ်။

မဂ်ရှေ့ဂေါတြဘူက ပုထုဇဉ်အနွယ်ဖျောက်အရိယာအနွယ်သို့ ရောက်သည်မှတ်၊ဒါ-စာသုံး ရှေးစကား ဘာသာပြန်မှတ်။

ယခုခေတ် လူပြိန်းသိလို့ (ဂေါတြဘူ) ဘာလဲ၊ ပုထုဇဉ် အရှုး စိတ်ပျောက် သူတော်ကောင်း အရိယာ စိတ်ရောက်သည်ကို မှတ် လိုက်ပုဒ်ပြတ်။ ဂေါတြဘူကို ဂွတ်တြဘူ-ဟုဘတ်ပါ။ အချို့ ယူကြပုံ-မိမိကိုယ်မိမိ မဂ်ကျမှန်း-မဂ်ဆိုက်မှန်းကို သိမှ သောတာ ပန်ဟု အချို့ဆရာများက ဆုံးဖြတ်ကြ၏။ (မဂ်ဆိုတဲ့ စကား) နာမပညတ်မှတ် မရှိဘူးယောဂီ၊ အချို့ရားရှာသူတရားဆုံးဖြတ်သူ တွေ၊စာသံ-ပေသံ ကြားဘူးလို့ ထင်ဒါ ဆုံးဖြတ်ကြ၏။ မဂ်ကျဒါ ပြောကြပုံဟိုက်ကနဲ့,ခြိုက်ကနဲ့, တုံးကနဲ့, မေ့ကနဲ့,ဖြစ်သွားတယ်၊ တုန်ဆင်းသွားတယ်။ရှိတ်ကနဲ့, ရိတ်ကနဲ့,ဖြစ်သွားတယ်၊ဖြုတ်ကနဲ့, ရှပ်ကနဲ့, ဖျပ်ကနဲ့, ဖြစ်သွားလိမ့်မယ်၊ ဒီလိုဖြစ်သော်- မဂ် ကျပြီ မှတ်, သောတာပန်မှတ်, ဆုံးဖြတ်ကြတယ် (မဟုတ်ဘူး) ဒီလိုနဲ့ ဘဲ တင်းတိမ်မနေကြနဲ့။

တရားလိုချင်အားကြီးသော ယောကျ်ား မိန်းမတို့သည် ပြော တိုင်းယုံလို့ အားကြီးအမှားတွေတတ်သည်၊ အချို့ရှိတဲ့ ပစ္စည်းကုန် ကြတယ် တရားမရ၊ အချို့ခေါ်ရာကို လိုက်သွားကြတယ် တရား အစစ်လဲ မဟုတ်ဘူး၊ အချို့ကလဲ သမထနဲ့ ဝိပဿနာမကွဲဘူး၊ တချို့က ဒါတရားဘဲလို့ဆိုရင် ယုံပြီးလိုက်ကြတယ်၊ အချို့အ

မျိုးမျိုးပစ္စည်းကျ၏၊ ငွေကုန်လူပန်းဖြစ်ကြသော သူတို့ကို အထူး ဂရုစိုက်၍ ရှောင်ကြတော့၊ ငွေလိုလို့ တရားဟောဆရာလုပ်ခြင်း လူလိုလို့ တရားဟောဆရာလုပ်ခြင်း၊ ဒီလိုဆရာတွေလဲ မသေခင် မှာလဲ ကိုယ့်အမှားက-ကိုယ့်မှာဘဲ သက်သေခံ၍ စိတ်ဆင်းရဲရ မည်မှတ် သေလျှင်လဲ ငရဲလားရမည်မှတ်လေ။ အစားနဲ့ပတ် သက်လျှင် အညာအလိမ်ခံရဒါ တော်သေး၏၊ နိဗ္ဗာန်- ရောက် ကြောင်းတရားကောင်းနဲ့ လှည့်ပတ်ဖြားယောင်း၍ အညာအလိမ် ခံရဒါ လူဖြစ်ကျိုးရှုံးလှ၏၊ တရားကိုသိပိုင်တယ် ယူပြီးနောက်၊ ဟောပြသူဆရာ၌ အကြည်ညိုပျက်ခြင်း, အတင်း ပြောခြင်း, ကျေးဇူးရှင်ဆရာ၏ နာမည်ကိုဖျောက်၍ပြောဆိုခြင်း၊ (မိမိမှ တ ဆင့် တရားအနည်းငယ်ပြောဟောလို့ ရသောတပည့်ယောကျ်ား မိန်းမတို့ကို မိမိမှာ ရှိခိုးပူဇော်စေခြင်း၊ မိမိ၏ ဆရာကြီးထံသို့ မညွှန်ပြဘဲ ဖိနှိပ်၍ထားခြင်း။) ထိုကဲ့သို့ မိမိ၏ ကျေးဇူးရှင်ဆရာ၏ ထံက-အနည်းငယ် ရရှိထားတဲ့ တရားနှင့် ဆရာကိုပုန်ကန်၍ တစင် တဌာန တသီးပုဂ္ဂလ ဆရာတဆူလုပ်ကြသူတို့သည် ဆရာ၏ တပည့် ထဲမှာပင်ရှိသည် ဆုံးမလို့မရ။

ဆရာကြီး၏ နာမည်ဂုဏ်ကို ပယ်ဖျောက်၍ မိမိ၏ဂုဏ် နာမည်ဖြင့် ဆရာပြုလုပ်ပြီးရှိခိုးခံခြင်း, ပူဇော်ခံခြင်းတို့ကား၊ အလွန် ကြီးလေးသော- ဓမ္မအန္တရာယ် တို့ပေတည်း။ ဤကား (မဂ်) ဆိုသော ပါဠိပျက်ဘာသာအရ, မဂ်မဟုတ်သည်ကို မဂ်၊ ဟု ထင်မှတ်ပြောဟောကြသော ဆရာ လုပ်သူ တရားတော်၏ဂုဏ် ကိုပြ၍, သက်နိုး၏ အဝတ်ဂုဏ်ကိုပြ၍, ငွေစုဆောင်းခြင်း၊ လူကို အလိုကျ ရှာမှီးခြင်း၊ ဆရာကြီး၏ဂုဏ်ကို ပယ်ဖျောက်၍ မိမိ၏ဂုဏ် ကို ချီးမြှောက်ထွန်းကားစေလိုသောဆရာများ၊ ဆရာပြောတိုင်း

လိုက်နာ မှားယွင်းခြင်း ဘေးဒုက္ခမျိုးစုံတို့ကို တွေ့ကြရသော၊ တပည့်ယောဂီတို့ကို တိုက်ရိုက်ဖေါ်ပြ၍သတိပေးချက်ပေတည်း။

## ဒါဖြင့် မဂ်ဟာဘာလဲ

နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းစကို ဆိုသည်မှတ်၊ ရောက်ကြောင်း၌ (ခရီးသွားသလို ရောက်ရာဌာန– တခုမမှတ်နဲ့) မီးအေးဘို့ လမ်းစ ရခြင်းကို–မဂ်၊ အနုတ္တ ဉာဏ်ရစကို–မဂ်မှတ်၊ ပုထုဇဉ်အရူးစိတ် မရှိသောခဏ–ကိုမဂ် ခေါ်တယ်။ အချို့ကမဂ်ဆိုသော ပါဠိပျက်စကားကို အဓိပ္ပါယ်ကျ မသိဘဲ(ခန္ဓာကိုယ်မှာ) ထင်ရာကိုပြောပြ ဟောပြ ယူကြသောသူတို့ကား ဆရာကိုယ်တိုင်နားနှင့်ကြားရသည်၊ဆရာ့ထံမှ အဆက်ဆက် တဆင့်စီ တပည့် ပြီးတပည့်နည်းခံထားသောသူတို့ကိုယ်တိုင်က ဆရာ့ကိုပြန်၍ပြောပြဘူးသည်။ ဒီလို- အရမ်းပြောဟော၍, မဂ် အရမ်းဟော, ဆရာတို့ထံမှ နည်းခံနာယူမှတ်သားကြသော ယောကျ်ား–မိန်းမတို့ကို အလွန်သနားဘို့ကောင်းလှ၏ ဒုက္ခဘဲ ယောဂီ။

## သံသာရဝဋ္ဋဒုက္ခ–ဘာသာပြန်

ရုပ်နာမ် ၂–ပါးတို့ ပျက်တယ်၊ ထပ်ဖြစ်တယ်၊ ဖြစ်တဲ့အထဲမှာ ပျက်ထာပါတယ်။ ပျက်တယ်လို့ သိထားသောရုပ်ထဲမှာလဲဖြစ်စ ဖြစ်ဆဲ တွေ့ပါနေတယ်၊ ပျောက်တယ်ဆိုသော အနိစ္စ–နာမ်ဟာလဲ ပျောက်ပျက်တယ်သာ ဆိုရတယ်၊ တလစပ် ဖြစ်ပေါ်နေလို့ ပျောက်နာမ် ပျက်နာမ်ကိုမသိနိုင်၊ ဒီလို–ရုပ်အဆက်ဆက်၊နာမ် တသွက် သွက်၊ နာမ်ကြောင့် – ရုပ်ဖြစ်ပေါ် ပျက်စီးရခြင်း၊ ရုပ်

ကြောင့်– နာမ်ဖြစ်ပေါ်ပျက်ပျောက်နေခြင်း၊ ဒီကဲ့သို့–ရုပ်–နာမ် ခန္ဓာ–အာယတန–ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ပေါ်ခြင်းကိုသံ သရာမှတ်။ ဘနည်း–ယခုစာရေးနေတယ်ဆိုတဲ့ခန္ဓာကိုယ်ကြီးကိုရင်း စာကြည့်စာဘတ်နေဘာယ်လို့ပြည့်ဘာဘာသာနဲ့ခေါ်ပြောရတဲ့ယော ဂီ၏ခန္ဓာကိုယ်ကြီးကိုရင်း– သံသရာမှတ်၊ မြန်မာပြန်မှာမွေးလိုက် သေလိုက်၊ မွေးသမျှသုသာန်မြေနဲ့ဆက်၊ သေသမျှ– လူ့ဗိုက် ခွေးဗိုက်ဆက်၊ (မြုပ်တော့မြေကြီးသုသာန်မှာ) (ပေါ်လာတော့ လူဗိုက်သုသာန်မှာ) သိဘို့ တွေးဘို့ပြောရဲဘို့ ကြပ်တယ်ယောဂီ

မြုပ်တော့မြေကြီးသုသာန်၊
ပေါ်လာပြန်တော့ခွေးဗိုက်–လူဗိုက်သုသာန်၊
မြေလှိုး–မိုဃ်းပျံဒါမှ အန္တရတဲ့စျာန်၊

ဝဋ်ဆိုဒါဘာလဲ၊ စာသုံးမှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ဝိပါ ကဝဋ်၊ (ကိလေသဝဋ်–တဏှာမှတ်) ကမ္မဝဋ်ကို တဏှာကြောင့် ပြုတဲ့ကုသိုလ်ကောင်းမှုနဲ့ အကုသိုလ်မကောင်းမှုကံကိုကောက်ပါ (ဝိပါကဝဋ်ဘာလဲ) အဲဒီလို–တဏှာပူကြောင့်၊ တဏှာကံကိုပြု၊ တဏှာခန္ဓာတုံးကြီးကို ရနေဒါကို ဝိပါကဝဋ်ခေါ်လိုက်၊ဒါအ တိုချုပ် မရှေချင်နဲ့၊ရှေလျှင်ပဋိစ္စသမုပ္ပါဒ်ဖြစ်သွားမယ်၊ ဝဋ်သုံး ပါးကို အကျယ်တဝင့်မှာ ဝိဇ္ဇာဝိပနီကျမ်းကြည့်ပေတော့၊ ဒီကဲ့သို့ ဝဋ်ခံနေသေဘာဆင်းရဲဘေးအပေါင်းကိုဒုက္ခဟူ၍ယူပါ၊ တွေးပါ စဉ်းစားပါ၊ အိမ်သားနဲ့အပေါင်းအသင်းတို့ကို ပြောပြပါ။

| | | |
|---|---|---|
| သံသာရ | ဝဋ္ဋ | ဒုက္ခ |
| အဆက်ဆက် | လည်ခြင်း | ဘေးအစု |

သံသရာခန္ဓာဘေးအပေါ်မှ လွတ်လိုပါက၊ ဝိပဿနာသန့်သန့် ဟောပြတတ်သော စွယ်စုံပညာရှိတို့ကို ဆည်းကပ်ပါ၊ ပရိယတ် မသင်ဘူးသော ဆရာတို့ကား၊ ဟောပြောနည်းများတတ်သည်၊ ကြည့်ရှောင်ကြ၊ ဝိပဿနာတရားဖြစ်သော်လဲ (ပညတ်နဲ့-ပရမတ်) ကိုခွဲပြတတ်သော ဆရာကိုဆည်းကပ်၊ သို့ပေမဲ့ ကြက်သတ်, အရက်သောက်, အလေလိုက်, သီလပျက် ဆရာကို စဉ်းစားရှောင်နော်၊ သီလ-သမာဓိ, ပညာ သုံးဌာနပြည့်စုံ ဂုဏ်ရှိသော ယောကျ်ားဆရာ, မိန်းမ - ဆရာ တို့ကိုဆည်းကပ်ပါ ဝိပဿနာတရား ပရမတ်ကို ဟောပေမဲ့ အနတ္တအထိ၊ အတ္တ-မရှိအောင်ကြိုးစား၊ အယူလွန် အတိစာဝ—မဖြစ်စေရ၊ အယူပေါ့ရော့သော ဩလိယနမှာတန့်ရပ်မနေနဲ့၊ ခွဲဆို့မည်ယောင်။

## အတိုချုပ် ဆရာသတိပေးပြီ လူပြိန်းဘိုပေးတာယူစမ်း-ယူကောင်းတယ်

၁ နေချင်တိုင်းမနေနိုင်တဲ့စိတ်ဟာ ကိုယ့်စိတ်မဟုတ်ဘူး။
၂ ပြုပြင်တိုင်းမရတဲ့ရုပ်ဟာကိုယ့်ရုပ်မဟုတ်ဘူး။

## အေးအေးနေချင်ကြဒါချည်းဘဲ

၁ ထားရာမှာမနေတဲ့စိတ်ဟာ- ငါ့စိတ်မဟုတ်ဘူး၊ထင်ဒါမလုပ်နဲ့
၂ နုပျိုအောင်လုပ်လို့မရတဲ့ရုပ်ဟာ- ငါ့ရုပ်မဟုတ်ဘူးလျစ်လျူမရှုနဲ့။

## သေမှာသိရက်ကနဲ့ ပျော်ပါးရခြင်း

၁ အကောင်းကြိုက်တဲ့ စိတ်ဟာ - ကောင်းဒါ မှာချည်း နေနိုင်အောင်လုပ်၊ မလုပ်နိုင်လျှင် စိတ်အလိုကို လက်မြှောက်လိုက်။

၂ နေရာကောင်းမှာ ထားချင်တိုင်းမဖြစ်တဲ့ရုပ်ကို ထားလို့မရလျှင် ရုပ်အလိုကိုလက်မြှောက်လိုက်၊ ကြပ်ကြပ်စဉ်းစား။

## ဘယ်တော့မှမသေချင်ဘူး

ကြေးတင်အားကြီးလို့ မအိပ်နိုင်တဲ့စိတ်၊ ရုံးမှုဂါတ်မှု ဖြစ်နေတဲ့စိတ် ရိုးစားပူလွန်းကဲသောစိတ်၊ ဒီလိုစိတ်မျိုးတွေဟာ သေတတ်တဲ့အဆိပ်ဆေးသောက်ရှုသေခြင်း၊ ကြိုးဆွဲချရှုသေခြင်း၊ တချို့တလေကိုဖယ်လိုက်၊ ဘယ်သတ္တဝါမှမသေချင်ဘူး ယောဂီ၊ သေရချင်းတူလျှင် ဒီလင်-ဒီမယား၊ ဒီစီးပွား-ဒီရာထူးတွေကို စိတ်စွဲ အရိပ်စွဲ နိမိတ်စွဲနဲ့ သေရဲကြပါမလား။

အချစ်ဆုံးနိမိတ်စွဲရှု သေရဲကြရဲ့လား၊
အကောင်းဆုံးအာရုံကို သေခါနီးတွေးရဲကြရဲ့လား။

ရုပ်အလို နာမ်မလိုက်၊ နာမ်အလိုရုပ်မလိုက်၊ ရုပ်နာမ်အလိုလူမလိုက်၊ လူ့အလိုကိုလဲရုပ်နာမ်တို့က ဘယ်တော့မှမလိုက်၊ အမြဲတန်းဆိုပါ။

ယောဂီ ပိုက်ဆံရအောင်ရှာသလို နာမ်ကို ရအောင်ရှာစမ်းပါ၊ ယောကျ်ားရအောင်-မိန်းမရအောင်ရှာတတ်သလို၊ ပထဝီဓာတ်ကိုရအောင်ရှာစမ်းပါ၊ ရှာနေဒါအလုပ်။

ခဏခဏနေအိမ်ပြောင်းရွှေ့ရသလား၊ဘယ်တော့မှမပြောင်းရမရွှေ့ရတဲ့ နေအိမ်အစစ်ကိုရှာလို့ မတွေ့လျှင်ဆရာကောင်း- ဆရာမြတ်၊ သီလ-သမာဓိ-ပညာ ပြည့်စုံသော သပ္ပုရိသကိုရှာပါ၊ ဆရာတွေ့လျှင်ဝမ်းမြောက်တော့ ဒီအိမ်ကိုမမက်နဲ့။

ခွဲရမယ်, ကွဲရမယ်, ခွဲဆို့ရမယ်၊ အသက်ပြင်းစွာ ရှူရှိုက်ရမယ်၊ မျက်ဖြူလန်ရမယ်၊ အကြောဆွဲရမယ်၊ ဒီလိုသိပါလျက်နဲ့ ဘာပြုလို့သေပေါက်တိုးချင်ပါသလဲ၊ ယောဂီ၊ သေဘေးလွတ်တဲ့ တရားအစစ်ကိုရှာပါ တရားဆေးကိုသောက်ပါ၊ လောကီဝိဇ္ဇာခိုရ်ရဲ့ ပြာဆေးကိုရှောင်၊ သေဆေးမှတ်။

စိတ်ကြိုက်အာရုံ ကာမဂုဏ်မှန်တယ်၊ ကာမဂုဏ်ရဲ့အမြစ်ကို ရအောင်ရှာ၊ စိတ်ကိုအရဖမ်း၊ ဖမ်းနည်း မတတ်ရင် ပညတ်နဲ့ ပရမတ် လက်ထပ်ခဲ့ ဆရာကိုရှာ၊ ဆရာမတွေ့လျှင် မသာကိုတွေ့ရ တွေ့ပြီလို့မှတ်။

လူသေကောင်မှာနာမ်ရှာလို့မတွေ့ဘူး၊လူရှင်ရဲ့နာမ်ကိုတော့ တွေ့ဘူးမြင်ဘူးကြရဲ့လားလူမှာနာမ်ဘယ်တော့မှမရှိ၊ပုဒ်ပြတ်မှတ်

လူမှာ ရုပ်ဘယ်တော့မှမရှိပုဒ်ပြတ်မှတ်၊ လူမှာနာမ်နဲ့ ရုပ် မရှိ မှန်းသိခဲ့လျှင် လူဘယ်တော့မှမသေဘူး ပုဒ်ပြတ်မှတ်၊ လူကိုမတွေ့ လို့ နာမ်နဲ့ရုပ် ၂-ပါးကို တကယ်တွေ့သလား ယောဂီ(တွေ့တယ်) တွေ့လျှင် ကေန်ပျက်ရမယ် ပျက်တတ်တယ်, ပျက်နေတယ်မှတ် လိုက်။

လူကိုလဲမတွေ့ နာမ်နဲ့ရုပ်ကိုလဲ မတွေ့လျှင်
လူလဲမသေဘူး နာမ်နဲ့ရုပ်လဲ မပျက်ဘူး။

ခက်တယ် ခက်ထာကိုကြံ သမ္မာသက်ပွမှတ်၊ လွယ်လွယ်ရတဲ့ ဒီခန္ဓာမျိုးကပေါပါတယ် ယောဂီ၊ ဒီခန္ဓာအစုပ်အပုပ်မျိုးကို အဘိုးထိုက် အဘိုးတန် ထင်သလား-ထင်တယ်၊ထင်လျှင်-ဝိပဿနာ ဉာဏ် သန့်သန့်ကိုဆရာကောင်းထံ ဆရာပြောင်းပြီး ယခုဆည်းကပ်နိုးပြီ-သက်လုခမ်းနေ၁- (မျက်နှာမထောက်နဲ့။)

## ဉာဏ်သဘော မရိပ်မိပါက
## နာမ်ကြောကို မနှိပ်မိဘူး၊

ရုပ်ကြောနဲ့ နာမ်ကြောဒီ ၂–ကြောမှာမျက်မြင်ရုပ်ကြောက သန့်စင်မ်းသော်လဲ နာမ်ကြောရဲ့ သန့်စင်မ်းခိုင်မာသော လက္ခဏာ ကို ပိုင်ပိုင် မအုပ်မိ မဖိစီးနိုင်ပါက၊ ရုပ် အဆောက်အဦး၊ အဖွဲ့အ စည်း၊ ရုပ်အသင်းအပင်း တို့သည် ပျက်စီးချွတ်ယွင်းကြသော်လဲ နာမ်ကြောသန့်စင်မ်းနေသဖြင့် ရုပ်အဖွဲ့အသင်း အဆောက်အဦး မပျက်စီးရာရောက်နေသည် ယောဂ်။

## ဆရာမသေခင်မှာခဲ့မယ်

၁။ ငါကြိုက်လို့ ငါလုပ်တဲ့ကံကုသိုလ်ကြောင့် ငါစံရတယ် လို့ အယူစွဲသန်ပြီး လုံးပမ်းတိုင်း ထင်လုံးနဲ့ စိတ်မချလေနဲ့နော်၊

၂။ ငါလုပ်တဲ့ကံကြောင့် ငါစံရတယ်၊ ငါဘဲခံရတယ်၊ တကယ်အယူစွဲသန်နေပါလျက်ကနဲ့ ဘာပြုလို့ငါမရှိငါမဟုတ်တဲ့၊ အနတ္တတရားတော်ကို ဘုရားဟောရပြန်ပါသလဲ။

(က) ကံကို ယုံကြည်အားကိုး၍ ကုသိုလ်ပြုကြရ၏၊ ကံကို ယုံကြည်၍ အကုသိုလ်ကို ပြုရဲ လုပ်ရဲကြသော ဗုဒ္ဓဘာသာလူမျိုး တို့ကို၊ကုသိုလ်ကံကိုယုံကြည်ရဒါဘယ်အထိယုံကြည်ပြီး၊အကုသိုလ် ကံကို ယုံကြည်ရဒါလဲ- ဘယ်လိုယုံကြည် ကြရမှာလဲလို့ မိမိတို့သက်ဆိုင်ရာ ကိုးကွယ်သော ဆရာတို့ကို ကွဲပြားအောင် လျှောက်ကြပါလား အရမ်းမယုံနဲ့နော် လူကြုံပြောမအံ့သြနဲ့။

(ခ) ဆရာကိုကိုးကွယ်တယ်, ပူဇော်ရတယ်, လှူရတယ် ရှိခိုးရတယ်, ဘုရားထူးရတယ်, အောက်ကြခံရတယ်, ဘာကျိုးကို မြှော်လင့်လို့ဒီလိုလုပ်ကြရသလဲ၊ (အကျိုးရှိလို့-ဖြေပြီ) သေရမဲ့ ခန္ဓာကိုယ်ကိုပြန်လို့ရဘို့ဖြင့်ကိုးကွယ်ကျိုး, ပူဇော်ကျိုး,လှူကျိုး, ရှိခိုးကျိုး, ဘုရားထူးကျိုး, အောက်ကျခံရတဲ့အကျိုး, ကျေးဇူးမရှိ အကျိုးမနပ်ဘူး ယောဂီ။

## ဆရာရဲ့ ကိုယ်ပိုင်ဥာဏ်

ပရမတ္ထ သဘာဝတရား လေးပါးကား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ နာမည်ပေးထားသော ဘုရားစကား ၄-လုံးဟု- ပုဒ်ပြတ်မှတ်။ နိဗ္ဗာန်ကို ကိုယ်ခံစားချင်သော အာရုံကာမဂုဏ် အဟုန် အရှိန် ဇိမ်ကြီး,မြိုကြီး,တထီးတနန်း,တနေရာတင့်ာနဘဲလို့, ထင်လုံးရှိလျက်မင်္ဂဥာဏ်ဖိုလ်ဥာဏ်ရဘို့အားထုတ်ကြသောယောဂီ သူတော်ကောင်းတို့ သတိချပ်စရာမှာ (ရုပ်ကိုလူယောကျ်ားကြီး ရုပ်ကိုလူမိန်းမကြီး)ကေန်ထင်မှတ်လိုက်။

စေတသိက်ကို ငါသိတယ်, ငါနားလည်တယ်, စေတသိက် အလုံးပေါင်း ၅၂-လုံးရှိတယ်၊ ငါတွေ့ဒါဖဿစေတသိက်, ငါ ခံစားဒါ-ဝေဒနာစေတသိက်, ငါမှတ်ထာ သညာ စေတသိက်, ဟူ၍ ကေန်ဘင်ရမယ် မှတ်လိုက်။ စိတ်ကို ငါ့စိတ်, ငါ့အကြံ, ငါညွတ်တယ်, ငါ့စိတ်တိုင်းကျ, ငါ့စိတ်ထင်သလို၊ ဒီလိုကေန်အ ထင်ကြီးတခု ဖြစ်ရမယ်မှတ်လိုက်။

ဒီလိုထင် ၄-ချက်ရှိ နေကြသော ပုထုဇဉ် တို့မှာသဘာဝ နိဗ္ဗာန်မပေါ်နိုင်, သဘာဝရုပ်ကိုမမြင်,သဘာဝစေတသိက်ရယ်လို့,

မယုံကြည်။ သဘာဝစိတ်ပါကလားလို့ ကျကျနန အသိဉာဏ်ပိုင် မရသဖြင့်–အရိယာ အမည်ကိုလဲ မရ,သောတာပန်လဲမခေါ်နိုင် လူကြုံပြောသမျှ လောကအသိနဲ့ဘဲ တရားရပြီလို့ တင်းတိမ်တတ်သည်။

အရက်နဲ့ရေနဲ့ရောစပ်တိုက်ပြီး သူများကိုစမ်းဘို့မလို ကိုယ့်ကိုယ်စမ်းကြတော့၊ လူကြုံပြော မအုံ့သြနဲ့၊ လေသံကြားတရားမထင်နဲ့၊ ခက်ထာဘဲ ဘဝကောင်းကို ကာမဆိုင်မှာမပေါင်နဲ့ မရောင်းနဲ့နော်။

## ဒီလင်္ကာ ငါ့အကြိုက်

သဘာဝကို၊ ငါကလူထင်၊ အူဝင်သဲခိုက်၊ အမြဲစိုက်လျက် အမိုက်မျိုးစုံ၊ ကြိုက်ရိုးထုံ့ခဲ့၊ ဘုံနေ့လူနတ်၊ ပြဟ္မာရပ်ဟုဆတ်ဆတ်မရှိ၊ မုချသိတော့၊ အရှိပရမတ်၊ အသိမြတ်မှာ၊ဆက်စပ်ရုပ်နာမ်၊ ဖြစ်ပျက်မှန်ကို၊ တဉာဏ်တဆင့်၊ယူတုံသင့်၏၊ နာမ်နှင့်ရုပ်ပင်၊ အန္တမြင်မှာ၊ ဝိညာဉ်အသက်၊ ခေါ်ဆိုချက်ဖြင့်၊ အသက်သေရှင်၊ စိတ်မှာထင်ခဲ့။

အမြင်ဟုတ်ရာ၊ မဂ်ပညာမှာ သတ္တဝါငါသူ၊ ကျား–မ လူဟု၊ အနုမြူမျှ၊ ရှာမရ၍၊ နာမ်ကလဲခတ်၊ ရုပ်လဲခတ်မို့၊ သဘာဝခတ်၊ ပိုင်ပိုင်မှတ်တော့၊ဒြပ်သဏ္ဍာန်၊ အထည်ခံ၍၊ ပုံဟန်အသွင်၊ မျက်စိမြင်က၊ နာမ်ဝိညာဏ်ဘဲ၊ မျက်လှည့်စဲ့တည့်၊ ရုပ် လဲ မျက်လှည့် နာမ်မျက်လှည့်တို လှည့်၍မပြီး၊ ဒိဋ္ဌိမီးကြောင့်၊ အထီး–အမ၊ လူဘဝဟု၊ ပုံကြကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုကောင်းကျိုး၊ မကောင်းကျိုးဖြင့်၊ ကိုယ်ကျိုးစံခွင့်၊ ပြစ်ခံသင့်ကို၊ တွေ့ချင့်ယုံစား၊ အယူမှား၏။

လူကား နတ်ဖြစ်၊ ဗြဟ္မာဖြစ်လိမ့်၊ လေးပြစ်အပါယ်၊ ငါလှည့်လယ်ခဲ့၊ အောက်ဝယ် ထက်ရှောက်၊ အလယ်ရောက်လို့၊ မွေ့နှောက်ဖန်ခါ၊ သံသရာဝယ်၊ သတ္တဝါစုံ၊ ငါဖြစ်ဆုံခဲ့၊ လူ့ဘုံဌာန၊ ဒီဘဝမှ၊ ပရနောင်ခါ၊ ခံစားရာမှာ၊ စကြာမကျွပ်၊ စည်းစိမ်မြတ်ဟု၊ လူနတ်ချမ်းသာ၊ တောင့်တခါဖြင့်၊ မှန်းမြှော်လင့်လျက်၊ ဉာဏ်နှင့်မယှဉ်၊ မဆင်ခြင်ဘဲ၊ အသိလွဲကြ၊ အန္ဓဗာလ၊ ဥမ္မတ္တကတို့၊ အနတ္တဓမ္မ၊ သဘာဝကို ဘာမျှမသိ မရိပ်မိ၍၊ စိတ်ရှိပြုကြွား၊ အမှတ်မှားလှ၊ သူများမြှောက်တိုင်း၊ ဉာဏ်မနိုင်းဘဲ၊ ဆင်ရိုင်း ဆင်ကန်း၊ မမြင်လမ်းသို့၊ အရမ်းတောတိုး၊ သဘောမျိုးတည့်။

လမ်းချိုးမရောက်၊ ထင်တိုင်းရှောက်ကြ၊ ထွက်ပေါက်မရ၊ လူအန္ဓတို့၊ ဆန္ဒမပြည့်၊ အာရုံငွေ့ကို၊ တိုး၍လုံ့လ၊ စွဲသမျှမှာ၊ ပုရိ သက္ကတ္ထိ၊ အဆိပ်မိ၍၊ ဒိဋ္ဌိတန်ခိုး၊ ငါအုပ်စိုး၍၊ စိတ်မျိုးမိစ္ဆာ၊ အဝိဇ္ဇာသည်၊ ငါသဘာဝ၊ လူကောင်တည်း။

အရကျက်၊ ပိုင်ပိုင်ရွတ်၊ ဝိပဿနာ သန့်သန့်ဝိုင်းမှာ ဗိုလ်မထားဘဲ၊ ရဲရဲဆို၊ သိလဲသိ၊ တွေးလဲတွေး၊ ကြံလဲကြံ၊ အမှန်သို့ရောက် မဂ်ဖိုလ်ပေါက်။

ဝိပဿနာသန့်သန့် တိုင်းပြည်ကိုဖြန့်။
ဒီလူ့ဘဝမှာ ပိုက်ဆံမရှိလျှင် အောက်တန်းစား။
တရားအစစ် အမှန် မသိမရှိလျှင် ဆန်ကုန်မြေလေး။

## ကြိုးကြာအိုဥဒါန်း–ပဏာမ လင်္ကာ

နေ့ရက်လကုန်. လူဘို့ဘုံဝယ်၊တွေ့ကြုံဖိစီး၊အပူကြီးကြ၊ လူကြီးလူငယ်၊ လူမမယ်တို့၊ ခုဝယ်ခဏ၊ သတ်ရဘို့၊ ဒုက္ခရင်းဘည်၊ ဤလူ့ပြည်သည်၊ အတည်မကျ၊အနိစ္စကို၊ဒိဋ္ဌမျှော်တွေး၊ ကိုယ့်အရေးမို့၊ ရှေ့ရေးနောက်ရေး၊ ပြန်လှန်တွေးက၊ မနွေးမြန်စွာ၊ သေမင်းရွာတည်း။

ချိန်ခါရှိခိုက်၊ လုလ္လစိုက်လျက်၊အားထိုက် ရွှေငွေစုဆောင်းလေကြ၊ ဖြစ်ရှေးသံသရာ၊ ဤခန္ဓာဝယ်၊ မကွယ်ပစဉ်၊ မသေခင်က၊ အေးချင်သုခ၊ ဓမ္မဓာတ်ကို၊ တတ်အပ်ရှာဘွေ၊ စုံစမ်းလေတော့၊ ပေါ့ပေါ့ဆဆ၊ လူဗာလတို့၊ ဓနဓမ္မ၊ ၂–ဌာနကို၊ မရချိန်ခါ၊ မလိုက်ပါဘဲ၊ အိုခါရွယ်ကျ၊ဒုဗ္ဗလမှာ၊ မုချထိုခါ၊ ဆင်းရဲရှာလိမ့်။

ပမာဖွင့်ဆို၊ ကြိုးကြာအိုသည်၊ နုပျိုပျံသွား၊ ငှက်ငယ်များသို၊ ပျံနားဘို့ခက်၊ စားလမ်းခက်လျက်၊ သွားချက်မခွမ်း၊ အိုင်နခန်း၌၊ရေခန်းငါးကုန်၊ တွေ့ရပုံကို၊ ရင်တုန်လှိုက်ဖို အမွေးပိုလျက်၊ မှိုင်လိုဟိန်းချ၊ ပူသောကသည်၊ မုချကြုံဆွေး၊ဖြစ်မည်သောဝ်။

☆

## သံဝေဂကြိုးကြာငှက် ဥဒါန်း

အစရိတ္တာ ဗြဟ္မာစရိယံ၊ အလဒ္ဓါယောဗ္ဗနေဓနံ။
ဇိဏ္ဏကောဉ္စာဝဈာယန္တိ၊ ခိဏမစ္ဆေဝ ပလ္လလေ။

လောကသိမ္ဗ်- လူ့ဘုံဖြစ်ရ၊ ခုဘဝ၌၊ ဝါ–တခဏ ခရီးစဉ်အသက် ရှည်ရှည် နေရလို့ အကြာကြီး ထင်ကြတဲ့ ခန္ဓာစုံလောကကြီးသဲ၌။

ယောဗ္ဗနေ၊ အသိဉာဏ်မတိမ်မကွယ်ခင် ရနိုင်, တတ်နိုင်တဲ့ အချိန်အရွယ်ရှိစဉ်က၊ ဗြဟ္မစရိယံ၊ ကံကောင်းထောက်မ ရောက်လာရတဲ့ ဘဝမြတ်ဖြစ်ပါလျက်၊ နိဗ္ဗာန်သို့ ရောက်တတ်၊ အမှန်အမြတ်ဆုံးဖြစ်တဲ့ အကျင့်မြတ်ကို။

အစရိတွာ၊ ထိပေါက်ခုခါ၊ အခွင့်သာခိုက်၊ မသိမကျင့်လိုက်ရပါဘဲ၊ ဓနံလောကသုခံ၊အသက်အရွယ် မကြီးမအိုခင်က၊ ပစ္စည်းဥစ္စာတကယ်လိုချင်၍၊ ကြိုတင်ခါ ရှာဖွေထိုက်တဲ့၊ ရွှေ,ငွေ, ဘဏ္ဍာ, အသက်မွေးစရာဖြစ်တဲ့လောကရတနာကို။

အလဒ္ဓါ၊ ငေးမောခါ အပျော်ကြိုက်၊ တွေးတောခါ မရလိုက်ကြပါကုန်သော၊ ဗာလာ၊ ပညာမဲ့ကင်း၊ လူပေါ့လူနုံ၊ လူမိုက်စုံ၊ လူအ, လူဖျင်း, တို့သည်။ ခီဏမစ္ဆေ၊ အဟာရဆာလောင်၊ စားစရာ တက်တက်ပြောင်တဲ့၊ နွေခေါင်ခေါင် ဗလာအတိ၊ ငါးတကောင်မျှ မရှိဖြစ်ပါပေသော။

ပလ္လလေ၊ ရေကုန်ရေခန်း၊ ရွှံ့ညွန်အိုင် ကုန်းနခမ်း၍။ ဇိဏ္ဏကောဉ္စာဝ၊ နေဝင်တာ,ရခါ-တင့်ငို၊ တိရစ္ဆာန်ဆိုတဲ့၊ငှက်ကြီးကြာ အိုတို့ကဲ့သို့။ ဈာယန္တိ၊ မောဟိုက်ခါဖို့၊ ရင်ဝမှာ အပူပိုလျက်၊ လိုရာကို မပံ့နိုင်၊ ကြံမှိုင်ခါ ပူလောင်ရလေကုန်၏။

ဈာယန္တိ၊အချိန်အရွယ်မျိုငယ်စဉ်အခါက၊အားကိုးစရာ တရားရတနာကိုလဲ အလင်းမသိ၊ စားစရာကလဲ အရှင်းမရှိ၊ တရိရိ အဆွေးပို လူမိုက်ခေါ် ကြီးကြာအိုတို့မှာ နေဘို့ရာအရေးက နေဥစ္စာ၊ သေဘို့ရာ တွေးပါက ဓမ္မအထုပ်ရတနာ၊ တံစိုးလက်ဆောင် ၂-ဖြာလွတ်ကင်းကွာသဖြင့်၊သြော်-ချွတ်ယွင်းခါပူပူပန်ရလေကုန့် တော့သတည်း။

## ဥဒါန်းဆိုသူ၏ အဆုံး၌ ညီညီ–သံပေါက်လိုက်ဆို

ငှက်ကြိုးကြာအို–ပမာဆို၊သိလိုမြတ်ယောဂီ။
ချိန်ရွယ်ရှိခိုက်–ပစ္စည်းလိုက်၊ သိထိုက်ဤလူ့ပြည်။
ခွင့်ခိုက်ကြုံစွာ–တရားရှာ၊ အိုခါမရပြီ။
ဓန, ဓမ္မ ၂–ဌာန၊ပြည့်ဝဂုဏ်ရှိမည်။
ထက်တန်းလိုသူ–များဗိုလ်လူ၊ နည်းယူလိုက်ဘို့ညီ။
သေမှာမုချ–ဒီဘဝ၊ လုလ္လပြုထိုက်သည်။
မိုဃ်းရွာဆဲမှာ– ရေခံပါ၊ ချိုးခါသောက်ရသည်။
ရှင်မြတ်သိန်းထွန်း–အချိန်ညွှန်း၊ ဥာဏ်စွမ်းထုတ်ခဲ့သည်။

---

## ဘဝပြတ်မေးခွန်းများ

၁ ကံထိုက်နဲ့သဘာဝ အတူတူဘဲလား။

၂ ဒီခန္ဓာဟာ ကံကြောင့်ဖြစ်ထာလား–သူ့သဘောလား။

၃ ဒီခန္ဓာဟာ–ကံ–စိတ် ဥတု–အဟာရ–အကြောင်း လေးပါးတို့ကြောင့်ဖြစ်သလား၊ဖြစ်ချင်တိုင်းဖြစ်လာသလား။

၄ နိဗ္ဗာန်ဟာ ခန္ဓာမှ လွတ်သော သဘောလား၊ ရသူရဲ့ခန္ဓာမှာဘဲလား။

၅ နိဗ္ဗာန်သည်၊ နာမည်ကြီးသည်အတိုင်း၊ ရုပ်သဘော၊ နာမ်သဘောမှလွတ်သော သဘောလို့ ဥပဒေမှာ ရှိပြီးပါပြီ၊ လွတ်သော သဘောမှာ ဘုရား, ရဟန္တာတွေ့ ရှိမရှိ။

၆ သဘောဆိုဒါ သတ္တဝါမရှိ၊ ပုဂ္ဂိုလ်မပါ၊ ဘာကမျှရှာမရ၊ (သဘာဝ) သန့်သန့်ထဲမှာ စိတ်ရှိသလား၊ စေတသိက် ရှိသလား၊ ရုပ်ရှိသလား၊ နိဗ္ဗာန်ကော ရှိသလား။

၇ ကိုယ်ပြုတဲ့ကံက ကိုယ့်ကို ဘယ်ကနေပြီး စီမံပါသလဲ။
၈ သန္ဓေတည်စ၊ ရေကြည် ကလလ အခါ၌ (ရုပ်ရော-နာမ်ပါ) အညမည သဟဇာတ ပစ္စည်းဖြင့် အတူတွဲဘက်၍ နေကြရာ၊ ဒီအခါက ဟဒယဝတ္ထု-ရုပ်မှာ နာမ်ဝိညာဏ် ဘယ်လိုမှီ၍ ဖြစ်ပျက်နေပါသလဲ။
၉ ဝိပဿနာ ယောဂီတို့၊ သဘာဝသက်သက်ဘဲလို့ အပိုင်ယူသွားခဲ့သော်၊ ဘာ့ကြောင့်- ကုသိုလ်, အကုသိုလ်တွေပြု၊ အိမ်ထောင်ပြုပြီး၊ သားသမီးတွေ ပေါက်ဖွားနေကြသေးကြ ပါသလဲ။

ငါ, ငါတို့ပယောဂ လုံ့လကြောင့် သားသမီးတွေဖြစ်ပေါ်လာကြသလား၊ ငါ,ငါတို့အရှင်းဘဲ လုံ့လပြုမှု မပါမဆိုင် သူတို့ဘာသာဖြစ်ပေါ်လာကြပါသလား။ (စိတ္တဝိသုဒ္ဓိအတိုင်း ဖြေပါ)။

---

**တနည်း-ဘဝပြတ် မေးခွန်း**

၁။ လူကိုမမြင်ရ။
၂။ ခေါ်သံမကြားရ။
၃။ ရေနံ မနံရ။
၄။ ဆားမငန်ရ။
၅။ ဝါဂွမ်းမနူးညံ့ရ။
၆။ အာရုံကို အရှင်းမသိရ။

ဘဝပြတ် မေးခွန်းများကို ဖြေဆိုလိုသော ယောဂီများ အဖြေစာပေးပို့လျှင် မိမိတို့၏ မြို့, နယ်, ရွာ, အပိုင်းရပ်ကွက်ဌာန, နံပါတ်, အမည်, ဂုဏ်ထူး, အသက်, ယောကျ်ား, မိန်းမခွဲခြား

ရှိပို့ပါ။ (သတိ) စာစကားနဲ့ ပါဠိစကားနဲ့သုံးလျှင် စဉ်းစား လျှင်ပေါ်ခဲ့သည်။ သို့အတွက်– ဘာသာပြန်ပညတ် စကားအရပ် သုံး လူပြိန်းထင်ရှားသော စကားတို့ဖြင့် ဖြေဆိုပါက ထင်ရှား စွာသိနိုင်မည်၊ လူချင်းမတွေ့ရလို့–

## ဆင်ဖြူကျွန်းမြို့

ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရအဖွဲ့ ဥက္ကဋ္ဌ–ဦးတင်ကြီး၏တွေးလုံး၊ ဝိပဿနာဥာဏ် ကျပ်ပြည့်ရပြီ၊ ဓာတ်သဘာဝ ပိုင်ပြီဆိုသော ယောဂီများဟာ ငါပိုင်ငါဆိုင်လုပ်ထားသောလင်ဖြစ်စေ၊မယား ဖြစ်စေ၊ သားသမီးဖြစ်စေ၊ သေခဲ့လျှင် ဒီအခါမှာ ခက်ထာဘဲ၊ ဒီအခါမှာ ခက်ပြီမှတ်လို့ ပြောဘူးတယ်။

(ဒီတရား–သေမှ အရှက်ကွဲတဲ့ တရားဘဲတဲ့)

## မဂ္ဂသမ္ဘာရဒီပနီ လမ်းညွှန်

ကိုင်း–ဒီတရားလိုက်စားမိဒါ အခုမှ အနေကြပ်ပြီ မှတ်ကရော့၊ ဘာ့ကြောင့်–အန္ဓတွေနဲ့ ဝွကျပြီ မတဲ့တော့ဘူး အရာရာမှာ ဆန့် ကျင်ဘက်ဖြစ်ကပြီ၊ ငါကသေခြင်းတရား တွေးတယ်၊ ပြောတယ်၊ အန္ဓဗာလတို့က သေဆိုတဲ့ အသံကြားရင် ဆဲဒါထက်နာတယ်၊ စိတ်ဆိုးတယ်၊ တရားရပြန်သော့၊ တရားရတဲ့ လူတွေချည်း စုနေ ချင်တယ်။ ဒီလိုစုပေါင်းနေလို့လဲမဖြစ်၊ နေရာတိုင်း–အန္ဓတွေနဲ့ ဆန့်ကျင်ဘက်၊ ဘာပြုလို့ ကလျာဏ အသိက–ရုပ်မြင်တယ်၊ရုပ်ကို ထိတယ်၊ အန္ဓအသိက– လူကိုမြင်တယ်၊ လူကိုငါထိတယ်၊ သော

တာပန်တို့ အယူက–ရုပ်ပျက် အပုပ်ထွက် အဟုတ်မမက် (မိမိရဲ့ ခန္ဓာ) အန္ဓဥမ္မတ္တကတို့ရဲ့ အယူက– ရုပ်ချောအလှ အဟုတ်သဘောကျ၊ သကဒါဂါမ် အယူက–ချစ်ဆိုသော တဏှာခေါင်း ပါးလာတယ် စက်ဆုပ်ရွံမုန်းလာပြီ၊ ဗာလတို့က တဏှာ အားကြီးလာတယ်၊ အနာဂါမ်တို့ အယူအမှတ်က ဘာကိုလုပ်လုပ် လုပ်သမျှဒုက္ခ–အသုဘာအစစ်၊ အန္ဓယောကျ်ား–မိန်းမတို့က လောကီ အလုပ်ကို သုဘာအစစ် မရွံမရှက် အလွန်နှစ်သက်တယ်မှတ်၊ ရဟန္တာတို့၏ ဉာဏ်ပိုင်အရ ဒီခန္ဓာဟာ— ယောကျ်ား တကယ်မဟုတ်, မိန်းမဆိုဒါလဲ အရှင်းမရှိ၊ ကြည့်လို့မမြင်, ရှာလို့မတွေ့၊ အန္ဓအကန်း ယောကျ်ားနဲ့ အန္ဓအကန်း မိန်းမတို့ကတော့။ မြင်တိုင်း ယောကျ်ား, ထိတိုင်းမိန်းမ၊ ကိုင်း–ဘယ်လိုလုပ်ပြီး တွဲကြမှာလဲ ယောဂီတို့ရဲ့၊ အန္ဓတွေရဲ့ မျက်စိက သင်္ကန်းဝတ်ကို မြင်ရင်ဘဲ ဘုရားကဲ့သို့ အကျင့်ကောင်းတယ်လို့ အူအသဲခိုက်အောင် အယူစွဲမြဲထားတယ်၊ အရိယာတို့၏ အသိဉာဏ်က–သင်္ကန်းဝတ်သူရဲ့ သီလ–သမာဓိ–ပညာ စစ်,မစစ်ကိုလဲ အကဲခတ်တတ်တယ် ပုဒ်ပြတ်မှတ်၊ အပါယ်လေးပါးလွတ်ဘို့ ကိန်းသေတဲ့တရားက– အနတ္တကို တကယ်ပိုင်ပိုင်သိမှ စိတ်ချရမယ်လို့၊ တရားဟောလို့ အနတ္တ တရားကိုသာ– အားကိုးပြီ ယောဂီတို့။ ဘယ်လို ညာလို့, ဝါးလို့, လှည့်ဖြားလို့မှ–မရတော့ဘူး ပုဒ်ပြတ်မှတ်။ ခန္ဓာရဲ့ အရည်အခြင်း လောကကြီးရဲ့ အရှုပ်အထွေး အလုံးစုံတို့ကို အကုန်သိ သုံးဆယ့်တစ်ဘုံမရှိ၊ သူများဟောတိုင်း ကိုယ့်လိုလူချင်း ပြောတိုင်းယုံခဲ့ဒါတွေ တက်တက်စင် မှားလာခဲ့ပြီ ယောဂီတို့။ မဂ္ဂသမ္ဘာရ–က စေတနာသန့်သန့်နဲ့ ကယ်တင်သော လမ်းညွှန်မှတ်။

ဝိပဿနာ သန့်သန့် ဟုတ်ရင်ဟုတ်၊
ဝိပဿနာ သန့်သန့် မဟုတ်ခဲ့လျှင်၊

သဘာဝထဲမှာ သမထသွင်း ဟော-ဈာန်တွေ ဗြဟ္မာမင်းတွေက ဝင်လာရော ဓာတ်ထဲမှာ သီလရောထည့် အသက်ရှည်ရှည်နေရတဲ့ နတ်သား-နတ်သမီးတွေက ရုပ်လာပြီ ယောဂီ သတိပြု၊ အနတ္တ သုညတ ထဲမှာတခါဒါနကိုဆွဲသွင်းပြန်ပြီ၊ အတ္တငါအတ္တနိယငါပိုင် ဆိုတဲ့ ရွှေငွေပစ္စည်းသူဌေးကြီး-သူဌေးကတော်တွေကမခေါ်ဘဲနဲ့ ပေါ်လာပြန်တာဘဲ (ဝိပဿနာဓမ္မကထိက) ဆိုဒါဘာလဲ' ဝိပဿနာလို့-စစ်ဆေးကြ အမြစ်မေးကြ အပြစ်ဘေး အာဒီနဝ ငါသူလူ, နတ်, ဗြဟ္မာဇာတ်ကိုဖျက် (သဘာဝသက်သက်) တနည်း-ဓာတ်သန့်သန့်၊ တနည်း- အနတ္တစစ်စစ် အထီး-အမ ရှိတယ်လို့ ယုံသမျှ (သုညတနဲ့) ချေကြတော့ ယောဂီတို့၊သေမှာ- သိရက်ကနဲ့ စားရခြင်း၊ သေမှာကျိန်းသေပေါက်ဖြစ်ပါရက်ကနဲ့ သွားရခြင်း၊ ဒါကသုတ္တန်နည်းသံဝေဂ၊ ဝိပဿနာဉာဏ်တွေရလျှင် အမှန်သေရပေမဲ့ သပိတ်မသွတ်မှာ ပူစရာမလို၊ ဘာ့ကြောင့်- မွေးဒါ သဘာဝ သေဒါကဓာတ်, နေရဒါက-သုညတ (ပုဂ္ဂိုလ်မြတ်-ပုဂ္ဂိုလ်ယုတ်) အနတ္တသရုပ်မှာ အရှင်းမရှိ "မဂ္ဂသမ္ဘာရဒီပနီ" ကို ထပ်ခါကြည့် အနတ္တလက္ခဏာသိအောင် ယခုအားထုတ်၊အဲဒါမှ- အင်္ဂဝိဇ္ဇာအဟုတ်၊ ယောကျ်ားလက္ခဏာ, မိန်းမလက္ခဏာကို သိဘို့က တောကြက်, တောငှက်များပင် မသင်ဘဲနဲ့တတ်ကြ၏။ အဲဒါက- အင်္ဂအဝိဇ္ဇာအလုပ် (ကိုယ့်သံသရာအရှုပ်- ကိုယ်သိ) (ကိုယ့်ခန္ဓာအပုပ်-ကိုယ်ကြည့်) ကိုယ် ဉာဏ်ရှာ၍ အချုပ်တရား ကိုယ်ပိုင်မိဘို့ အရေးကြီးတယ် ယောဂီ။

**အနတ္တတရားကို မရသမျှ ဘယ်တော့မှ ပိုက်ဆံ မချမ်းသာဘူးမှတ်။**

**အနတ္တတရားကို ရမှသာ မိမိကိုယ် မိမိအားကိုးရမယ်မှတ်၊ ပိုက်ဆံချမ်းသာပြီ။**

**(ယခုဘဝကစ ဘယ်ခါမှ မအို၊ မနာ၊ မသေ၊ မမွေး)**

အနတ္တတရားစစ်စစ်ကိုမရ။ အနတ္တတရားနဲ့ ငါသူတွေနဲ့ ရောနေတဲ့ တရားရပါက၊ သူများကို ရှိခိုးရအုံးမယ်၊ အောက်ကြလှ၏၊ သူများကို ပူဇော်ရအုံးမယ်၊ ဘုရားထူးရအုံးမယ်၊ အစစပိုက်ဆံ ကုန်ရအုံးမယ်၊မွဲရအုံးမယ်၊ကွဲရအုံးမယ်၊ငိုရအုံးမယ်၊ယခုဏကစ၍ အပူအမျိုးမျိုး တွေ့ရမယ်မှတ်လိုက်၊ ဘဝတိုင်း အိုဘေးစာရင်း၊ နာဘေးစာချုပ်၊ သေဘေး ဂတိစုစ်၊ မွေးဘေးကို လက်မှတ်ချပြီး သွားလို့ ပုဒ်ပြတ်မှတ်သိုက်။

(အရိယာနံ အဒဿာဝီ) အရိယာတို့ရဲ့ ဉာဏ်ကို အန္ဓတို့၏ မျက်စိနဲ့ မမြင်ဘူး၊ သူတပါးမယုံနိုင်တဲ့တရားမို့ ဓမ္မစကြာ ဥပဒေတော်က (အပရပ္ပစ္စယ)လို့ ဆုံးဖြတ်လိုက်ကပြီ၊ မိမိမယားက အန္ဓဖြစ်လျှင် သူ့အကြိုက်အသားပေး၊ ကိုယ်ကတရားတွေး။ မိမိလင်က အန္ဓဆိုလျှင် သူ့အလိုကျ အသားပေးပါ၊ မိမိက အနိစ္စတရားတွေး၊ ဒုက္ခတရားဘဲတွေးတွေး၊ သြော်–ခတ်အရနဲ့ သြော် အနတ္တ အနတ္တလို့ဘဲ တွေးလိုကတွေး၊ အသုဘအရေးက တဖြေးဖြေးပေါ်မှာအမှန်၊ ဒါ့ကြောင့်–တရားရတဲ့ စည်းစိမ်းအရသာကို ခံစံရဒါက (ကေဝုစ်–တသီးပုဂ္ဂလ–ပစ္စတ္တံ) မတရားဖြစ်တဲ့ ကာမဂုဏ်စည်းစိမ်း အရသာကိုခံစံကြဒါက တကိုယ်ထည်း တယောက်

ထည်းမဟုတ်၊ နံပါတ် ၂-ကစ မျှားချင်တိုင်းမျှားတဲ့ ဗဟုဝုစ်၊ မူလက အန္တတန်းတုံးကတော့ အနေချောင်တယ်။ ဘာ့ကြောင့်-အထီး- အမ နိမိတ်ကြောင့်။ ယခုအရိယာဥာဏ်ကို ရပြန်တော့ သာ၍သက်သာတယ်။ ဘာ့ကြောင့် အထီး-အမ မရှိ၊ အနိမိတ္တကြောင့်။ မူလ အန္တနယ်တုံးက ကာမစည်းစိမ်ကို တောင်းတလို့ လိုချင်လို့ မငြိုးမပြီး၊ သုခထင်လုံးပဏိဟိတကြောင့်။ ယခု-ဘုရားတရားအစစ်ကိုရလို့၊ ကာမစည်းစိမ်ဟာ ဒုက္ခစစ်စစ်မို့ ကြောင့်ကြစရာ တောင်းတစရာမလို အပ္ပဏိဟိတကြောင့်။ မူလအန္တဗာလဥမ္မတ္တက စိတ်ဝင်စားတုံးက၊ ငါ့ ငါပိုင်မယားဟဲ့၊ ငါ့ ငါပိုင်လင်နဲ့၊ တိုက်နဲ့၊ အိမ်နဲ့၊ ကျောင်းနဲ့-ပြောနိုင်ကြဒါ အတ္တကြောင့်။ ယခု-အရိယာတရားကို ကျပ်ပြည့်ရလာတော့ ငါမဟုတ်ခာတ်၊ငါပိုင်မဟုတ် သဘာဝ၊ငါ့ပစ္စည်းအရှင်းရှာမရ၊ ယောကျ်ားမိန်းမ၊ လင်နဲ့မယား၊ စီးပွား၊အိမ်၊ ကျောင်း- လုံးဝမဟုတ်ဘူး ယောင်၊ ဒါ-သုညတကြောင့် မှတ်လိုက်။

ဣတ္ထိ, ပုရိသ, ပုဂ္ဂလ, သတ္တ, ဇီဝ, အတ္တ, ဘာဝဆိုဒါက အန္တမှာရှိတယ်၊ အန္တတို့မှာ လူ, နတ်, ဗြဟ္မာ, တွေကို ဝမ်းဗိုက်ထဲထည့်ထားတယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယဆိုတဲ့ အပါယ်လေးပါးကိုလဲ၊ ပဋိသန္ဓေ အမြဲလွှယ်ထားတယ်၊အန္တဗာလ ယောကျ်ား- မိန်းမတို့ရဲ့ရင်ထဲ, နှလုံးထဲ, စိတ်ထဲမှာ ကုသိုလ်ကံတွေ-အကုသိုလ်ကံတွေပြုပြီး, ပြုဆဲ, ပြုလတံ့တွေ မျိုသိပ်ထားတယ်၊ စုန်းတွေ, နတ်တွေ, ဘိုးဘိုးအောင်တွေ အောင်မင်းခေါင်တွေ၊ မင်းကလေး- မင်းကြီး၊ မယ်တော်ကြီး၊ အထက်ဆရာ၊ ဝိဇ္ဇာဂိုဏ်း၊ မှော်ဂိုဏ်း၊ ဘော်ရှုပ်၊ ကြေးရုပ်၊ ခဲရုပ်ဂိုဏ်း၊ စုန်း-ပယောဂ ကုသတဲ့ စိတ်ပုတီဂိုဏ်း၊ အဝတ်ဖြူဂိုဏ်း၊ အဝတ်နီ-

ဇော်ဂျီဂိုဏ်း၊ သစ်ခေါက်ဆိုး၊ ညောင်ခေါက်ဆိုး၊ ဒေါက်ချာဂိုဏ်း၊ ဆံကျစ်ဂိုဏ်း၊ ခေါင်းတုံးဂိုဏ်း၊ လူသတ်ဂိုဏ်း၊ သူခိုးဂိုဏ်း၊ ပြန်ပေးဂိုဏ်း၊ စစ်တိုက်ဦးဂိုဏ်း၊ သူပုန်ဂိုဏ်း၊ မီးတို့တဲ့ဂိုဏ်း၊ ကိုယ့်အဖွဲ့သားကိုမှ ချမ်းသာအောင်လုပ်တဲ့ဂိုဏ်း၊ ပြဒါးဂိုဏ်း၊ သံဂိုဏ်း ပြာဂိုဏ်း၊ ဓာတ်လုံးဂိုဏ်း၊ လောကဥ္စ ရှိသမျှ ဒုစရိုက်ဂိုဏ်းတို့ကို ဝမ်းထဲထည့်ပြီးထားတယ်၊ ဒီလို–မိစ္ဆာဒိဋ္ဌိ အယူမှားတွေကို ပယ်ဖျောက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်နေတဲ့ အရိယာတို့က၊ သမ္မာဒိဋ္ဌိဉာဏ်ရသဖြင့်၊ အဓိဂမသဒ္ဓါရှိကြသော ယောဂီအပေါင်း သူတော်တို့အား၊ မနာခင်, မသေခင်, မအိုခင် ကြိုတင်သတိပေးလိုသဖြင့် ဝိပဿနာသန့်သန့်တွင်၊ ဘာတခုကမျှမရော၊ ဓာတ်သဘော သက်သက် အနတ္တအချက်၊ သဘာဝနဲ့ အကုန်ဖျက်၊ မင်္ဂလသမ္ဘာရဒီပနီ၏ လမ်းညွှန်တဲ့ အမြွက်ကို ဝေဘန်တိုင်ပင်ကြဘို့ရာ နှိုးဆော်လိုက်ပါသည်။

အနန္တနဲ့ အရိယာ–မီးခဲနဲ့ ရေပမာ၊
ကိုယ်ပေါင်းစိတ်ခွာ–ဒုက္ခဓမ္မာတာ။

▲▼▲▼▲▼▲▼

# အန္ဓပုထုဇဉ်တို့၏ အထီး–အမ ခွဲလုံးကို ပယ်လိုက်ပြီ

## တဏှာဆိုဒါ ဘာလဲ

အန္ဓဗာလတို့ အယူမှာ အိမ်ထောင်ပြုဒါ, လင်ညားဒါ, မယားညားဒါ, ခန္ဓာကိုယ်ဖြင့် ဖေါဋ္ဌဗ္ဗာရုံခံစားဒါတဏှာ၊ ဘုရားဟောနဲ့ မညီဘူး။ ဘုရားဟော ဒေသနာ အမှန်မှာ– အိမ်ထောင်မပြုဘဲနေ၊ လင်မညားနဲ့၊ မယားမညားနဲ့၊ ကိုယ်ခန္ဓာဖြင့် ဖေါဋ္ဌဗ္ဗာရုံ မခံစားဘဲနေလိုက်။

အဆင်းကိုကြိုက်ထာ တဏှာမှတ်၊ အသံကိုကြိုက်ထာ တဏှာမှတ်၊ အနံ့ကိုကြိုက်ထာ တဏှာမှတ်၊ အရသာကိုကြိုက်ထာ တဏှာမှတ်။

ပြခဲ့သောကာမငါးပါးကို ဖယ်လိုက်၊စိတ်ထဲက တွေး၍ ကြံ၍ ဇောစေသော အာရုံတွေကိုအိပ်မပျော်ဘဲရှောက်တွေးဒါ၊ရှောက်ပြီး ကြံစည်စဉ်းစား နေဒါတွေ, ဇောညွတ်နေသော ဓမ္မာရုံတွေ ကိုလဲ တဏှာဟူ၍ ဥပဒေမှာပါသည် ခက်တယ်။

အန္ဓဗာလ အကန်းအမိုက် ယောကျ်ား–မိန်းမတို့ သိထားဒါ အမှတ်ပြုထားဒါ စွဲမြဲပြီး (အန္ဓပဝေဏီ) သူကန်းတန်း ရှေးအစဉ်အလာ အတိုင်း အယူသန် ထားပုံက ယောကျ်ား–မိန်းမ, ပေါင်းသင်းမှု တခုကိုသာ တဏှာ၊ ဒီကဲ့သို့ ပေါင်းသင်းမှု မပြုသော လူပျိုကြီး, အပျိုင်ကြီး, ဘိုးသူတော်, သီလရှင်စသော တကိုယ်ထည်း သန့်သန့် နေကြသူတို့ကို တဏှာမရှိဘူးလို့ ယူကြ၏။

ဒီကဲ့သို့ အန္တဗာလတို့ အယူသည် ဘုရားဟောကျမ်းဂန်နဲ့ မညီဘူး မကိုက်ဘူး, မဟုတ်ဘူး, ယောဂီတို့၊ ဒီလိုအယူမှား, အယူဆိုး, အယူယုတ်မာမှုကြောင့် တရားအမှန်ကိုမရှာကြဒါ, မရှာနိုင်ဒါ, မနာယူနိုင်တာ, ဝိပဿနာတရားကို မဟောနိုင်ဒါ, မပြောနိုင်ဒါ, မပြနိုင်ဒါမှတ်လေ။

(မေထုနသံဝါသ တခုထဲသာတဏှာယူသူတွေ) ဘုရားဟော မဟုတ်သဖြင့် မဂ္ဂသမ္ဘာရ ဒီပနီက ပယ်လိုက်ပြီ၊ ဘာ့ကြောင့် အယူမှားရသလဲ–ဆရာကောင်း မတွေ့လို့, စာပေပိဋကတ် မသင်ဘူးလို့၊ သင်ဘူးသော်လဲပုထုဇဉ် အယူကို မဖျောက်လို့၊တရားမှန် ဝိပဿနာဉာဏ်ကို ဆရာကောင်းထံ– နည်းမမှီးရလို့ ကိုယ့်အယူ ကိုယ့်တဏှာက ကိုယ့်ကိုဘဲ ဘဝတိုင်းသတ်လို့၊သေခဲ့ရသည်မှတ်၊ အန္ဓအကန်း, ပုထုဇ္ဇနမိုးခဲ, ဥမ္မတ္တက နေရာကိုင်း အရူးတို့၏ အယူမှာ ကိုယ့်အယူဟာ– ကိုယ့်အပူမှတ်။

## ကျကျနနဘတ် တွေးဆင်ခြင်

ဖေါဋ္ဌဗ္ဗရယ်, ဿရာဝါသရယ်, တဏှာရယ်, ကာမဂုဏ်ရယ်, ရာဂရယ်, ကိလေသာရယ်, ဒီ ၆–မျိုးကို ယောကျာ်း–မိန်းမ မင်္ဂလာဆောင်ဒါကိုချည်းယူကြတယ်၊ဒီအယူမဟုတ်ဘူး ယောဂီ။

နံပါတ် ၁။ ဖေါဋ္ဌဗ္ဗ ပါဋ္ဌိစကားကို ဘာသာပြန် မှာအတွေ့ ဟူသမျှမှတ်ပါ။ နံပါတ် ၂။ ဿရာဝါသကို အိမ်နဲ့နေကြခြင်းကို မှတ်ထား။နံပါတ် ၃ ။တဏှာကိုအာရုံ ၆ ပါးလုံးကိုနှစ်သက်ခြင်း ကိုမှတ်ပါ။ နံပါတ် ၄။ ကာမဂုဏ်ကိုအလိုရှိသမျှ အဖွဲ့ အင်္ဂ ည်း ငါးပါးကို မှတ်။ ငါးပါးဘာလဲ–ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရ၊

သာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ ၎င်း ငါးပါးထဲသို့ ဓမ္မာရုံတခု ထပ်ထည့် အာရုံ ၆–ပါးမှတ်လိုက်။ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ, ဟူ၍ ဥပဒေတော်အရ တဏှာ ၆–မျိုးယူပါ။

**အန္ဓရဲ့လက်သုံးလက်စွဲ တခုထဲမယူနဲ့**

နံပါတ် ၅။ ရာဂကို နှစ်သက်ထာ မှန်သမျှ ဘာကိုမဆိုယူပါ။
နံပါတ် ၆။ ကိလေသာကိုပင်ပန်းခြင်း၊ပူပန်ခြင်းစိတ်၏ မအောင့်နိုင်,မထိန်းနိုင်,မတားနိုင်ခြင်းကိုမှတ်ပါ။

၁။ ဖောဋ္ဌဗ္ဗ၊မိမိ၏ ကိုယ်ကာယနဲ့ ဘာကိုဘဲထိထိ ထိလို့နှစ်သက်ခြင်း, ကြိုက်ခြင်း, သဘောကျခြင်းကို ဖောဋ္ဌဗ္ဗတဏှာခေါ်တယ်၊ (ယောကျ်ား–မိန်းမကိုချည်း မယူနဲ့) အဝတ်အထည်, ကုတင်, ညောင်စောင်း, ကုလားထိုင်,ဖျာချော, ဖျာနု, သင်ဖြူး, ကော်ဇော, မွေ့ရာ, ဝါဂွမ်း, နူးညံ့သောဝတ္ထုပစ္စည်းတွေကိုအစုံသွင်းထားသော ဖုံ–အခင်းဟူသမျှ မော်တော်ကား–တသောင်းတန်,တသိန်းတန်, အစရှိသော လက်ထိမှု ခြေထိမှု,တင်သားထိမှု, ကြောထိမှု,ဥက္ကောင်းထိမှု, အစုစုတို့မှအစ–အတွေ့တွေကို ဖောဋ္ဌဗ္ဗတဏှာချည်းမှတ်ပါ၊ ယောကျ်ား – မိန်းမလဲ ပါသွားပါတယ် (ယောကျ်ားနဲ့–မိန်းမ) လက်ခြေထိမှုလောက်ကို အန္ဓဗာလတို့က ဖောဋ္ဌဗ္ဗတဏှာမယူဘူး(ယောကျ်ာ––မိန်မ) တို့လက်ဖြင့်သာယာလို့ထိခိုက်ခြင်း, သုံးသပ်ခြင်းလောက်ကိုဖောဋ္ဌဗ္ဗတဏှာမယူမမှတ်၊ အကြမ်းဆုံးတခုထဲသာရွေးပြီး ယူပုံဟာ–အန္ဓပုဇ္ဇဉ်တို့၏အယူမှတ်။ ဘုရားဟောမှာ–၊ ကိုယ်ကာယနဲ့ပတ်သက်၍ အတွေ့အထိဟူသမျှ အာရုံတို့ကိုနှစ်သက် သာယာလျှင် ဖောဋ္ဌဗ္ဗတဏှာဟုဟောထားသည်။

## ၂။ ဃရာဝါသ ဘာလဲ

အိုးအိမ်နဲ့နေခြင်း ရှေးသုံးစကားမှတ်၊ အဓိပ္ပါယ်အမှန်ကျမှာ မင်္ဂလာဆောင်ပြီးနောက် မိဘများနဲ့ခွဲခွါ၍ မိမိတို့အကြင်လင်မယား သက်သက် အိုးစားခွဲ၍တအိမ်သတ်သတ်နေခြင်းကို ဃရာဝါသခေါ်အိုးအိမ်နဲ့ နေသည်ဆို၏။ (ပေါင်းသင်းဆဲတခုကိုသာ ဃရာဝါသမကောက်နဲ့)။

## ၃။ တဏှာဘာလဲ

နှစ်သက်၊ချစ်ခင်၊ကြင်နာ၊ညှာတာ၊သနားစုံမက်၊မြတ်နိုးကြည်ဖြူ၊ (ပိုးတယ်–ပန်းတယ်)မက်မော၊ ဇောဇောမျက်စိစိုက်၊ငေးကြည့်၊ လိုက်ကြည့်၊ မျက်ကြောမပြတ်၊ ကြည်ညို၊ ငံ့တယ်၊ မေတ္တာ၊ မျက်နှာထောက်၊ချစ်ကြည်ရေးစသောရှေးသုံး၊ ခုခေတ်သုံးနောင် ပေါ်ပေါက်မဲ့ အသုံးစကားတွေဟူသမျှ ဘဏှာကိုရေလဲနဲ့သုံးနေသောလောကစကားမျိုးစုံမှတ်။

လောကဥ္စသညာ–သင်္ကေတ–ရုဋ္ဌိ–အနုတ္တ–ခေါ်ဆိုသမုတ်ခြင်းတို့ကိုစိတ်ထဲက၊ တရွရွ၊ တနုံ့နုံ့၊ တလှုပ်လှုပ်၊ တဖိမ့်ဖိမ့်၊ တသိမ့်သိမ့်၊ တငြိမ့်ငြိမ့်၊တစိမ့်စိမ့်၊ ကိုယ့်အပြစ်ကိုသာသိ၊ ကိုယ့်ပီတိကိုယ်မှာသာထိ၊ တအိအိဖြစ်ပေါ်လာသမျှကို (တဏှာလို့) ပါဠိစကားဖြင့် ခေါ်သည်မှတ်၊ မရှင်းပြန်ဘတ်။

လူမျိုး၊ နေရပ်၊ ရှေး၊ခု၊ နောင်၊ အသုံးအမျိုးမျိုးတို့ကားဇနပဒနိရုတ္တိမှတ်၊ဇနပုဒ် – ကျေးလက် စသော စကားတို့လဲရှိသေးတယ်၊ စိတ်ထဲကအောင့်မထားနိုင်ဒါ၊ချုပ်တည်းလို့မရဒါလဲ တဏှာမှတ်။ တော်သင့်ပြီ။

## ၄။ ကာမဂုဏ–ကာမဂုဏ် ဘာလဲ

ကာမ၊ အလိုရှိခြင်း။ ဂုဏ၊ အဖွဲ့။ မိမိအလိုဆန္ဒရှိသောအဖွဲ့ ဘယ်မျှလဲ၊ ငါးမျိုး (အဆင်း-အသံ-အနံ့-အရသာ-အတွေ့) ဒီငါးပါးဟာ အန္တတို့ရဲ့ အဖွဲ့မှတ်၊ (စပ်ယှက်မှုတခုထဲကို) ကာမဂုဏ်မယူနဲ့၊ စပ်ယှက်မှုတခုထဲကိုသာ ကာမဂုဏ်ယူသော သူသည်၊ ဘုရားဟောနဲ့လဲ မညီ၊ ကျမ်းဂန်နဲ့လဲမကိုက်၊ ဝိပဿနာဉာဏ်ကို လိုက်စားလေ့လာသော်လဲ အထိး-အမကို မျက်စိထဲမှာ မပြတ်ထည့်ထားသဖြင့်၊ ဒီယောဂီဟာ ဘယ်တော့မှ ရုပ်ကိုမမြင်ဘူး၊ ကာမဂုဏ် ငါးပါးဟူ၍ယူ၊ အန္တပုထုဇဉ်မှန်လျှင် စပ်ယှက်မှု တခုထဲကိုသာ ကာမဂုဏ်ဟူ၍ ယူလေ့သုံးလေ့ရှိ၏၊ အရိယာတို့၏ အယူမဟုတ်၊ (သမထ) သတ်သတ်အားထုတ်သော ယောဂီတို့ကလဲ၊ စပ်ယှက်မှုကိုသာ ကာမဂုဏ်ထင်သူ-ယူသူ များတယ်မှတ်၊ ဝိပဿနာအားထုတ်တဲ့ ယောဂီတို့ကလဲ၊ တရားလမ်းပြဆရာက ပုထုဇဉ်ဖြစ်ခဲ့သော် ဝိပဿနာက နာမည်ကြီးလို့ ဝိပဿနာအမည်သာတတ်ရတယ်၊ စပ်ယှက်မှု တခုကိုဘဲ ကာမဂုဏ်ယူဒါများ၏၊ အထူး-သတိထား၊အယူမမှန်သမျှ အယူမှားကေန္တ။

## ၅။ ရာဂ ဘာလဲ

တပ်ခြင်း၊ တပ်မက်ခြင်း၊ တပ်နှစ်သက်ခြင်း၊ တဏှာနဲ့ အတူတူပါဘဲ၊ ပရိယတ်မှာ အတူတူပြ၏။ အချို-နေရာ၌ မတူဘူး၊ ရာဂသည် မီးနဲ့တူ၏။ တဏှာသည် မြစ်နဲ့တူ၏။ ခွဲ၍ဟောတော်မူသည်မှတ်၊ သည်းမခံနိုင်ဒါ၊ မနေနိုင်၊ မအောင့်နိုင်၊ မစောင့်နိုင်၊ မချုပ်နိုင်၊ မထိန်းနိုင်၊ မသိမ်းနိုင်၊ ဣန္ဒြေမလုပ်နိုင်၊ ဟန်မလုပ်နိုင်၊ မတားနိုင်၊ မျိုသိပ်မထားနိုင်၊ ပိတ်မထားနိုင်၊ ဆီးမထားနိုင်၊ အရေးမလုပ်ဘဲ မနေနိုင် ရာဂလို့မှတ်။

ခံစားဒါ၊ ခံစားလို့မပြီးဒါ ကြိုက်လို့ လိုက်လို့ အားမရဒါ၊ တင်းမတိမ်ဒါ၊ မ၀ဒါ၊ မတော်နိုင်ဒါ၊ မတော်ချင်ဒါ၊ အလို အားကြီးဒါ၊ သူများကို မျှဝေမပေးနိုင်ဒါ၊ ခွေးများကဲ့သို့ ကိုယ့် စားခွက် ကိုယ်စားနေခိုက် အလွန်ချစ်ခင်သော သားသမီးဖြစ်တဲ့ ခွေးကလေးတွေကိုပင် မသေရုံတမယ် ကိုက်ခဲ ကိုက်ဝါး၍ အစား လောဘ စားခွက်၌ သားသော–ဘာသောမင်္ဂ မညှာကဲ ဒေါသ ထွက်သလို၊ သူများခံစားဒါကို မနာလိုဒါ၊ မကြည့်နိုင်ဒါ၊ မရှု စိမ့်ဒါ၊ လို၍လို၍သာနေဒါကို တဏှာမှတ်။

| | |
|---|---|
| ရာဂ-မီး | တဏှာ-မြစ် |
| ပူလို့မနေနိုင်။ | သွားလို့မဆုံးနိုင်။ |

ယောကျ်ား-မိန်းမ စပ်ယှက်မှုတခုထဲကို ရာဂမမှတ်နဲ့။
ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ၊ ဒီလိုရှိသေးတယ်မှတ်။

## ၆။ ကိလေသာ ဘာသာပြန်ဘာလဲ

ပင်ပန်းခြင်း၊ပူလောင်ခြင်းကို ကောက်ပါ အတွင်းငုပ် ပူလောင် ခြင်း၊ အတွင်းကြိတ်ပူလောင်ခြင်း၊ အပြင်ဖွင့်၍ ပူလောင်ခြင်း ဘာပူဘဲ ပူပူ၊ ကိလေသာလို့ယူ၊ (ယောကျ်ား–မိန်းမ) စပ်ယှက် ပူးတွဲခြင်း တခုထဲကိုသာ ကိလေသာမယူနဲ့၊ အန္ဓပုထုဇဉ်မှန်သမျှ ယောကျ်ား–မိန်းမ ၂ခုပူးတွဲ ပေါင်းသင်းခြင်း တခုကိုသာ ကိ လေသာများတယ်ဆို၏၊ သိ၏ ယူ၏။ မင်္ဂလာဆောင်ဒါ၊ အိမ် ထောင်ပြုဒါကိုသာ ကိလေသာထင်၏၊ မဟုတ်ဘူး။

၃–နှစ်သား ခလေးဟာ ကိလေသာမရှိဘူးပေါ့၊ ၂–လသား ခလေးမှာ ရာဂမရှိသေးဘူးပေါ့ နို့စို့ခလေးမှာ တဏှာမဆိုနိုင်ဘူးပေါ့၊ လူပျိုကြီး–အပျိုကြီး– တကိုယ်ထည်းနေကြသော သူတို့ဟူသမျှ ကာမဂုဏ်ကင်းလွတ်ပြီပေါ့၊ ဝမ်းတွင်း၌နေသော ခလေးမှာ၊ ဖေါ်ဒ္ဓဗတဏှာကုန်နေပြီပေါ့၊ ချွဲဆို့နေသော သေခါနီးလူနာမှာ ဃရာဝါသမရှိတော့ဘူးပေါ့ (ညအခါ) ဘွင် စိတ်ကျ၍အိပ်ပျော်နေသူမှာ ကိလေသာ ကုန်ခန်းလို့ ရဟန္တာ ဆိုမှာလား၊ ရေနစ်နေသောသူကို တဏှာမရှိ၊ နိဝါန နိဗ္ဗာန, လား လို့စဉ်းစားတိုင်ပင် မေးမြန်း, စုံစမ်းကြ ယောဂီတို့။

(ဆရာကောင်းမတွေ့–မဖြစ်ပါဘူး၊)

## ကျမ်းဂန် ဥပဒေအရ ကိလေသာ ၁၀–ပါး

ချစ်ခင်နှစ်သက်သမျှ လောဘကိလေသာမှတ်၊ စိတ်ဆိုး, စိတ်ညစ်, စိတ်ပွေ, စိတ်ရှုပ်, စိတ်လွန်, စိတ်ထဲပြစ်မှားသမျှ ဒေါသကိလေသာမှတ်၊ ခန္ဓာဒုက္ခလဲမသိ၊ အကြောင်းအကျိုးလဲသိ၊ သစ္စာလေးပါးမသိသမျှ မောဟကိလေသာမှတ်။ ငါမှ ငါဗိုလ်တစ် ထင်လုံး မာန ကိလေသာမှတ်။ ရုပ်ကိုလူထင်မှားခြင်း၊ နာမ်ကို ငါသူထင်မှားသမျှ ဒိဋ္ဌိကိလေသာမှတ်။ ဘုရားစစ်, တရားစစ်, သံဃာစစ် (သီလ, သမာဓိ, ပညာစစ်) ခန္ဓာအစ—ခန္ဓာအဆုံး၊ ခန္ဓာစပ်ဆက်ပုံ အကြောင်းကြောင့် အကျိုးဆက်သွယ်မှုကို သရုပ်မကွဲသမျှ ဝိစိကိစ္ဆာ ကိလေသာမှတ်။ စိတ်ထိုင်းမှိုင်းခြင်း၊ အိပ်ချင်လို့ ငိုက်လာခြင်း၊ သမ်းဝေလာခြင်း၊ ထိနကိလေသာမှတ် (ကျသား–မ

စုံတွဲကိုချည်းယူမနေနဲ့) အန္တ အိပ်ငိုက်ထ ကိလေသာမှတ်– ပုဒ်ပြတ်။ အန္တဟာ–မငိုက်နဲ့၊ ငိုက်လျှင်ကိုလေသာ ပုဒ်မတပ်လိုက်ပြီ ကြပ်ကြပ် သံဝေဂရကြ ယောဂီတို့။

စိတ်လေ့ စိတ်လှုပ်ကို၊ ဥဒ္ဓစ္စကိလေသာမှတ်။ အကုသိုလ်ပြုမှု မရှက်ခြင်းကို အဟိရိက ကိလေသာမှတ်။ အကုသိုလ်ပြုရမှာ မထိတ်မလန့်ခြင်းကိုအနောတ္တပ္ပ ကိလေသာမှတ်။ ယခုဘဝအတွက် အကုသိုလ်ပြုဘို့ မရှက်ထ အဟိရိကယူ၊ နောင်ဘဝ၌ အပါယ်ကျမှု မထိတ်မလန့်ဒါကို အနောတ္တပ္ပယူ၊ ခွဲမှတ်၊ မရှုပ်နဲ့၊ ကွဲခဲ့တယ်၊ ကျမ်းဂန်ပြကိလေသာထဲမှာလင်မယားဆက်သွယ်မှု၊ ဘယ်ကိလေသာလဲ ယောဂီတို့၊ အလွဲကိုယူမှားလျှင် တရားရခဲသည်၊ ဆရာကောင်းကို ငွေကုန်လူပန်းခံ၍ရှာပါ ယုံကြည်လျှင် ဆရာမသေခင် တွေ့လိုက လာကြ၊ ပွဲစားမလို။

ဆရာ ဒဂုန် နတ်သျှင် ပြုစုသော

**လူ့ သွေး ခေါ်**

# သွေးတိုးကျမ်း

☆ ခန္ဓာကိုယ်တခုလုံး သွေးများ လှည့်ပတ် လှုပ်ရှားနေကြခြင်းဖြင့် ကျွန်ုပ်တို့ အသက် ရှင်နေကြရသည်။

☆ 'သွေး'ကြောင့် ကျန်းမာကြရသလို 'သွေး'ကြောင့်ပင် မကျန်းမမာ ဖြစ်ကြရသည်။

☆ 'သွေး' အကြောင်း ပိုင်လျှင်– 'ဘေး'အပေါင်း 'နိုင်' မည်သာဖြစ်သည်။

☆ 'သွေး'နှင့် ပတ်သက်သမျှ အကျိုး အကြောင်း အဆိုး အကောင်းဟူသည်ကို အာယုဗေဒ သွေးတိုးကျမ်း ကြီးမှုရင်း၊ သီဟိုဠ် သွေးစမ်း ကျမ်းမူရင်း၊ အနောက်တိုင်း သွေးစမ်းပညာ အရှုပ်ရပ်တို့မှုရင်း၊ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့မှ ထုတ်နုတ်စုဆောင်း၍ ကျမ်းငယ်ကို ပြုစုထားပါသည်။

သို့ဖြစ်၍....

သမားတော်တိုင်း–သုတေသီတိုင်း ကျန်းမာရေး လိုက်စားသူတိုင်း လေ့လာ ဖတ်ရှုသင့်ပါသည်။

**တအုပ် ၃ ကျပ်**

ဖြန့်ချိရာဌာန– ဓာတ်စာအုပ်ဆိုင်၊ ၇၀–၇၉ အရှေ့စီရို မိုဟ်ချုပ်ဈေး–ရန်ကုန်မြို့။

ဆရာဦးတင့်မွေ
ရှာဖွေစီစဉ်ပြုစုထားသော....

# ကမ္ဘာ့နီတိ

**အိတ်ဆောင်ကျမ်း**

အမှတ် ၁-၂-၃-၄-၅။

**ကျန်းမာရေး**

**ပညာရေး**

**အကျင့်စာရိတ္တရေး**

**ဘာသာရေး**

**စီးပွားရေး**

**ကြီးပွားရေး**

**လူမှုဆက်ဆံရေး**

အစရှိသည်များကို မြန်မာပညာရှိ ကမ္ဘာ့ပညာရှိများ၏ နီတိများကို စုဆောင်းတင်ပြထားသည်။

**တအုပ် တကျပ်စီ**

ခေတ်စာအုပ်ဆိုင်

**အမှတ် ၃၈-၃၉ အရှေ့ဇီရုံ ဗိုလ်ချုပ်ဈေး ရန်ကုန်မြို့။**

# ဦး မြင့် သိန်း

## ဗုဒ္ဓဘာသာအမှန် ဘယ်သူသိသလဲ ?

မဂ္ဂင်ရှစ်ပါး အစရှိသော မြတ်စွာဘုရားကို သတိမထား မသိသောအားဖြင့် လူကောင်း နတ်ကောင်းကို တောင့်တပြီးလျှင် ကုသလ–ကမ္မပထတရား–ပုည ကြိယာ ဆယ်ပါးကို ပြုထားသော သူများသည် မြတ်စွာဘုရား၏ ရန်သူပုန်နှင့် တူကုန်၏။

**ကြောင်ပန်းဆရာတော် ဘုရားကြီး**

ဘုရားဆိုလျှင် စေတီရုပ်ပွား အုဋ္ဌရိုးဘုရားတွင် ဆုံး၍နေ၏။ တရားမှန်ဆိုလျှင် ယပ်လှဲတရား– ယပ်တောင်တရား– ပဋိကတ်စာပေတွင် ဆုံး၍နေ၏။ သံဃဆိုလျှင် ယခု ဘုန်းတော်ကြီးတွေ ပင် ဆုံး၍နေ၏။ အထက်ကို ကျော်ထောက်၍ ရတနာသုံးပါး အစစ်သို့ မရောက်နိုင်ကြကုန်။

**ဒီပဲရင်း ဆရာတော်ဘုရားကြီး**

ဤသို့သော ဆရာတော် ဘုရားကြီးများ၏
ကျမ်းငံများမှ ကောက်နုတ်ချက် အများအပြားပါရှိပါသည်။

**တအုပ် ၂–ကျပ် ၅၀**

ဆရာကြီး ဦးမြတ်သိန်းထွန်း–ရေး

# ဝိပဿနာကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | ပညာဒီပနီ | ပ–တွဲ | ၁၀–၀၀ |
| ၂။ | ပညာဒီပနီ | ဒု–တွဲ | ၆–၀၀ |
| ၃။ | ဥာဏဒီပနီ | | ၃–၀၀ |
| ၄။ | စက္ကုဒီပနီ | | ၄–၀၀ |
| ၅။ | ဝိဇ္ဇာဒီပနီ | | ၄–၀၀ |
| ၆။ | အာလောက ဒီပနီ | | ၄–၀၀ |
| ၇။ | ပုဂ္ဂလဓမ္မနှင့် အတ္ထုပ္ပတ္တိ | | ၅–၀၀ |
| ၈။ | မဟာဓမ္မကထိက ဒီပနီ | | ၈–၀၀ |
| ၉။ | မဟာမင်္ဂလာ ဝိပဿနာ ဒီပနီ | | ၃–၀၀ |
| ၁၀။ | သာသနာ ဒီပနီ | | ၃–၀၀ |
| ၁၁။ | ဝိသာခါဒီပနီ | | ၂–၅၀ |
| ၁၂။ | ဓမ္မစကြာဒီပနီ | | ၂–၅၀ |
| ၁၃။ | ဗုဒ္ဓဘာသာဒီပနီ | ပ–တွဲ | ၂–၅၀ |
| ၁၄။ | ဗုဒ္ဓဘာသာဒီပနီ | ဒု–တွဲ | ၂–၅၀ |
| ၁၅။ | သာသနာ့မုခကျမ်း | | ၂–၀၀ |
| ၁၆။ | ပဒစ္ဆေဒ ဒီပနီ | | ၂–၀၀ |
| ၁၇။ | သင်္ဂါယနာဒီပနီ | | ၂–၀၀ |
| ၁၈။ | ဥဒါန်းလင်္ကာစုံ | | ၂–၀၀ |

| | | |
|---|---|---|
| ၁၉။ | မဂ္ဂသမ္ဘာရဒီပနီ | ၂-၀၀ |
| ၂၀။ | သတိပဋ္ဌာနဒီပနီ | ၂-၀၀ |
| ၂၁။ | ဝိမုတ္တိယုဂဒီပနီ | ၂-၀၀ |
| ၂၂။ | ဩကာသဒီပနီ | ၁-၅၀ |
| ၂၃။ | လောကဓမ်ဒီပနီ | ၁-၅၀ |
| ၂၄။ | ဓာတုဒီပနီ | ၁-၅၀ |
| ၂၅။ | ဘာသာရှင်းတန်း အလင်းကျမ်း | ၁-၅၀ |
| ၂၆။ | သီလဒီပနီ | ၁-၅၀ |
| ၂၇။ | ဓမ္မဝိဘာဂနီပဒီ | ၁-၅၀ |
| ၂၈။ | ဓမ္မသနဒီပနီ | ၁-၅၀ |
| ၂၉။ | ဗုဒ္ဓရာဇာဒီပနီ | ၁-၅၀ |
| ၃၀။ | ထွဋ်ခေါင်ကမ္မထမ်းအဖွင့်ကျမ်း | ၁-၀၀ |
| ၃၁။ | ဓမ္မဒိဋ္ဌာနပနီ | ၁-၀၁ |
| ၃၂။ | မင်းနဲ့ငါ မေး-ဖြေ | -၅၀ |
| ၃၃။ | သတိထား | -၅၀ |
| ၃၄။ | သဒ္ဓမ္မရှင်းတန်း | -၅၀ |
| ၃၅။ | ဝိဇ္ဇာရှစ်သောင်း | -၄၀ |

**ဓာတ် စာအုပ်ဆိုင်**

**အမှတ် ၇၈-၇၉ အရှေ့ဇီရုံ ဗိုလ်ချုပ်ဈေး ရန်ကုန်မြို့။**

* ရင်ကိုအေးငြိမ်းစေတတ်သည့် 'တရား' ကို ရှာဖွေနေသူတို့အတွက် စာအုပ်ကောင်းတအုပ်........

* တရားရှင်အနေမျိုးဖြင့် မတွေး၊ ပါဠိကျွမ်းကျင်သူ အနေမျိုးဖြင့် မရေး၊ စာရှုသူ ဆင်ခြင်တွေးချင့်နိုင်ရန် အချက်အလက်များသာ ပေးထားသည်။

* ဗုဒ္ဓဟောသည်က တရား၊
လူအများနားလည်သည်က ပစ္စည်းဥစ္စာပြည့်ဝရေး။

* ဗုဒ္ဓဟောသည်က တရား၊
လူအများနားလည်သည်က နတ်စည်းစိမ်။

* ဗုဒ္ဓကိုယ်တိုင်ရှာမှီး၍ ပေးသည်က တရား၊
လူအများ နားလည်သည်က ဘုံစဉ်စံ၍ သောတာပန်ဖြစ်ရေး၊

* ဗုဒ္ဓဆုံးမသည်က ခန္ဓာငါးပါး တရား၊
လူအများနားလည်သည်က ရဟန္တာဖြစ်ရေး၊

* ဗုဒ္ဓက လူသားတို့အား တရားတခုထည်းသာ ပေးသည်၊ အခြား ဘာကိုမျှမပေး။

* ဤစာအုပ်ကို ဘတ်၊ မှတ်၊ တွေး၍ ရလာသော အသိသည် သင်၏ရင်ကို အေးငြိမ်းစေမည့်တရား၊ တနည်းဆိုရသော် ဗုဒ္ဓက လူသားတို့အား ရှာဖွေဆည်းပူး၍ ပေးခဲ့သည့် တရားပင်ဖြစ်သည်။